www.burmeseclassic.com

## ရွှေဥဒေါင်း ၏

# စုံထောက်ဦးစံရှား

## (ပေါင်းချုပ်)

[ တတိယအကြိမ် ]

ပထမ အုပ်

အပိုင်း ၅ / ၈

**စံလှစာပေတိုက်**

အမှတ် ၁၀၀၊ ၂၉ လမ်း၊ ရန်ကုန်။
ဖုန်း–၇၀၄၅၉

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


—။ ပုဂံစာတည်းအဖွဲ့၏ မှတ်ချက် .... ဍ
—။ ထုတ်ဝေသူ၏ ကျေးဇူးတင်လွှာ .... ဏ
၁။ မိတ်ဆက် .... ၁
၂။ ဘောင်ဒရီလမ်း လူသတ်မှု .... ၁၆
၃။ အစိုးရစာချုပ် ပျောက်ဆုံးမှု .... ၈၂
၄။ မဟာရှာဇာတဦးအမှု .... ၁၀၃
၅။ ထူးဆန်းသော အိမ်ငှားမှု .... ၁၁၅
၆။ စာမေးပွဲ မေးခွန်းစာရွက်များ ပျောက်ဆုံးမှု .... ၁၂၈
၇။ ကပ်စေးနှဲသော ရဟူဒီအမှု .... ၁၄၂
၈။ ကာဏာရိုဂ္ဂအသင်း .... ၁၅၇
၉။ ဝန်ထောက်လူလိမ် အမှု .... ၁၇၃
၁၀။ သိရှိခဲ့မှာသောကမင်းကြီး တံဆိပ်တော် .... ၁၈၄
၁၁။ တိုင်းကပ်နာရီများ ရှိုက်ခဲ့မှု .... ၂၀၃
၁၂။ တဂူကူးကူး .... ၂၁၆
၁၃။ ခြေကျိုး ကြောင် .... ၂၃၃
၁၄။ အိမ်ထွင်းပုန်း ကုလားမ အမှု .... ၂၄၇
၁၅။ မောက်တူး အမှု .... ၂၅၇
၁၆။ ပြိုင်မြင်းရှင် မောင်ကြာသည့်အမှု .... ၂၇၀
၁၇။ အာဠာဝက မောင်ကလေးအမှု .... ၂၈၆
၁၈။ ထူးဆန်းသော နားရွက်ပြတ် နှစ်ခု .... ၃၀၃
၁၉။ ကမာရွတ်ရွာ လူသတ်မှု .... ၃၂၁
၂၀။ ရည်းစားခဲပျောက် ရှာပုံတော် .... ၃၄၃
၂၁။ ပထမဆုံး စုံထောက်ခဲ့သော ဝတ္ထု .... ၃၅၆
၂၂။ သိုက်ဆရာတယောက်၏ အမှု .... ၃၇၀
၂၃။ ဘင်္ဂါလီ စကားပြန်အမှု .... ၃၈၂


www.burmeseclassic.com

www.burmeseclassic.com


၂၄။ ကပ်စေးနဲ့ မိုးဇက်အမှု .... ၃၉၆
၂၅။ အင်လျားကန် လူသတ်မှု .... ၄၁၀
၂၆။ တွံတေးအိုး ၆ လုံးကွဲမှု .... ၄၂၃
၂၇။ ထူးဆန်းသော အားကစားသမားအမှု .... ၄၄၀
၂၈။ အင်္ဂလိပ်စစ်ဗိုလ်လင်မယားအမှု .... ၄၅၀
၂၉။ လက်ပြတ် အင်ဂျင်နီယာ .... ၄၆၃
၃၀။ စိန်ဝေလျှံ ပျောက်ဆုံးမှု .... ၄၇၅
၃၁။ ဩဇာ သုံးစေ့အမှု .... ၄၉၇
၃၂။ ဗိုလ်ကပြားမလေးတယောက်၏ အမှု .... ၅၁၆
၃၃။ ကျောင်းသားတယောက် ပျောက်ဆုံးမှု .... ၅၃၀
၃၄။ မသင်္ကာသော လင်မယား .... ၅၄၂
၃၅။ စံဖဲအဆောင်း တွေ့မှု .... ၅၅၇
၃၆။ အမွေမပေးလိုသော ပထွေးအမှု .... ၅၇၀
၃၇။ ကောလိပ်ကျောင်းသားများနှင့် ဉာဏ်ကစားသည့်အမှု .... ၅၈၈
၃၈။ စင်တာဖောဇပ် ဘောသမားပျောက်မှု .... ၆၀၄
၃၉။ ဉာဏ်သမား မောင်မောင်ဦး .... ၆၁၈
၄၀။ အာဇာနည်အသင်း အမှု .... ၆၃၂
၄၁။ ပင်လယ်ကမ်းခြေ လူသတ်မှု၌ စုံထောက်ပုံ .... ၆၆၃
၄၂။ လှေသူကြီး ဦးမိုးသီး .... ၆၈၃
၄၃။ လေးပွင့်ဆိုင် .... ၇၀၁
၄၄။ ရှိမ်းမကားရွာ လူသတ်မှု .... ၇၅၂
၄၅။ ဦးစံရှားအသက်ကို လုပ်ကြံမှု .... ၇၈၆
၄၆။ ကျောက်စီ ဓားမြှောင် ပျောက်ဆုံးမှု .... ၇၉၈
၄၇။ ဘုံနန်းရိပ်သာ အိမ်ကြီးနှင့် ပတ်သက်သောအမှု .... ၈၁၂
၄၈။ ပျောက်သောသူ ရှာလျှင်တွေ့ .... ၈၄၁
၄၉။ ဘုရင်ခံကတော်၏ စာပျောက်မှု .... ၈၅၉
၅၀။ ပန်းဆိုးတန်း လူသတ်မှု .... ၈၇၂
၅၁။ လယ်ဝန် ဦးသာလူနှင့် ဇနီး မခင်တင့် သတ်မှု .... ၈၈၆
၅၂။ ထူးဆန်းသော အဆိပ်ခတ်မှု .... ၈၉၅
၅၃။ ပွေလီအင်းခွေးကြီး အမှု .... ၉၀၆


www.burmeseclassic.com

www.burmeseclassic.com

# ၂၉။ လက်ပြတ် အင်ဂျင်နီယာ*

တနေ့သော နံနက်ခင်း အချိန်၌ ကျွန်တော်နှင့် ဦးစံရှားတို့သည် ကာဖီသောက်ကြပြီးနောက် ခံတွင်းချဉ်ပြေစေရန် ထုံးစံအတိုင်း လက်ဖက်ရည်ကြမ်းတအိုးကို သတင်းစာအမြည်း ကိုယ်စီနှင့် စားပွဲတွင် ထိုင်ကာ သောက်လျက်ရှိကြစဉ် အသက် သုံးဆယ်ကျော် အရွယ်ခန့်ရှိ လူတယောက်သည် လက်ဝဲဘက်လက်ကို ကျပ်စည်း၍ လက်မောင်းကို လည်ပင်းတွင်သိုင်းလျက် အခန်းတွင်းသို့ ဝင်လာလေ၏။

"ဦးစံရှား ရှိပါသလားခင်ဗျာ"ဟု မေး၍ မည်သူ ဦးစံရှား ဖြစ်သည်ကို ချက်ချင်း အကဲခတ်မိသည့် လက္ခဏာဖြင့် ဦးစံရှားဘက်သို့ လှည့်ပြီးလျှင် "အမှုဆန်းဆန်း ကြုံကိုက်တတ်တယ်လို့ ကြားဖူးတာနဲ့ ကျွန်တော်ကိုယ်တိုင် အလွန်ဆန်းကြယ်တဲ့ အဖြစ်အပျက်များ ကြုံတွေ့ခဲ့ရလို့မို့ ဆရာကြီးဆီ ပြေးလာခဲ့ခြင်း ဖြစ်ပါတယ်ခင်ဗျာ၊ အားလပ်လို့ရှိယင် ကျွန်တော့် အမှုကလေးကို တဆိတ်လောက် ကြည့်လုပ်ပေးဖို့ တောင်းပန်ပါတယ်"ဟု ပြောလေ၏။

ဦးစံရှားသည် ကာဖီတခွက်ကို အသစ်ဖျော်ပေးပြီးနောက် ဘီစကွတ် ပန်းကန်ပြားနှင့်တကွ ထိုသူ၏ရှေ့တွင် တည်ထား၍—

"ခင်ဗျားမျက်နှာ ကြည့်ရတာ သွေးတွေ အများကြီး ထွက်လာခဲ့တဲ့ လက္ခဏာရှိတယ်။ ဖြူဖပ်ဖြူရော်ကြီး ဖြစ်လို့။ ကာဖီပူပူကလေး သောက်လိုက်ပါအုံး။ အားလပ်ဖို့ဆိုတာတော့ ကျုပ်ကြိုက်တဲ့ အမှုမျိုး ဆောင်ရွက်ဖို့ဆိုယင် ဘယ်အခါမဆို အားလပ်တာပါပဲ။ ကိုင်း၊ ကိုင်း ပြောမပြခင် အားရှိသွားအောင်ဟာ ကာဖီကလေး ပူပူ သောက်ချလိုက်အုံး"ဟု ဦးစံရှားက ပြောသဖြင့် ထိုသူသည် ကာဖီနှင့် ဘီစကွတ် သုံးလေးခုကို ကတိုက်ကရိုက် စားသောက်ပြီးနောက် အောက်ပါအတိုင်း ပြောပြလေ၏။

"ကျွန်တော့် နာမည်က မောင်ဘစိန်တဲ့၊ ဘိလတ်က အင်ဂျင်နီယာ အောင်လက်မှတ်ရတဲ့ လူတယောက်ပါ ခင်ဗျာ။ ဟိုတုန်းက မိဘ ပိုက်ဆံရှိလို့ ဘိလတ်လွှတ်ပြီး အင်ဂျင်နီယာအတတ် သင်ပေးနိုင်ပေမယ့် ဘိလတ်ကလဲ ပြန်ရောက်ကရော မိဘနှစ်ပါးလဲ ဆုံးရှာကြရော။ ကျွန်တော့်မှာ လယ်မြေအမွေအနှစ် ငါးထောင်ကျော်ဖိုးလောက် ရလိုက်လို့ ပစ္စည်းကလေးများ ထုခွဲပြီး အလုပ်အကိုင်ရှာပါရော ခင်ဗျာ။ ကုမ္ပဏီဘက်မှာ အလုပ်တော့ ရပါရဲ့၊ နို့ပေမယ့် ဗိုလ်နဲ့ မတည့်လို့ သူ့အညှဉ်း မခံချင်တာနဲ့ အလုပ်က ထွက်ပြီး ကိုယ့်အလုပ်တိုက်ကလေးကို ထူထောင်ခဲ့တာခင်ဗျ"

---

* ဤဝတ္ထုကို မည်သည့် မဂ္ဂဇင်းတွင် ဖော်ပြခဲ့ကြောင်း ရှာ၍မှ မတွေ့ရသေးပါ။ မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၂ တွင် လည်းကောင်း၊ နှလုံးလှစာပေတိုက်မှ အတွဲ ၁ တွင် လည်းကောင်း ဖော်ပြပါရှိသည်။ မူရင်းဝတ္ထုမှာ The Engineer's Thumb ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘားလမ်းက တိုက်တတိုက် ဒုတိယ အထပ်မှာ နေတယ် ဟုတ်စ"

"မှန်ပါတယ်၊ ကျွန်တော့် ဆိုင်းဘုတ်ကို မြင်မိတယ်မှတ်တယ်။ ဒါနဲ့ တိုက်ခန်းငှားပြီး စက်ကိရိယာဘက်က အတိုင်ပင်ခံ အင်ဂျင်နီယာ အလုပ်ကို လုပ်ခဲ့တာကိုး ခင်ဗျ။ ဘိလတ်များမှာတော့ ဒီအလုပ်ဟာ တော်တော် ကြီးပွားနိုင်တဲ့ အလုပ်မျိုးပါပဲ။ မြန်မာပြည်မှာတော့ လခစား မလုပ်ပဲနဲ့ ကိုယ့် အလုပ်ဘိုက်နဲ့ ကိုယ် တသီးပုဂ္ဂလ စပြီးလုပ်တာ ဒီအလုပ်မျိုးမှာ ကျွန်တော် ပထမဦးဆုံးပါပဲ"

"တော်တော်ဟန်ရဲ့လား"

"ဟန် မဟန် မပြောပါရစေနဲ့တော့၊ တနှစ်နဲ့ ခြောက်လလုံးလုံး အလုပ်တိုက် ဖွင့်ထားလိုက်တာ စုစုပေါင်း အလုပ်နှစ်ခု လက်ခံရလို့ ဝင်ငွေ နှစ်ရာ့တဆယ်ပဲ ရဖူးပါသေးတယ်ခင်ဗျာ။ လုပ်ရက်က ဆယ့်ရှစ်လဆိုတော့ တလ ဆယ့်တကျပ် ဆယ့်တပဲလောက် စီရဲ့ ဆိုပါတော့"

"ဖြစ်ရပလေဗျာ၊ ဒရဝမ် လခမှ မပေးလောက်ပါကလား"

"မဖြစ်နဲ့လေတော့ ဆရာ၊ ငုပ်မိသဲတိုင် တက်နိုင်ဖျားရှောက် ဆိုသလို ဇွတ်ပဲ တွယ်ရတော့မှာပဲ။ ကျွန်တော်က လူပျိုမို့လို့ ချွေချွေတာတာ သုံးစွဲတာတောင် ငွေကလေး ငါးဆယ်ဟာ ပြုတ်တော့ မလိုလို ဖြစ်နေပြီကော။ သို့သော် တနေ့သော်လဲ အလုပ်ပေါ်လာနိုးနိုးနဲ့ အလုပ်တိုက်ကို နေ့စဉ်မှန်မှန် သွားပြီး စားပွဲမှာ ထိုင်စောင့်လိုက်တာ မနေ့ကတော့ လူတယောက် ပေါ်လာသကိုး ဆရာကြီးရဲ့။ အသက်က ၄၀ ကျော်လောက်ရှိပြီး အင်မတန် အရပ်ရှည်ပြီး အင်မတန် ပိန်တဲ့လူပါပဲ။ သူ့တကိုယ်လုံး အသားထုတ်ပြီး ချိန်လိုက်ယင် နှစ်ပိဿာပြည့်အောင် ရှိယ်မထင်ဘူး။ နှာမည်က ဦးထောင်တိုတဲ့။ ခေါင်းပေါင်းအုပ်ပေါင်းနဲ့၊ ပုဆိုးရှည်နဲ့၊ သက္ကလပ်ဖြူ ရင်ဖုံးအင်္ကျီနဲ့၊ ရှူးဖိနပ်အနက်ကို ပြောင်လှအောင် တိုက်လိုက်လို့။ တော်တော် သပ်သပ်ချပ်ချပ် သိုက်သိုက်မြိုက်မြိုက် ဝတ်စားတတ်တဲ့ အထဲကပါပဲ။ ဒါနဲ့ ကျွန်တော်က နေ့ရာထိုင်ခင်းပေးပြီး အလုပ်စကား စပြောကြတော့ သူက—

"ခင်ဗျားအကြောင်းကို ပြောတဲ့ လူကဖြင့် သိပ် ပြောထားတာပဲဗျ၊ အင်မတန်လဲ တတ်ကျွမ်းနားလည်တယ်တဲ့၊ ယုံလဲ ယုံကြည် စိတ်ချရတယ်တဲ့"

"ဒီတော့ ကျွန်တော်က 'ကျွန်တော့်အကြောင်း သတင်းကောင်း ပြောဖော်ရတဲ့ မိတ်ဆွေဟာ ဘယ်သူပါပေလဲ ခင်ဗျာ'လို့ မေးတော့—

"သူက 'ခုတော့ မပြောပါရစေနဲ့အုံးလေ၊ ကောင်းတယ်ဆိုတာ လိုရင်းပေါ့။ ပြီးတော့ ခင်ဗျားမှာ သားမရှိ၊ မယားမရှိ တကိုယ်တည်း နေတယ်လို့ ကြားတယ်။ ဟုတ်ပါစ'လို့ မေးတော့—

"ကျွန်တော်က 'မှန်ပါတယ် ခင်ဗျာ၊ သို့သော် အလုပ်ကိစ္စနဲ့ တိုင်ပင်စရာရှိလို့ လာရောက်ခြင်းဖြစ်ပါယင် ဒီဟာတွေက အလုပ်နဲ့ ဘယ်လို သက်ဆိုင်လို့ပါလဲ ခင်ဗျာ'လို့ ပြန်မေးတော့ သူက—

"'သက်ဆိုင်လို့ မေးရတာပေါ့ဗျာ။ ဒီလိုဗျ၊ ကျုပ်အလုပ်ဟာက ဘယ်သူမှ မသိစေချင်တဲ့ အလုပ်မျိုး ဖြစ်နေတော့ သားနဲ့ မယားနဲ့ အိမ်ထောင်နဲ့ နေတဲ့လူထက် တကိုယ်တည်းနေတဲ့ လူမျိုးကို ပိုပြီး စိတ်ချရလို့မို့ မေးရ မြန်းရခြင်း ဖြစ်ပါတယ်'တဲ့ ခင်ဗျာ။ ဒီတော့ ကျွန်တော်က—

"'ကျွန်တော်ဟာ နှုတ်လုံတဲ့ လူတယောက်ပါ။ ဘယ်သူ့မှ မပြောပါဘူးလို့ ကျွန်တော် ကတိ ထားလို့ရယင် စိတ်သာချပါတော့'လို့ ပြောလိုက်ယင်ပဲ ဦးထောင်တိုက ကျွန်တော့်ကို စိုက်ပြီးကြည့်လိုက်တာ ကျွန်တော်ဖြင့် ထုတ်ချင်းဖောက် ထွက်သွားလိမ့်မယ်လားလို့တောင် အောက်မေ့မိတယ်။ ဒါလောက် စူးရှတဲ့ မျက်သုံးပါပေပဲ။ ပြီးတော့မှ သူက 'ဒါဖြင့် ခင်ဗျား ကတိထားတယ်ပေါ့လေ'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က 'ကတိထားပါတယ် ခင်ဗျာ'လို့ ပြောတော့ သူက ထပ်ပြီး 'ကျုပ်နဲ့ အလုပ် မလုပ်မီရော၊ လုပ်ဆဲမှာရော၊ လုပ်ပြီးတော့ရော ဘယ်သူ့ကိုမှ နှုတ်နဲ့ ဖြစ်စေ၊ စာနဲ့ ဖြစ်စေ မသိစေပါဘူးလို့ ကတိထားနိုင်ရဲ့လား' တဲ့။

"ကျွန်တော်က 'ကတိထားပါတယ်' ဆိုတော့ သူက 'ကိုင်း ဒါဖြင့် ကောင်းပြီ' ဆိုပြီး ပြောပြောဆိုဆိုနဲ့ ဖြုန်းဆို ထိုင်ရာက ထသွားတဲ့ပြီး အခန်းတံခါးကို ရုတ်တရက် တွန်းဖွင့်ကြည့်လိုက်သေးတယ်ခင်ဗျ။ အပြင်မှာ ဘယ်သူမှ မတွေ့တော့မှ နေရာပြန်ထိုင်တဲ့ပြီး သူက—

"စာရေးတွေ၊ ဒရဝမ်တွေဆိုတာ စိတ်မချရဘူး၊ အပြင်က ချောင်းနားထောင်ချင် နားထောင်တတ်တဲ့ လူစုတွေ'လို့ ပြောပြီး ကျွန်တော့် တခါထပ်ပြီး စိုက်ကြည့်ပြန်သေးတယ်ခင်ဗျ။ ဒီတော့ ကျွန်တော်က သူ့အမူအရာကို မသင်္ကာသလိုလိုဖြစ်ပြီး စိတ်ဆိုးချင်သလိုလို ရှိလာလို့မို့ ကျွန်တော်က—

"တဆိတ် ခင်ဗျား၊ ပြောစရာရှိယင်လဲ ပြောပါ၊ ကျွန်တော့်မှာ အချိန်ဟာ အင်မတန် အရေးကြီးပါတယ်'လို့ ပြောရတော့တာကိုးခင်ဗျ။ ဒီတော့မှ သူက 'တည အလုပ်အတွက် ငွေတရာ့ငါးဆယ် ရယင်ခင်ဗျား ဘယ့်နှယ်လဲ'တဲ့။

"ကျွန်တော်က 'ကျေနပ်ပါတယ်'ဆိုတော့ သူက 'တညလို့သာ ပြောရပါတယ်၊ တကယ်ဆိုတော့ တနာရီလောက် လုပ်ယင် ပြီးနိုင်တဲ့ အလုပ်မျိုးပါ။ ကျုပ်မှာ စက်ကိရိယာတခု နည်းနည်းချွတ်ယွင်းနေလို့ ခင်ဗျားလိုက်ကြည့်ပေးစေချင်တယ်။ ဘာချွတ်ယွင်းနေတယ်လို့ ခင်ဗျားပြောပေးသွားယင် ပြင်တာတော့ ကျုပ်တို့ဘာသာ ကျုပ်တို့ ပြင်နိုင်ပါတယ်။ ဘယ့်နှယ်လဲ၊ လက်ခံနိုင်သလား'တဲ့။

"ကျွန်တော်က 'ဒီအလုပ်လောက်နဲ့ ဒီအဖိုးအခပေးလို့မှ လက်မခံယင် ကျွန်တော် အရူးဖြစ်မှာပေါ့ ခင်ဗျာ'လို့ ပြောတော့—

"သူက "ကိုင်း ဒါဖြင့် နေရာကျပြီ။ ဒီကနေ့ည ရထားနဲ့ ခင်ဗျား လိုက်ခဲ့ပေတော့'တဲ့။

"ကျွန်တော်က 'ဘယ်ကိုလဲ ခင်ဗျာ'ဆိုတော့ သူက 'မော်လမြိုင်လမ်းက ကျိုက်ခေါ် ဘူတာလေ၊ ညရထားနဲ့ ခင်ဗျားလိုက်ခဲ့ယင် ၁၂ နာရီလောက် ဟိုရောက်နိုင်တယ်။ ကျုပ်က ဘူတာရုံက ကြိုနေမယ်။ ဘယ့်နှယ်လဲ' မေးတယ်။

"ကျွန်တော်က 'ဘူတာရုံနဲ့ ဘယ်လောက်ဝေးသလဲ'လို့ မေးတော့—

"သူက '၇ မိုင်လောက် ရှိမှာပေါ့။ သို့သော် ဒီည ပြန်လိုက်ဖို့တော့ မီးရထား မရှိတော့ဘူး၊ ဟိုမှာပဲ ခင်ဗျား အိပ်ရလိမ့်မယ်'တဲ့။

"ကျွန်တော်က 'ဒါက ဂွကျတာပဲ'လို့ ပြောတော့ သူက 'ဂွမကျနဲ့လေ၊ ဒီလို ပင်ပင်ပန်းပန်းကလေး လုပ်ရမှာမို့လို့ ငွေတရာ့ငါးဆယ်တောင် ကျုပ်တို့ ပေးထားတာပဲ။ သဘောမတူလို့ ရှိယင်လဲ ဒီ့ပြင်လူ တယောက် ကျုပ်တို့ရှာရမှာပေါ့။ ဘယ့်နှယ်လဲ' လို့ မေးတော့ ကျွန်တော့်မှာ ငွေတရာ့ငါးဆယ် အလုပ်မျိုးကို ရခဲလွန်းလို့မို့ 'ကောင်းပါပြီ'လို့ သဘောတူလိုက်ရပါရော ခင်ဗျာ။ သို့သော် ကျွန်တော်က တခုတော့ မေးလိုက်သေးတယ်။

"ကျွန်တော် လက်ခံတာတော့ ဟုတ်ပါပြီခင်ဗျာ၊ သို့သော် ကျွန်တော် လုပ်ရမယ့် အကြောင်း နည်းနည်းပါးပါး သိထားနိုင်ပါရစေလားခင်ဗျာ'လို့ ပြောလိုက်တော့—

"သူက 'ကျုပ်က နှုတ်လုံဖို့ ဒီလောက်တောင် ကတိတောင်းနေတော့ ခင်ဗျား့စိတ်ထဲမှာ ဘယ်လို အလုပ်မျိုးလဲလို့ သိချင်ပေမှာပလေ။ မှန်ပါတယ်။ ဒီလိုဗျ။ သမိုင်းမှာ ဦးသော်ရဲ့ ပန်းကန်စက်ကို သိသလား' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က 'သိပါတယ်'လို့ ဖြေတော့—

"သူက 'ပန်းကန်လုပ်တဲ့ ကိစ္စမှာ ရွှံ့စေးကောင်းကောင်း ရဖို့ဟာ သိပ်အရေးကြီးတယ်။ အသင့်အတင့် ရွှံ့စေးနဲ့လုပ်တဲ့ ပန်းကန်ဘလုံးဟာ လေးပဲတန်ယင် တရုတ်ပြည်ကြီးက ပထမတန်း ရွှံ့စေးမျိုးနဲ့ လုပ်တဲ့ ပန်းကန်ဘလုံးဟာ တကျပ်လဲတန်တယ်၊ နှစ်ကျပ် သုံးကျပ်တောင် တန်နိုင်တယ်။ ယုံရဲ့လား'တဲ့။

"ကျွန်တော်က 'ယုံပါတယ်။ ကြားလဲ ကြားဖူးပါတယ်'လို့ ပြန်ပြောတော့—

"သူက 'ကောင်းပြီ၊ ကျုပ်ပိုင်တဲ့မြေကွက်ထဲမှာ ကမ္ဘာပေါ်မှာ ပထမတန်း ခေါ်လောက်တဲ့ ရွှံ့စေးမျိုး တွေ့သားတယ်။ သို့သော် ကျုပ်တို့ သေသေချာချာ စုံစမ်းကြည့်တော့ ကျုပ်မြေကွက်မှာ တွေ့ထာက မဖြစ်စလောက် အသေးအမွှား အစွန်းအဖျားပဲ။ တကယ့်ပင်ရင်းက ဟိုဘက် မြေကွက်နဲ့ ဒီဘက်မြေကွက် မှာမှ ရှိတာကိုးဗျ။ ကျုပ်မြေထဲ တွေ့တာက ဟိုဘက် ဒီဘက်ကို ဆက်သွယ်နေတဲ့ မြေလက်ကြားကလေး သတောမျိုးပေါ့ဗျ။ ဥပမာဆိုယင် ဟိုဘက်ဒီဘက် တပိဿာစီရှိမှ ကျုပ်မြေကွက်မှာ တပဲသား၊ တမူးသား လောက် ရှိနေတာကိုးဗျ။ သို့သော် ခက်နေတာက ဟိုဘက်ဒီဘက် မြေကွက်တွေက သူများလက်ထဲမှာ ရှိတယ်။ ဒီအကြောင်း သူတို့သိသွားယင် ဘယ်တော့မှ ကျုပ်တို့ ဝယ်ဖို့ ကြံစည်နိုင်မှာ မဟုတ်တော့ဘူး။ ဒီ့ပြင် အခက်အခဲ ဘခုက ဒီမြေနှစ်ကွက်ကို ကျုပ်တို့ ချချက်ချင်း ဝယ်ယူစရာ ငွေလဲ မလုံလောက်ဘူး။

"ဒီတော့ ကျုပ်တို့အကြံက ဘယ့်နှယ်လဲဆိုတော့ ကိုယ့်မြေကွက်ထဲမှာရှိတဲ့ ရွှံ့စေးကို တိတ်တဆိတ် တူးဖော်ရောင်းပြီးတဲ့နောက်မှာ ရတဲ့ငွေနဲ့ ဟိုဘက်ဒီဘက်က မြေကွက်တွေကို ဝယ်ယူဖို့ကိုးဗျ။ ဒီအတော အတွင်း ကျုပ်တို့အကြံအစည်တွေကို လူသိသွားယင် ကိစ္စချောပါရော။ ဒါကြောင့်မို့လို့ ခင်ဗျားကို ကျုပ်က ဒါလောက်တောင် နှုတ်ပိတ်နေရတာကိုးဗျ။ ကိုင်း ရိပ်မိပြီလား'လို့ ပြောတော့—

"ကျွန်တော်က 'ရိပ်မိပါပြီခင်ဗျာ'လို့ ပြန်ပြောယင်း သူက 'အဲဒါကြောင့် ဒီကနေ့ည ကျိုက်ခေါက် ကို သွားမယ်ဆိုတဲ့ အကြောင်းကိုတောင် ဘယ်သူ့ကိုမှ မပြောပါနဲ့ဗျာနော်'လို့ ထပ်ပြီးသတိပေးပြန်တယ်။

"ကျွန်တော်က 'စိတ်ချပါ၊ ဒါထက် မြေတူးတာကို စက်ကိရိယာနဲ့ ဘယ်လိုလုပ် တူးသလဲခင်ဗျာ' လို့ ဆင့်မေးလိုက်တော့ သူက 'တူးတဲ့စက် မဟုတ်ပါဘူး၊ တူးလို့ရတဲ့ ရွှံ့စေးကို လူတွေမရိပ်မိအောင် ဒီအတိုင်းမပို့ပဲ အုတ်ပုံမျိုးလို အတုံးအခဲတွေလုပ်ပြီး ပို့ရတာကိုးဗျ။ မြေကြီးကို အုတ်ချပ်လိုဖြစ်အောင် ဟာ စက်ကိရိယာနဲ့ဖိပြီး ပုံသွင်းယူရတာကိုးဗျ။ နားလည်ရဲ့မဟုတ်လားတဲ့'။ သူက မေးသကိုး။

"ကျွန်တော်က 'နားလည်ပါပြီ'လို့ ပြန်ပြောတော့—

"သူက 'ကိုင်း ဒါဖြင့် ဒီကနေ့ည ရထားနဲ့ လိုက်ခဲ့ပေတော့ဗျနော်၊ ကျုပ် ဟိုက ကြိုနေမယ်။ ရော့ ခရီးစရိတ်အတွက် ရော့ငွေ ဘာဘယ် ယူသွားလိုက်ပေအုံးတော့'လို့ ပြောပြောဆိုဆိုနဲ့ ငွေတဆယ်တန် စက္ကူ တချပ်ထုတ်ပေးပြီး ဦးအောင်တို့ ထွက်သွားပါလေရောခင်ဗျ။ သူသွားတဲ့နောက် ကျွန်တော် ပြန်စဉ်းစား ကြည့်တော့ ဒီလူကြီးရဲ့ မျက်နှာထားရော၊ ပြောပုံဆိုပုံရော၊ ကျွန်တော့်ကြည့်ပုံရော တယ်ပြီး ကျွန်တော် မကြိုက်လှဘူးခင်ဗျ။

"နို့ပေမယ့် ငွေဘာသွားပါဆယ်ဆိုတဲ့ အလုပ်မျိုးဟာ နေ့တိုင်း တွေ့နိုင်တဲ့ အလုပ်မျိုး မဟုတ်ဘူး ဆိုပြီး ထွေရာလေးပါး မစဉ်းစားတော့ပဲ အိမ်ပြန် ရေချိုး၊ တမင်းစား၊ အဝတ်အစားလဲ၊ ညနေခင်း လမ်းလျှောက်၊ ညကျတော့ သားရေအိတ်တလုံးနဲ့ ဘူတာရုံထွက်လာခဲ့ရော ဆိုပါတော့ခင်ဗျာ။ ဘူတာရုံရောက် တော့ ဒုတိယတန်းလက်မှတ်တစောင်ခံပြီး မော်လမြိုင်ရထားနဲ့ လိုက်လာလိုက်တာ ၁၂ နာရီ ၅ မိနစ်မှာ ကျိုက်ခေါက်ဘူတာရောက်၊ ဆင်းသွားပေါ့ကာ ဆင်းတဲ့လူဆိုလို့ ကျွန်တော်တယောက်ပဲ ရှိတယ်ခင်ဗျ။ ဘူတာ ကလေးကလဲ ခပ်သေးသေးမို့ ညရုံပိုင်နဲ့ ဟိုတယ်ကုလားတယောက်ပဲရှိတယ်။ ဒါနဲ့ ကျွန်တော်က လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com


ပေးပြီး ဘုတ်ကားရုံမြင်တက် ထွက်လာခဲ့တော့ ဦးထောင်ဘိုက မြင်းလှည်းကလေးတစီးနဲ့ ကြိုနေရှာတော့တယ်ဗျ”

“ငှားတဲ့လှည်းလား၊ ကိုယ်ပိုင်လှည်းလား”ဟု ဦးစံရှားက ထောက်မေးလိုက်ရာ ကိုစံစိန်က—

“သပ်သပ်ရပ်ရပ် ရှိပုံတကြောင်း၊ ဒီဘုတ်ကားရုံမှာ မြင်းလှည်းရှိပုံမပေါ်တာ တကြောင်းထောက်တော့ ကိုယ်ပိုင်မြင်းလှည်းနဲ့ တူတယ်ခင်ဗျ”ဟု ထင်မြင်ချက် ပေးလေ၏။

“မြင်းက ဘာမွေးလဲ”

“မြင်းညိုပဲ ခင်ဗျ”

“ခရီးပန်းသလား၊ လတ်ဆတ်သလား”

“လတ်ဆတ်ပုံပေါ်တယ်ခင်ဗျ၊ ဝလိုက်တာ ဖီးလို့။ အရောင်နဲ့ ဖိတ်ဖိတ်ပြောင်နေတာပဲ”

“ဆိုပါအုံးဗျာ၊ တယ်ကောင်းတဲ့ အမှုကလေးပဲဗျို့”

“ဒါနဲ့ မြင်းလှည်းပေါ် တက်ကြတော့ မောင်းတဲ့လူက ရှေ့ကထိုင်ပြီး သူ့နောက်ကရော၊ နံဘေးကရော၊ လှည်းနောက်ကရော မိုးကာရွက်ထည်ကြီးတွေ ဖြန့်ချထားလိုက်တာ လုံနေတော့တာပဲ။ လှည်းထဲမှာ ဘာမှ မမြင်ရဘူးခင်ဗျ။ ဦးထောင်ဘိုကပြောတော့ မိုးရွာမှာစိုးလို့ ပြောတာပဲ”

“ကျွန်တော်ကတော့ ကျွန်တော် တောင်တောင်မြောက်မြောက် လှည့်ကြည့်သိမှာစိုးလို့ လုံအောင်ပိတ်ထားတာနဲ့တူတာပဲ။ နို့ပေမယ့် ပြောမကောင်းလို့ ကျွန်တော်က ဘာမှ မပြောနေတော့ပေါ့ ခင်ဗျာ။ ဒါနဲ့ မောင်းလိုက်ရတာ တနာရီခွဲလောက်ရှိရဲ့ခင်ဗျာ၊ သူပြောတော့ ၇ မိုင်တဲ့၊ ကျွန်တော့် စိတ်ထင်တော့ အနည်းဆုံး ၁၂ မိုင် လောက် ရှိမယ် ထင်တယ်။

“ဦးထောင်ဘိုက ပထမတော့ စကားတခွန်းနှစ်ခွန်း ပြောသေးရဲ့၊ နောက်တော့ စကားပြောဖော်မရတာနဲ့ ကျွန်တော်လဲ တိတ်တိတ်နေလိုက်ကရော၊ ကျွန်တော်က မိုးကာရွက်ဖျင်ကြားက အပြင်ဘက်ကို တချက် တချက် ချောင်းကြည့်သော်လဲ လာမှ အမှတ်အသားမတွေ့ရပဲ တောသင်္ချိုင်းလျှောက် လျှောက်မောင်းနေတာလောက်သာ တွေ့ရတာပဲ ခင်ဗျ။

“ဦးထောင်ဘိုကဖြင့် စကားတခွန်းမှမပြောတော့ပဲ ကျွန်တော့်ကိုသာ စိုက်ကြည့်ပြီး လိုက်လာတော့တာပဲ ခင်ဗျ။ တနာရီခွဲလောက် ကြာတော့မှ ဝင်းကြီး တဝင်းထဲဝင်ပြီး မြင်းလှည်းရပ်လေရော ခင်ဗျ။ ရပ်တော့ ဆင်ဝင်အောက်မှာ ရပ်ပြီး ရပ်ရပ်ချင်း ကျွန်တော့်ကို အိမ်ထဲသွင်းသွားတော့တာပါပဲ၊ တောင်တောင် မြောက်မြောက် ကြည့်ဖို့တောင် အချိန်မပေးတော့ပါဘူး ခင်ဗျာ၊ အိမ်ရှေ့က ဧည့်ခန်းထဲလဲ ရောက်ကရော ဦးထောင်ဘိုက တံခါးပိတ်လိုက်ပါရော။ တအိမ်လုံးလဲ မှောင်လို့”

“တော်တော် ကျယ်ဝန်းပုံရတဲ့ အိမ်ကြီးပေါ့”

“ကျယ်ဝန်းပုံ ရပါတယ်။ အိမ်ထောင် ပစ္စည်းတော့ ဒီလောက် မများလှဘူး ခင်ဗျ။ ဒါနဲ့ အိမ်ထဲရောက်ရောက်ချင်း ဦးထောင်ဘိုက လက်ဆွဲမီးအိမ်တလုံးထွန်းညှိပြီး စားပွဲပေါ်တင်ထားလိုက်သေး၊ အပြင်ဘက် အခန်းတခန်းက မိန်းမတယောက် ဗြုန်းဆို ထွက်လာတယ်ခင်ဗျ။ အသက်က ၃၀ လောက်၊ ရုပ်ရည်က သနားကမားပဲ။ ဒါနဲ့ မိန်းမက အံ့ဩတဲ့ မျက်နှာထားမျိုးနဲ့ ကျွန်တော့်ကိုစိုက်ကြည့်နေတုန်း ဦးထောင်ဘိုက အနားသွားတဲ့ပြီး တီးတိုးစကား ပြောတယ်ခင်ဗျ။ ပြောလို့လဲပြီးရော မိန်းမကို ထွက်လာတဲ့ အခန်းထဲ တွန်းသွင်းလိုက်ပြီး ဦးထောင်ဘိုက ကျွန်တော့်ဆီ လာပါလေရော ခင်ဗျ။ အနားရောက်တော့ သူက—

“ ‘ခင်ဗျား ဒီမှာ ခဏလေး စောင့်နေရစ်ပါအုံး’တဲ့။ ပြောတဲ့ပြီး အခန်းထဲ ဝင်သွားပါလေရော ခင်ဗျ။ သူမရှိတုန်းမှာ အခန်းအခြေအနေ ကြည့်လိုက်တော့ စားပွဲတလုံးပေါ်မှာ သတင်းစာတစောင်


www.burmeseclassic.com

www.burmeseclassic.com



စာသုံးလေးအုပ်၊ ဗီရိုတလုံး၊ ကုလားထိုင် လေးငါးလုံး၊ ဒါပဲခင်ဗျ။ ညှော်ခန်းကြီးကတော့ဖြင့် ကျယ်ပါပေရဲ့။ ဟိုးထိတ်လိုက်တာလဲ လွန်ယို့ခင်ဗျ။ ဘာသံမှ မကြားရဘူး။

"ညှော်ခန်းထဲက တိုင်ကပ်နာရီကြီးတလုံးက ဂျောက်ဂျက် ဂျောက်ဂျက်နဲ့မြည်တဲ့ စက်သံဟာတောင် တအိမ်လုံး ညံနေသလို ထင်ရတယ်။ ဒါလောက်ပဲ တိတ်ဆိတ်ပါရဲ့။ ခွေးသံ၊ ကြက်သံ၊ လူသံ၊ ဘာသံမှ မကြားရတော့ စိတ်ထဲမှာ ရွံ့သလိုလို ကြောက်သလိုလို ဖြစ်လာမိတယ်။ ခုနင်ကမိန်းမဟာတော့ ဦးထောင်ဘိုမိန်းမနဲ့ပဲ တူပါရဲ့။ အိမ်ကြီးတအိမ်လုံးမှာ သူတို့ လင်မယား နှစ်ယောက်တည်း နေကြလေရော့သလား၊ ဘာလားနဲ့ တွေးမိတွေးရာ စဉ်းစားစိတ်ကူးနေတုန်း ဗြုန်းဆို ခုနင်တမိန်းမက နောက်ဖေးခန်းက ထွက်လာပြီး တိတ်တိတ်နေပါဆိုတဲ့သဘောနဲ့ လက်ပြပြီး ကျွန်တော့်အနား လျှောက်လာတာကိုးခင်ဗျ။ အနားလဲ ရောက်လာရော ကျွန်တော့်လက်ကို ကိုင်တဲ့ပြီး—

"ရှိုကြီးခိုးပါရဲ့၊ သွားပါရှင်၊ ဒီမှာနေယင် ရှင် ဒုက္ခရောက်ပါလိမ့်မယ်။ မောင်မင်းကြီးသား ချက်ချင်းပြေးပါ။ ချက်ချင်း ချက်ချင်း'နဲ့ ပြောတာကိုးခင်ဗျ။ ဒီတော့ ကျွန်တော်က 'ကျွန်တော့်ကို စက်ပြင်ဖို့ အလုပ်နဲ့ ခေါ်ခဲ့လို့ စက်ပြင်ပြီးမှ ကျွန်တော် သွားနိုင်မယ်'လို့ ပြောတော့ မိန်းမက 'အလကား စက်ပါရှင်၊ ပြင်ပေးမနေပါနဲ့၊ ချက်ချင်း ထွက်ပြေးပါ၊ ခုချက်ချင်း ပြေးသွားပါ၊ ဟောဟိုမှာတံခါး၊ သွား သွား'။

"ဒါနဲ့ ပြောပြောဆိုဆို ကျွန်တော့်ကို တွန်းပါလေရောခင်ဗျ၊ ကျွန်တော်ကလဲ ခေါင်းခပ်မာမာ အကောင်မျိုးလဲ ဖြစ်ပြန်၊ ငွေတရာငါးဆယ် ရဖို့ကလဲ မျှော်လင့်ပြန်တော့ ဘယ်သွားလိမ့်မလဲလေ၊ ပေနေလိုက်တာပေါ့၊ ဒါနဲ့ မိန်းမက တွန်း၊ ကျွန်တော်က ရုန်းနဲ့ ဖြစ်နေကြတုန်း ဗြုန်းဆို ခြေသံတွေ ကြားမိပါလေရော ခင်ဗျာ။ ဒီတော့ မိန်းမလဲ ကျွန်တော့်ကိုလွှတ်ပြီး သူ့အခန်းထဲ သူ ဝင်ပြေးတော့တာကိုး"

"ဘယ်သူတွေ ရောက်လာကြသလဲ"

"ဦးထောင်ဘိုက လူခပ်တုတ်တုတ်တယောက် ခေါ်ပြီး အခန်းထဲ ဝင်လာတယ်ခင်ဗျ။ ကုလားထိုင်မှာ ထိုင်ကြပြီး ဦးထောင်ဘိုက 'ဒီဟာ ကျုပ်နဲ့ စပ်ဖက်အလုပ်လုပ်တဲ့ ဦးသူတော်ပဲ ကိုဘစိန်၊ ကိုင်း ကိုင်း အချိန်ကုန်နေရော့၊ နောက်မှ စကားပြောကြစို့။ အလုပ်ပြီးအောင် အယင် လုပ်ကြအုံးစို့'လို့ ပြောပြီး ကျွန်တော့်ကို ခေါ်သွားကြပါလေရော ခင်ဗျာ။ နံဘေးက အခန်းတခန်းထဲက ဖြတ်ပြီး မြေတိုက်ထဲ ခေါ်သွားကြတယ် ခင်ဗျ၊ အိမ်ကြီးက အခန်းတွေ ရှုပ်နေတာပဲ ခင်ဗျ။

"ဝက်ပါလို ကွေ့ကွေ့ကောက်ကောက် ပွေနေတာပဲ၊ နောက်ဆုံးကျတော့ မြေတိုက်အောက် ရောက်တော့မှ ရပ်ကြပါတော့ခင်ဗျ။ အခန်းကလေးက ဘယ်လောက်များကျဉ်းလိုက်သလဲဆို လူသုံးယောက်တပြိုင်တည်းတောင် ဝင်လို့မဆံ့ဘူးခင်ဗျ။ ဒါနဲ့ ဦးသူတော်က အပြင်ကနေရစ်ခဲ့ပြီး ဦးထောင်ဘိုက လက်ဆွဲမှန်အိမ်ကိုင်လို့ ကျွန်တော်နဲ့အတူတူ အခန်းကလေးထဲ ဝင်ကြတာကိုးဗျ။ အထဲရောက်ကျတော့ ဦးထောင်ဘိုက—

"ကျုပ်တို့ အခု ရှိနေတဲ့ စက်ခန်းထဲရောက်နေကြပြီ။ အပေါ်မော့ကြည့်လိုက်စမ်း။ မြင်ရဲ့လား၊ အဲဒါ မျက်နှာကျက်မဟုတ်ဘူး။ သတ္တုတုံကြီးရဲ့ အောက်ပိုင်းဗျ။ ခုနေအခါမှာ တခေါက်ဆယ်ယောက်က စက်ကို သွားလှည့်လိုက်ယင် အထက် သတ္တုတုံကြီး တဖြည်းဖြည်း ကျလာပြီး ခင်ဗျားရော ကျုပ်ပါ စေ့စေ့ညက်ညက် ကျေသွားမှာပဲလို့ ပြောတော့ အမှန်ပြောရမှာဖြင့် ကျွန်တော် ကြက်သီး တသွားမိတော့တယ်။ နောက်တော့ ကျွန်တော်က—

"စက်ပျက်တာက ဘယ်ပုံဘယ်နည်း ပျက်တာလဲ'လို့ မေးတော့ ဦးထောင်ဘိုက စက်ကိရိယာကို ကျွန်တော့်ကို လိုက်ပြတာကိုး။ လက်စသတ်တော့ သူ့စက်က ရေအားနဲ့ အလုပ်လုပ်တာ ဖြစ်လေတော့



www.burmeseclassic.com

www.burmeseclassic.com



ပြွန်ကလေးတခုထဲက ရော်ဗာကလေးတခုက ပွန်းပြီး ချောင်နေလေတော့ ရေဟာပြီး အားရှိသင့်သလောက် မရှိပဲ။ ဖြစ်နေတာကိုး။ ဒါနဲ့ ကျွန်တော်က ရော်ဗာကလေးကို ပြင်ပေးလိုက်ယင်ပဲ စက်ဟာ ပကတိ အကောင်း ဖြစ်သွားတော့တာပေါ့လေ။

"နောက်ဆုံးကျတော့ လိုတဲ့အချက်ကို ပြင်ပေးပြီး ဦးထောင်ဘိုနဲ့ ကျွန်တော်နဲ့ ခုနင်က အခန်းလေးထဲ ဝင်ကြည့်ကြတာကိုး။ ကြည့်ကြတော့ အပေါ်ကလဲ သတ္တု၊ နံဘေးကတော့ သစ်သား၊ အောက်ခြေ ကြမ်းကတော့လဲ သတ္တု၊ ဘယ့်နှယ်သဘောပါလိမ့်လို့ ကြမ်းပေါ် ငုံ့ကြည့်တော့ သတ္တုအစ အနတွေ ပြောင်ပြောင် ပြောင်ပြောင်နဲ့ ကပ်နေတာ တွေ့ရတာကိုး ခင်ဗျ။

"ဒါနဲ့ ကျွန်တော်က ကပ်နေတဲ့ ဒန်စကလေးကို ခြေထောက်နဲ့ ခြစ်ကြည့်မိကာရှိသေး၊ ဦးထောင်ဘိုက 'ဟေ့လူ ဘာလုပ်နေတာလဲ'တဲ့။ ကျွန်တော်က ဒီတော့ သူပြောတဲ့ ရွှံ့စေးကြိတ်ဖို့ဆိုတာ ညာပြောမှန်း ရိပ်မိလေတော့ ကျွန်တော့်ကို မှန်မှန်မပြောပဲ လိမ်ပြောရပါမလားလို့ စိတ်ထဲက ခပ်ဆိုးဆိုးနဲ့ 'ရွှံ့စေးတွေ ကပ်နေတာ ကြည့်နေတာပဲ။ တကယ်ဆိုတော့ ကျွန်တော့်ကို မှန်မှန်ဖွင့်ပြောရောပေါ့ဗျာ။ အလုပ်သမားဆိုတာ အလုပ်သဘောကို သိရမှ အကောင်းဆုံး အကြံဉာဏ်ပေးနိုင်တယ် မဟုတ်လားဗျ'လို့ ကျွန်တော်က စကားနာ ပြောမိတာကိုးခင်ဗျ။ ဒီတော့ သူ့မျက်နှာထားကို မြင်လိုက်ရယင်ပဲ ငါတော့ မှားပြီဟဲ့လို့ ရိပ်မိသွားတယ်။ ဒီတော့ ဦးထောင်ဘိုက 'တယ်သိတဲ့လူပါကလား။ ကိုင်း ဒါဖြင့် ဒီထက် သိစေရမှာပေါ့ကွယ်'တဲ့။ ပြောပြောဆိုဆိုနဲ့ ပြုန်းဆို အခန်းကလေးအပြင်ဘက် ထွက်တဲ့ပြီး တံခါးကို ချောက်ကနဲ အပြင်ဘက်က ပိတ်လိုက်တာကိုးခင်ဗျ။

"ကျွန်တော်က ကပျာကယာ ခုန်တဲ့ပြီး တံခါးကို တွန်းပေမယ့် မရတော့ဘူး။ ပိတ်ပြီးသား ဖြစ်နေပြီ။ 'မလုပ်နဲ့ဗျာ၊ ဦးထောင်ဘို၊ ဖွင့်ပါဗျာ'လို့ အော်ပြောပေမယ့် ဦးထောင်ဘိုက ရယ်ဖော်သာ ရတော့တယ်။ ဘာမှ ပြန်မပြောတော့ဘူးခင်ဗျ။ ဒါနဲ့ ကျွန်တော့်မှာ အကြံကျပ်နေတုန်းရှိသေး၊ တရှီရှီ တဝီဝီနဲ့ စက်တွေ လှုပ်ရှားတဲ့ အသံမျိုးတွေ ကြားရလေရော ခင်ဗျာ။ ဒါနဲ့ တုန်တုန်ရီရီနဲ့ အပေါ် မော့်ကြည့်တော့ လားလား မျက်နှာကြက်လို တူကြီးဟာ အောက်ကို တဖြည်းဖြည်း ကျလာချေတော့ တာကိုးခင်ဗျ။

"ကျွန်တော်က အော်၊ စက်သံက ဆူနဲ့ တအိမ်လုံး ညံနေလိမ့်မယ် ထင်ပါရဲ့။ ဒါနဲ့ တဖြည်းဖြည်း နိမ့်ကျ လာလိုက်တာ တူကြီးဟာ ကျွန်တော်နဲ့ လက်တကမ်းရှိတော့တယ် ခင်ဗျ။ မှန်အိမ်က ကျွန်တော့် အနားမှာ ရှိလို့ အကုန်လုံးမြင်ရတယ်။ ကြောက်လိုက်တဲ့ဖြစ်ခြင်းဆိုတာ ဘာပြောကောင်းမလဲ။ ချွေးဒီးဒီး ပြန်နေတော့တာပဲ။ ငါတော့ အကြိတ်ခံရတော့မှာ ကေန်ပဲ။ မှောက်လျက် ခံယင် သက်သာမလား၊ ပက်လက်လှန်ခံယင် သက်သာမလားလို့ စဉ်းစားမိသေးတယ်။

"ဆရာဝန်များ ပြောဖူးတယ်။ မှောက်လျက် အကြိတ်ခံယင် ခါးရိုးပေါ် အရင်ဆုံးကျမှာမို့ သာပြီး အခံရခက်တယ်တဲ့။ ဒါဖြင့် ပတ်လက်ခံမှ တော်မယ်လို့ စဉ်းစားမိသော်လဲ ဒီဟာကြီးက တဖြည်းဖြည်း တရွေ့ရွေ့ လျှောကျလာတာကို ငါ စေ့စေ့ မော့်ကြည့်နေနိုင်ပါ့မလားလို့ စဉ်းစား လိုက်ပြန်တော့ ပက်လက်ခံဖို့ ခက်ပြန်ပါရောဗျ။

"ဒီအနေတာအတွင်းမှာ တူကြီးက လျှောကျလာလိုက်တာ တည့်တည့်မတ်မတ်တောင် ရပ်နေလို့ မရတော့ဘူး။ ခပ်ကုန်းကုန်းလုပ်ပြီး ရပ်နေရတော့တယ်။ ဒါနဲ့ ခါးကုန်းပြီး သစ်သားနံရံကို ကြည့်မိ ကြည့်ရာ ငေးကြည့်နေယင် သစ်သားအကြားက မီးရောင်လိုလို ရိပ်ကနဲ မြင်လိုက်ရတာကိုး ခင်ဗျ။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com


အံ့အားသင့်ပြီး ကြည့်နေတုန်း ခုနင်က ပြောတဲ့ သစ်သားပျဉ်ထရံ အကြားဟာ ကျယ်သထက် ကျယ်လာတယ်။

"နောက်ဆုံးတော့ တံခါးတခု ပွင့်သွားပါရောကိုးခင်ဗျ။ ဒီတော့ ဘာမှမပြောနဲ့၊ အပေါက်ကြားကို ခေါင်းတိုးပြီး တခါတည်း ပစ်သွင်းလိုက်တာ ဟိုဘက်ကို လိမ့်လျက်သား ရောက်သွားတော့တာကိုး ခင်ဗျ။ ဒီအတောအတွင်းမှာ ဟိုစက်ခန်းကလေးထဲက ဂျွမ်းကနဲ အသံကြားရပြီး ဂျီကနဲ မြည်သွားသေး ခင်ဗျ။ ဘာကြောင့်လဲဆိုတော့ ကျလာတဲ့ တူကြီးဟာ မှန်အိမ်ကို အရင်ကြိတ်ပြီး နောက်မှ အောက်က သတ္တုကြမ်းပြင်နဲ့ ထိမိတာကိုး။ ၁၄-၅ စက္ကန့်လောက် နောက်ကျသွားယင် ကျွန်တော်ပါ စေ့စေ့ညက်ညက် ကြေဖို့ပေါ့ ခင်ဗျာ"

"လက်မတင်လေး လွတ်သွားတာပဲ ဟင်"

"တကယ့် စားစားကလေးခင်ဗျာ။ ဒါနဲ့ ကျွန်တော့်လက်ကို ဆွဲနေလေတော့ မော့်ကြည့်လိုက်ရာမှာ အခြားလူ ဟုတ်ရိုးလား၊ ရောက်စတုန်းက သတိပေးရှာတဲ့ မိန်းမဟာပဲကိုး ခင်ဗျ။ သူ့လက်ထဲမှာ ဖယောင်းတိုင် တတိုင် ကိုင်လို့။ ကျွန်တော့်လက်ဆွဲပြီး သူက—

"'မြန်မြန်ထပါရှင်၊ သူဟို့ရောက်လာယင် ကျွန်မပါ ဒုက္ခရောက်ပါလိမ့်မယ်။ ထထ၊ လိုက်ခဲ့ပါ၊ လာ'လို့ ပြောပြီး ကျွန်တော့်ခေါ်သွားတော့ ကျွန်တော်က ဒီတခါတော့ မငြင်းတော့ပဲ သွက်သွက်လက်လက် ထလိုက်ပါသွားရော ခင်ဗျ။ ဒါနဲ့ သူ့နောက်က လိုက်ပြီး ဟိုအခန်း ဒီအခန်းက ဖြတ်၊ လှေကား တခုနှစ်ခု တက်၊ နောက်ဆုံးကျတော့ အိမ်အပေါ်ထပ်က ပြတင်းပေါက်တခုဆီ ရောက်လာကြတာကိုး ခင်ဗျ။ ဒီတော့မှ သူက 'ကိုင်း ယောကျ်ားပဲ၊ ခုန်ချပေတော့၊ ဒီလမ်းတလမ်းပဲ ထွက်ပေါက်ရှိတော့တယ်၊ လုပ်ပါရှင်၊ မြန်မြန် လုပ်ပါ'လို့ ပြောပြီး ပြတင်းဆီ တွန်းပို့တာကိုးဗျ"

"ဘယ်လောက် မြင့်ပါသလဲ"

"သိပ်မမြင့်လှပါဘူး။ ဆဲ့ငါးပေလောက်ပဲ ရှိမယ်။ ဒါနဲ့ ကျွန်တော်က ခုန်ချမယ်လုပ်တုန်း 'မြင့်မြင့်ရေ၊ ဟေ့ မြင့်မြင့်၊ ဘယ်ဆီကလဲ ဟေ့'တဲ့။ ပြောပြောဆိုဆိုနဲ့ ဦးထောင်ဘိုနဲ့ ဦးသူတော်တို့ နှစ်ယောက်က အခန်းထဲ ဝင်လာကြပါရော ခင်ဗျ။ ဒီတော့ မိန်းမက တံခါးဝကနေပြီး ဆီးတားရှာသေးတယ်။ ဦးထောင်ဘို လက်ထဲမှာ ဓားရှည်ကြီးတချောင်း ကိုင်လိုက်လို့။ ကျွန်တော်က ရုတ်တရက် ခုန်မချသေးတာ ဘာ့ကြောင့်လဲ ဆိုတော့ ကျွန်တော့်ကို ကယ်ဆယ်တဲ့ ကျေးဇူးရှင် မိန်းမကို ရိုက်လား နှက်လားလုပ်ယင် ဖြစ်ချင်ရာဖြစ် ဆိုပြီး ကျွန်တော် ဝင်ဖျန်ဖြေဖို့ ကြံစည်ထားတာကိုး ခင်ဗျ။

"အခုတော့ သူက မိန်းမကို ဘာယ့်နှယ်မှ မလုပ်ပဲ တွန်းဖယ်ရုံ ဖယ်ပြီး ကျွန်တော့်ကို မြင်တာနဲ့ ကျွန်တော့်ဆီ တည့်တည့်ကြီး ပြေးလာတော့တာကိုး ခင်ဗျ။ သူလဲ ရောက်လာရော ကျွန်တော်လဲ ပြတင်းပေါက်ကို လက်နဲ့ တွယ်ပြီး တွဲလောင်းချရာက လွှတ်ချလိုက်ပါရော ခင်ဗျ။ နို့ပေမယ့် ဒုန်းတနဲ အသံတခု ကြားလိုက်ရပြီး ကျွန်တော့်လက်မှာ ပူကနဲ ဖြစ်သွားတယ် ခင်ဗျ။

"ဒါနဲ့ပဲ အောက် ရောက်ရောက်ချင်း ထပြီး ပြေးပါရော။ ပြေးပေတဲ့ လက်ဝဲဘက် လက်က မြက်တက် မြက်တက်နဲ့ နာနေတော့တယ် ခင်ဗျ။ ဒီတော့မှ ငုံ့ကြည့်တော့ လားလား လက်မကလေး တချောင်း မရှိတော့ပဲ ငုတ်ကလေး ဖြစ်နေတာ တွေ့ရတော့တာကိုး ခင်ဗျ။ ဒီလိုလဲ မြင်လိုက်တာရော ရင်ထဲက ဒိတ်ကနဲဖြစ်ပြီး မူးဝေလာရာက နောက်ထပ် မပြေးနိုင်တော့ပဲ ထိုးလဲတော့တာကိုး ခင်ဗျ။ လဲလည်း လဲရော သတိလည်း မရတော့ပါဘူး ခင်ဗျာ"

ဘာတီသာ ဆကြွမ်

www.burmeseclassic.com

www.burmeseclassic.com


ဤနေရာ၌ ကိုဘစိန်သည် ရေတခွက် တောင်းသောက်၍ အောက်ပါအတိုင်း ဆက်လက် ပြောပြန်လေ၏။

"ဘယ်လောက် ကြာကြာ လဲနေသလဲတော့ မပြောတတ်ဘူး။ သတိရလာလို့ ကြည့်လိုက်တော့ မိုးထိန်ထိန်လင်းလို့ တကိုယ်လုံးမှာလဲ သွေးတွေရွဲလို့။ ဒါနဲ့ လက်ကိုင်ပဝါထုတ်ပြီး လက်မ ငုတ်တိုကလေးကို ကျပ်စည်းပြီးတော့ တောင်မြောက်လေးပါးကို ကြည့်လိုက်တော့ လားလား ကျိုက်ခေါက် ဘူတာရုံနားကို ရောက်နေတော့တာကိုး ခင်ဗျ။

"ဘာမှ မဝေးတော့ဘူး။ တဖာလုံလောက်ပဲ ရှိတော့တယ်။ဖြစ်ရပုံများခင်ဗျာ။ ကျွန်တော့်လက်မတာ သက်သေခံရှိနေလို့သာ။ နို့မို့သာများဖြင့် အိပ်မက် မက်တာများလားလို့တောင် ထင်ကောင်း ထင်စရာ ရှိပါရဲ့။ ဒါနဲ့ ဒယီးဒယိုင်နဲ့ ဘူတာရုံက ထလာပြီး ရန်ကုန်ဘက် သွားမယ့်ရထား ဘယ်လောက် လိုသေးသလဲ မေးတော့ နာရီဝက်ကြာယင် လာတော့မယ်တဲ့။ ဒါနဲ့ ကော်ဖီဆိုင် ဝင်ထိုင်၊ကော်ဖီသောက်ပြီး ရထားလာတော့ လိုက်လာ၊ ရန်ကုန်ရောက်တော့ မိတ်ဆွေ ဆရာဝန်တယောက်ရဲ့ ဆေးတိုက်မှာ ဆေးထည့်ပြီး ပုလိပ်များ မတိုင်သေးပဲနဲ့ ဆရာကြီးဆီ ပြေးလာခဲ့တာပါပဲ ခင်ဗျာ"

ကိုဘစိန်၏ စကားဆုံးသော်လည်း ဦးစံရွှေသည် အတန်ကြာအောင် စဉ်းစား စိတ်ကူးနေပြီးမှ သတင်းစာဖြတ်ပိုင်းများ ကပ်ထားသည့် ဖိုင်တွဲကို စင်ပေါ်မှ လှမ်းယူ၍ လှန်လှောရှာဖွေပြီးလျှင် အောက်ပါ ဖြတ်ပိုင်းကလေးကို ဖတ်ပြလေ၏။ သတင်းစာ ရက်စွဲမှာ လွန်ခဲ့သောနှစ်က ဖြစ်၏။

### ထူးဆန်းစွာ ပျောက်ကွယ်သွားခြင်း

ကိုဘသန်းဆိုသူ စက်ကိရိယာဘက်ဆိုင်ရာ အင်ဂျင်နီယာသည် နေ့လည်ခင်းညနေ ၁၀ နာရီ အချိန်တွင် နေအိမ်မှ ထွက်သွားရာ ယနေ့တိုင် ပြန်ရောက်မလာသေးသဖြင့် အိမ်သူအိမ်သားများ စိုးရိမ်ပူပန်လျက်ရှိကြောင်း၊ ထိုညဉ့်က ကိုဘသန်း ဝတ်ဆင်သော အဝတ်များမှာ—

စသည်ဖြင့် ပါရှိလေ၏။

"ဘယ့်နှယ်လဲ၊ ဦးထောင်ဘိုရဲ့ လက်ချက်နဲ့ပဲ မတူဘူးလား" ဟု ဦးစံရွှေက လှမ်းမေးသဖြင့် ကျွန်တော်က "ဒီလူက သူ့စက်ပြင်ဖို့ အင်ဂျင်နီယာတွေ ခေါ်ခေါ်ပြီး ပြန်မလွှတ်ပဲ ဖျောက်ဖျက် သုတ်သင် ပစ်လိုက် ထင်ပါသလားဗျ" ဟု ရင်လေးလေးနှင့် ပြန်ပြောမိရာ ကိုဘစိန်က—

"ဟုတ်ပြီ ဆရာကြီးရေ၊ ဒါကြောင့် သူ့မိန်းမက 'နောက်တခါ မလုပ်တော့ပါဘူးဆိုပြီး ဘာကြောင့် ခေါ်လာခဲ့ပြန်သလဲ' လို့ သူ့လင်ကို မေးသံကြားလိုက်ရတာကိုး ဆရာကြီးရဲ့။ ဟုတ်ပါပြီ၊ ဟုတ်ပါပြီ" ဟု သွက်လက်စွာ ပြောလေ၏။

"ခင်ဗျားလူက သူ့ကိစ္စအတွက် အသုံးချပြီး လူတွေကို အရှင်မထားတဲ့ လူစားမျိုးထဲကနဲ့ တူပါရဲ့၊ တော်တော်ရက်စက်တဲ့လူပဲ။ ကိုင်း ဒါထက် ကိုဘစိန်၊ ကိစ္စက ကျုပ်တို့ချည်း ပြီးနိုင်တဲ့ ကိစ္စမျိုးနဲ့ မတူဘူး။ ကိုအုန်းဖေတို့လူစုကို စစ်ကူတောင်းကြရလိမ့်မယ်။ ခင်ဗျားလိုက်နိုင်ယင် ဒီကနေ့ သွားကြရအောင်။ ပူပူနွေးနွေးဆောင်ရွက်မှ တော်မယ်။ ဘယ့်နှယ်လဲ"

"ကျွန်တော့်လက်မတော့ ဂရုမစိုက်ပါနဲ့၊ မိဘက အင်္ဂါစုံအောင် မွေးပေးထားခဲ့ပါလျက်နဲ့ ချွတ်ယွင်းအောင် လုပ်ပစ်တဲ့ ငနဲကြီးတော့ ကျွန်တော် မကျေနပ်နိုင်ဘူးခင်ဗျ။ ဒင်းမိမှ ကျွန်တော် စိတ်အေးနိုင်မယ်။ သွားမယ်ဆရာကြီး၊ ကျွန်တော်လိုက်မယ်"


www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သုံးနာရီခန့်ကြာသောအခါ ဦးစံရှား၊ ကျွန်တော်၊ ကိုဘစိန်၊ စုံထောက်အင်စပက်တော် ကိုအုန်းဖေနှင့် ပုလိပ်အမှုထမ်းတယောက်တို့သည် မော်လမြိုင်ဘက်သို့သွားသော မီးရထား၏ ဒုတိယတန်းတွဲဘတွဲဘွင် လိုက်ပါသွားကြလေ၏။ ကိုအုန်းဖေသည် ကျိုက်ခေါက်ဘုတာရုံပါသော နယ်မြေပုံတချပ်ကို ဒူးပေါ်တွင် ဖြန့်ခင်းပြီးလျှင် ဘုတာကို ဗဟိုထား၍ အဝန်းဆယ်မိုင်ခန့်ရှိသော စက်ဝိုင်းတဝိုင်းကို မြေပုံပေါ်တွင် ရေးဆွဲပြီးနောက်—

"ကိုင်းဗျ၊ ဟောဒီမှာ စက်ဝိုင်းတော့ ဆွဲထားပြီပြီ၊ ဘုတာရုံနဲ့ ဆယ်မိုင်လောက် ဝေးတယ်ဆိုတော့ ကျုပ်တို့လူဟာ ဒီစက်ဝိုင်းရဲ့ အစွန်းတဝိုက်မှာ ရှိရမယ် ကောန်ပဲ။ ဟုတ်လား ကိုဘစိန်၊ ဆယ်မိုင်လောက် သွားရတယ်ဆို" ဟု မေးသဖြင့်—

ကိုဘစိန်က "တနာရီကျော်ကျော်ကြီး မောင်းရတာပဲ" ယု ပြန်ပြောလေရာ—

ဦးစံရှားက "ဒါဖြင့် ခင်ဗျား သတိလစ်နေတုန်းအခိုက်မှာ သူတို့လူစုက ခင်ဗျားကို ဘုတာရုံနားရောက်အောင် သယ်ယူလာကြတာပေါ့လေ"ဟု ကြားဖြတ် မေးလိုက်လေ၏။

"ကျွန်တော့်စိတ်ထဲမှာ ခေါင်းကတယောက်၊ ခြေကတယောက်ချီပြီး ခံယူရသလိုလို ရိုးတိုးရုးတားမှတ်မိတာပဲ ခင်ဗျ"

"အစဉ်းစားရ ခက်ဟာဟခုက ဟိုဟုန်းက သတ်မယ်လုပ်ပြီး လဲနေတာတွေ့တော့မှ မသတ်တော့ပဲ ဘာ့ကြောင့် ချမ်းသာပေးရသတဲ့လဲဗျာ။ မိန်းမက တောင်းပန်လို့ ကရုဏာသက်သွားလေရော့သလား" ဟု ကျွန်တော်က ထောက်လိုက်ရာ—

ကိုဘစိန်က "ဝေးလိုက်ဘာဗျာ၊ ဒီလူကြီးမျက်နှာမှာ ကရုဏာသက်မယ့် ပုံပန်း တခုမှ ကျွန်တော် မတွေ့ရဘူး" ဟု ရှိရှာစက်ဆုတ်ဟန်ဖြင့် ပြန်ပြောသောကြောင့် ကိုအုန်းဖေက—

"ဒီဟာ ထားလိုက်ကြပါအုံး၊ ဟိုရောက်တော့ သိရပါလိမ့်မယ်။ ကိုင်း၊ ကျွန်တော် စက်ဝိုင်းဆွဲထားပြီ။ ကျုပ်တို့ ရှာရမယ့်လူစုဟာ အရပ်လေးမျက်နှာ ရှိတဲ့အနက် ဘယ်ဘက်မျက်နှာမှာ ရှိလိမ့်မယ်လို့ ထင်ကြသလဲ"ဟု မေးသဖြင့်—

ဦးစံရှားက "ကျုပ်တော့ လက်နဲ့ထောက်ပြီး ပြနိုင်မယ် ထင်တာပဲ"

ကိုအုန်းဖေက "ဟုတ်လား၊ ကိုင်း ကျွန်တော်ကတော့ တောင်ဘက်မှာလို့ ဆိုတယ်ခင်ဗျ။ ဘာ့ကြောင့်လဲဆိုတော့ ဒီဘက်က နည်းနည်းခေါင်တယ်"

ကိုဘစိန်က "ကျွန်တော်က အရှေ့ဘက် ကြိုက်တယ်ခင်ဗျ"

အမှုထမ်းတယောက်က "ကျွန်တော်က အနောက်ဘက်ကြိုက်တယ်။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီဘက်မှာ ရွာလေးတွေ မြင်တယ်"

ကျွန်တော်က "ကျုပ်က မြောက်ဘက်ကဗျ" ဟု အသီးသီး ထင်ရာ ပြောဆိုကြရာ ကိုအုန်းဖေက ရယ်မောလျက် "ကိုင်း ဆရာကြီး၊ ကျွန်တော်တို့ကဖြင့် လေးမျက်နှာစေ့နေပြီ။ လွဲနိုင်စရာမရှိဘူး။ ဆရာကြီးက ဘယ်သူမှန်သလဲလို့ ထောက်ခံချက်ပေးဖို့ပဲ ရှိတော့တယ်" ဟု ဦးစံရှားသို့ အကူအညီ တောင်းသဖြင့်—

ဦးစံရှားက "ဘယ်သူမှ မမှန်ဘူး၊ ခင်ဗျားတို့အားလုံး အမှားချည်းပဲ"ဟု ပြောလိုက်လေ၏။

"ဟာ ဒါတော့ မဟုတ်နိုင်တာ ဆရာကြီးရယ်၊ မှားယင် သုံးယောက်သာ မှားရမပေါ့၊ ဘယ်နည်းနဲ့မဆို တယောက်ကတော့ မှန်ရမှာပေါ့ ဆရာကြီးရဲ့"

"မှားတယ်ဗျ၊ အားလုံး မှားတယ်။ ရွာရမှာက ဟောဒီနေရာမှာ ရှာရမှာ"ဟု ပြော၍ စက်ဝိုင်း၏ အလယ်ဗဟိုတည့်တည့်တွင် လက်ကို ထောက်ပြလေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


"ဘယ့်နှယ်လဲ ဆရာကြီးရယ်၊ ဆယ်မိုင်တောင် မြင်းလှည်းနဲ့မောင်းသွားရတာကပဲ"

"အသွား ငါးမိုင်၊ အပြန် ငါးမိုင်ဆိုယင် ဘာဖြစ်သေးသလဲ"

"ဘယ့်နှာကြောင့်လဲ ဆရာကြီးရယ်"

"ခင်ဗျားပြောတယ် မဟုတ်လား၊ မြင်းလှည်းက ကိုယ်ပိုင်မြင်းလှည်းဆို။ မြင်းတကောင် ဆယ်မိုင်ခရီးမောင်းပြီး လာကြိုယင် ခင်ဗျားပြောသလို လစ်ဆတ်နိုင်ပါ့အုံးမလားဗျ။ အနည်းဆုံး ချွေးတွေကျပြီး ဖားနေမှာပေါ့"

"ဟုတ်ဟန်တူတယ် ဆရာရေ့၊ ဒါထက် သူတို့ရဲ့ အလုပ်အကိုင်တော့ ဆရာကြီး ရိပ်မိမှာပေါ့" ဟု ကိုအုန်းဖေက ဝင်ထောက်လိုက်လေ၏။

"ရိပ်မိပါတယ်။ ဒန်မူးစေ့လုပ်တဲ့ လူစုပေါ့။ စက်ကိရိယာတွေ ဘာတွေနဲ့ တော်တော် အကြီးအကျယ် လုပ်တဲ့ လူစုပဲ"

"ဟုတ်တယ် ဆရာရေ့၊ ဒန်မူးစေ့လုပ်တဲ့ လူစုတွေအကြောင်း သတင်းရလို့ ခြေရာခံပြီး လိုက်လိုက်တာ ဒီဘက်နားဆီမှာချည်း ခြေရာ ပျောက်ပျောက်သွားတာပဲ။ ကေန္တ သူတို့လူစု ဖြစ်ရမှာပဲ။ ဒီတခါ မိကောင်းပါလား ဆရာ"

သို့ရာတွင် ကိုအုန်းဖေ၏ မျှော်လင့်ချက်မှာ အချည်းနှီး ဖြစ်ခဲ့၏။ ကျွန်တော်တို့၏ ရထားသည် ကျိုက်ခေါက်ဘူတာရုံသို့ ချဉ်းကပ်လာသောအခါ ထောင်းကင်း၍ မီးခိုးတအူအူ ရှိနေသည်ကို တွေ့မြင်ကြရ၏။ ဘူတာရုံသို့ ရောက်ကြ၍ ရုံပိုင်ကို မေးမြန်းကြည့်ရာတွင်—

"မီးလောင်တာလား"

"ဟုတ်ပါတယ်"

"ဘယ်တုန်းကလဲ"

"ညကတည်းက လောင်နေဟန် တူပါရဲ့၊ လူတွေသိတော့ မနက်လင်းလို့ အတော်ကြာမှ သိကြရတယ်"

"ဘယ်သူ့အိမ်တဲ့လဲ"

"ပင်စင်စား ဦးသူတော် ဆိုလား ခင်ဗျ"

"ဦးသူတော် ဆိုတာ အရပ်မြင့်မြင့်နဲ့ ပိန်ပိန်ကြီး ဟုတ်လား"

"ဦးသူတော်က ဝဝတုတ်တုတ်ကြီးပဲ။ ဒါပေမယ့် ပိန်ပိန်ရှည်ရှည်လူကြီးတယောက်တော့ သူ့အိမ်မှာ လာတည်းနေတာ မြင်မိသလိုလိုပဲ"

ထို့နောက် ကျွန်တော်တို့ လူစုသည် မီးလောင်ရာ အရပ်သို့ ခပ်သုတ်သုတ် လျှောက်သွားကြလေ၏။ ရွာမှာ ဘူတာရုံနှင့် နှစ်ဖာလုံခန့်ဝေး၍ မီးလောင်သော အိမ်ကြီးမှာမူ အုန်းနဲ့၊ ရစ်ကန် စသော ရွာကြီးများရှိ အိမ်ကြီးများသဖွယ် အလွန်တရာ ကြီးမား ကျယ်ဝန်းလှပေ၏။ ကျွန်တော်တို့ ရောက်သွားသော အချိန်တွင် ရွာသားများသည် တပိုင်းတစ ကျန်နေသေးသော အိမ်ကြီးအနီးတွင် စုရုံးကာ ကြည့်နေကြရာ ကိုဘစိန်မှာမူ ဝင်းနှင့်အိမ်ကို မြင်လိုက်ရသည်နှင့်တပြိုင်နက် "အစစ်ပါပဲ ဆရာကြီးရယ်၊ ဒီအိမ်ပါပဲ။ ညတုန်းက ဟောဒီ ဝင်းပေါက်က ဝင်ရပြီး ဟောဟိုက ဆင်ဝင်အောက်မှာ မြင်းလှည်းရပ်တာ ကျွန်တော် ကျမ်းကိုင်ပြီး ပြောဝံ့ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပါတယ်။ အစစ်ပါပဲ။ ဒါထက် ဒီလူစုထဲမှာ ခင်ဗျားလူများ ရှိသလားလို့ ကြည့်စမ်းနော်။ တယ်တော့ မထင်လှပါဘူး။ ဒီသောက် ပါးနပ်တဲ့ လူစုကပဲ။ ခုလောက်ရှိ မိုင်လေးငါးဆယ် ရောက်နေကုန်ကြရောပေါ့"

ထို့နောက် ကျွန်တော်တို့ လူစုသည် ရွာသားများထံတွင် တီးခေါက်စုံစမ်းကြည့်သေးရာ အိမ်ရှင် ဦးသူတော် ဆိုသူမှာ ညအိမ်တွင် လွန်ခဲ့သော သုံးနှစ်ကတည်းက ငှားရမ်းနေထိုင်ခဲ့သူ ဖြစ်ကြောင်း၊ ထိုခနေ့ နံနက်စောစောတွင် အိမ်ရှင် ဦးသူတော်နှင့် ဦးထောင်တို့ လင်မယားတို့မှာ သေတ္တာကြီးများကို မြင်းလှည်းပေါ်တွင် တင်၍ ထွက်သွားသည်ကို မြင်လိုက်ရကြောင်းဖြင့် သိရှိကြရလေသည်။ အိမ်ဝင်း၏ တခုသောထောင့်ရှိ တဲကလေး တလုံးမှာ မီးသင့်လောင်သဖြင့် ကျွန်တော်တို့လူစု သွားရောက် ကြည့်ရှုကြရာတွင် ဂိုဒေါင်ကဲ့သို့ အသုံးပြုကြသည့် တဲကလေး ဖြစ်၍ ထိုအထဲမှ ဒန်များ အရည်ပျော်လျက် စီးကျနေသည်ကို တွေ့မြင်ကြရသ၏။

"ဘယ့်နှယ်လဲ ဆရာ၊ ဘယ်လိုလောင်တဲ့ မီးလဲ" ဟု ကိုအုန်းဖေက ဦးစံရှားဘက်သို့ လှည့်၍ မေးလိုက်ရာ "ကျုပ်တို့ မိတ်ဆွေ ကိုတစိန်ရဲ့ လက်ချက်ပေါ့။ သူ့ဟာသူ မသိရှာလို့ပေါ့။ လက္ခဏာမှာတော့ သူပစ်သွားခဲ့တဲ့ လက်ဆွဲမီးအိမ်ကို စက်ကြိတ်မိပြီး သစ်သားထရံကို မီးစွဲတာ သူတို့မသိလိုက်ကြလို့ မီးတောက် ကြီးသောတော့မှ ကတိုက်ကရိုက်နဲ့ ထွက်ပြေးကုန်ကြရဟန်တူတယ်"ဟု ဦးစံရှားက အေးဆေးစွာ ပြန်ပြောလိုက်လေ၏။

"ဒါဆော့ ဟုတ်ပါပြီ ဆရာ။ ကျွန်တော့်မှာ ငွေ တရာ့ငါးဆယ်တန် အလုပ် လက်လွှတ်ပြီး လက်မ တချောင်း ဆုံးရတာက ခက်လှတယ်"

"လက်မပဲ ဆုံးလို့ တော်ပါသေး။ လူ စင်စစ်က ငါးခြောက် မဖြစ်ရတာ ကျေးဇူးကင်လိုက်ပေအုံးတော့လေ"


www.burmeseclassic.com

www.burmeseclassic.com

# ၃၀။ စိန်ဝေလျှံ ပျောက်ဆုံးမှု*

ကျွန်တော်နှင့် ဦးစံရှားတို့သည် ထမင်းစားပွဲတွင် မျက်နှာချင်းဆိုင် ထိုင်ကြလျက်ရှိစဉ် စဉ်းစား စိတ်ကူး ဟန်ဖြင့် ကာဖီပန်းကန်ကို ဇွန်းနှင့် မွှေလျက်ရှိသော ဦးစံရှားအား ငေးကြည့်နေခိုက်—

ရှား။ ။"ကျုပ်လိုက်သွားမှ ဖြစ်မယ် ထင်တယ်ဗျို့ ကိုသိန်းမောင်"

ကျွန်။ ။"ဘယ်ကိုလဲဗျာ"

ရှား။ ။"ကမာရွတ်ကိုလေ။ ဘာဂျော်ဂျီရဲ့ မြင်းဇောင်းကိုပေါ့"

ထိုစဉ်အခါက ဘုရင်ခံ၏ ဖလားပွဲအတွက် ဖေးဘရိတ်ဖြစ်နေသော 'စိန်ဝေလျှံ' ပျောက်ခြင်း အတွက် မြင်းသမားလောကနှင့် ရန်ကုန်သတင်းစာများတွင် ပွက်ပွက်ညံလျက် ရှိသောကြောင့် မြင်းရှင် ဘာဂျော်ဂျီ၏ မြင်းဇောင်းသို့ ဦးစံရှား သွားမည်ဆိုခြင်းအတွက် ကျွန်တော်မှာ အံ့သြသည်ဖြင့် ယခုမှ သွားချေသလောဟူ၍ပင် စဉ်းစားမိသည်။ ယမန်နေ့ကလည်း ဦးစံရှားသည် နက်နဲစွာ တွေးတောဆင်ခြင် သော အခါများ၌ ပြုလုပ်လေ့ရှိသည့်အတိုင်း မျက်မှောင်ကြီးကြုတ်ကာ ခေါင်းငုံ့၍ နေ့ခင်းနေ့ ဖွာလျက် အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်သည်များကို မြင်ရကတည်းက စိန်ဝေလျှံပျောက်မှုနှင့် ပတ်သက်ရမည်ဟု ကျွန်တော် စဉ်းစားမိပါ၏။

သို့ရာတွင် ဦးစံရှားနှင့် ကျွန်တော်မှာ မိတ်ဆွေဆိုရသော်လည်း ဆရာတပည့်ကဲ့သို့ ရှိနေသည် ဖြစ်သောကြောင့် သူကိုယ်တိုင်က ဖွင့်ဟ၍ မပြောမချင်း မမေးဝံ့သဖြင့် အကဲခတ်၍သာ နေခဲ့ရပါသည်။

တခါက—

"ဘာတွေများ စိတ်ကူးနေသလဲဗျ"ဟု ကျွန်တော်က မေးမိရာတွင် ဦးစံရှားသည် ကျွန်တော်၏ စကားကို နားမလည်လေဟန် အမူအရာနှင့် စိန်းစိန်းကြီး ပြန်ကြည့်နေကတည်းက ကျွန်တော့်အဖို့ သင်ခန်းစာရ၍ နောက်နောင်တွင် မမေးဝံ့ပဲ ရှိပါတော့သည်။

ယခုအမှုမှာ ဖေးဘရိတ်မြင်း 'စိန်ဝေလျှံ' ပျောက်ခြင်းမလှ ပျောက်ရုံသာက ထရိန်နာကိုဘကျော့ ပါ သေဆုံးရသော အမှုဖြစ်၍ ရန်ကုန်တမြို့လုံး စိတ်ဝင်စားလျက် ရှိကြသောကြောင့် ကော်ကာယ်မ်းရုထား၊

---

* ဤဝတ္ထုကို သူရိယမဂ္ဂဇင်း၊ ၁၉၁၀၊ ဩဂုတ်၊ အတွဲ ၂၊ အမှတ် ၈ တွင် 'စိန်ဝေလျှံမြင်းနှင့် မောင်စံရှား စုံထောက်ပုံ' အမည်ဖြင့် ဦးစွာ ရေးခဲ့သည်။ ထိုဝတ္ထုကိုပင် ရူမဝမဂ္ဂဇင်း၊ ၁၉၅၃၊ မေ၊ အမှတ် ၇၂ တွင် 'စိန်ဝေလျှံ ပျောက်ဆုံးမှု' အမည်ဖြင့် မူကွဲ ပြန်လည်ရေးသည်။ ရူမဝ မူကိုပင် မြန်မာ့ကြည်လင်းစုံထောက်မှု အတွဲ ၁၁၊ နှလုံးလှ စာပေတိုက်မှ အတွဲ ၆ တွင် 'မြိုင်မြင်းတကောင် ပျောက်ဆုံးမှု' အမည်ဖြင့် ပြန်လည်ဖော်ပြ သည်။ မူရင်းမှာ Silver Blaze ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတ်ရထားနှင့် ဘတ်စကားများပေါ်တွင် ဤအကြောင်းမှတပါး ပြောစရာ အခြားစကား မရှိတော့သလောက် ပြောကြ ဆိုကြ ထင်မြင်ချက် ပေးကြသောအမှု ဖြစ်နေပါတော့သည်။

ရှား။ ။"ကိုင်း ကိုသိန်းမောင်၊ 'လိုက်မှာဖြင့် ခင်ဗျားပွဲကြည့် မှန်ပြောင်းကလေး ယူခဲ့ဗျာ။ လော်ကယ်ရထားနဲ့ သွားကြတာပေါ့။ ဟိုပေါ်ကျတော့မှ ပြောစရာရှိတာ ကျုပ်ပြောပြပါအုံးမယ်။ ဒါထက် လော်ကယ်မီးရထားအချိန်စာရင်း ကြည့်စမ်းပါအုံးဗျ"

မီးရထားအချိန်စာရင်းကို ကြည့်လိုက်သောအခါ မီးရထားထွက်ရန် နာရီဝက်ခန့် လိုသေးသည် ဖြစ်၍ ကျွန်ုပ်တော်တို့သည် ဘရုတ်တင်းလမ်းနေအိမ်မှ ဘူတာရုံသို့ ခြေကျင်လျှောက်လာကြပြီးလျှင် ဒုတိယတန်း လက်မှတ်နှစ်စောင် ဝယ်ယူလိုက်ကြသည်။

မီးရထားတွဲပေါ်သို့ တက်ကြသောအခါ ထိုအချိန်မှာ ရန်ကုန်ဘက်သို့လာသော ခရီးသည်တို့သာ များ၍ ရန်ကုန်မှ လိုက်ပါလာသော ခရီးသည် နည်းပါးလှသောကြောင့် မီးရထားတွဲထဲတွင် အင်္ဂလိပ်ကပြား အဘိုးကြီးတယောက်မှတပါး ကျွန်တော်တို့ချည်း ရှိနေသည်။

ကျွန်တော်တို့သည် ထောင့်ကျသော ထိုင်ခုံ၌ ထိုင်ကြပြီးနောက် ဦးစံရှားသည် ဆေးတံသို့ ဆေးထည့်၍ 'စိန့်ဝေလျံ' ပျောက်ခြင်းနှင့် ထရိန်နှာ ကိုဘကျော့ သေဆုံးသော အမှုအကြောင်းကို အောက်ပါအတိုင်း ပြောပြလေသည်။

ရှား။ ။"ဒီအမှုက သိထားတဲ့ အကြောင်းအချက်တွေ များလွန်းလို့ အသစ်ထပ်ပြီးရှာဖို့ မလိုလှဘူး။ ရပြီးသတင်းထဲက မဆီလျော်တာတွေဖယ်ပြီး အရေးကြီးတာလောက်ကို ရွေးထုတ် စဉ်းစားဖို့လောက်သာ လိုတာယ်။ အမှုက အဆန်းတကြယ်လဲ ဖြစ်ပြန်၊ လောင်းကစားခြင်းနဲ့လဲ ပတ်သက်ပြန်လေတော့ တွေးလိုက်ကြ၊ တောလိုက်ကြ၊ ထင်မြင်ချက် ပေးလိုက်ကြတာတွေ မှိုးမွန်နေကြတာပဲ။

"ကျုပ်တို့အလုပ်က တွေးလုံး တောလုံးတွေ ဖယ်ထားပြီး အဟုတ်တကယ် အဖြစ်အပျက် အစစ်အမှန်ကို ရွေးထုတ်ယူဖို့လိုတယ်။ ဒီအလုပ်ကလဲ မလွယ်လှဘူးဗျ။ အရိုးရှုပ်လှပါတယ်ဆိုတဲ့ ငါးဖယ်ထဲက အသားထုတ်ယူရတာကမှ အိမ်ရှင်မတွေ လုပ်သလို ဇွန်းနဲ့ ခြစ်ယူလို့ ဖြစ်နိုင်သေးတယ်။ ဒီအလုပ်က ငါးသလောက်ကုပ်သားထဲက အရိုးထုတ်ပစ်ရသလို တော်တော်ရှုပ်တဲ့ အလုပ်ဗျ။ အရိုးက ဖြုဖြု၊ အသားကလဲ ဖြုဖြု၊ ဒီအထဲမှာ မျက်စိခပ်မွဲမွဲဆိုယင် သွားရော"

ကျွန်။ ။"စားစရာကျမ်း ကျေလှချေကလား ဆရာကြီး"

ရှား။ ။"ကျမ်းကျေဆို ကျုပ်က ငါးရိုးမြက်ဖူးတာကိုး။ ဒါထက် အမှုနဲ့ ပတ်သက်လို့ မြင်းရှင် ဘာဂျော်ဂျီဆီက ကြေးနန်းတစောင်၊ အင်စပက်တော် ကိုအုန်းဖေဆီက ကြေးနန်းတစောင် တမြန်နေ့က ရထားတယ်ဗျ"

ကျွန်။ ။"တမြန်နေ့က ကြေးနန်းရတာများ ဒီကနေ့မှ သွားသလားဗျာ"

ရှား။ ။"အမှန်ပြောရယင်ဖြင့် ကျုပ် ဒီတချက် တွက်ကိန်းချော်သွားပေတယ်ဗျ။ မြင်းသမားလောကမှာ ဒီလောက်တောင် နာမည်ကြီးနေတဲ့ စိန့်ဝေလျံလို မြင်းတကောင်ကို ဘယ်နည်းနဲ့မှ ကြာကြာကြီး ဝှက်မထားနိုင်ဘူးလို့ ကျုပ်တွက်မိပေတယ်။ ခုမတွေ့သေးပေမယ့် တော်တော်ကြာယင် တွေ့ရမယ်လို့ ကျုပ်က ထင်ပြီး တနာရီ၊ နောက်တနာရီ ကြေးနန်းရောက်လာလိမ့်မယ်လို့ ထင်မိပေတယ်။ ကျုပ်အထင်က ကိုဘကျော့ကို သတ်တဲ့လူက မြင်းကို ခိုးသွားလို့ လူရော မြင်းရော တွေ့ပါပြီလို့ ကြေးနန်းရောက်လာလိမ့်မယ် ထင်မိပေတယ်"

ဒုတိယအကြိမ်

www.burmeseclassic.com

"ဒီလို မျှော်လင့်ချက်နဲ့ တရက်ကုန်သွားပြီး လှမောင်ကို ဖမ်းချုပ်ထားပြီဆိုတဲ့ သတင်းမှတပါး နောက်ထပ် ဘာမှ မကြားရတော့မှ ကျုပ်ကိုယ်တိုင် ထွက်လိုက်ဖို့ အချိန်တန်ပြီလို့ ဆုံးဖြတ်ချက်ချပြီး လိုက်ခဲ့ရတော့တာပဲ။ သို့သော်လဲ မနေ့က အတွက်တော့ အချိန်အလကားမဖြစ်လို့ ကော်ပ ါသေးရဲ့လေ"

ကျွန်။ ။"ဘာလဲဗျ၊ သဲလွန်စကလေးများ ရခဲ့လို့ဟာလား"

ရှား။ ။"အနည်းဆုံးတော့ အမှုနဲ့ပတ်သက်လို့ အရေးကြီးတဲ့ အကြောင်းအချက်တွေ ငုံခဲ့မိပြီ ဆိုပါတော့ဗျာ။ ကိုင်း နားထောင်၊ ခင်ဗျားကို ပြောပြယင်း ကိုယ့်ဟာကိုယ် အစာကြေသွားအောင် စမြုံ့ပြန်လိုက်အုံးမယ်"

ကျွန်တော်သည် စီးကရက်တလိပ်ကို မီးညှိ၍ ဖွာယင်း လက်ချောင်းရှည်ကြီးများကို ချိုးတွက်ကာ ဖြင့် အကြောင်းအချက်များကို တခုစီ ရေတွက် ပြသလျက်ရှိသော ဦးစံရှား၏ စကားကို နားထောင် နေရပါတော့သည်။

ရှား။ ။"စိန်ဝေလျံ ဆိုတာက ဝင်းသိန်းတူးနဲ့ လေဒီကာဇင်တို့က ပေါက်ဖွားလာတဲ့ မြင်းကျော် တကောင်ဗျ။ ဝင်းသိန်းတူးဆိုတာက အထက်ဗမာပြည်မှာ လောင်းကစားအလုပ်ကို ဝါသနာမပါပဲ 'စပို'အတွက် သက်သက်ပြိုင်မြင်းမွေးတဲ့ ဆီစက်သဌေးတဦးရဲ့ မြင်းဗျ။ လေဒီကာဇင်ဆိုတာ အိန္ဒိယ ဘုရင်ခံချုပ်ကတော်ရဲ့ မြင်းမတဲ့ဗျ။ မြင်းတွေကိုယ်တိုင်က ဖလားပွဲကြီးတွေမှာ နိုင်ဖူးလို့ နာမည်ကြီးရတဲ့ အထဲမှာ ပိုင်ရှင်တွေကလဲ တကယ့် ထိပ်ထိပ်ကြဲတွေဖြစ်လေတော့ ဒီမြင်းနဲ့ ဒီမြင်းမနဲ့ သားတ ဖို့အရေးမှာ ဘုရင်ခံတွေ ဘာတွေတောင် ပါဝင်ပြီး စေ့စပ်ပေးရတယ် ဆိုကပဲ။

"ဝင်းသိန်းတူးကို အိန္ဒိယ မပို့နိုင်ဘူး၊ လေဒီကာဇင်ကို ဗမာပြည် မတင်နိုင်ဘူး စသဖြင့် တင်းမာ နေကြလို့ နောက်ဆုံးမှာ လေဒီကာဇင် ဘက်က လျှော့ပေးပြီး ပင်လယ်ကူးသင်္ဘောနဲ့ တင်လာရတဲ့ မြင်းမ တဲ့ဗျ။ အဲဒီက ပေါက်ဖွားတဲ့မြင်းကို ဘုရင်ခံချုပ်ကတော်က 'အိုးရှင်းထရဲဗလား'(သမုဒ္ဒရာရိုးသည်)လို့ နာမည် မှည့်သတဲ့။ ဘုရင်ခံချုပ်ကတော်က ဒီမြင်းနဲ့ တပွဲနိုင်ပြီး အင်္ဂလန်အပြန်မှာ မြင်းကို သေလံတင် ရောင်းတော့ ဘာဂျော်ဂျီက အများဆုံးပေးဝယ်လို့မို့ ဗမာပြည်ရောက်လာ ဆိုကိုးဗျ။

"ဘာဂျော်ဂျီက 'အိုးရှင်းထရဲဗလား' ဆိုတဲ့ နာမည်ကို မကြိုက်လို့ 'စိန်ဝေလျံ' လို့ နာမည် ပြောင်းပြီး မြင်းပွဲမှာ နှစ်ပွဲ နိုင်ထားပြီဆိုကိုး။ လာမယ့် စနေနေ့မှာ ဘုရင်ခံ ဖလားပွဲ ရှိတော့ ဒီမြင်းဟာ သေချာပေါက်လို့ တစ်ပေးကြတဲ့ မြင်းဆိုကိုးဗျ။ ဒီမြင်းက ရီးတီးရားတားမြင်း မဟုတ်ပေဘူး။ ရာဇဝင်နဲ့ လာတဲ့ မြင်းပေကိုးဗျ"

ကျွန်။ ။"စနေနေ့မြင်းပွဲမှာ ဒီမြင်း မပြေးဖြစ်အောင် လုပ်ချင်တဲ့လူများ ရှိမှာပေါ့နော်"

ရှား။ ။"ဒီလိုလေ။ မြင်းပွဲထုံးစံကတော့ ပွဲထဲရောက်တဲ့ အခါကျမှ လောင်းကြတာပဲ။ သို့သော် စိန်ဝေလျံ မှာတော့ မြင်းရှင် ဘာဂျော်ဂျီက ယခုကတည်းက ကြိုတင်ပြီး 'ဘူကီ' တွေဆီမှာ ငွေတော်တော် များများ လောင်းထားတယ်လို့ ကြားတယ်။ အလေးကြေတောင် မရလို့ ဆတူလောင်းရသတဲ့ဗျ"

ကျွန်။ ။"ဒီလိုဆို ဟိုနေ့မှာ စိန်ဝေလျံ မပြေးဘူးဆိုယင် ဘူကီတွေ ပွဖို့ရှိတာပေါ့"

ရှား။ ။"ဟုတ်တယ်သတဲ့။ ပြီးတော့လဲ ဘုရင်ခံဖလားပွဲမှာ စိန်ဝေလျံ မပါနိုင်ဘူးဆိုယင် ကိုယ့်မြင်း သေချာပေါက်လို့ သဘောထားတဲ့ မြင်းရှင်များကလဲ နှစ်ယောက် သုံးယောက် ရှိသတဲ့ဗျ"

ကျွန်။ ။"ဒါဖြင့် ဘူကီတွေရယ်၊ မြင်းရှင် နှစ်ယောက် သုံးယောက်ရယ် စိန်ဝေလျံ မပါစေရ အောင် လုပ်ချင် လုပ်မယ့် လူတွေလို့ ယူဆရမယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဟုတ်ကဲ့။ ဟို နေ့မှာ စိန်ဝေလျှံ မပါနိုင်ယင် သူတို့မှာတော့ အကျိုးရှိမှာ အမှန်ပဲ။ ဒီအကြောင်းကို မြင်းရှင် ဘာဂျော်ဂျီက သိပြီးဖြစ်လေတော့ စိန်ဝေလျှံကို အထူး သတိပြုရမယ်နဲ့ စောင့်ထိန်းထားတာပဲတဲ့ဗျ။ ဒီမြင်းကို ကျင့်ပေးနေတဲ့ ထရိန်နာ ကိုဘကျော့ဟာလဲ ဂျော်ကီဟောင်းတယောက်တဲ့ဗျ။ အခုမှ သိပ်ဝသွားလို့ မြင်းမစီးတော့ပဲ ထရိန်နာလုပ်နေတာဆိုကိုး။ ကိုဘကျော့ဟာ ဂျော်ကီလုပ်တုန်းကလဲ ဘာဂျော်ဂျီရဲ့ မြင်းတွေကို စီးခဲ့ဘယ်။ အခုလဲ သူ့ဆီမှာ ထရိန်နာ လုပ်နေတာ လေးငါးခြောက်နှစ် ရှိပြီဆိုကပဲ။ အင်မတန် ယုံကြည်စိတ်ချရတဲ့ လူတယောက်ဖြစ်လို့မို့ စိန်ဝေလျှံကို သိပ်ဂရုစိုက်တာပဲတဲ့။

"ဘာဂျော်ဂျီရဲ့ မြင်းဇောင်းမှာ အလုပ်လုပ်တဲ့ ဂျော်ကီသင်စ သူငယ်ကလေး သုံးယောက်ရှိတဲ့ အနက် တယောက်တလှည့်စီ မိုးသောင်းအောင် ညတိုင်း စောင့်သတဲ့ဗျ။ နှစ်ယောက်က မြင်းဇောင်းပေါ်က အထပ်ခိုးကလေးမှာ အိပ်ခိုက်၊ တယောက်က မြင်းဇောင်းရှေ့မှာ စန္ဒလီစောင့်သလို တညလုံး စောင့်ရသတဲ့။ သူငယ် သုံးယောက်စလုံးဟာလဲ စိတ်ချရတဲ့ လူချည်းပဲတဲ့။ ထရိန်နာ ကိုဘကျော့ကတော့ မြင်းဇောင်းနဲ့ ကိုက်သုံးရာလောက်သာဝေးတဲ့ အိမ်ကလေးထဲမှာ နေသတဲ့။ မယားရှိတယ်၊ သားသမီးတော့ မရှိဘူးတဲ့။

"လခကောင်းကောင်းရလို့ စားလောက် သောက်လောက် အခြေအနေပဲတဲ့။ မြင်းဇောင်း အနီးအပါးမှာ အခြားအိမ်တွေ မရှိဘူး။ မြင်းဇောင်းနဲ့ တခေါ်လောက်ဝေးတဲ့နေရာမှာ ဆိတ်မွေးတဲ့ ကုလားတွေနေတဲ့ တဲကလေး သုံးလေးလုံးရှိသတဲ့။ မြင်းဇောင်းရဲ့ ဟိုဘက်မှာ ကွင်းကြီးရှိပြီး ကွင်းအဆုံးမှာတော့ စတီးဘရားသား ကိုယ်စားလှယ် မစ္စတာ နော်တင်ရဲ့ မြင်းဇောင်းကြီးရှိတယ်။ အဲဒီမြင်းဇောင်းကိုတော့ သြစတြေးလီးယားက ခေါ်ယူတဲ့ ထရိန်နာ ဂျွန်ဆင်ဆိုတဲ့လူက အုပ်ချုပ်တယ်"

ကျွန်။ ။"မြင်းဇောင်းချင်းကတော့ ခပ်နီးနီးပေါ့"

ရှား။ ။"သိပ်မနီးလှဘူး။ ကွင်းကြီးတခုလုံး ခြားနေလို့ ကိုက်လေးငါးရာလောက် ဝေးတယ် ပြောတယ်။ စိန်ဝေလျှံ ပျောက်မယ့်နေ့ ညနေမှာ မြင်းတွေကို ထုံးစံအတိုင်း လမ်းသလားပြီး ဇောင်းထဲ သွင်း၊ တံခါးပိတ် သော့ခတ်ပြီးတဲ့နောက် သူငယ်သုံးယောက်အနက် နှစ်ယောက်က ကိုဘကျော့အိမ် သွားပြီး ထမင်းစား၊ ဘဦးဆိုတဲ့ သူငယ်တယောက်တည်းသာ မြင်းဇောင်းမှာ စောင့်ကျန်ရစ်သတဲ့။

"ဘဦးအတွက် ထမင်းကတော့ ကိုဘကျော့ရဲ့ တူကလေး ဘရီက မြင်းဇောင်းသွားပို့သတဲ့။ မှောင်မိုက်တဲ့ည ဖြစ်လေတော့ ဘရီက လက်ဆွဲ မှန်အိမ်တလုံး ကိုင်သွားသတဲ့။ ဟင်းကတော့ ဆိတ်ကလီဇာနဲ့ ကင်ပွန်းချဉ်ရွက် ချဉ်ရည်တဲ့။ ဘရီက မှန်အိမ်ကို လက်တဘက်က ဆွဲ၊ ထမင်းချိုင့်ကို တဘက်က ကိုင်သွားလို့ မြင်းဇောင်းနားရောက်ခါနီးမှာ မှောင်မိုက်ထဲက ဗြုန်းဆို လူတယောက် ထွက်လာပြီး ရပ်စမ်းပါအုံး ခိုင်းသတဲ့။

"ဘရီက မှန်အိမ်မြှောက်ပြီး လူကိုကြည့်လိုက်တော့ ကာကီဘောင်းဘီတိုနဲ့၊ ဆွယ်တာနဲ့၊ နောက်ပိတ်ဖိနပ်နဲ့ ဟန်ဟန်ပန်ပန်လူထဲကပဲတဲ့။ သူ့လက်ထဲမှာတော့ ဂေါ့ဖ်ရိုက်တဲ့ တုတ်မျိုး တချောင်း ပါသတဲ့။ လူပုံပန်းက ဟန်ပေမယ့် သူ့အမူအရာကတော့ ပြူးတူး ပြဲတဲရှိတယ် ဆိုကပဲ။ အသက်ကတော့ ၃၀ ကျော်လောက်ရှိပြီ ထင်သတဲ့။ ဘရီက 'ဘာကိစ္စလဲ'လို့ မေးတော့ 'မျက်စိလည် လမ်းမှားလို့ ဘယ်ဆီရောက်နေတယ် မဆိုနိုင်ဘူး လူကလေးရယ်'တဲ့။

"ဒီတော့ ဘရီက 'ရှေ့ကဟာ ဘာဂျော်ဂျီရဲ့ မြင်းဇောင်းပဲ'လို့ ပြောတော့ အဲဒီလူက 'အောင်မယ် နေရာကျလိုက်လေကွယ်။ မြင်းဇောင်းမှာ သူငယ်ကလေး တယောက်တည်း စောင့်အိပ်တယ်ဆို။ ရော့ ဟောဒီစာကို သူ့လက်ရောက်အောင် ပေးလိုက်ပါကွယ်။ ငါ့တူ မုန့်ဖိုးပေးရအုံးမယ်'ဆိုပြီး စာတစောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တဆယ်တန် ငွေစက္ကူတရွက်ပေးသတဲ့။ နို့ပေမယ့် ဘရိက စာလဲမယူ၊ ငွေစက္ကူကိုလဲ လက်မခံပဲ မြင်းဇောင်း ဆီကို ပြေးသွားသတဲ့။ မြင်းသမားရဲ့ အိမ်သူ အိမ်သားဆိုတာ မြင်းပွဲနီးယင် သတင်းချူမှာစိုးလို့ လူကြီး တွေက ဒါမျိုးတွေ သတိပေးထားပြီးဆိုကိုး။ မြင်းဇောင်းရောက်တော့ ဘရိက ဘဦးကို ဒီအကြောင်း ပြောပြနေတုန်း ဟိုလူက လိုက်လာပြီး ဘဦးနဲ့ စကားတခွန်းပြောပါရစေလို့ ခွင့်တောင်းသတဲ့။

"သူ့ လက်ထဲမှာ ခုနင်က စာရွက်ကလေး ပါလာတာ မြင်တယ်လို့ ဘရိက ပြောသတဲ့။ ဘဦးက ကိစ္စကိုမေးတော့ ဟိုလူက 'ဘုရင်ခံဖလားပွဲမှာ မင်းတို့မြင်းဇောင်းက စိန်ဝေလျှံနဲ့ နက်ကျော်သွင်းထားတယ် ဆို၊ နက်ကျော်က စိန်ဝေလျှံကို မြင်းတလုံးဖြတ်နိုင်တယ် မဟုတ်လားကွယ့်၊ မင်းတို့အားလုံးက နက်ကျော် ကို လောင်းကြမယ် မဟုတ်လား။ ပြောစမ်းပါကွ။ ငါ ကျေးဇူးသိပါမယ်ကွာ'လို့ မျက်နှာချိုသွေးပြီး ပြောတော့ ဘဦးက 'ခင်ဗျား ဘာလာရှုပ်နေတာလဲ။ နေအုံး၊ သိရစေမယ်'လို့ ပြောပြောဆိုဆို မြင်းဇောင်း ထိပ်မှာ ချည်ထားတဲ့ ခွေးသမင်ကြီးကို ပြေးဖြုတ်တယ်ဆိုကိုး။

"ဒီတော့ ဘရိက ကြောက်ကြောက်နဲ့ ထွက်ပြေးလာယင်း နောက်ပြန် လှည့်ကြည့်လိုက်ရာမှာ ဟိုလူက ပြတင်းပေါက်က မြင်းဇောင်းထဲ ကုန်းနှိုက်နေတာကို မြင်ခဲ့ရသတဲ့။ နောက်တော့ ဘဦးက ခွေးကြီးဖြုတ်ပြီး မြင်းဇောင်းပြင်ဘက် ပြေးထွက်လာတော့ ဟိုလူကို မတွေ့တော့ဘူးတဲ့ဗျ။ မြင်းဇောင်းကို ပတ်ချာလှည့်ပြီးရှာတာတောင် မတွေ့ဘူးတဲ့ဗျ"

ကျွန်။ ။"နေပါအုံးဗျ၊ ဘဦးက ခွေးကြီးနဲ့ထွက်လာတော့ မြင်းဇောင်းကို ပိတ်ထားခဲ့ရဲ့လား"

ရှား။ ။"တော်ပါပေ့ဗျာ ကိုသိန်းမောင်၊ တကယ်တော်ပါပေတယ်။ ကျုပ်လဲ ဒီအချက်ကလေး အရေးကြီးတာကို ရိပ်မိလို့ မနေ့က သံကြိုးရိုက်ပြီး မေးကြည့်သေးတယ်။ မြင်းဇောင်းကို ပတ်ချာလှည့်ပြီး မရှာခင် တံခါးကို သော့ခတ်ပြီး ပိတ်ခဲ့ပါတယ်တဲ့ဗျ။ ဟိုလူ ကုန်းနှိုက်တယ်ဆိုတဲ့ ပြတင်းပေါက်ဟာလဲ လူတယောက် မဝင်သာဘူး။ ကျဉ်းကျဉ်းကလေးပါတဲ့ဗျ။

"ဒါနဲ့ ဘဦးက အဖော်နှစ်ယောက် ပြန်လာအောင် စောင့်ပြီး သူတို့ဆရာ ကိုဘကျော့ကို အဖြစ် အပျက် ပြောပြတော့ ကိုဘကျော့လဲ တော်တော် တုန်လှုပ် ချောက်ချားသွားတယ်တဲ့ဗျ။ ဖလားပွဲနီးလို့ သေချာပေါက် မြင်းတကောင် သွင်းထားတဲ့ ဇောင်းမှာ ဒီဟာမျိုး ဖြစ်တယ်ဆိုယင် မြင်းသမားများအဖို့ အတော် အရေးကြီးတာကိုးဗျ။

"ဒါနဲ့ အဲဒီညက ကိုဘကျော့ဟာ အိပ်ရာထဲမှာ တလူးလူး ဖြစ်နေပြီး သန်းခေါင်ကျော်လောက်မှာ အင်္ကျီထပ်ဝတ်နေတာကို သူ့မိန်းမက မြင်လေတော့ မေးကြည့်ရာမှာ 'မြင်းဇောင်းကို စိတ်မချလို့ သွားကြည့် လိုက်အုံးမယ်'လို့ ပြန်ပြောသတဲ့။ ဒီအချိန်မှာ မိုးကလေး တဖွဲဖွဲ ကျနေသကြားလို့ သူ့မိန်းမက တားတာတောင် မရဘူး။ မိုးကာအင်္ကျီကြီး ထပ်ဝတ်ပြီး ထွက်သွားသတဲ့"

ကျွန်။ ။"တော်တော် ဝီရိယ ကောင်းတဲ့လူပဲ"

ရှား။ ။"မနက်မိုးလင်းလို့ သူ့မိန်းမနိုးပြီး ကြည့်လိုက်တော့ကိုဘကျော့ပြန်မလာသေးဘူးတဲ့ဗျ။ ဒါနဲ့ မိန်းမက စိုးရိမ်မကင်းဖြစ်ပြီး တူကလေး ဘရိကိုခေါ်၊ မြင်းဇောင်းဆီ လိုက်သွားတော့ မြင်းဇောင်း တံခါးကြီးပွင့်လို့၊ ဘဦးလဲ ရွက်ဖျင်ကုလားထိုင်ပေါ်မှာ အိပ်ပျော်လို့။ စိန်ဝေလျှံလဲ မရှိတော့ဘူးတဲ့ဗျာ။ ကိုဘကျော့ကိုလဲ အစအနမှ မမြင်ရဘူးတဲ့ဗျ။

"ဒါနဲ့ မိန်းမက ဘဦးကို လှုပ်နှိုးလို့ မရနိုင်တာနဲ့ အထပ်ခိုးပေါ်မှာ အိပ်တဲ့ သူငယ် နှစ်ယောက်ကို နှိုးမေးကြည့်တော့ သူတို့လဲ ညတုန်းက အိပ်ပျော်နေကြလို့ ဘာမှမသိကြဘူးတဲ့၊ ဘဦးမှာတော့ ဆေးတခုခု မိထားတဲ့ လက္ခဏာနဲ့ လုံးလုံးခေါ်လို့မရ၊ လှုပ်လို့လဲ မနိုးဘူးတဲ့ဗျ။ နောက်ဆုံးမှာ ဘဦးကို ထားခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



မိန်းမနဲ့ သူငယ်တွေက ကိုဘကျော့နဲ့ စိန်ဝေလျှံကို လိုက်ရှာကြ ဆိုကိုးဗျ။ သူတို့အထင်က ကိုဘကျော့ဟာ စောစောစီးစီး မြင်းကိုထုတ်ပြီး လမ်းလျှောက်ပေးတယ်ထင်ကြလို့ စိတ်ခပ်အေးအေး ဆိုကိုးဗျ။ ဒါနဲ့ ကွင်းကြီးအလယ်မှာ ကမူကလေးတခု ရောက်ကြတော့မှ အထိတ်တလန့် ဖြစ်စရာ အခြင်းအရာကို တွေ့ကြရသတဲ့"

ကျွန်ုပ်။ "ဘာများလဲဗျ"

ရှား။ "ဘာများလဲဆိုတော့ ကိုဘကျော့ရဲ့ မိုးကာအင်္ကျီဟာ ချုံကလေးပေါ် တင်ပြီး လေတဖတ်ဖတ်နဲ့ကွဲဗျ။ အဲဒီရှေ့နားက ချိုင့်ကြီး တခုထဲမှာတော့ ကိုဘကျော့ရဲ့ အလောင်းဆိုကိုးဗျ။ သူ့ခေါင်းမှာတော့ အသွားမရှိတဲ့ လက်နက်တခုခုနဲ့ ရိုက်ထားတဲ့ ဒဏ်ရာကြီးတဲ့ဗျ။ သူ့ပေါင်မှာတော့ အလျားလိုက်ပြတ်နေတဲ့ ဓားဒဏ်ရာတချက် တွေ့သတဲ့ဗျ။ ကိုဘကျော့မသေမီ ရန်သူကို ခုခံသတ်ပုတ်သေးတဲ့ လက္ခဏာတော့ ရှိဟယ်။ ဘာကြောင့်လဲဆိုတော့ သူ့ညာဘက်လက်ထဲမှာ သွေးစွန်းပေနေတဲ့ ဓားဦးချွန်းကလေးတချောင်း တွေ့သတဲ့။ ဒါတွင် မကသေးဘူး။ ဗယ်ဘက်လက်ထဲမှာ တဖတာ တဘက်တထည် တွေ့ရသေးတယ်။ အဲဒီ တဘက်ဟာကတော့ တူကလေး ဘရိက မြင်မြင်ချင်း မနေ့ညတုန်းက သူတွေ့တဲ့ လူရဲ့ လည်ပင်းမှာ ပတ်ထားတဲ့ တဘက်ပါလို့ ပြောသတဲ့"

ကျွန်ုပ်။ "ဒါဖြင့် သဲလွန်စ ရသေးတာပေါ့"

ရှား။ "ဒီနောက် ဘဦးသတိရလာလို့ မေးကြည့်တော့လဲ ဒီလည်စည်းဟာ ဟိုလူရဲ့ လည်ပင်းမှာ ပတ်ထားတာကို သူမြင်ပါတယ်လို့ ထောက်ခံသတဲ့။ ပြီးတော့လဲ ဒီလူက ပြတင်းပေါက်က ကုန်းပြီး သူ့ ဆိတ်ကာလီသာဟင်းထဲကို ဆေးခတ်သွားတယ်ထင်ပါတယ်လို့ ဘရိဏပြောသတဲ့။ စိန်ဝေလျှံကတော့ အချင်းဖြစ်တဲ့ နေ့ညပတ်ဝန်းကျင်မှာ သူ့ခြေရာတွေ မြင်ရခြင်းအားဖြင့် အချင်းဖြစ်ပွားတဲ့ အချိန်မှာ မြင်းက အနီးအပါးမှာ ရှိတယ်လို့ ယူဆကြသတဲ့။

"သို့သော်လဲ အဲဒီနေ့ မနက်ကတည်းက မြင်းကိုတော့ မတွေ့ရတော့ဘူး။ မြင်းရှင် ဘဂျော်ဂျီက ဆုငွေအများကြီး အမြဲနဲ့ ကြော်ငြာတာတောင် ပြန်မတွေ့တော့ဘူးတဲ့။ ပြီးတော့ တချက် ရှိသေးတယ်။ ဘဦးစားလို့ ကျန်တဲ့ ဆိတ်ကာလီဇာဟင်းကို ဓာတုဗေဒဌာန ပို့ကြည့်တော့ ဘိန်းတွေ့ရတယ်လို့ ပြောသတဲ့။ ဒီ့ပြင် အိမ်သားတွေလဲ ဒီဟင်းကို စားကြတယ်။ သူတို့တော့ ဘာမှ မဖြစ်ကြဘူးတဲ့"

ကျွန်ုပ်။ "ဒါပဲလားဗျာ"

ရှား။ "အရေးကြီးတဲ့အချက်အလက် အစစ်အမှန်ကတော့ ဒါပါပဲ။ ဒီ့ပြင် တွေးလုံးထင်လုံး တွေကတော့ အပုံကြီးပေါ့ဗျာ။ သို့သော် ဒီအမှုနဲ့ပတ်သက်လို့ ပုလိပ်ဘက်က ဘာတွေစီမံထားတယ်ဆိုတာ ကျုပ်ပြောပြအုံးမယ်။ ဒီအမှုကိုလိုက်နေတဲ့ အင်စပက်တော် ကိုအုန်းဖေကတော့ ခင်ဗျား သိတဲ့အတိုင်း လုသွက်သလောက်ပါပဲ။ သို့သော် စိတ်ကူးဉာဏ်တော့ သိပ်မရှိလှဘူး။ သူရောက်သွားသွားချင်း တဘက်ကို ခြေရာခံပြီး လိုက်ဘာပါပဲ။ တဘက်ဟာက တဖတာ အဖြူခံပေါ်မှာ အနက်ပြောက်ကလေးတွေ ပါလို့ မို့ ခြေရာခံဖို့ မခဲယဉ်းလှပါဘူးဗျာ။

"ဒါမျိုးကို ရိုးကုမ္ပဏီဘက်က ရောင်းသော်လည်း အောက်ပြည်အောက်ရွာမှာ တယ်ပြီး မပတ်ကြဘူး။ မန္တလေး အထက်ဗမာပြည်မှာတော့ ဒါမျိုးကို တော်တော်သုံးကြတယ်ပြောတယ်။ ဒီလည်ပင်းစည်း တာဖတာမျိုးဟာ အနီပြောက်ကလေးတွေနဲ့ အနက်ပြောက်ကလေးတွေပါတဲ့ အမျိုးနှစ်မျိုးတည်းပဲရှိတယ်။ ဒီတဘက်ကို ပတ်တဲ့ ဥစ္စာရှင်က ဘယ်သူလဲဆိုတော့ သမိုင်းမှာနေတဲ့ ကိုလှမောင်တဲ့ဗျ။



www.burmeseclassic.com

 www.burmeseclassic.com 

"ဒီလူက မိဘအမွေအနှစ် သုံးလေးသောင်း ရခဲ့သော်လဲ မြင်းလောင်းလို့ ပြုတ်ပြုတ်ပြုန်းပြီး အခု တော့ 'ကွင်းဂျပိုး' အဖြစ်နဲ့ သတင်းစာတိုက်တွေကို မြင်းတစ်ပေးတဲ့ အလုပ်နဲ့ အသက်မွေးသတဲ့။ ရန်ကုန် ဂေဇက်တို့၊ ရန်ကုန်တိုင်းဆိုတဲ့ သတင်းစာကြီးတွေက မြင်းတစ်ကောင်း ပေးနိုင်တဲ့ သတင်းထောက်ဆိုယင် လခ တော်တော်ကောင်းကောင်းပေးကြတယ်ဆိုကာပဲ။ ဒီလူက လခနဲ့ အေးအေးမစားဘူး။ သူကိုယ်တိုင်လဲ မြင်းလောင်းသေးသတဲ့ဗျ။

"ဒါနဲ့ အနက်ပြောက်ပါတဲ့ တာဖတာတဘက် ဆိုကတည်းက သမိုင်းကလူတွေက ကိုလှမောင်ပဲလို့ သိကြလေတော့ ကိုအုန်းဖေအဖို့ ခြေရာခံရတာ သိပ်လွယ်ကူသပေါ့လေဗျာ။ ဒါနဲ့ လှမောင်ကို ဖမ်းချုပ်ချုပ် ချင်း လှမောင်က ကမာရွတ်က ဘာဂျော်ဂျီရဲ့မြင်းဇောင်းကို သူရောက်ခဲ့တာ အမှန်ပါပဲလို့ ဝန်ခံသတဲ့။ သူက ဘာဂျော်ဂျီရဲ့ဇောင်းက စိန်ဝေလျှံအကြောင်းရော၊ မစ္စတာ နော်တင်ရဲ့ ဇောင်းက ဟက်ပီးဘွိုင် အကြောင်းရော စုံစမ်းချင်တဲ့အတွက် ကမာရွတ်ကို သူသွားခဲ့ပါတယ်လို့ ဝန်ခံသတဲ့။ ဘဦးနဲ့ တွေ့ခဲ့ပုံ၊ ဘဦးက မောင်းထုတ်ပုံတွေကိုပါ သူက ဝန်ခံသတဲ့။

"နို့ပေမယ့် သူ့မှာ ဘယ်လိုအကြံအစည်မှ မရှိပါဘူး။ မြင်းသတင်းရချင်တဲ့အတွက် သတင်းချူရ ခြင်း ဖြစ်ပါတယ်လို့ ပြောသတဲ့။ နောက်ဆုံးမှာ လည်ပင်းစည်း တာဖတာတဘက်ကို ထုတ်ပြတော့မှ မျက်နှာပျက်သွားပြီး သူ့တဘက်မှန်သော်လဲ ဘယ်ပုံဘယ်နည်းနဲ့ ကိုဘကျော့လက်ထဲ ရောက်သွားတယ် ဆိုတာ သူ မပြောနိုင်ပါဘူးတဲ့။ သူ့တောင်းဘီတိုနဲ့ ဆွယ်တာမှာ မိုးရေစိုစွတ်နေတာကို တွေ့ရတဲ့အပြင် သူကိုင်တဲ့ ဂေါ့ဖ်တုတ်ဟာလဲ ကိုဘကျော့ရဲ့ ဦးခေါင်းက ဒဏ်ရာမျိုး ဖြစ်စေနိုင်လောက်တယ်လို့ ယူဆကြ တယ်ဆိုကိုးဗျ။ သို့သော် တခုတော့ရှိတယ်။ ကိုဘကျော့ရဲ့ ဓားကလေးမှာ သွေးစွန်းနေသော်လဲ လှမောင် မှာတော့ ဒဏ်ရာမတွေ့ရဘူးဟဲ့ဗျ"

ကျွန်။ ။"ဒါကတော့ လှမောင် တယောက်တည်း ဟုတ်ချင်မှ ဟုတ်မှာကိုးဗျ။ စောစောတုန်း က သူ့အဖော်က တော်ရာမှာ ပုန်းနေပြီး လှမောင်တယောက်တည်း စုံစမ်းရော၊ ကိုဘကျော့ကို လုပ်ကြံ တော့မှ အဖော်နဲ့ နှစ်ယောက် ဝိုင်းလုပ်ကြံရာမှာ အဖော်ကို ဓားထိသွားယင်လဲ ဖြစ်နိုင်တာကိုးဗျ"

ရှား။ ။"ဒီလိုလဲ ဖြစ်နိုင်ပေတာပဲ။ မှန်ပါတယ်။ ကိုင်း၊ ကျုပ် သိရသလောက်တော့ ဒါပါ ပဲဗျာ။ အကြံဉာဏ်များ ပေးစရာရှိ ပေးပါတော့"

ကျွန်။ ။"နေပါအုံးဗျာ။ ဒီလိုကော မဖြစ်နိုင်ဘူးလား။ ကိုဘကျော့ရဲ့ ဦးခေါင်းမှာ ဒဏ်ရာ ရသွားတော့ မူးသွားတာနဲ့ ဂယောင်ချောက်ချားဖြစ်ပြီး သူ့လက်ထဲကဓားနဲ့ သွေးရူးသွေးတန်း လုပ်မိ လုပ်ရာ လုပ်လို့ သူ့ပေါင်ကို ခိုက်မိတာ မဖြစ်နိုင်ဘူးလားဗျာ"

ရှား။ ။"ဒီအချက် တော်ပေတယ်ဗျာ ကိုသိန်းမောင်၊ ဖြစ်နိုင်ရုံမကဘူး။ ဒီလိုဖြစ်ဖို့က ပိုပြီး လမ်းများတယ်လို့ ကျုပ်ယူဆတယ်။ ဒီလိုဆိုယင် တရားခံ လှမောင်ကို ကာကွယ်ဖို့အတွက် အချက်ကောင်း တခု လျော့သွားတော့တာပေါ့ဗျာ။ လှမောင်က ရိုက်လိုက်ပြီးတဲ့နောက် ကိုဘကျော့ မူးလဲယင်း သူ့ပေါင် သူ ခိုက်မိခြင်းဖြစ်တယ်ဆိုယင် လှမောင်ရိုက်သတ်တာ ထင်ရှားသလို ဖြစ်နေတော့တာပေါ့"

ကျွန်။ ။"ထပ်ပြီး ရှင်းစမ်းပါအုံးဗျ"

ရှား။ ။"ဒီလိုလေဗျာ။ ကိုဘကျော့ရဲ့ ဓားမှာ သွေးစွန်းနေပြီး လှမောင်မှာ ဒဏ်ရာ မတွေ့ရဘူး ဆိုတော့ လှမောင်ရိုက်သတ်တာ မဟုတ်သလိုလို တွေးစရာ ရှိသေးတာပေါ့။ သူ့ဟာသူ ခိုက်မိနိုင်တယ်လို့ ယူဆလိုက်ယင်တော့ လှမောင်မှာ ဒဏ်ရာမတွေ့စေတာမှု သူရိုက်သတ်တာပဲလို့ တွေးဆစရာ ဖြစ်သွားတော့ တာပေါ့ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်။ ။“ဒီအမှုနဲ့ ပတ်သက်လို့ ပုလိပ်က ဘယ်လို ယူဆလိမ့်မလဲ ခင်ဗျာ”

ရှား။ ။“ဘယ်နည်းနဲ့ပဲ ယူဆသည်ဖြစ်စေ အလုံးစုံဘောင်ဝင်ပြီး အံ့ကျအောင်လုပ်လို့ မရဘူးဗျ။ အဖုအထစ် ရှိနေမှာချည်းပဲ။ ကျုပ်အထင် ပုလိပ်ယူဆပုံက ဒီလိုနဲ့တူတယ်။ လှမောင်ဟာ ဘဦးစားမယ့် ဆိဘ်ကလီစာဟင်းကို ဘိန်းခတ်ပြီးတဲ့နောက် သော့တူတချောင်းနဲ့ မြင်းဇောင်းတံခါး သော့ခလောက်ကို ဖွင့်၊ စိန်ဝေလျှံ ခိုးဖို့ အကြံအစည်နဲ့ ဇောင်းထဲက ထုတ်၊ ဇက်ကြိုးတခုလဲ ပျောက်သွားတယ် ကြားတယ်။

“ဒါကြောင့် မြင်းကို သူကိုယ်တိုင် ဇက်ခွံ့။ မြင်းဇောင်းတံခါးကို ဖွင့်လျက်သား ထားခဲ့ပြီး မြင်းကို ကွင်းကြီးထဲ ဆွဲခေါ်သွားရာမှာ ကိုဘကျော့နဲ့ တွေ့။ အလုအယက်ဖြစ်ကြလို့ ကိုဘကျော့ရဲ့ခေါင်းကို သူ့တုတ်နဲ့ ရိုက်ခဲ့သတ်။ သူ့မှာတော့ ဒဏ်ရာလွတ်။ ဒီနောက်မှာ မြင်းကို တနေရာရာမှာ ဝှက်ထားဖို့ ဆွဲခေါ်သွားသည်ဖြစ်စေ၊ သို့တည်းမဟုတ် လူနှစ်ယောက် သတ်ပုတ်ကြတုန်းမှာ မြင်းက လွတ်ထွက်သွားသည်ဖြစ်စေ တခုခုဖြစ်ရမယ်။

“အဲဒါ ပုလိပ်ဘက်က တွေးလုံးပဲဗျ။ ခုပြောတဲ့အတိုင်းဆိုယင် သိပ်ကြီးမပြေပြစ်လှဘူး။ အဖုအထစ်တွေးစရာ လမ်းတွေတော့ အများကြီးရှိပါရဲ့။ သို့သော် အဖုအထစ်တွေ ဒီ့ထက်တောင် များလာလိမ့်အုံးမယ်။ ကိုင်း ရောက်လဲ ရောက်လာပါပြီဗျာ။ အဝေးက တွေးရခြင်းထက် ကိုယ်တိုင် စုံစမ်းပြီးမှ ဆက်စပ်ယူရတာက ပိုပြီးကောင်းလို့မို့ ရပ်တန်းက ရပ်လိုက်ကြပါအုံးစို့ဗျာ”

စကားဆုံးသောအခါတွင် လော်ကယ် မီးရထားသည် ကမာရွတ် ဘူတာသို့ ဝင်လာပြီဖြစ်၍ ကျွန်တော်တို့ လိုက်ပါလာသော ရထားတွဲဆီသို့ လူနှစ်ယောက် လျှောက်လာသည်ကို မြင်ရသည်။

တယောက်မှာ တွေ့မြင်နေကျဖြစ်သော အင်စပက်တော် ကိုအုန်းဖေဖြစ်၍ သူနှင့်အတူ လိုက်လာသည့် ကာကီခဘောင်းဘီတို၊ ဗလေဇာကွက်အင်္ကျီနှင့် ငွေကွပ် တုပ်နက်ကြီး ကိုင်လာသူမှာ စိန်ဝေလျှံပိုင်ရှင် ဘာဂျော်ဂျီဖြစ်သည်ဟု သိရသည်။

ကိုအုန်းဖေက မိတ်ဆက်ပေးပြီးနောက်—

ဂျီ။ ။“ဦးစံရှားကိုယ်တိုင် လိုက်လာလို့ ဝမ်းသာသဗျာ။ ဟောဒီက ကိုအုန်းဖေကတော့ နည်းလမ်းရှိသမျှ အကုန်လုပ်တာပါပဲ။ လိုလေသေးမရှိပါပေဘူး။ သို့သော်လဲ ကျွန်တော်က ငယ်မွေးခြံပေါက်ဆိုသလို တပည့်ရင်း မောင်ဘကျော့အတွက်ကြောင့် တကြောင်း၊ ကိုယ့်မြင်းကို နှမြောတာ တကြောင်းကြောင့် စခန်းကုန် လမ်းကုန်လိုက်ချင်လို့ ဦးစံရှားကို အကူအညီတောင်းခိုင်းတာပါပဲ ခင်ဗျာ”

ရှား။ ။“တတ်နိုင်သလောက် ကြိုးစားပါ့မယ် ခင်ဗျာ။ ဒါထက် နောက်ထပ် ဘာများ သတင်းထူးပါသေးသလဲ”

ဖေ။ ။“သိပ်တော့ မထူးပါဘူး ဆရာ။ ဆရာကိုယ်တိုင် လိုက်ကြည့်ရအောင် ကျွန်တော်တို့ အစီအစဉ် လုပ်ထားပါတယ်။ ဘူတာရုံပြင်ဘက်မှာ ကားစောင့်နေပါတယ်။ ကြွကြပါ”

ကျွန်တော်တို့ လေးယောက်သည် ကားပေါ်သို့ တက်ကြသောအခါ ဘာဂျော်ဂျီသည် ဒရိုင်ဘာနှင့်အတူ ရှေ့မှထိုင်၍ ကိုအုန်းဖေနှင့် ကျွန်တော်တို့နှစ်ယောက်သည် နောက်မှထိုင်ကာ မောင်းနှင်သွားကြစဉ် ကိုအုန်းဖေက အမှုနှင့်ပတ်သက်၍ ကရားရေလွှတ် ပြောသွားသည်များကို ဦးစံရှားက နားထောင်ယင်း တခွန်းတလေမျှလောက်သာ ထောက်မေးလေသည်။

ကိုအုန်းဖေ၏ အယူအဆမှာ မီးရထားပေါ်၌ ဦးစံရှား ထင်မြင်ချက် ပေးသည့်အတိုင်း တရားခံ လှမောင်ကိုပင် တပ်အပ် စွပ်စွဲလျက်ရှိသည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဖေ။ ။"လှမောင်လည်ပင်းကိုတော့ ကြိုးကွင်းစွပ်မိထားပါပြီဆရာ။ လွတ်ပေါက်တော့ မမြင်ပါဘူး။ သို့သော် တခုတော့ရှိရဲ့။ မျက်မြင်သက်သေရယ်လို့တော့ မရှိဘူး။ အဖြစ်အပျက်ကို ဆက်စပ်ပြီးတင်ပြရတဲ့ စွပ်စွဲချက်မျိုးပဲဆရာ။ အမှုတိုင်းမှာ မျက်မြင်သက်သေ ရနိုင်တာမျိုးလဲ မဟုတ်ပဲကိုး ဆရာ။ တချို့အမှုမှာ ဒီလောက်တောင် မခိုင်လုံပဲ ကြိုးစင်တက်ရတဲ့ တရားခံပေါင်း ဘယ်နှစ်ယောက်ရှိပြီဆိုတာ ဆရာလဲ အသိသားပဲ"

ရှား။ ။"ဒါထက် ကိုဘကျော့ရဲ့ မားဒဏ်ရာက ဘယ့်နှယ်လဲဗျ"

ဖေ။ ။"ဒါကတော့ သူ့ဟာသူ လဲကျယင်း ခိုက်မိခြင်းဖြစ်ရမယ်ဆိုတာ ကျွန်တော်တို့က တထစ်ချ ယူဆထားတာပဲ"

ရှား။ ။"မိတ်ဆွေ ကိုသိန်းမောင်ကလဲ ဒီအတိုင်း ထင်မြင်ချက် ပေးနေတယ်။ ဒီလိုဆိုယင် လှမောင်အတွက် ကာကွယ်စရာ ကပ်လုံး တလုံး ပြုတ်ထွက်သွားတာပေါ့။ သို့သော် နေပါအုံးဗျ။ စိန်ဝေလျှံကို ဒီဖလားပွဲမှာ မသွင်းနိုင်ယင် လှမောင်အတွက် ဘယ်လိုအကျိုးရှိမယ်တဲ့လဲ"

ဖေ။ ။"သူ့မှာတော့ တိုက်ရိုက် အကျိုးခံစားဖို့ ရယ်လို့တော့ ရှာမတွေ့ဘူး။ သို့သော် ဒီလူက ဘူကီတွေနဲ့ အပေါင်းအသင်း လုပ်နေတဲ့ မြင်းသမား တယောက် ဆရာရဲ့။ ဘူကီတွေကရော၊ မြင်းရှင်နှစ်ယောက် သုံးယောက်ကရော ဒီဖလားပွဲမှာ စိန်ဝေလျှံ မသွင်းရအောင် လုပ်ပေးနိုင်ယင် ငွေ ကိုးထောင် တသောင်းပေးဖို့ မခဲယဉ်းဘူးဆိုတာ သိရတယ်။ လှမောင်က မြင်းရှုံးလို့ အမွေပြုတ်ပြုတ်ပြုန်းပြီး ကွင်းဂျပိုးဖြစ်နေရပြန်၊ မယားငယ်တွေလဲ မှိုပေါက်သလို ယူထားပြန်တယ်ဆိုတော့ ငွေ ကိုးထောင် တသောင်းရဖို့ အပေါက်ဆိုယင် လုပ်မယ့်လူတယောက်ပဲလို့ လူတိုင်း ယူဆတယ်ဆရာ။

"ပြီးတော့ ဘဦးရဲ့ ဆိတ်ကလီစာ ဟင်းကို ဘိန်းခတ်တယ်ဆိုတာလဲ အတော်ကြီး ထင်ရှားတယ်ဆရာ။ ပိုညက မိုးရွာထဲ သူထွက်တယ် ဆိုတာလဲ ကင်ရှားတယ်။ သူ့လက်ထဲမှာ ဂေါ့ဖ်ရိုက်တဲ့ တုတ်ကြီးကလဲ ပါတယ်။ သူ့ရဲ့ တာဖတာ လည်ပင်းစည်း အဝတ်ကလေးဟာလဲ ကိုဘကျော့ရဲ့ အလောင်းလက်ထဲမှာ တွေ့ရတယ်။ ဒီလောက်ဆိုယင် တရားခံမှာ အပြစ်ရှိတယ်လို့ ဂျူရီလူကြီးများက ဆုံးဖြတ်ချက်ချဖို့ သေချာတယ် မဟုတ်လား ဆရာ"

ရှား။ ။(ဦးခေါင်း ယမ်းလျက်) "မဟုတ်သေးဘူး ကိုအုန်းဖေ၊ ဝတ်လုံကောင်း တယောက်ကဆိုယင် ခင်ဗျားစွပ်စွဲချက် အစီအစဉ်တွေကို ဖရိုဖရဲဖြစ်အောင် မွှေနှောက် ပစ်နိုင်လိမ့်မယ် ခင်ဗျ။ မြင်းကို ဘာကြောင့် ဇောင်းအပြင်ဘက် ထုတ်ယူသွားရတာလဲ။ မပြေးနိုင်အောင်လို့ နာသွားအောင် လုပ်ချင်ယင် ဇောင်းထဲမှာပဲ မလုပ်နိုင်ဘူးလား။ လှမောင်ရဲ့လက်ထဲမှာ သော့တူတချောင်းတွေ့ထားပြီလား။ ဒီလောက်နာမည်ကြီးနေတဲ့ မြင်းတကောင်ကို ဘယ်လိုနေရာမှာ သူဝှက်ထားဖို့ ကြံစည်ဝံ့မလဲ။ ဒါထက် ဘရီ လက်ကိုပေးဖို့ဆိုတဲ့ စာရွက်ဟာက ဘာအကြောင်းတဲ့လဲဗျ"

ဖေ။ ။"စာမဟုတ်ပါဘူး။ တဆယ်တန် စက္ကူပါလို့ ပြောတယ်ဆရာ။ သူ့အိတ်ထဲမှာ တဆယ်တန်တရွက် တွေ့ပါတယ်။ ဆရာပြောတဲ့ သော့တူဆိုတာကတော့ သူ့ဆီမှာတွေ့ဖို့ မလိုပါဘူးဆရာ။ ကိစ္စပြီးတဲ့နောက် လွှင့်ပစ်လိုက်တယ်ဆိုယင် ဖြစ်နိုင်တာပဲ ဆရာ"

ရှား။ ။"တာဖတာ လည်စည်းအကြောင်းကော သူက ဘယ်လိုထုချေသလဲ"

ဖေ။ ။"ဒီအဝတ်ဟာက သူ့ပစ္စည်းတော့ မှန်ပါတယ်တဲ့။ သို့သော် ကိုဘကျော့လက်ထဲ ဘယ်ပုံဘယ်နည်း ရောက်သွားတယ်လို့ သူ မပြောနိုင်ဘူးတဲ့ဆရာ။ ပျောက်သွားတာပဲ သူသိသတဲ့။ ဒြော် ဒါထက် မြင်းကို ဇောင်းထဲက ဘာကြောင့် ထုတ်သွားတယ်ဆိုတာ သဲလွန်စ တခု တွေ့ရပြန်ပြီ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဆိုစမ်းပါအုံးဗျ"

ဖေ။ ။"ကိုဘကျော့ အသတ်ခံရတဲ့ နေရာနဲ့ တမိုင်လောက် ကွာတဲ့ နေရာမှာ နွားသတ်သမား တစုဟာ နွားတအုပ်နဲ့ စခန်းချသွားသတဲ့ ဆရာ။ ဒီလိုဆရာ။ နွားသတ်ရုံက ကုလားတွေဟာ ရွာတွေမှာ လျှောက်လည်ပြီး နွားဝယ်လေ့ရှိတယ်။ တချို့ လယ်သမားက ခိုင်းမရတဲ့ နွားအိုကြီးတွေ၊ နွားမတွေ၊ နွားကလေးတွေကို ရောင်းလေ့ရှိတယ်။ ကုလားတွေက ဒီနွားတွေ ဝယ်လာပြီး နွားသတ်ရုံသွင်းလေ့ရှိတယ်။ ဒီတော့ကာ ဒီကုလားတွေနဲ့ အစီအစဉ်လုပ်ပြီး လှမောင်က စိန်ဝေလျှံကို သူတို့လက် အပ်လိုက်ယင် နောက်တနေ့မှာ စိန်ဝေလျှံဟာ အမဲသား ဖြစ်သွားနိုင်တယ်။ မဟုတ်ဘူးလား ဆရာ"

ရှား။ ။(ပြုံးစိစိ မျက်နှာထားနှင့်) "စိန်ဝေလျှံကို နွားလုပ်ရောင်းဖို့လားဗျာ"

ဖေ။ ။"မဟုတ်ဘူးလေ။ ကျွန်တော်ပြောလိုတာက မြင်းကို နွားလုပ်ရောင်းဖို့ မဟုတ်ပါဘူး။ ဖျောက်ဖျက်လိုက်ဖို့ဆိုယင် နွားသတ်ကုလားတွေက အလကားယူမသွားချင်ပေဘူးလား ဆရာ။ လှမောင်က စိန်ဝေလျှံကို ရောင်းစားချင်လို့မှ မဟုတ်ပဲ။ ဖလားပွဲမှာ မပါနိုင်အောင် ဖျောက်ဖျက်လိုက်ယင် သူ့ကိစ္စ ပြီးမှာကိုး ဆရာ"

ရှား။ ။"နို့ စိန်ဝေလျှံကို ရှာဖို့ စီမံပြီးပြီသား"

ဖေ။ ။"ဒီပတ်ဝန်းကျင် တဝိုက်မှာတော့ ရှိသမျှ ပြိုင်မြင်းဇောင်းတွေသာမက မြင်းလှည်းသမား တွေရဲ့ ဇောင်းတွေကိုပါ နှံ့နေပါပြီ ဆရာ"

ရှား။ ။"နွားသတ်ရုံလဲ မကျန်ဘူးပေါ့"

ဖေ။ ။"နွားသတ်ရုံမှာ သားရေတွေကိုတောင် စစ်ဆေးခိုင်းထားပါတယ် ဆရာ"

ရှား။ ။"မစ္စတာ ဘာဂျော်ဂျီရဲ့ ဇောင်းအနီးမှာ ဇောင်းတခု ရှိသေးတယ်ဆို မဟုတ်သား"

ဖေ။ ။"ရှိပါတယ်ဆရာ။ မစ္စတာ နော်တင်ရဲ့ ဇောင်းပါပဲ။ အဲဒီဇောင်းကလဲ ဟာက်ပီးဘွိုင် ဆိုတဲ့ မြင်းတကောင်ကို ဒီဖလားပွဲမှာ သွင်းထားပါတယ်။ ဟာက်ပီးဘွိုင်ဟာလဲ စိန်ဝေလျှံက လွဲယင် မျှော်လင့်စရာရှိလို့ ဒုတိယ ဖေးဘရိတ်ဖြစ်နေပါတယ်။ ဟာက်ပီးဘွိုင်ရဲ့ ထရိန်နာ ဩစတြေးလီးယား ပြည်သား ဂျွန်ဆင်ကလဲ ကိုဘကျော့နဲ့ မတည့်ဘူးလို့ သိရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က သူတို့ဇောင်းကို မသင်္ကာလို့ အထူး စစ်ဆေးပါတယ်။ သို့သော် ဘာမှ မတွေ့ရပါဘူး"

ရှား။ ။"စိန်ဝေလျှံ ပျောက်တဲ့ကိစ္စမှာ ဂျွန်ဆင်ကို မသင်္ကာစရာ တခုမှ မတွေ့ရဘူးလား"

ဖေ။ ။"ခုနင်က ပြောသလို စိတ်ထဲက မသင်္ကာစရာ ဖြစ်တာလောက်ပဲ ရှိတယ်။ လက်ဆုပ် လက်ကိုင် သဲလွန်စရယ်လို့တော့ တခုမှ မတွေ့ရဘူး ဆရာ"

ဘာဂျော်ဂျီ၏ မြင်းဇောင်းသို့ ဆိုက်ရောက်၍ မော်တော်ကားပေါ်မှ ဆင်းကြသောအခါ ဦးစံရှား မှာ ကားပေါ်မှ ရုတ်တရက်မဆင်းသေးပဲ ငေးနေသဖြင့် ကျွန်တော်က လက်မောင်းကို တို့လိုက်သည့်တွင်မှ သတိရသာဟန်နှင့် ဘာဂျော်ဂျီဘက်သို့ လှည့်လျက်—

ရှား။ ။"သည်းခံပါခင်ဗျာ။ ကျွန်တော်က စိတ်ကူးသမားမို့ တွေးမိတွေးရာ တွေးနေမိလို့ပါ"

ကျွန်တော်မှာ ဦးစံရှား၏ မျက်နှာကို မြင်ရခြင်းအားဖြင့် သဲလွန်စ တစုံတရာ တွေ့နေပြီဟု ရိပ်မိ သော်လည်း သူတွေ့သော သဲလွန်စကိုမူ တွေးတောရန် မတတ်နိုင်ပဲ ရှိလေသည်။

ဖေ။ ။"ဘယ့်နှယ်လဲဆရာ။ ကိုဘကျော့ အသတ်ခံရတဲ့ နေရာကို တခါတည်း သွားကြည့် မလို့လား"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ချက်ချင်းသွားဖို့ မလိုသေးပါဘူးဗျာ။ မေးစရာကလေး တခု နှစ်ခု ရှိပါသေးတယ်။ ခင်ဗျားဆီမှာ ကိုဘကျော့ အလုပ်လုပ်တာ တော်တော်ကြာပြီပေါ့ မစ္စတာ ဘာဂျော်ဂျီ"

ဂျီ။ ။"ဂျော်ကီကစပြီး ထရိန်နာဖြစ်လာတာ ကျွန်တော့်လက်ထဲမှာ ပါပဲ။ ကြာလှပါပြီ။ အင်မတန် စိတ်ချရတဲ့ လူတယောက်ပါ"

ရှား။ ။"ဒါထက် ကိုအုန်းဖေ၊ ကိုဘကျော့ အိတ်ထဲမှာတွေ့ရတဲ့ ပစ္စည်းတွေကို ခင်ဗျား စာရင်း ယူထားတယ်ပေါ့"

ဖေ။ ။"စာရင်းယူထားရုံ မကပါဘူး။ ပစ္စည်းတွေ အားလုံး ရှိပါတယ်။ ဆရာ ကြည့်ချင်ပါ သလား"

ရှား။ ။"ဟုတ်ကဲ့။ ကြည့်ချင်တယ်ဗျာ"

ကျွန်တော်တို့သည် ထရိန်နာ ကိုဘကျော့နေသော အိမ်ထဲသို့ ဝင်သွားကြ၍ စားပွဲဏလေးတခု၌ ဝိုင်းထိုင်ကြစဉ် ကိုအုန်းဖေသည် မုန့်သေတ္တာပုံး တလုံးကို ဖွင့်၍ ပစ္စည်းများကို စားပွဲပေါ်သို့ သွန်မှောက် ချလေသည်။

ယင်းတို့မှာ ခတ်မီးခြစ်တခု၊ ဖယောင်းတိုင်တိုတခု၊ စီးကရက်ငါးလိပ်ပါသော ဒန်ရောင် စီးကရက် တဗူး၊ စာရွက်သုံးလေးရွက်၊ တကျပ်တန်ငွေစက္ကူ လေးရွက်၊ ပတ်ကားဖောင်တိန် တချောင်း၊ မှတ်စုစာအုပ် တအုပ်၊ အရိုးဖြူတပ်ထားသော ဓားကလေး တချောင်းတို့ ဖြစ်လေသည်။

ဦးစံရှားသည် ဓားကလေးကို ကောက်ယူ၍ သေချာစွာ ကြည့်ပြီးနောက်—

ရှား။ ။"ဒီဓားကလေး တော်တော်ဆန်းတယ်ဗျ။ မောင်းချလို့ရတဲ့ ဓားမျိုးမဟုတ်ဘူး။ ရှက်ဖီးလုပ် ဆိုတော့ အမျိုးကောင်းဓားပဲ။ ထက်လိုက်တာလဲ မြလို့။ သွေးစွန်းထားတာလဲ တွေ့ရတယ်။ ဒီဟာ သေသူ ကိုဘကျော့ရဲ့ လက်ထဲမှာ တွေ့ရတယ်ဆိုတဲ့ ဓားကလေးပေါ့။ ဟုတ်စ"

ဖေ။ ။"ဟုတ်ပါတယ် ဆရာ"

ရှား။ ။"ဟိုညက သန်းခေါင်ကျော်အချိန် မှောင်နဲ့မည်းမည်း ကွင်းကြီးထဲမှာ ကိုဘကျော့ဟာ ဒီဓားကလေးကို အားကိုးလောက်တဲ့ လက်နက်တခု အနေနဲ့ ကိုင်ဆောင်သွားတယ်ဆိုတာ တော်တော်တော့ ထူးဆန်းတာပဲဗျို့။ နော် ကိုအုန်းဖေ"

ဖေ။ ။"ဒီဓားကလေးဟာ စားပွဲပေါ်မှာ မြင်နေတာ သုံးလေးရက်ရှိပြီလို့ သူ့မိန်းမကတော့ ပြောတယ်ဆရာ။ အိမ်က ထွက်ခါနီးမှာ အလွယ်တကူနဲ့ ကောက်မိကောက်ရာ ကောက်ယူသွားဟန် တူပါရဲ့ ဆရာ"

ရှား။ ။"စာရွက်ကတော့ ဘယ်လိုဟာတွေလဲဗျ"

ဖေ။ ။"တိုက်ဆိုင်တွေမှာ ဈေးဝယ်တဲ့ ကက်ရှ် မီမိုခေါ်တဲ့ ဘီလ်စာရွက်တွေပါဆရာ။ နာမည် ကတော့ ဦးဘကျော့မှ ကျေးဇူးပြု၍ ဦးတင့်ဆွေတဲ့။ ဦးတင့်ဆွေဆိုတာ ကိုဘကျော့ရဲ့ မိတ်ဆွေပါလို့ သူ့မိန်းမ မတင်က ပြောပါတယ်။ တခါတလေ စာတိုက်က စာများလဲ ဦးတင့်ဆွေ နာမည်နဲ့ ကိုဘကျော့ဆီ လာလို့ သူ့ယောကျ်ားက တဆင့် ပို့ပေးရပါတယ်လို့ မတင်က ပြောပါတယ်"

ဦးစံရှားသည် ဈေးဝယ်သော ဘီလ်စာရင်း စာရွက်များကို ဖြန့်ကြည့်ပြီးနောက်—

ရှား။ ။"အောင်မယ်၊ ဒီဟာက တီဂျူးမား ပိုးထည်ဆိုင်ကြီးက မြင်သစ်ကတ္တီပါ ပန်းကြွ လုံချည်ဝယ်တဲ့ ဘီလ်စာရင်းဗျို့။ လုံချည်တထည် ငါးဆယ့်ငါးကျပ်ဆိုတော့ ဦးတင့်ဆွေဆိုတဲ့ လူဟာ



www.burmeseclassic.com

www.burmeseclassic.com


သူ့မယားအတွက် တော်တော်အဖိုးတန် ဝယ်ပေးတဲ့ လူတယောက်ပဲကိုး။ ကိုင်း တော်လောက်ပါပြီဗျာ။ ဟိုနေရာကို တဆိတ် သွားကြည့်လိုက်ကြအုံးစို့"

အိမ်မှ ထွက်ခါနီးတွင် မျက်နှာသုတ်ပဝါကို ခေါင်းပေါ်တင်လျက် ပုပ္ပံပန်းနှင့် ပြေးလာသော မိန်းမတယောက်သည် ကိုအုန်းဖေအနီးသို့ ချဉ်းကပ်၍ "ဘယ့်နှယ်လဲရှင်၊ မိပြီလား၊ တွေ့ပြီလား" ဟု မေးရာ ကိုအုန်းဖေက—

"တွေ့ပါလိမ့်မယ်။ ဟောဒီက စုံထောက်ကြီး ဦးစံရှားကိုယ်တိုင် လက်လာပါတယ်"ဟု ပြောလျက် ကိုဘကျော့၏ မိန်းမ မတင်ဖြစ်ကြောင်း ကျွန်တော်တို့အား မိတ်ဆက်ပေးလေသည်။ မတင်မှာ ရုပ်ရည်သနားကမားရှိ၍ အလွန်ရိုးပုံရသော တောသူတယောက် ဖြစ်သည်ဟု ကျွန်တော်က အကဲခတ်မိသည်။

ဦးစံရှားသည် မတင်ကို ကြည့်နေရာမှ ရုတ်တရက် မှတ်မိသော မျက်နှာထားနှင့်—

ရှား။ ။"ဟာ ခင်ဗျားကို ကျွန်တော် တွေ့ဖူးသားပဲ။ စတူးဝပ် လူကြီး မစ္စတာ ပါဝဲလ်ရဲ့ သမီး မင်္ဂလာဆောင်တုန်းကလေ"

တင်။ ။"မဟုတ်ရပါဘူးရှင်။ မှားပါလိမ့်မယ်"

ရှား။ ။"မမှားပါဘူးဗျ။ အဲဒီတုန်းက ခင်ဗျားက ရွှေဝါရောင် ကတ္တီပါ ပန်းကြွထမိန်နဲ့၊ နှတ်ပဝါကြီး ခြုံလို့။ ကျွန်တော် မှတ်မိပါတယ်"

တင်။ ။"မဟုတ်ပါဘူးရှင်။ ကျွန်မမှာ ရွှေဝါရောင်ထဘီလဲ မရှိရပါဘူး။ နှတ်ပဝါလဲ မခြုံဖူးပါဘူး"

ရှား။ ။"ဪ ဒါဖြင့် သေချာပြီ။ ကျွန်တော် မှားတာ ကေန္တပဲ"

ထို့နောက် ဦးစံရှားသည် အိမ်ပြင်မှ စောင့်နှင့်နေသော ကိုအုန်းဖေတို့နှင့်အတူ ကိုဘကျော့ အသတ်ခံရသော နေရာသို့ လျှောက်လာခဲ့ကြသည်။ ချိုင့်ကြီးသို့ ရောက်၍ မိုးကာအင်္ကျီ ချိတ်လျက် တွေ့ရသည်ဆိုသော ချုံကို မြင်ရသည်တွင်—

ရှား။ ။"ဟိုညတုန်းက လေမတိုက်ဘူးဆို မဟုတ်လား ကိုအုန်းဖေ"

ဖေ။ ။"လေမတိုက်ဘူး ဆရာ။ မိုးရွာတယ်"

ရှား။ ။"ဒီလိုဆိုယင် ချုံပေါ်မှာ အင်္ကျီကို တမင်တကာ တင်ထားခြင်း ဖြစ်ရမယ်။ လေလွင့်ပြီး တင်နေတာ မဟုတ်ပေဘူးပေါ့"

ဖေ။ ။"မှန်ပါတယ် ဆရာ။ တမင်တကာ တင်ထားပုံ ရပါတယ်"

ရှား။ ။"ကောင်းပေ့ဗျာ ကိုအုန်းဖေ။ ဒါထက် မြေကြီးမှာ ခြေရာတွေ ရှုပ်လို့ပါကလား။ လူတွေ တော်တော်များများ လာကြည့်ပြီးပြီ ထင်တယ်"

ဖေ။ ။"နို့ပေမယ့် နံဘေးမှာ ဖျာခင်းပြီး ဖျာပေါ်က ရပ်ကြည့်စေပါတယ် ဆရာ"

ရှား။ ။"ဟာ သိပ်တော်တဲ့ လူပဲဗျို့ ကိုအုန်းဖေ"

ဖေ။ ။"ပြီးတော့ ဟောဒီလွယ်အိတ်ထဲမှာ လှမောင်ရဲ့ ရှူးတဘက်၊ ကိုဘကျော့ရဲ့ ကျားပါးစပ်တဘက်နဲ့ စိန့်ဝေလျှ ကျွတ်ကျနေရစ်တဲ့ သံခွာတဘက် ယူခဲ့ပါတယ် ဆရာ"

ရှား။ ။"ဟာ ချီးကျူးလောက်တဲ့ လူပဲဗျို့"

ဦးစံရှားသည် လွယ်အိတ်ကိုယူ၍ ချိုင့်အလယ်သို့ ဆင်းပြီးလျှင် ဖျာပေါ်တွင် အလျားလိုက်မှောက်လျက် လက်မောင်းပေါ်၌ မေးတင်ကာ မြေကြီးကို သေချာစွာ ကြည့်ရှုလေ၏။

ရှား။ ။"အလို၊ ဒါက ဘာလဲဗျို့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် ရွှံ့များ ဖုံးအုပ်လုမတတ် ဖြစ်နေသော ဖယောင်းတိုင်တိုလေး တခုကို မြေကြီးထဲမှ ကော်ထုတ်ယူလိုက်သည်။

ဖေ။ ။"ဖြစ်မှဖြစ်ရလေ ဆရာ၊ ကျွန်တော် ဘယ့်နှယ်များ ရှန်းသွားပါလိမ့်မယ်"

ရှား။ ။"ခင်ဗျားက ရှန်းလို့ မဟုတ်ပေဘူးဗျ။ ရွှံ့ထဲမှာ မြုပ်နေတာ ကျုပ်က တမင်တကာ ရှာယူလို့ တွေ့တာဗျ"

ဖေ။ ။"ဘယ့်နှယ်တဲ့ဆရာ။ ဒီဟာ ရှိလိမ့်မယ်လို့ ဆရာက သိနှင့်လို့လား"

ရှား။ ။"ရှိတတ်တယ်လို့ ကျုပ်က စဉ်းစားမိတယ်"

ကိုအုန်းဖေမှာ မယုံနိုင်သော မျက်နှာထားနှင့် ငေးနေစဉ် ဦးစံရှားသည် လွယ်အိတ်ထဲမှ ဖိနပ်များကို ထုတ်၍ မြေကြီးပေါ်၌ရှိသော ခြေရာများနှင့် ယှဉ်ကြည့်လေသည်။

ထိုနောက် ဖျာပေါ်မှ ထလာ၍ မိုးကာအင်္ကျီတွေ့သော ချုံပုတ်ဝန်းကျင်တွင် လေးဘက်တွားလျက် ကြည့်ရှုသေးသည်။

ဖေ။ ။"နောက်ထပ်တော့ ခြေရာ မတွေ့တော့ပါဘူးဆရာ။ ပတ်ဝန်းကျင် တလျှောက်လုံး ကျွန်တော် နှံ့နေအောင် ကြည့်ပြီးပါပြီ"

ရှား။ ။"ဟုတ်လား၊ ဒီလိုပြောလျက်နဲ့ ကျုပ်လုပ်ယင်တော့ ခင်ဗျားကို စော်ကားရာ ရောက်တော့မယ်။ မလုပ်တော့ပါဘူးဗျာ။ သို့သော်လဲ ဒီတွင်းကြီးကိုတော့ နှံ့အောင် ကျုပ် လျှောက်ပြီး မွှေကြည့်ချင်သေးတယ်ဗျာ။ ဟောဒီသံခွာကိုလဲ ကျုပ်ထည့်ယူသွားမယ်ဗျို။ သံခွာဆောင်ယင် ကံကောင်းတယ်လို့ အနောက်တိုင်းသားများ ပြောကြတယ်ဗျ"

မြင်းရှင် ဘာဂျော်ဂျီသည် စိတ်မဝင်စားတော့သည့် လက္ခဏာနှင့် နာရီကို ကြည့်လျက်—

ဂျီ။ ။"ဒီလိုဆိုယင် မစ္စတာအုန်းဖေနဲ့ ကျုပ်နဲ့ ပြန်နှင့်ကြစို့လား။ စိန်ဝေလျှံကို စာရင်းဖျက်ဖို့ ကိစ္စကလဲ ရှိသေးတယ်"

ရှား။ ။"နေပါစေ မစ္စတာဘာဂျော်ဂျီ။ စိန်ဝေလျှံကို မဖျက်ပါနဲ့အုံး၊ ထားသာ ထားပါ"

ဂျီ။ ။"ဒီလိုဆိုလဲ ထားပါမယ်ခင်ဗျာ။ ကိုင်း ကျွန်တော်တို့ သွားနှင့်တော့မယ်။ ကိစ္စပြီးတော့သာ မောင်ဘကျော့ရဲ့ အိမ်ကို လိုက်ခဲ့ကြပါတော့"

ဘာဂျော်ဂျီနှင့် ကိုအုန်းဖေတို့ထွက်သွားကြသောအခါ ကျွန်တော်နှင့် ဦးစံရှားတို့သည် ကွင်းကြီးကို ဖြတ်လျက် လျှောက်သွားကြသည်။

ဦးစံရှားသည် စကားမပြောပဲ စိတ်ကူးထုတ်လျက် လမ်းလျှောက်လာခဲ့ရာမှ—

ရှား။ ။"ဒီလိုဆို ကိုသိန်းမောင်၊ ကိုဘကျော့ကို ဘယ်သူသတ်တယ်ဆိုတဲ့ ကိစ္စကို အသာထားဖယ်ထားပြီး စိန်ဝေလျှံ ဘယ်ရောက်တယ်ဆိုတဲ့ကိစ္စကို ရှေးဦးစွာ စဉ်းစားကြအုံးစို့။ အကယ်၍ ကိုဘကျော့ အရိုက်ခံရစဉ်က မြင်းက လွတ်ထွက်သွားတယ်ဆိုယင် ဘယ်ဆီသွားမလဲတဲ့။ မြင်းဆိုတာမျိုးဟာ အပေါင်းအဖော် ခင်တတ်တဲ့ တိရစ္ဆာန်မျိုးဗျ။ ဒါကြောင့် လွတ်ထွက်လာလို့ သူ့သဘောအတိုင်း သွားရမယ်ဆိုယင် သူ့ဇောင်းကို သော်လည်းကောင်း၊ မစ္စတာနော်တင်ရဲ့ ဇောင်းကို သော်လည်းကောင်း တခုခု သွားမှာပဲ။ ကွင်းကြီးထဲမှာ သူ့ဟာသူ လျှောက်ပြေးနေတယ်ဆိုယင် ခုလောက်ရှိ မိပြီးရောပေါ့။ ကိုအုန်းဖေပြောတဲ့ နွားသတ်ကုလားတစု ဆိုတာတော့ ယုတ္တိ မရှိလှပါဘူး။ နွားအုပ်ထဲမှာ မြင်းကြီးဆွဲသွားလို့ လူတိုင်း သတိပြုမိမှာပေါ့"

ကျွန်။ ။"ဒါဖြင့် စိန်ဝေလျှံ ဘယ်ရောက်နေသလဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ဒီဇောင်း နှစ်ခုအနက် တခုခုမှာ ရောက်နေလိမ့်မယ်လို့ ကျုပ်ပြောတယ် မဟုတ်လား။ ဘာဂျော်ဂျီရဲ့ဇောင်းမှာ မရှိဘူးဆိုယင် နေဘ်တင်ရဲ့ဇောင်းမှာပဲ ရှိရမှာပေါ့။ မြေကြီးဟာ ဒီဘက်တဝိုက်မှာ သိပ်မာတယ်ဗျ။ ခြေရာထင်ဖို့ တော်တော်ခဲယဉ်းတယ်။ နို့ပေမယ့် ဟောဟိုမှာ ချောင်းကလေး မြင်တယ် မဟုတ်လား။ ကျုပ်တွေးတဲ့အတိုင်း ဟိုဘက်ဇောင်းကို စိန်ဝေလျှံကူးသွားတယ်ဆိုယင် ဒီချောင်းကို ဖြတ်ကူးသွားရမယ်။ ဒီလိုဆိုယင် မြေပျော့တဲ့ချောင်းကို ရောက်တဲ့အခါ စိန်ဝေလျှံ ခြေရာကို ကျုပ်တို့ တွေ့ရမယ်ထင်တယ်"

ယင်းသို့ စကားပြောစဉ် ကျွန်တော်တို့သည် ချောင်းကလေးဆီကို လျှောက်လာကြရာ ချောင်းသို့ ရောက်လာသောအခါ ရေမရှိသော်လည်း ဦးစံရှားပြောသည့်အတိုင်း ရေလျှောဆင်းဖူးသည့် အတွက်ကြောင့် မြေကြီးခပ်မွမွရှိသည်ကို တွေ့ကြရသည်။

ဤတွင် ဦးစံရှားသည် လက်ယာဘက်သို့ လိုက်၍ ကျွန်တော့်အား လက်ဝဲဘက်သို့ လိုက်စေရာ ခြေလှမ်းငါးဆယ်မျှ လှမ်းမိသောအခါတွင် ဦးစံရှား၏ ခေါ်သံကို ကြားသည်နှင့် လှည့်ကြည့်လိုက်သဖြင့် ကျွန်တော့်အား လက်ယပ်ခေါ်သည်ကို တွေ့ရသည်။

ဦးစံရှားဆီသို့ ကျွန်တော် လျှောက်လာသောအခါ ချောင်းထဲ၌ရှိသော မြေပျော့တွင် မြင်းခွာရာ တွေ့ရရုံသာမက ဦးစံရှား ဆောင်ယူလာခဲ့သော သံခွာနှင့် အံကျလျက်ရှိသည်ကို တွေ့ရသည်။

ရှား။ ။"ဘယ့်နှယ်လဲဗျ။ စိတ်ကူးဟာ အဖိုးမတန်ဘူးလား။ ရှေးဦးစွာ စိတ်ကူးလိုက်ပြီး ဒီအတိုင်း ဟုတ် မဟုတ် လိုက်ကြည့်တော့ ဟုတ်နေတာတွေ့ရပြီမဟုတ်လား။ ကိုင်း ဆက်လိုက်ကြအုံးစို့ဗျာ"

ကျွန်တော်တို့သည် ခြေရာအတိုင်းလိုက်ကြ၍ မြေပျော့သော နေရာများ၌ ခြေရာများ ကင်းလျက် မြေမာသော နေရာများတွင် ပျောက်ကွယ်သွားသော်လည်း မစ္စတာနေဘ်တင်၏ ဇောင်းဘက်သို့ မျက်နှာမူလျက် လျှောက်လာကြခြင်းအားဖြင့် တနေရာရာတွင် ခြေရာကောက်နိုင်ကြမည်သာ ဖြစ်၏။

အထူးသဖြင့် မြေပျော့သော တနေရာ၌မူ မြင်းခြေရာနှင့် ယှဉ်လျက် လူ၏ဖိနပ်ရာတခု တွေ့ရသဖြင့် ဦးစံရှား မျက်လုံးပြူးသွားသေးသည်။

ကျွန်။ ။"ဘယ့်နှယ်လဲဗျာ။ ဟိုတုန်းကတော့ မြင်းခြေရာချည်းပဲ၊ အခုတော့ လူခြေရာ တွဲနေပြန်ပါပကောလား"

ရှား။ ။"ဟုတ်ဘယ်။ ဒီလိုဆို အဓိပ္ပာယ်တမျိုးပေါ့။ အလို၊ အလို၊ အလို၊ ဒါက ဘာလဲဗျို"

ဤသို့ ပြောလိုက်ခြင်းမှာ မြင်းခြေရာနှင့် လူခြေရာများသည် ထိုနေရာမှ ထောင့်ချိုး ချိုး၍ ဘာဂျော်ဂျီ၏ ဇောင်းဘက်သို့ လှည့်သွားသည်ကို တွေ့ရသောကြောင့် ဖြစ်လေသည်။

ကျွန်တော်နှင့် ဦးစံရှားတို့သည် ခြေရာများအတိုင်း တဘက်သို့ ကွေ့ချိုး၍ လိုက်သွားကြစဉ် ဦးစံရှားမှာ ခြေရာများကိုသာ စူးစိုက်ကာ ကြည့်လျက် လိုက်သွားသော်လည်း ကျွန်တော့်မှာမူ နံဘေးသို့ အနည်းငယ် လှမ်းကြည့်မိသည်နှင့် မျက်နှာချင်းဆိုင်အရပ်မှ ပြန်လာသော အလားတူ ခြေရာများကို မြင်ရလေသည်။

ဤအခြင်းအရာကို ဦးစံရှားအား ညွှန်ပြရာတွင်—

ရှား။ ။"ဒီတချက် ခင်ဗျားတော်ပေသဗျာ။ နို့မဟုတ်ယင် ဒီလမ်းကြောင်းလိုက်ပြီး ဟိုလမ်းကြောင်းအတိုင်း ပြန်လာရအုံးမှာပဲ။ အခုတော့ ကျုပ်တို့ အပုံကြီး သက်သာသွားတာပေါ့။ ကိုင်း ဒီလိုဆို ပြန်လမ်းအတိုင်း လိုက်ကြရုံ ရှိတာပေါ့"


www.burmeseclassic.com

www.burmeseclassic.com


သို့ဖြစ်၍ ကျွန်တော်တို့သည် မူလ လိုက်နေသော ခြေရာကြောင်းကို စွန့်လွှတ်ပြီးလျှင် ကျွန်တော်တွေ့သော ပြန်လမ်း ခြေရာကြောင်းအတိုင်း စွပ်၍ လိုက်ကြပြန်သည်။

မကြာမီ ကျွန်တော်တို့သည် မစ္စတာနော်တင်၏ မြင်းဇောင်းသို့ ရောက်လာကြ၍ ဆိုက်ကုလားတယောက် ပြေးထွက်လာသည်။

ဆိုက်ကုလားသည် မြင်းဇောင်းသို့ လူကပ်သည်ကို မကြိုက်သည်နှင့် မောင်းထုတ်မည့် အကြံနှင့် ဟိန္ဒူစတန်နီ ဘာသာဖြင့်—

"အပ်(ဗ)လုတ်(က) ဂျောင်းဟဲ" စသည်ဖြင့် စကားချီလိုက်ပြီးမှ ဦးစံရှား၏ ခန့်ညားသော ဂိုက်ဆိုက်ကို မြင်သည်နှင့် မပြောဝံ့ပဲ တန့်သွားလေသည်။

ဤတွင် ဦးစံရှားက ငါးကျပ်တန် စက္ကူ တချပ်ကို ထုတ်ကာ ဟိန္ဒူစတန်နီဘာသာဖြင့်—

ရှား။ ။"နက်ဖြန်မနက် ၅ နာရီမှာ ထရိန်နာ ဂျွန်ဆင်ကို တွေ့နိုင်မလား"

ဆိုက်။ ။"သခင် စောစောနိုးပါတယ် ဆပ်။ တွေ့နိုင်ပါတယ်။ ဟော၊ ဟော၊ ဟော၊ လာနေပါပြီဆပ်"

ဦးစံရှားက ငွေစက္ကူကို ပေးမည်ပြုသော်လည်း ဆိုက်ကုလားက ထရိန်နာ မြင်မည်စိုးသည်နှင့် မယူဝံ့ပဲ ဦးခေါင်းယမ်းလျက် "ပီချေးဆပ်၊ ပီချေး"ဟု ပြောသည်။

ဤခဏ၌ လက်တွင် ကြိမ်တချောင်းကို ဝင့်လျက် နှုတ်ခမ်းမွေး ကောင်းသော ဗိုလ်တယောက်ထွက်လာ၍ ဆိုက်ကုလားအား လူစိမ်းများနှင့် စကားပြောသည့် အတွက် ကြိမ်းမောင်းပြီးလျှင် ဦးစံရှားဘက်သို့ လှည့်လျက်—

ဗိုလ်။ ။"ဝှပ် သီ ဟဲလ် (ခင်ဗျားတို့ ဘာလာရှုပ်နေသလဲ)"

ရှား။ ။(ခပ်အေးအေး တည်တည် မျက်နှာထားနှင့်) "ငါးမိနစ်လောက် စကားပြောချင်ပါတယ်"

ဗိုလ်။ ။"ထက်တေရီး၊ အချိန်မရှိပါဘူး။ မဖြစ်ပါဘူး။ မပြောအားပါဘူး"

ဤတွင် ဦးစံရှားသည် ဗိုလ်အနီးသို့ ဖြတ်ကနဲ ချဉ်းကပ်၍ စကား တခွန်းတည်း တိုးတိုးပြောလိုက်ရာ ဗိုလ်သည် မျက်နှာပျက်သွား၍—

"ဒမ်မ့်လိုင်း (အလကား လိမ်တာ)"ဟု ပြောလိုက်သည်။

ရှား။ ။"ဒါဖြင့် ဒီနေရာမှာပဲ ကျုပ် ပြောလိုက်ရမလား။ အိမ်ထဲမှာ အေးအေး ဆေးဆေး စကားပြောချင်သလား"

ဗိုလ်။ ။(မျက်မှောင်ကြုတ်၍ စဉ်းစားပြီးနောက်) "လာပါ၊ အိမ်ထဲကို လိုက်ခဲ့ပါ"

ရှား။ ။(ကျွန်တော့်ဘက်သို့ လှည့်လျက်) "ခဏနေရစ်ခဲ့အုံးဗျနော် ကိုသိန်းမောင်၊ သိပ်မကြာပါဘူးဗျာ။ ကိုင်း လိုက်ဖို့ အဆင်သင့်ပါပဲ"

ဦးစံရှားနှင့် ထရိန်နာဂျွန်ဆင်တို့သည် နာရီဝက်နီးပါးကြာသောအခါမှ အိမ်ပြင်သို့ထွက်လာကြရာ ဤမျှလောက် တိုတောင်းသော အချိန်ကာလ အတောအတွင်း ဤမျှလောက် အမူအရာပြောင်းလဲခြင်းကို တကြိမ်တခါမျှ ကျွန်တော် မကြုံခဲ့ရဖူးပေ။ ပထမတွေ့စဉ်က ဟန်ကြီးပန်ကြီးနှင့် ရင်ကော့ကော့ရှိနေသော ထရိန်နာဂျွန်ဆင်မှာ အိမ်ထဲက ထွက်လာသောအခါ၌ ဦးစံရှားနောက်မှ အမြီးကုပ်၍ လိုက်လာသော ခွေးကဲ့သို့ ဦးခေါင်းငိုက်စိုက် ဖြစ်လာလေတော့သည်။ ခွဲခါနီး၌—

နာ။ ။"စိတ်သာချပါ။ မှာခဲ့တဲ့အတိုင်း ကျွန်တော် ဆောင်ရွက်ပါ့မယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"လွဲလွဲချော်ချော် မဖြစ်စေနဲ့နော်"

နာ။ ။"စိတ်ချပါ ခင်ဗျာ။ တိတိကျကျ လိုက်နာပါ့မယ်။ ဒါထက် ဟိုဟာကို ပြန်ပြီး ပြောင်းပေးလိုက်ရမလား ခင်ဗျ"

ရှား။ ။(အနည်းငယ် စဉ်းစားပြီးနောက်) "နေပေစေ၊ မပြောင်းနဲ့။ ဒီကိစ္စ ထပ်ပြီး ကျုပ် အခြေအနေကြည့်လိုက်ပါအုံးမယ်။ ယီးတီးယားတားတော့ မလုပ်နဲ့နော်"

နာ။ ။"မလုပ်ပါဘူး ခင်ဗျာ၊ စိတ်သာချပါ"

ထို့နောက် ကျွန်တော်တို့သည် ဘာရော်ဂျီ၏ မြင်းဇောင်းဘက်သို့ ထွက်လာခဲ့ကြရာ လမ်းခရီး၌—

ရှား။ ။"ဟောဒီ ဩဇာတြေးလီးယား ပြည်သား ထရိန်နာဂျွန်ဆင်လို ဟန်ကြီးပန်ကြီးနဲ့ ကန်စရာ ရှိယင် ကန်ပြီး ကြောက်စရာရှိယင် အမြီးကုပ်တတ်တဲ့ လူစားမျိုးတော့ ရှာမှ ရှားလိမ့်မယ် ထင်တယ်ဗျာ။ တကယ့် လူပါပဲ"

ကျွန်။ ။"ဒါဖြင့် စိန်ဝေလျှံဟာ သူ့လက်ထဲမှာပေါ့"

ရှား။ ။"အစ ပထမတော့ သူက မျက်လုံး မျက်ဆံ ပြူးပြဲပြီး ကွယ်နေသေးတယ်။ ကျုပ်က ဟိုနေ့ မနက်တုန်းက သူလုပ်ပုံကိုင်ပုံတွေကို အသေးစိပ်ပြီး ခရေစေ့တွင်းကျ ပြောပြတော့မှ သူ့ကို ကျုပ်က ချောင်းကြည့်နေတယ် ထင်ပြီး လန့်ဖျပ်သွားတော့တာကိုး။ မြင်းခွာရာတွေနဲ့ အတူတွေ့ရတဲ့ ဖိနပ်ရာဟာ ဦးတုံးတုံး နောက်ခွာ မပါဘူးဆိုတာ ခင်ဗျား သတိပြုမိတယ် မဟုတ်လား။ သူ့ခြေထောက်မှာ စီးထားတဲ့ ရှူးဖျင်ဗွတ်ဖိနပ်ဟာလဲ ဒီအတိုင်းပဲဗျ။ ဟိုနေ့မနက်က စောစောစီးစီး သူထွက်လာတော့ မြင်းတကောင်ကို ကွင်းထဲမှာ မြင်တယ်။ အနားသွားကြည့်တော့ ညာဘက်ခွာ တဘက်ဖြူနဲ့၊ နှာယောင်ကျားနဲ့ သဟာက် ရောင် ရှိနေတာ မြင်မြင်ချင်း စိန်ဝေလျှံပဲလို့ သူ သိတယ်"

"သူတို့ ဇောင်းက ဟက်ပီးဘိုင်ကို နိုင် နိုင်မယ့် မြင်းဟာလဲ စိန်ဝေလျှံ တကောင်တည်း ရှိဘယ်လို့ သူ စဉ်းစားမိတယ်။ ပထမတော့ မြင်းကိုဖမ်းပြီး ဘာရော်ဂျီရဲ့ ဇောင်းကို သွားပို့ဖို့ ဆွဲသွား သေးတယ်။ နောက်တော့မှ မြင်းကို ဝှက်ထားဖို့ အကြံပေါ်ပေါက်လာပြီး ပြန်ဆွဲလာခဲ့ခြင်း ဖြစ်တယ်လို့ ကျုပ်က ပြောပြလိုက်တော့မှ ငနဲဟာ ချွေးလုံးကြီးတွေ ကျလာပြီး ကယ်ပါ ယူပါ ဖြစ်လာတော့ တာကိုးဗျ"

ကျွန်။ ။"နေပါအုံး ဗျာ၊ သူတို့ ဇောင်းကိုလဲ ရှာသေးတယ်ဆို မဟုတ်လားဗျ"

ရှား။ ။"ရှာတယ်လေ။ ဒါပေမယ့် သူတို့ မြင်းသမား ဝါရင့်တွေက အင်မတန် ညာဏ်များတဲ့ လူစုပဲဗျ။ ရှုပ်ဖျက်နိုင်တယ်"

ကျွန်။ ။"ဒါဖြင့်ဗျာ စိန်ဝေလျှံကို သူ့ဆီမှာ ဒီအတိုင်း ထားပစ်ခဲ့လို့ တော်ပါ့မလားဗျာ။ သူတို့မြင်း နိုင်အောင်ဆိုပြီး စိန်ဝေလျှံကို တမျိုးတမည် လုပ်လွှတ်လိုက်ယင် မခက်ပေဘူးလားဗျာ"

ရှား။ ။"စိတ်ချ ကိုသိန်းမောင်၊ ခု အချိန်မှာ စိန်ဝေလျှံဟာ သူ့ရဲ့အသက်ဗူး ဖြစ်နေတယ်။ ဒီမြင်းကို ချကြည်ဘဲ ဘာမှ မခင်စေပဲ ကောင်းမွန်စွာ ပြန်အပ်မှသာလျှင် သူ့မှာ ထောင်တန်းလွတ်ဖို့ ရှိတယ်ဆိုတာ သိပြီး ဖြစ်လေတော့ သူ့မျက်လုံးကို မထိခိုက်စေရအောင် ကာကွယ်သလို စိန်ဝေလျှံကို သူ ကာကွယ်ပါလိမ့်မယ်ဗျ။ မပူပါနဲ့ဗျာ"

ကျွန်။ ။"ခင်ဗျားက ချမ်းသာပေးချင်ပေမယ့် ဘာရော်ဂျီက ချမ်းသာပေးအုံးမှာကိုးဗျ။ လူကြီးက တော်တော် ခက်ထန်ပုံရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဒါကတော့ ဒီလိုပါ ကိုသိန်းမောင်၊ ဘာဂျော်ဂျီ လုပ်ချင်တိုင်း မဖြစ်ပါဘူး။ ကျုပ်လက်ထဲမှာနေတဲ့ ကိစ္စပါဗျ။ ခင်ဗျား ဘာဂျော်ဂျီလဲ ကျုပ် ပြောပြသလောက်သာ သိရမှာပေါ့ဗျ။ ကျုပ်ပြောချင်သလောက်သာ ပြောပြမှာပေါ့။ ကျုပ်က အစိုးရ လခစား စုံထောက်လို အထက်လူကြီးဆီ အစီရင်ခံနေဖို့မှ မလိုပဲကပဲ။ ဒါထက် ခင်ဗျား သတိထားမိသလား မဆိုနိုင်ဘူး။ ဘာဂျော်ဂျီကလဲ ကျုပ်အပေါ်မှာ နည်းနည်း ဟန်ကြီး ပန်ကြီး ရှိတယ်ဗျ။ ဒါကြောင့် ကျုပ်က သူ့ကို နည်းနည်း နှပ်လိုက်ချင်သေးတယ်။ မြင်းအကြောင်းကို ခင်ဗျားက ဘာမှ မပြောနဲ့နော် ကိုသိန်းမောင်"

ကျွန်။ ။"ခင်ဗျားအခွင့်မရပဲ ကျွန်တော် ဘာမှ မပြောပေါင်ဗျာ၊ စိတ်ချပါ"

ရှား။ ။"စိန်ဝေလျှံကိစ္စကတော့ ပြီးသွားပါပြီ။ ကိုဘကျော့ကို သတ်တဲ့အမှုကြီးက ကျန်နေသေးတယ်ဗျ"

ကျွန်။ ။"ဒီကိစ္စကိုလဲ ခင်ဗျား ဆက်လိုက်မယ် မဟုတ်ဘူးလား"

ရှား။ ။"တော်ပါပြီဗျာ။ ကျုပ်တို့ ပြန်ပါတော့မယ်"

ကျွန်တော်မှာ ဦးစံရှား၏ စကားအတွက် အလွန်တရာ အံ့ဩသော်လည်း သူ၏ ဝါသနာကို သိသည်နှင့် မမေးဝံ့ပဲ တိတ်ဆိတ်စွာ လျှောက်လာခဲ့ကြရာ ကိုဘကျော့၏ နေအိမ်သို့ရောက်သောအခါတွင် ဘာဂျော်ဂျီနှင့် ကိုအုန်းဖေတို့ စောင့်နေကြသည်။

ရှား။ ။"ကိုင်း ကျုပ်တို့တော့ ပြန်အုံးမယ်ဗျ"

ဂျီ။ ။"ဒါဖြင့် ဒီလူသတ်မှုကို ခင်ဗျား လက်လျှော့ပြီဆိုပါတော့"

ရှား။ ။(မထိတရီအမူအရာမျိုးနှင့်) "အမှုက အခက်အခဲကြီးတွေ ရှိနေတယ်ဗျ။ သို့သော် စနေနေ့ မြင်းပွဲအတွက် စိန်ဝေလျှံကို စီးမယ့်ဂျော်ကီကိုတော့ အသင့်သာ ပြင်ထားပါနော်။ ဒါထက် ကိုဘကျော့ရဲ့ ဓာတ်ပုံ ရချင်တယ်ဗျာ"

ကိုအုန်းဖေသည် စာအိတ်တလုံးထဲမှ ဓာတ်ပုံကို နှိုက်ယူ၍ ဦးစံရှားသို့ လှမ်းပေးလေသည်။

ရှား။ ။"နေရာကျပေ့ဗျာ။ ကျုပ်လိုသမျှတွေ အဆင်သင့်ရအောင် စီမံထားတတ်ပါပေတယ်။ ဒါထက် ခင်ဗျားတို့ ခဏနေရစ်ကြအုံးဗျာ။ ဘရိကို ကျုပ် နည်းနည်းပါးပါး မေးစရာရှိတယ်"

ဦးစံရှား ထွက်သွားသောအခါ—

ဂျီ။ ။"ခင်ဗျားလူက နာမည်ကြီးပြီး ဘာမှ မဟုတ်ပါကလားဗျာ။ သူလိုက်လာတဲ့အတွက် ဘာတခုမှ မထူးပါကလားဗျ"

ကျွန်။ ။"ခင်ဗျားမြင်း ဟိုနေ့မှာ ပြေးပါစေ့မယ်လို့ အာမခံသွားမဟုတ်လားဗျ"

ဂျီ။ ။"အာမခံတာထက် လက်ထဲကို မြင်းရောက်တာ သာပြီးကြိုက်တယ်ဗျာ"

ကျွန်တော်သည် ဦးစံရှားအတွက် မခံချင်သည်နှင့် ခုခံချေပဦးမည် ပြုဆဲတွင် ဦးစံရှား ဝင်လာ၍—

ရှား။ ။"ကိုင်း ဆရာတို့၊ ဘူတာရုံသွားကြဖို့ ရှိတာပဲ"

ကားပေါ်သို့ တက်ကြမည်ပြုစဉ် ဦးစံရှားသည် ဆိတ်အုပ်ကို ခြံထဲသို့ မောင်းသွင်းနေသော ကုလားတယောက်ကို မြင်သည်နှင့် ခေါ်ယူ၍—

ရှား။ ။"ဒီဆိတ်တွေကို မင်း ထိန်းသလား"

လား။ ။"ဟုတ်တယ်ဆပ်"

ရှား။ ။"ခုတလောမှာ ဆိတ်တွေ ဘာဖြစ်သလဲ"

လား။ ။"နှစ်သုံး ကောင်ကောင် ခြေထောက် နာနာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဤစကားကို ကြားရုံနှင့် ဦးစံရွှေမှာ ရှင်ပြုံးသော မျက်နှာထား ဖြစ်ပေါ်လာရာ ကိုအုန်းဖေနှင့် ဘာဂျော်ဂျီတို့လည်း ငေးကြည့်နေကြသည်။

ထို့နောက် ကားပေါ်သို့ တက်ကြ၍ ကားထွက်လာရာတွင် ဦးစံရွှေသည် ကျွန်တော်၏လက်မောင်းကို တို့လျက်—

"ဟုတ်လိုဟုတ်ငြား စမ်းပစ်လိုက်တဲ့တချက်ကတော့ စွဲသွားပြီဗျို့"ဟု ပြောပြီးနောက် ကိုအုန်းဖေအားလည်း—

"ဆိတ်တွေ ခြေနာတဲ့ ကိစ္စကို ခင်ဗျားသတိပြုယင် ကောင်းတယ်ဗျ"ဟု ပြောလိုက်သဖြင့် ကိုအုန်းဖေလည်း ကြောင်တောင်ငေးလျက် ကြည့်နေတော့သည်။

ဖေ။ ။"ဆိတ်တွေ ခြေနာတာနဲ့ ဒီအမှုနဲ့ ပတ်သက်လို့လား ဆရာ"

ရွှေ။ ။"သိပ်ပတ်သက်တာပေါ့ဗျ"

ဖေ။ ။"ဒီ့ပြင်ကော ဘာများ သွန်သင်ခဲ့အုံးမလဲဆရာ"

ရွှေ။ ။"ဒီ့ပြင်တော့ များများ မရှိပါဘူး။ ဟိုညက ခွေးလုပ်ပုံ ဆန်းတာပါပဲ"

ဖေ။ ။"ခွေးက ဘာမှ မလုပ်ပါကလားဆရာ"

ရွှေ။ ။"အဲဒါ ဆန်းတာပေါ့ဗျ"

× × ×

စနေနေ့၌ ကျွန်တော်နှင့် ဦးစံရွှေတို့သည် ဘာဂျော်ဂျီနှင့် ချိန်းဆိုထားသည့်အတိုင်း မြင်းပွဲသို့ သွားရောက်ကြရာ ကိုအုန်းဖေနှင့် ဘာဂျော်ဂျီတို့သည် ကျွန်တော်တို့ကို ကြိုဆိုကြသည်။ ဘာဂျော်ဂျီမှာ အလွန်တရာ ရှုတင်းလျက်ရှိ၏။

ဂျီ။ ။"ဘယ့်နှယ်လဲခင်ဗျာ။ ကျွန်တော့်မြင်းကို အစအန မမြင်ရသေးပါကလားခင်ဗျ"

ရွှေ။ ။"မြင်းကိုမြင်ယင် ခင်ဗျား သိပါ့မလား"

ဘာဂျော်ဂျီမှာ အလွန်စိတ်ဆိုးဟန်နှင့် မျက်နှာ နီသွားသည်။

ဂျီ။ ။"နှစ်ပေါင်းနှစ်ဆယ်ကျော် မြင်းသမား လုပ်လာတဲ့လူတယောက်ကို မေးမှမေးပါပေ့ဗျာ။ နှာယောင်ကျားနဲ့ ခွာတဘက်ဖြူ မြင်းကြီးတကောင်လုံးကို ကျွန်တော် မှားနိုင်ပါ့မလားဗျ။ ကလေးကတောင် သိနိုင်ပါတယ်"

ရွှေ။ ။"ကြိုဘင်လောင်းတဲ့ တူတွေကို ဘူကီတွေက စိန်ဝေလျှံအတွက် ဘယ်နှစ်လေးပေးသတဲ့လဲဗျ"

ဂျီ။ ။"တနေ့တုန်းကတော့ ဆယ့်ငါးလေးတောင် ပေးတယ်။ ဒီကနေ့ကျတော့ သုံးလေးသာ ပေးတော့တယ်ဗျ"

ရွှေ။ ။"အင်း တယောက်ယောက်တော့ ရိပ်မိသွားတာ အမှန်ပဲဗျို့"

ထိုနေ့တွင် မြင်းပွဲ ၉ ပွဲ ရှိသည့်အနက် ဘုရင်ခံ၏ ဖလားပွဲမှာ နံပါတ် ၇ ဖြစ်၍ စာရင်းရ မြင်း ၁၂ ကောင် သွင်းသားသည်ကို တွေ့ရသည်။

ကျွန်တော်တို့ ရောက်သွားသော အချိန်၌ မြင်းပွဲ ၄ ပွဲပြေးပြီးဖြစ်ရာ ဘာဂျော်ဂျီမှာ စိန်ဝေလျှံ မပေါ်လာသေးသည့်အတွက်ကြောင့် အိမ်မြှောင်အမြီးပြတ်ဆိုသလို ဖျတ်ဖျတ်လူး ရှိနေတော့သည်။

## တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ပွဲနံပါတ် ၇ သို့ ရောက်သောအခါ စိန်ဝေလျှံမှာ ပထမတွင် ငါးလေးပေးသော်လည်း တဖြည်းဖြည်း လျော့ဆင်းလာ၍ သုံးလေးမှ နှစ်လေးသို့တိုင်အောင် လျော့ကျလာခဲ့လေပြီ။

ဤကိစ္စတွင် မြင်းရှင် ဘာဂျော်ဂျီမှတပါး အခြားလူများ ရိပ်မိကုန်ကြဟန် တူသော်လည်း ဘာဂျော်ဂျီမှုကား နားမလည်နိုင်သဖြင့် မျက်မှောင် တကြုတ်ကြုတ် ရှိနေတော့သည်။

ဘူကီဒိုင်များကလည်း စိန်ဝေလျှံနှစ်လေး၊ ဟက်ပီးဘွိုင် ငါးလေး၊ ဝိဇ္ဇာမ ခုနစ်လေး၊ တိုးနယား ပုံ့ ဆယ်လေး စသည်ဖြင့် ဟစ်အော်လျက်ရှိကြ၏။

မြင်းများသည် ပက်ဒေါက်မှထွက်လာကြ၍ ဂျော်ကီများစီးလျက် ဂိတ်ဆီသို့ သွားကြသောအခါ မြင်း ၁၂ ကောင် စေ့ရုံသာမက ဘာဂျော်ဂျီ၏ အရောင်ဖြစ်သည့် ခရမ်းနှင့်အဖြူကျားအင်္ကျီနှင့် ရွှေရောင်ဦးထုပ် ဆောင်းထားသည့် ဂျော်ကီကို မြင်ရသည်တွင်—

ဂျီ။ ။"ဘယ့်နှယ်ဟာလဲဗျ။ ဂျော်ကီကတော့ ကျုပ်ဂျော်ကီပဲ။ မြင်းကတော့ စိန်ဝေလျှံမဟုတ်ပါလားဗျ"

ရှား။ ။"ဟုတ်ကဲ့ ထင်ပါဘူး"

ဂျီ။ ။"ဘယ်ကလာ ဟုတ်ရမှာလဲဗျ။ ကျုပ်မြင်းက နှာယောင်ကျားနဲ့ ခွာတဘက်ဖြူ။ ဒီဟာက အဖြူမွေးတပင်မပါတဲ့ သဟက်ကြီးပါလားဗျ"

ရှား။ ။ကြည့်ပါအုံးလေ၊ ဟုတ်ပါလိမ့်မယ်"

ဘာဂျော်ဂျီသည် ဦးစံရှားနှင့် ဖက်ပြိုင်၍မငြင်းလိုတော့သည့်ဟန်ဖြင့် စကားမပြောတော့ပဲ ဂိတ်စီ လျက်ရှိသော မြင်းများကို မှန်ပြောင်းဖြင့် ကြည့်နေတော့သည်။

"ဟော လွှတ်ပြီ"

မြင်း ၁၂ ကောင်သည် ကြိုးတန်းထားသကဲ့သို့ တညီတညွတ်တည်း ထွက်ကြသော်လည်း လမ်းတဝက်သို့ ရောက်သောအခါတွင် သုံးကောင်သော မြင်းတို့သာလျှင် ချွန်တက်လာကြရာ ယင်းတို့ အနက်တွင် ဘာဂျော်ဂျီ၏ ခရမ်းကျားသည် တတိယဖြစ်နေ၏။

ပန်းတိုင်နှင့် တဖာလုံခွာသောနေရာတွင် ခရမ်းကျားသည် ဒုတိယမြင်းကို ကျော်တက်၍ ရှေ့ဆုံးမြင်း၏အမြီးကို ဦးတိုက်လျက်ရှိ၏။

ဂျော်ကီက ကြိမ်သွင်းလိုက်ရာတွင် ခရမ်းကျားသည် တချက် နှစ်ချက် ခုန်တိုး၍ ရှေ့ဆုံးမြင်းနှင့် ဦးခေါင်းချင်းယှဉ်လျက် ရှိတော့သည်။

ပထမတန်းရှေ့သို့ ရောက်လာကြသောအခါ၌ ခရမ်းကျားနှင့် အခြားမြင်းသည် နှာချင်းယှဉ်လျက်ပင် ရှိသေးရာ ဂျော်ကီများက ဗယ်ပြန်ညာပြန် ကြိမ်သွင်းကြသောအခါတွင်မှ တခုန်လျှင် တခုန်ချင်း တူသော်လည်း ခရမ်းကျား၏ တခုန်သည် တလက်မခန့်စွန်းထွက်၍ ပန်းဝင်သောအခါ၌ ဦးခေါင်းတလုံး တိတိ အနိုင်ရသွားလေသည်။

ဘာဂျော်ဂျီသည် မျက်လုံး မျက်ဆံပြူးလျက် ကြည့်နေရာမှ—

ဂျီ။ ။"ရှုပ်လှချေကလားခင်ဗျာ။ နိုင်တာကတော့ ကျွန်တော့် ဂျော်ကီအရောင်ပဲ၊ မြင်းကတော့ ဘယ်ကဟာမှန်း မသိဘူး။ ရှင်းစမ်းပါအုံးဗျာ ဦးစံရှား။ ဘယ်လို လုပ်ထားတာလဲဗျ"

ရှား။ ။"လာပါလေ။ မြင်းကိုသွားကြည့်ကြပါစို့။ ခင်ဗျားမြင်းပါပဲဗျ။ ဟုတ်ပါတယ်"

ဂျီ။ ။"နားမလည်နိုင်ပေါင် ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။“မြင်းကို ရုပ်ဖျက်တဲ့လူက ဖျက်ထားလို့ သူလုပ်ထားတဲ့အတိုင်း ကျွန်တော်က ပွဲသွင်းလိုက်တော့တာပဲဗျာ”

ဂျီ။ ။“အံ့ဩလောက်တဲ့ လူတယောက်ပါပဲဗျာ။ ကျွန်တော်အထင်သေးမိတဲ့အတွက်တောင်းပန်ပါတယ်။ ဒါထက် မောင်ဘကျော့ကို သတ်တဲ့လူကောဗျ။ ပေါ်အောင် လုပ်စမ်းပါအုံးခင်ဗျာ”

ရှား။ ။“ပေါ်နေပါပြီဗျ။ စိတ်ချပါ”

ထိုအခိုက်တွင် ကျွန်တော်တို့သည် ဂျော်ကီနှင့်မြင်းကို ချိန်တွယ်သောနေရာသို့ ရောက်လာကြပြီဖြစ်၍ သက်ဆိုင်ရာ အရာရှိများက အချိန်မှန်ကန်ကြောင်းကို သက်သေခံလျက် ရှိကြသည်။

ဂျီ။ ။“ဘယ်မှာပေါ်လို့လဲခင်ဗျ၊ သတ်တဲ့လူက ဘယ်သူလဲ ဒါဖြင့်”

ရှား။ ။“ကျွန်တော့် အနားတွင်ရှိတာပဲ”

ဦးစံရှား အနီးရှိသူများမှာ ကျွန်တော်နှင့် ဘဂျော်ဂျီအပြင် ကိုအုန်းဖေတို့သာ ဖြစ်ကြရကား ဘဂျော်ဂျီမှာ သူ့အား လူသတ်မှုနှင့် စွပ်စွဲသည့်အထင်နှင့် မျက်နှာ မည်းသွားလျက်—

ဂျီ။ ။“တန်ဗျာ။ ခင်ဗျားကျီစားတာက တဆိတ် လွန်လွန်းပြီထင်တယ်”

ရှား။ ။“ကျီစားတာမဟုတ်ဘူးဗျ။ ဟောဒီမှာပါ”

ဦးစံရှားသည် မြင်း၏လည်ပင်းကို လက်ဖြင့် ပုတ်ပြလိုက်သည့်တွင် ကျွန်တော်တို့အားလုံး အံ့အားသင့်သွားကြရတော့သည်။

ဂျီ။ ။“ဘယ့်နှယ်လဲ မြင်းက သတ်တာလားဗျာ”

ရှား။ ။“သတ်တယ်ဆိုပေမယ့် သူ့ကိုယ်သူ ကာကွယ်ရေးအတွက် လုပ်ရှာတာပါဗျာ။ ခင်ဗျားတပည့် ကိုဘကျော့က လူရိုးမဟုတ်ဘူးဗျ။ကော်တော်ရှုပ်တဲ့လူပဲ။ သို့သော် ဒီအကြောင်းကို မြင်းပွဲထဲမှာ ရှင်းပြလို့ မဖြစ်သေးပါဘူး။ ပွဲပြီးမှ တနေရာရာမှာ ရှင်းပြပါအုံးမယ်ဗျာ”

× × ×

ထိုနေ့ညဉ့် ကျွန်တော်တို့လေးဦးသည် မြင်းရှင်ဘဂျော်ဂျီ၏ ဖိတ်ကြားချက်အရ စထရင်းဟိုတယ်၌ တွေ့ဆုံကြ၍ သီးသန့်အခန်းတခန်းတွင် ညစာစားယင်း ဦးစံရှားက အောက်ပါအတိုင်း ရှင်းလင်းပြောပြလေသည်။

ရှား။ ။“သတင်းစာတွေမှာ ဖတ်ရတဲ့အတိုင်း ဆင်ခြင်လိုက်တော့ ကိုဘကျော့ကို လူမောင်သတ်တယ်လို့ ထင်စရာပဲ။ ကျွန်တော်ကိုယ်တိုင်လဲ ကမာရွတ်ကို လာစဉ်က ဒီအတိုင်းပဲ ထင်မိတယ်။ သို့သော် မကျေနပ်စရာ အချက်ကလေးတွေတော့ ရှိတယ်ပေါ့ဗျာ။ မြင်းဇောင်းရောက်လို့ ကားပေါ်က ဆင်းမယ်လုပ်တော့မှ ဆိတ်ကလီစာ ဟင်း အကြောင်းကို စဉ်းစားမိလို့ ကားပေါ်မှာ ကျွန်တော် ငေးကျန်ရစ်ခဲ့တာ မြင်ကြတယ် မဟုတ်လား။ ဒီလောက် အရေးကြီးတဲ့ အချက်တခုကို ဘယ့်နှယ်ကြောင့် လျှံသွားရပါလိမ့်မလဲလို့ ကိုယ့်ဟာကိုယ် အံ့ဩပြီး စဉ်းစားကျန်ရစ်တာပဲ”

ဂျီ။ ။“ကျွန်တော်ဖြင့် အခုတောင် မရိပ်မိသေးပေါင် ခင်ဗျာ”

ရှား။ ။“ကျွန်တော့် အဖို့ဆိုယင် ဆိတ်ကလီစာဟင်းကစပြီး သဲလွန်စ ရခဲ့တာပဲ။ ဘိန်းဆိုတာက အနံ့လဲရှိတယ်။ အရသာ တမျိုးလဲရှိတယ်။ ဆိတ်ကလီစာဟင်း ဆိုတာ တော်တော် ညှီတဲ့ဟင်းမျိုးဗျ။ မဆလာတွေ အများကြီးခတ်ရတယ်၊ ဒီတော့ကာ အနံ့အရသာ ဖျောက်ချင်တယ်ဆိုယင် ဆိတ်ကလီစာဟင်းထဲမှာ ခတ်ကျွေးတာလောက် နေရာကျတာ ဘယ်မှာရှိမှာလဲဗျ။ လူမောင်က ဟင်းထဲမှာ ဘိန်းခတ်



www.burmeseclassic.com

www.burmeseclassic.com



ကျွေးဖို့ အကြံပြုထားတဲ့နေ့မှာမှ ကိုဘကျော့တို့အိမ်က ဆိတ်ကလီစာဟင်း ချက်မိလျက်သား ကြုံနေတယ်ဆိုလို့ မဖြစ်နိုင်ဘူး။ အဆင်သင့်လွန်းအားကြီးတယ်။ ဒါကြောင့် ဒီအမှုမှာ လှမောင်ကို ဖယ်ထုတ်ထားပြီး ကိုဘကျော့နဲ့ သူ့မယားမတင့်တို့ကို စဉ်းစားတယ်။ ဘိန်းခတ်ကျွေးချင်လို့ ဆိတ်ကလီစာ ဟင်းချက်တယ်ဆိုယင် သူတို့ နှစ်ယောက်အနက် တယောက်ယောက် ဖြစ်ရမှာပဲ။ ဘိန်းခတ်တော့လဲ ဟင်းအိုးထဲမှာ ခတ်တာ မဟုတ်ဘူး။ ဘဦး စားမယ့် ဟင်းပန်းကန် တခွက်တည်းမှာ ခတ်ခြင်း ဖြစ်တယ်။ ဒီ့ပြင် သူငယ် နှစ်ယောက်ဟာလဲ ဆိတ်ကလီစာဟင်း စားကြတယ်။ ဘာမှ မဖြစ်ဘူး။ ကောင်းပြီ။ ဒီလင်မယား နှင်ယောက်အနက် ဘာရီ မမြင်အောင် ဟင်းပန်းကန်မှာ ဘိန်းခတ်ဖို့ ဘယ်သူ တတ်နိုင်သတဲ့လဲ တဲ့။

''ဒီအချက်ကို မဆုံးဖြတ်သေးမီ ဟိုညတုန်းက မြင်းဇောင်းက ခွေးသမင်ဟာ ငြိမ်ချက်သားကောင်းတယ်လို့ ကျုပ် စဉ်းစားမိတယ်။ လှမောင် အကြောင်း ပြောကြတုန်းက မြင်းဇောင်းမှာ ခွေးသမင်တကောင် ရှိတယ်လို့ ကျုပ် သိရတယ်။ လူတယောက်ယောက်က မြင်းဇောင်းကို ဖွင့်ပြီး မြင်းကို ထုတ်သွားတာတောင် ခွေးက မဟောင်ဘူးဆိုတော့ အသိဖြစ်နေလို့ပဲဟာပေါ့။ သူစိမ်းတယောက်ဆိုယင် ခွေးဟောင်လို့ အထပ်ခိုးပေါ်မှာ အိပ်ကြတဲ့ သူငယ်တွေ နိုးမှာပေါ့''

ဂျီ။ ။''ဟုတ်ပါပေတယ်ဗျာ။ ဒါလောက်မှ ကျွန်တော်တို့ မစဉ်းစားမိဘူး''

ရှား။ ။''ဒီတော့ကာ ညကြီးသန်းခေါင်မှာ မြင်းဇောင်းသွားပြီး စိန်ဝေလျှံကို ထုတ်သွားတဲ့လူဟာ ကိုဘကျော့ဖြစ်ရမှာပဲလို့ ကျုပ်သိရတယ်။ သို့သော် ဘယ်လို အကြံအစည်နဲ့လဲတဲ့။ ကေန္တ မရှိးသားတဲ့ အကြံအစည်နဲ့ ဖြစ်ရမယ်။ ဒါကြောင့်သာ ကိုယ့်လူကိုယ် ဘိန်းတွေဘာတွေ ခတ်ပြီး ခဲခဲယဉ်းယဉ်းလုပ်တာပေါ့ဗျ။ သို့သော် သူ့အကြံဟာ ဘယ်လိုဆိုတာတော့ တိတိကျကျ ကျုပ် မတွေးတတ်သေးဘူး။ မြင်းသမားဆိုတာ အတော်ရှုပ်တဲ့ လူတွေပဲ။ ကိုယ့်မြင်းကို ရှုံးအောင်လုပ်ပြီး တဖက်လှည့်နဲ့ လောင်းယူကြတဲ့ လူတွေလဲ အများကြီး ကြားဖူးတာပေါ့။ ဆွဲစီးတယ် ဆိုတာမျိုးကတော့ ရိုးနေတဲ့ အလုပ်ပဲ။ သို့သော် ကိုဘကျော့ရဲ့ အကြံကို တိတိကျကျ မပြောနိုင်သေးလို့ စုံစမ်းရာမှာ သူ့အိတ်ထဲမှာတွေ့တဲ့ ပစ္စည်းတွေကလဲ သဲလွန်စ ဖော်ပေးနေတာကိုးဗျ''

ဖေ။ ။''ဘီလ် စာရင်းတွေလား ဆရာ''

ရှား။ ။''ဘီလ် စာရင်းက တမျိုးပဲ။ သို့သော် သူ့အကြံကို ဖော်တာက ဓားစာလေးဗျ။ ဟိုညက ကိုဘကျော့ဟာ ဒီဓားကလေးကို လက်နက်တခုအနေနဲ့ ကိုင်သွားတယ်လို့တော့ မဟုတ်နိုင်ဘူး။ အကြံတခုကြောင့် ဖြစ်ရမယ်။ အကြံက ဘာလဲဆိုတော့ မြင်းတကောင်ကို ပေါင်လုံး အောက်နားက အကြောကလေးတခုကို ဖြတ်လိုက်ယင် ဒဏ်ရာမပေါ်လာပဲ ခြေနာသလိုလိုနဲ့ မပြေးနိုင်ပဲ ဖြစ်သွားတယ်ဆိုတာကို ကြားဖူးကြတယ် မဟုတ်လား။ ခင်ဗျားတို့ မကြားဖူးယင်သာ ရှိရမယ်၊ ကိုဘကျော့ကတော့ ကြားဖူးလို့ လုပ်စမ်းကြည့်မလို့ဗျ''

ဂျီ။ ။''ခွေးမသား တယ်မိုက်တဲ့ ကောင်ပါလား''

ရှား။ ။''မြင်းဇောင်းထဲမှာ လုပ်ယင် လန့်ဖျပ်ပြီး သူငယ်တွေ နိုးမှာစိုးလို့ မြင်းကို ကွင်းထဲ ဆွဲထုတ်သွားတာကိုးဗျ''

ဖေ။ ။''ဩော် ဒါကြောင့် ဖယောင်းတိုင်တို့ ဘာတို့ လိုတာကိုး ဆရာ''

ရှား။ ။''အစစ်ပေါ့။ ပြီးတော့ သူ့အင်္ကျီအိတ်ထဲမှာ သူ့အကြံအစည်ကို ဖော်ပြတဲ့ ပစ္စည်းသာမက ဘယ်အချက်ကြောင့် သူ ဒီလို ကြံစည်ရတယ် ဆိုတဲ့ သက်သေခံပစ္စည်းလဲ တွေ့ရတာကိုးဗျ။ ခင်ဗျား ပြောတဲ့ ဘီလ်စာရင်းပေါ့။ မောင်မင်းကြီးသားက မယားငယ်နဲ့ ဘာနဲ့ကိုးဗျ။ သူ့မယားငယ်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက် ချောတယ် လှတယ်တော့ မဆိုနိုင်ဘူး။ ဝတ်ကောင်း စားကောင်းကတော့ တော်တော် ကြိုက်တာပဲ။ လုံချည်တထည် ငါးဆယ့်ငါးကျပ်ဆိုတာ တော်တော့ မိန်းမ ဝတ်နိုင်တာ မဟုတ်ဘူး ထင်တယ်။ သူ့မယား မဘင်မှာ ဒီအဝတ်မျိုးလဲ မရှိဘူးတဲ့။ ဒါကြောင့် ကျုပ်က သူ့ခေါင်ပုံကိုင်ပြီး တီဂျူးမား ပိုးထည်တိုက်ကို သွားမေးရယင် သူငယ်ချင်း ကိုတင့်ဆွေရဲ့ မြေသနာ ရှင်းသွားလိမ့်မယ်ဆိုပြီး မှတ်ယူထားလိုက်တာပဲ"

ဖေ။ ။"ဟုတ်မှာပါ ဆရာ။ ဘယ်က ကိုတင့်ဆွေမှ ရှိမှာ မဟုတ်ပါဘူး။ သူ့မယားက ထူတူတူ အ တတမို့ သူလှိမ့်ချင်တိုင်း လှိမ့်နေတာပါ"

ရှား။ ။"ဒီက ရွှေလျှောက်တော့ ခပ်ရှင်းရှင်း ရှိပါတော့တယ်။ ကိုဘကျော့က မြင်းဆွဲပြီး လာခဲ့။ ကွင်းကြီးထဲရောက်။ လမ်းမှာ လှမောင်က မဟားတရား ထွက်ပြေးရလို့ ကျကျန်ရစ်တဲ့ တာဖတာ လည်ပင်းစည်း အဝတ်ကို တွေ့လို့ ကောက်ယူခဲ့။ သူ့အကြံက မြင်းကို ခြေထောက်က ချည်တုပ်ဖို့ စိတ်ကူးလေသလား မပြောတတ်ဘူး။ ကွင်းထဲရောက်တော့ ကိုဘကျော့က မြင်းနောက်ပိုင်းသွားပြီး အကြောဖြတ်ဖို့ မီးခြစ်လိုက်ဟန် တူပါရဲ့။ သူ့မြင်းဆိုတော့ ရဲတာပေါ့လေဗျာ။

"ဒါပေမယ့် မြင်းက သခင်သော ဘာသော နားမလည်ဘူး၊ ညကြီးသန်းခေါင် ခေါ်ထုတ်လာကတည်းက လန့်တန့်တန့် ဖြစ်နေရတဲ့ အထဲမှာ မီးခြစ်က ရှဲကနဲမြည်ပြီး ဝင်းကနဲ လင်းလိုက်တော့ ဖြတ်ကနဲ လန့်ပြီး ကန်မိကန်ရာ ကန်လိုက်တော့ သံခွာနဲ့ နဖူးနဲ့ တည့်တည့်ကြီးဆောင့်ပြီး ပွဲချင်းပြီးဟန် တူပါရဲ့။ ဒီအလုပ်ကို လုပ်မယ်ဆိုတော့ မိုးကာအင်္ကျီချွတ်ပြီး ချုံပေါ်မှာတင်၊ ဓားကို လက်မှာ ကိုင်ထားယင်း မြင်းကန်လိုက်လို့ လွင့်ကျသွားရာမှာ သူ့ပေါင် သူ့ဓားနဲ့ ခိုက်မိတာ ဖြစ်ရမှာပဲ"

ဂျီ။ ။"ကောင်းပါပေ့ဗျာ။ ကိုယ်တိုင် စောင့်ကြည့်နေသလို ရှိပါပေ့"

ရှား။ ။"သို့သော် ကျွန်တော်တာ အဝေးကြီး လှမ်းပစ်လိုက်တဲ့ အချက်တခုက မှန်သွားတာ ရှိသေးတယ်။ ဒါကတော့ ကံစွန့်ကံစမ်း ဆိုတာမျိုးပါပဲ။ တည့်ချင်လို့သာ တည့်တာပါ။ ဆိတ်တွေကို ခြံထဲ မောင်းသွင်းနေတာ မြင်တော့ ကိုဘကျော့ဟာ ဒီလောက် သိမ်မွေ့တဲ့ အလုပ်မျိုးကို လုပ်ယင် မလုပ်ခင် အလေ့အကျင့် ယူအုံးမှာပဲလို့ တွေးဆပြီး ဆိတ်ထိန်း ကုလားကို မေးကြည့်လိုက်တာ နေရာကျချင်တော့ တပ်တပ်အပ်အပ် စွပ်နေတော့တာပဲဗျို"

ဂျီ။ ။"ကောင်းပါဗျာ။ ရှင်းပါပေ့။ တယ်ရှင်း"

ရှား။ ။"ဒါနဲ့ ဟိုနေ့က ရန်ကုန် ပြန်ရောက်တော့ တီဂျူးမား ပိုးထည်တိုက်သွားပြီး ဓာတ်ပုံပြ မေးတော့ ဒီလူဟာ သူတို့ ဖောက်သည်ပါတဲ့။ သူ့မယားက ချောချော။ ပြင်သစ် ပိုးထည်တွေ ခဏခဏ ဝယ်ပါတယ်တဲ့"

ဂျီ။ ။"ဟုတ်ပါပေ့ဗျာ။ နို့ဗျာ မြင်းကို ဘယ်လိုလုပ်ပြီး ရုပ်ဖျက်ကြပါလိမ့်"

ရှား။ ။"လုပ်နေကျ လူတွေ အဖို့တော့ ဘာခက်သလဲဗျာ၊ အဖြူကို အညိုလုပ်တာ လွယ်လွယ်ကလေးပဲ။ ဖျက်ချင်တော့ အရက်ပြန်နဲ့ ပွတ်လိုက်ယင် ချက်ချင်း ပြန်ဖြူလာပါလိမ့်မယ်"

ဂျီ။ ။"မြင်းကို ဝှက်တဲ့ လူတစုကကောဗျ။ ဘယ်သူတွေလဲ"

ရှား။ ။"မြင်းကို ခိုးတာမှ မဟုတ်ပဲ။ လန့်ထွက်ပြေးလို့ သိမ်းထားတာပါဗျာ။ သို့သော် ကိုယ့်မြင်း ပြန်ရလို့ ပွဲနိုင်ပြီးတဲ့ နောက်တော့ ဟိုလူတွေကို ရန်မရှာချင်ပါနဲ့တော့။ ကျွန်တော်တာ တာဝန်ယူပြီး တောင်းပန်ပါတယ်"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၃၁။ သြဇာသုံးစေ့အမှု*

ကျွန်တော်သည် ဦးစံရှား စုံထောက်သော အမှုများအကြောင်းကို ဖော်ပြရာ၌ အများအားဖြင့် ဦးစံရှား ကိုယ်တိုင် အပြီးသတ်နိုင်၍ တရားခံကို လက်ရဖမ်းဆီးရမိသော အမှုများကိုသာ ရေးသားဖော်ပြလေ့ရှိ၏။

ဖြစ်မှုကြီးလှ၍ ဗြိတိသျှအစိုးရ ဥပဒေအရ ဖြစ်မှုထင်ရှားသော တရားခံအား ကြိုးစင်တင်၍ သတ်ရမည့် အမှုမျိုးပင်ဖြစ်စေကာမူ တရားခံအား ထောက်ထား ညှာတာထိုက်သော အချက်အလက်များ ရှိသည် ထင်လျှင် ဖုံးဖိ ထိန်ချန်သည်ဟု မဆိုနိုင်ပဲ အစအဆုံး မလိုက်မူ၍ ဦးစံရှား မျက်နှာလွှဲပေးသော အမှုမျိုး အနည်းငယ်ကိုလည်း ဖော်ပြခဲ့ဖူးလေသည်။

ဦးစံရှား စုံထောက်ခဲ့သော အမှုများဆိုင်ရာ မှတ်တမ်း မှတ်စုများကို ပြန်လည်ဖတ်ရှုရာတွင် သြဇာသုံးစေ့ အမှုမှာ နံပါတ် ၁ တွင် ပါရှိသည့် အမှုမျိုး မဟုတ်သဖြင့် ချန်လှပ်ထားခဲ့သော်လည်း တရားခံကို လက်ပူးလက်ကြပ် ဖမ်းဆီးရမိခြင်း မဟုတ်စေကာမူ ကြမ္မာဖန်တီးခြင်းဖြင့် တရားခံ သို့မဟုတ် တရားခံများ သည် လူ့လောကဇာတ်ခုံကြီးတွင် ဇာတ်သိမ်းသွားသည်ဟု ယုံကြည်စိတ်ချနိုင်ရန် အကြောင်း လုံလောက်စွာ ရှိသည် ဖြစ်သောကြောင့် ယခုမှပင် ဤမဂ္ဂဇင်းတွင် ပထမအကြိမ် ထည့်သွင်းဖော်ပြရန် ပေးပို့လိုက်ခြင်း ဖြစ်ပါတော့သည်။

၁၉၁၄ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ပထမ ကမ္ဘာစစ်ကြီး စတင်ဖြစ်ပေါ်ခဲ့ရာ ထိုစဉ်အခါက ကမ္ဘာစစ်ဟူသော ဝေါဟာရမှာ ပေါ်ပင်မပေါ်သေးပဲ တဘက်တဘက်တွင် တိုင်းပြည်တွေ အများကြီး ပါဝင်သည်ဆိုကာ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ရသည်ကား မှန်ပါသည်။

ထိုစဉ်အခါ၌ အသက်ရှင်လျက်ရှိသော လူများသည် ဗြိတိသျှ—ဒတ်ချ် စစ်၊ ရုရှား—ဂျပန် စစ် စသည် မျှလောက်သာ ကိုယ်တိုင် ကြုံဖူးကြားဖူး၍ စစ်ဟူသည် ကမ္ဘာသူ ကမ္ဘာသားကို မည်မျှလောက် လှိုင်းဂယက် ရိုက်ခတ်နိုင်သည်ဟူ၍ နားမလည်သေးအောင် ရှိကြပါတော့သည်။

သို့ဖြစ်၍ ရန်ကုန်မြို့သူမြို့သားများသည် မိမိတို့၏ အရှင်သခင် ပါဝင်ဆင်နွှဲသောစစ်ဆို၍ ဦးခေါင်းထောင် ကြည့်တတ်ကြသော်လည်း ယခုအခါ ကမ္ဘာ့ရေးရာ၌ အဝါးဝသော လူများက အင်ဒို့ချိုင်းနား

* ဤဝတ္ထုကို ရှုမဝမဂ္ဂဇင်း၊ ၁၉၅၄၊ အောက်တိုဘာ၊ အမှတ် ၇၉ တွင် 'သြဇာသုံးစေ့အမှု၌ မောင်စံရှား စုံထောက်ပုံ' အမည်ဖြင့်တွေ့ရသည်။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၇ နှင့် နှလုံးလှစာပေတိုက်မှ အတွဲ ၄ တို့တွင် 'ကြက်သွေးရောင် ရှစ်အင်္ဂါအသင်း' အမည်ဖြင့် ပြန်လည်ပုံနှိပ်သည်။ မူရင်းမှာ The Fin Orange Pips ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


စစ်နှင့် ပတ်သက်၍ စိုးရိမ်သောက ရောက်ကြသလောက် စိုးရိမ်ပူပန်ဖို့ နားမလည်ပဲ စီးပွားရေးမျက်စိကျယ်သူ တရုတ်–ကုလား ကုန်သည်များက ဂျာမနီလုပ် ကုန်ပစ္စည်းများ တက်သုတ်ရိုက် ဝယ်ယူ သိုလှောင်ကြခြင်းမျှလောက်သာ ကျွန်တော်တို့ သတိပြုလိုက်မိပေသည်။

ထိုစဉ်အခါက ကျွန်တော်နှင့် ဦးစံရှားမှာ ရန်ကုန်မြို့ လမ်း ၄၀ ရှိ ဒုတိယအထပ် တိုက်ခန်းတခန်း၌ပင် နေထိုင်လျက် ရှိကြသေးသည့်အခိုက်ဖြစ်ရာ ဩဂုတ်လ ကုန်ခါနီး တညခင်း၌ ကျွန်တော်တို့သည် အိမ်ဦးခန်းတွင်ထိုင်လျက် ကုန်ပစ္စည်းများ နေ့ချင်းညချင်း ဈေးတက်ခြင်းအတွက် တရုတ်နှင့် ကုလားကုန်သည်များသာ အကျိုးများ၍ ဝယ်ယူသုံးစွဲရသူ ကျွန်တော်တို့ ဗမာလူမျိုးများ နစ်နာကြရသည့် ဖြစ်အင်ကို ညည်းတွား ပြောဆိုလျက် ရှိကြသည်။

ကျွန်တော်သည် ဦးစံရှား ပြောသော စကားကို ကောင်းစွာ မကြားရသည်နှင့် ကုလားထိုင်ကို သူ့ဘက်သို့ တတောင်ခန့် ဆွဲယူကာ ထိုင်လိုက်ရသည်။

အကြောင်းမူကား တညနေလုံး ရွာသွန်းလျက်ရှိသော မိုးသည် ထိုအခိုက်တွင် လေပင့်၍ တိုက်ရှေ့ပြတင်းတံခါးများသို့ အဟုန်ပြင်းစွာနှင့် ဆောင့်၍ဆောင့်၍ တိုးခြင်းကြောင့် ပြောင်းပြောင်း မြည်သော အသံများ တဆက်တည်း ပေါ်ထွက်လျက် ရှိပေသောကြောင့်တည်း။

ရှား။ ။"ရွာလိုက်တဲ့မိုး၊ တိုက်လိုက်တဲ့လေဗျာ။ ဒီရာသီကြီးမှာ ဝမ်းရေးအတွက် မနေသာလို့ လမ်းပေါ်မှာ တလှုပ်လှုပ်တရွရွ သွားရှာကြရတဲ့ လူတွေတော့ ဒုက္ခပဲဗျို"

ကျွန်။ ။"ဝမ်းရေးအတွက် အပြင်ထွက်ကြရတာတော့ ထားပါတော့။ ဒီလို အခြေအနေမျိုးမှာ ဘိုင်စကုတ်ကြည့်ဖို့ ထွက်ဝံ့ကြတဲ့ လူများတော့ အံ့သြပါရဲ့ဗျာ"

ရှား။ ။"တချို့လူတွေအဖို့က ပျော်မှုပါးမှုဟာ ဝမ်းစာမှုလောက် အရေးကြီးချင်လဲ ကြီးတတ်သေးတာကိုးဗျ။ ဟော ကြားလား။ လှေကားက တက်လာတဲ့ခြေသံ။ ဒီလူကတော့ဖြင့် ဝမ်းရေးလဲမဟုတ်၊ ပျော်ပါးရေးလဲ မဟုတ်၊ အသက်ကလေးတချောင်း တည်မြဲရေးအတွက် ဒီလိုရာသီကြီးထဲမှာ သူ့အိမ်က စွန့်ခွာပြီး ကျုပ်တို့ဆီ လာရှာခြင်းနဲ့တူရဲ့"

ပြောဌပြောဆိုဆိုနှင့် ဦးစံရှားသည် စားပွဲတင် စာကြည့် ခတ်မီးအိမ်မှ အလင်းရောင်ကို ကုလားထိုင်လွတ်ဘက်သို့ တည့်တည့်ကျရောက်စေရန် မီးအိမ်ကို အနည်းငယ် ရွှေ့ပြောင်း ပြုပြင်လိုက်သည်။

မကြာမီ အခန်းတံခါးကို ခေါက်သံကြားရ၍ ကျွန်တော်က ထ ဖွင့်ပေးရသည်။

တံခါးပေါက်မှ ဝင်လာသူမှာ အသက် ၂၀ ကျော်ရုံမျှရှိသည့် လူငယ်တယောက်ဖြစ်၍ သနားကမား ဆိုလောက်သည့် ရုပ်ဆင်းသဏ္ဍာန်နှင့် စိုးရိမ်သောက ရောက်ပုံရသည့် ကြည့်ခြင်းမျိုးရှိ၏။

သူ့ကိုယ်၌ ရွှဲရွှဲစို၍ အဖရောင်တဖိတ်ဖိတ် တောက်နေသည့် မိုးကာအင်္ကျီပါး အဝါရောင်ဝတ်ထား၍ ဘတ်ဖဲ့လိုးဘီလ်ခေါ် ဦးထုပ် ဆောင်းထားသည့်ပြင် လက်မှာလည်း ဖဲ့ထီးတလက် ကိုင်ဆောင်လာသည်။ ထိုသူသည် ထီးမှ တစက်စက်ကျနေသော မိုးရေများကို ခါချယင်း–

"ကျွန်တော် တက်လာတဲ့အတွက် ကြမ်းတွေတော့ စိုကုန်ပါပြီ။ အားနာစရာပါပဲ ခင်ဗျာ" ဟု ပြောက ဦးစံရှားက ထီးကို ယူ၍ဖွင့်ပြီး အခန်းထောင့်၌ ရေစစ်အောင် ထားပေးယင်း–

"အားနာစရာ မဟုတ်ပါဘူး၊ ထိုင်ပါ၊ ထိုင်ပါ၊ လာ လာ၊ ဟောဒီမှာ"ဟု ပြောလျက် ကုလားထိုင်လွတ်ဆီသို့ ခေါ်သွားလေသည်။

ရှား။ ။(သူ့ခြေထောက်ကို ကြည့်လျက်) "အင်းစိန်ဘက်က လော်ကယ်ရထားနဲ့ လိုက်ခဲ့မှတ်တယ်"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



လူငယ်။ ။"မှန်ပါတယ် ခင်ဗျာ"

ရှား။ ။"ပြီးတော့ လန်ချား ဆက်စီးခဲ့တယ် ဟုတ်စ"

လူငယ်။ ။"ဟုတ်တယ် ခင်ဗျ"

ရှား။ ။"ဒီရှုံ့မျိုးဟာက မြေနီကုန်းဘက်နဲ့ အင်းစိန်ဘက်မှာ ရှိတတ်တာပဲ။ အချိန်ကလဲ ၈ နာရီဆိုက်တဲ့ လော်ကယ်ရထားက ဆင်းပြီး လန်ချားနဲ့လာယင် အတော်လောက်ပဲ" (ထိုခေတ်အခါက မြေနီကုန်းဘက်တွင် လူနေအိမ်ခြေ အလွန်နည်းပါးသေးသည်။)

လူငယ်။ ။"ကျွန်တော် လာရခြင်းက အကြံဉာဏ်အတွက်ပါ ခင်ဗျာ"

ရှား။ ။"ဒါကတော့ လွယ်ပါတယ်။ ပေးရတာပေါ့"

လူငယ်။ ။"တတ်နိုင်ယင် အကူအညီလဲ တောင်းလိုပါတယ်"

ရှား။ ။"ဒါကတော့ ဒီလောက် မလွယ်ပေဘူး ထင်တယ်။ သို့သော် ကြည့်တာပေါ့"

လူငယ်။ ။"ကျွန်တော့်အမှုက သာမန် အမှုမျိုး မဟုတ်ပါဘူး ခင်ဗျာ"

ရှား။ ။"ဟုတ်လား။ ကျုပ်ဆီ ရောက်လာတယ် ဆိုကတည်းက သာမန် မဟုတ်ဘူးပေါ့။ ကိုင်း ဆိုစမ်း"

လူငယ်။ ။"ဒီလောက် ဆန်းကြယ် နက်နဲ ရှုပ်ထွေးတဲ့ အမှုမျိုးကို ဦး ကိုင်မှ ကိုင်ဖူးမယ် ထင်ပါတယ်"

ရှား။ ။"လုပ်ပါလေ၊ ပြောပြစမ်းပါအုံး။ ၈ ချိုပုံကတော့ဖြင့် စိတ်ဝင်စားစရာပေပေါ့။ ကိုင်း ရှေးဦးစွာ အကြမ်းဖျင်း ပြောစမ်း။ အသေးစိတ်တော့ နောက်မှ ကျုပ်မေးယူမယ်"

လူငယ်သည် သောက်လာသော စီးကရက်တိုကို ပြာခွက်ထဲသို့ ငြိမ်းသတ်ထည့်ပြီးနောက် အောက်ပါ အတိုင်း ပြောပြလေသည်။

"ကျွန်တော့် နာမည်က မောင်ကံကောင်းပါတဲ့ ခင်ဗျာ။ အင်္ဂလိပ်ကျောင်းမှာ ၁၀ တန်း အောင်ပြီးလို့ ကောလိပ်တက်ဖို့ စိတ်ကူးဆဲပါ။ သို့သော် ဒီအမှုဟာ ကျွန်တော့် အကြောင်းခြင်းရာ ဟာက အရာ မရောက်တဲ့အတွက် ကျွန်တော့် အတ္ထုပ္ပတ္တိကို အသာထားလို့ ကျွန်တော့် အနွယ်အဆက်က စပြီး ပြောပြပါရစေ ခင်ဗျာ"

ရှား။ ။"လုပ်ပါလေ"

ကံ။ ။"ကျွန်တော့်အဖိုး မြေပိုင်ရှင် ဦးသာညိုမှာ သားနှစ်ယောက်ရှိတယ် ခင်ဗျ။ ဦးသာဝနဲ့ ဦးသာလှတဲ့။ ဘကြီးက ဦးသာဝ၊ ကျွန်တော့်အဖေက ဦးသာလှပါ။ သားနှစ်ယောက်လုံးကို အင်္ဂလိပ် ကျောင်းမှာ ထား။ နှစ်ယောက်လုံး အက်(ဖ)အေ အောင်။ ကျွန်တော့်အဖေ ဦးသာလှက ရန်ကုန် အတွင်းဝန်များ ရုံးကြီးမှာ စာရေးလုပ်။ ဘကြီး ဦးသာဝကတော့ အိန္ဒိယပြည် ကာလကတ္တား ယူနီဗာစီတီမှာမှ ဘီအေ သင်ချင်တယ်ဆိုလို့ ကျွန်တော့်အဘိုးက ခနိုင်လုံသူ ဖြစ်တဲ့အတိုင်း သားအလို လိုက်ပြီး ဘင်္ဂလားကို လွှတ်ခဲ့ပါတယ် ခင်ဗျာ။

"ကျွန်တော့်ဘကြီးက ဟိုတုန်းကတည်းက နိုင်ငံရေး ဝါသနာပါလို့မို့ စာအုပ်တွေ တိတ်တဆိတ် မှာမှာပြီး ဖတ်လေ့ရှိတယ်လို့ အဖေက ပြောဖူးပါတယ်။ ဘင်္ဂလား ရောက်သွားတော့လဲ စာကောင်းကောင်း မသင်ပဲ အိန္ဒိယပြည်က နိုင်ငံရေးသမားကြီးတွေနဲ့ ပေါင်းပြီး ဟိုအဖွဲ့ထဲ ပါ၊ ဒီအသင်းထဲ ပါနဲ့ အဘိုးကို တော်တော် ဒုက္ခပေးတယ် ခင်ဗျ။ အဘိုးကလဲ ဒီကနေပြီး တော်တော်ဆူသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံး ကျတော့ ကျောင်းလဲမနေ၊ အဘိုးရဲ့ အမွေပေးအလုပ်ကိုလဲ မယူတော့ပဲ ကုလားပြည်မှာ သူ့ဘာသာသူ ထင်ရာတွေ လျှောက်လုပ်နေသတဲ့။ အိန္ဒိယပြည်မှာ ဒီအခါတုန်းက တိုင်းပြည်လွတ်လပ်ရေး လိုချင်တဲ့အတွက် Terrorist Movement ခေါ်တဲ့ အကြမ်းနည်းနဲ့ အလုပ် လုပ်နေကြတဲ့ ခေတ်ကိုး ဗျ။

"ဘုရင်ခံတို့၊ အရေးပိုင်တို့၊ ပုလိပ်မင်းကြီးတို့ ဆိုတဲ့ ဗျူရိုကရက် အရာရှိတွေဟာ ပြည်သူရဲ့ရန်သူပဲ ဆိုပြီး တိတ်တဆိတ် ချောင်းသတ်တဲ့ စနစ်ပေါ့ ခင်ဗျာ။ သူတို့ အထင်က မျက်နှာဖြူ အမှုထမ်းတွေကို ခဏခဏ သတ်ပေးယင် သူတို့နေရာမှာ နောက်ထပ် လူမရနိုင်ပဲ စိတ်ညစ်ပြီး ဗြိတိသျှအစိုးရက လွတ်လပ်ရေး ပေးပစ်လိုက်လိမ့်မယ်လို့ မျှော်လင့်တယ်ဆို ထင်ပါရဲ့။

"အဲဒီလို အသင်းအဖွဲ့တွေထဲမှာ ကျွန်တော့်ဘကြီးလဲ ပါနေတယ်လို့ ဗြိတိသျှအစိုးရက မသင်္ကာဘူး ဆို ထင်ပါရဲ့။ သို့သော် ကျွန်တော့်ဘကြီးနဲ့ ပတ်သက်လို့ တရားစွဲလောက်တဲ့ သက်သေခံ အထောက် အထားလဲ မရှိဘူးတဲ့ ခင်ဗျ။

"အဘိုးဆီက ပိုက်ဆံမရတဲ့နောက် ဘကြီးက အလုပ်တိုက်တတိုက်မှာ စာရေး ဝင်လုပ်ခြင်းဖြင့် အင်္ဂလိပ်အစိုးရ မြင်နိုင်လောက်အောင် နေရေး ထိုင်ရေးအတွက် အလုပ်အကိုင်တခု ပြထားဆိုကိုး ခင်ဗျ။

"ဒီလိုနဲ့ သုံးလေးနှစ်လောက်ကြာတော့ ဗြိတိသျှအစိုးရက ဘကြီးကို ဘင်္ဂလားနယ်မှာ စိတ်မချ နိုင်ဘူး ဆိုပြီး ဗမာပြည် ပြန်ပို့လိုက်တာကိုး ခင်ဗျ"

ရှား ။ "ဒီရောက်တော့ ဘာများ လုပ်သေးလဲ"

ကံ ။ "အသက်အာမခံ ကုမ္ပဏီတခုမှာ ကိုယ်စားလှယ် ဝင်လုပ်တယ် ခင်ဗျ။ ကျွန်တော့် အထင်တော့ အလုပ်တခုခု ပြနိုင်အောင်သာ လုပ်ရတယ်၊ သူ့မှာ ငွေတော့ တော်တော် ပါလာခဲ့ဟန် တူတယ်။ ဘာကြောင့်လဲဆိုတော့ အဘိုးဆုံးပြီးတဲ့နောက် ရှိတဲ့ လယ်မြေ အမွေများအနက် အတော် အတန်လောက် ရောင်းရုံနဲ့ အင်းစိန်မှာ ကိုးဇီးပီလာခေါ်တဲ့ ဗိုလ်အိမ်ကြီးတလုံးဝယ်ပြီး တခမ်းတနား နေထိုင်နိုင်တဲ့ အနေအထားရှိတယ် ခင်ဗျ။ သူရဲ့ အသက်ပေါင်ကိုယ်စားလှယ် အလုပ်ဟာကလဲ ဒါလောက် ဝင်ငွေ များဟန် မတူပါဘူး။ နို့ပေမယ့် မော်တော်ကားနဲ့ အစေခံ ၂ ယောက် ၃ ယောက်နဲ့၊ မာလီနဲ့၊ ဒရဝမ်နဲ့၊ တော်တော် ဟန်ဟန်ပန်ပန် နေထိုင်နိုင်တယ် ခင်ဗျ"

ရှား ။ "အိမ်ထောင်မရှိဘူးပေါ့"

ကံ ။ "မရှိပါဘူးခင်ဗျာ၊ လူပျိုကြီးပါပဲ။ သို့သော် ကျွန်တော့်ကို သူ့အိမ်မှာ ခေါ်ထားပြီး သူ့ဘာသာ ပညာသင်ပေးတယ် ခင်ဗျာ"

ရှား ။ "အပေါင်းအသင်းများကော မရှိဘူးလား"

ကံ ။ "ကျွန်တော့် ဘကြီးက လူဆန်းကြီးတယောက် ခင်ဗျ။ ဘယ်သူနဲ့မှ အပေါင်းအသင်း မလုပ်ဘူး။ အဖေ့အိမ်ကိုတောင် တလနေလို့ တခေါက်မသွားဘူး။ ဘာသိဘာသာ နေတတ်တဲ့ ဝါသနာရှိတယ် ခင်ဗျ။ တနေ့လုံး ပက်လက်ကုလားထိုင်ပေါ် ထိုင်ပြီး နိုင်ငံရေးစာအုပ်တွေနဲ့ အိန္ဒိယပြည်က သတင်းစာတွေနဲ့ ဖတ်နေတာပဲ။

"အနေ့တော့ ဘကြီးနဲ့ ကျွန်တော်နဲ့ နေ့လယ် လက်ဖက်ရည်သောက်နေကြတုန်း ပို့စ်မင်းက စာတစောင် လာပေးတယ်။ ဘယ်သူ့ဆီကမှ စာတစောင်တလေ မရခဲ့ဖူး လေတော့ ကျွန်တော်ကတောင် အံ့သြပြီး လှမ်းကြည့်လိုက်ရာမှာ လက်နှိပ်စက်နဲ့ လိပ်တပ်ပြီး တံဆိပ်ခေါင်း တော်တော်များများ ကပ်ထား တာကို တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘကြီးက သူ့ထုံးစံအတိုင်း နဖူးရေတင်းပြီး စာအိတ်ကို ဖောက်လိုက်ရာမှာ 'ဒေါက်၊ ဒေါက်၊ ဒေါက်'ဆိုပြီး စားပွဲပေါ် သစ်စေ့ကလေးတွေ ကျလာပါရောခင်ဗျ။ သေသေချာချာ ကြည့်လိုက်တော့ ဩဇာစေ့ကလေး သုံးစေ့ခင်ဗျ။

"ဘယ်သူက ဘာလုပ်ဖို့ ဩဇာစေ့သုံးစေ့ ပို့လိုက်ရပါလိမ့်မလဲလို့ ရယ်ချင်သလိုလို ဖြစ်လာပြီး ဘကြီးမျက်နှာကို လှမ်းကြည့်လိုက်တော့ ချက်ချင်းပဲ ရယ်ချင်စိတ် ပျောက်သွားပါရော ခင်ဗျာ။

"ဘာကြောင့်လဲဆိုတော့ ဘကြီးမျက်နှာဟာ ဖြူဖပ်ဖြူရော်ဖြစ်သွားပြီး နဖူးမှာ ချွေးဥကလေးတွေ စို့လို့၊ လက်ကလဲ ဆတ်ဆတ်တုန်လို့ခင်ဗျ။ ကျွန်တော်က အံ့ဩပြီး ငေးကြည့်နေတုန်းမှာ သူ့ပါးစပ်က ဘာပြောလဲဆိုတော့ 'လည်လွန်းတဲ့ဘီး ချေးနင်းမိ ဆိုတာမျိုးလို ဖြစ်နေပြီကော'တဲ့ ခင်ဗျ။

"ကျွန်တော်က 'ဘာလဲ ဘကြီး'လို့ မေးတော့ 'သေမင်းတမန်ပေါ့ကွယ်'တဲ့။ ပြောပြောဆိုဆိုနဲ့ လက်ဖက်ရည်တောင် ကုန်အောင်မသောက်တော့ပဲ စားပွဲက ထသွားပါရော ခင်ဗျာ။ ကျွန်တော်က စာအိတ်ကို ကောက်ယူကြည့်လိုက်တော့ ဘုံဘိုင်တံဆိပ်ပါတယ်။ အထဲမှာတော့ ဘာစာရွက်မှ မပါပဲ အတွင်းဘက်မှာ မင်နီနဲ့ (S.S.S.!) ဆိုတဲ့ အင်္ဂလိပ် အက္ခရာသုံးလုံးထဲမှာ အဆုံးက အာမေဍိတ် အက္ခရာ တပ်ထားတာ တွေ့ရတယ် ခင်ဗျာ။

"ဒါလောက်နဲ့ ဘာကြောင့် ဒီလောက် ကြောက်ရတယ် ပြောမပြောတော့ပါဘူး။ ဒါနဲ့ ကျွန်တော်လဲ စားပွဲက ထပြီး အိမ်ပေါ် တက်လာတော့ လှေကားမှာ ဘကြီးနဲ့ တွေ့တယ်ခင်ဗျ။ သူ့လက်ထဲမှာ ကက်ရှယာများ ငွေထည့်တဲ့ သံမဏိ သေတ္တာနက်ကလေးတလုံး ကိုင်လို့ဗျ။ ကျွန်တော့်မြင်တော့ ဘာပြောလဲဆို 'ဒင်းတို့ တတ်နိုင်တဲ့နည်းနဲ့ ကိုင်ကြစမ်းပစေ၊ ပေးကို မပေးဘူးကွာ'တဲ့ ခင်ဗျ။ ပြောပြောဆိုဆိုနဲ့ မီးဖိုခန်းထဲ ဝင်သွား။ ကျွန်တော်လဲ သိချင်တာနဲ့ နောက်က တိတ်တိတ်လိုက်ပြီး ချောင်းကြည့်။ ဘကြီးက မီးဖိုမှာ မီးမွှေးပြီး သံသေတ္တာကလေးထဲက စာရွက်တွေကို မီးနဲ့ရှို့။ သေတ္တာကလေး အဖုံးမှာတော့ အတွင်းဘက်က (S.S.S.) ဆိုတဲ့ အင်္ဂလိပ် အက္ခရာ သုံးလုံးကို မြင်ရတယ်ဗျာ။ အာမေဍိတ်အက္ခရာ(!)တော့ မပါဘူး။

"မီးရှို့ပြီးလို့ ကျွန်တော်က ပျာရီးပျာရာ ထွက်ပြေးလာရာမှာ ဘကြီးက ကျွန်တော် ထိုင်နေတဲ့ အခန်းထဲ ဝင်လိုက်လာပြီး 'ငါ့တူ မောင်ကံကောင်း'တဲ့။ 'ခင်ဗျာ'လို့ ကျွန်တော်က ထူးတော့ 'ငါသေယင် ငါ့အမွေကို မင်းအဖေ ရမယ်။ မင်းအဖေ သေပြီး မင်းပဲ ဆက်ခံရမယ် မဟုတ်လား'ဆိုတော့ ကျွန်တော်က သေခြင်းသဘောတရားဆိုတာမျိုးဟာ မရေရာလို့မို့ ရှေ့နောက် အစီအကျ မပြောနိုင်ကြောင်း ပြန်ပြောပါတယ်။ ဒီတော့ ဘကြီးက 'အေးလကွယ်၊ ဒါကတော့ ဟုတ်တာပေါ့၊ သို့သော် မင်းက ကျွန်ရစ်လို့မို့ ငါ့အမွေကို အဆင့်ဆင့် ဆက်ခံရလို့ရှိယင် အေးအေးလူလူ ခံစားနိုင်လဲ ခံစားပေါ့။ နို့မဟုတ်ယင် မင်းစိတ်ထဲမှာ မုန်းစေ့ဆိုတဲ့ လူ့လက်ထဲ ပေးပစ်လိုက်ဟေ့။ ကိုင်း ဒါပါပဲငါ့တူ'တဲ့ ပြောတဲ့ပြီး ဝီစကီ တပုလင်း ဝယ်ခိုင်း။ ဆော်ဒါပုလင်းတွေနဲ့ တခွက်ပြီးတခွက် သောက်နေတော့တာပဲ ခင်ဗျာ"

ရှား ။ ။"ဒီ့အယင်ကကော မသောက်ဘူးလား"

ကံ။ ။"သောက်တဲ့အခါ နည်းနည်းပါးပါး သောက်ပါတယ်။ ဒီနေ့က စပြီးတော့ဖြင့် ဘကြီး သောက်လိုက်တာ မိုးလင်းတယ် မရှိတော့ပါဘူး ခင်ဗျာ။ နည်းနည်း မူးတာနဲ့ မျှားမျှားကြီး မူးတာနဲ့ ဒါလောက်သာ ခြားနားပါတယ်"

ရှား။ ။"တထိုင်တည်း ထိုင်သောက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



ကံ။ ။"ဒီလိုတော့ မဟုတ်ပါဘူး ခင်ဗျာ။ ဇော်ဇော် မှူးလာပြီဆိုမှဖြင့် သူ့မှာ လိုင်စင်ရထားတဲ့ နှစ်လုံးပြူးသေနတ်ကြီး ကိုင်တဲ့ပြီး ညအချိန်များမှာ ဝင်းထဲ ပတ်လည်လျှောက်ပြီး 'ဘယ်သူ့ကြောက်ရမှာလဲကွ၊ သတ္တိရှိ လာစမ်းကွ၊ ဘာကွ၊ ညာကွ'နဲ့ ပါးစပ်က တတွတ်တွတ် ရွတ်ယင်း ဝင်းခြံလေးထောင့်မှာ ပတ္တရောင်လှည့်သလို ကင်းစောင့်ချင် စောင့်တတ်ပါတယ်။

"ဒီလိုလုပ်နေတဲ့အတွင်းမှာ သူ့ဟာသူ လန့်လာတဲ့ လက္ခဏာနဲ့ အိမ်ထဲ ဝင်ပြေးလာပြီး တံခါးတွေ ပိတ်ခိုင်း၊ ဝင်းပေါက်မှာ ဒရဝမ်စောင့်ခိုင်း၊ သူ့အခန်းထဲ သူဝင်၊ ပြတင်းပေါက်တွေပိတ်၊ ဖျတ်ဖျတ်လူးအောင် တုန်လှုပ်ချင် တုန်လှုပ်လာပါတယ်"

ရှား။ ။"မောင့်အဖေကို မတိုင်ပင်ဘူးလား"

ကံ။ ။"ကျွန်တော် တခါတလေရောက်တဲ့အခါ ပြောပြပါတယ်။ ဒါပေမယ့် သူတို့ညီအစ်ကိုဟာ တယ်ပြီး ကြင်ကြင်နာနာ ရှိပုံမရလို့ မို့ 'မင်းဘကြီးဟာ ကုလားပြည်မှာ ဘာတွေ လုပ်လာခဲ့မှန်းမှ မသိပဲကွယ်'တဲ့ ခပ်အေးအေးပဲ ပြန်ပြောလေ့ရှိပါတယ်။

"တိုတိုပြောတော့မယ်။ တညမှာတော့ ဘကြီးဟာ သူ့ထုံးစံအတိုင်း သေနတ်ကြီးကိုင်ပြီး ဝင်းပတ်ပတ်လည် လှည့်ကြိမ်းမောင်းနေရာက ဇော်တော်ညဥ့်နက်သည့်တိုင်အောင် ပြန်မလာလို့ ကျွန်တော်က ဒရဝမ်နဲ့ မာလီကုလားကိုခေါ်ပြီး လျှောက်ရှာတော့ ဝင်းရှေ့ကရေမြောင်းထဲမှာ မှောက်လျက်ကြီး သေနေတော့တယ် ခင်ဗျ။ ရေကလေးကလဲ တတောင်လောက်ရယ်။ သူ့ကိုယ်မှာ ဒဏ်ရာဆိုလို့လဲ ဘာမှရှာမတွေ့ဘူး ခင်ဗျ"

ရှား။ ။"ပုလိပ်က ဘယ်လို ယူဆသလဲ"

ကံ။ ။"သူ့ဟာသူ သတ်သေတယ်လို့ ဆိုကြတယ် ခင်ဗျ"

ရှား။ ။"ကောင်းပြီ၊ ဆက်ပါအုံး"

ကံ။ ။"ဘကြီး သေတဲ့နောက် ကျွန်တော့်အဖေ ဦးသာလှက သူ့အမွေရလေတော့ သူ့မှာ အိမ်ပိုင်ယာပိုင်လဲ မရှိတာနဲ့ အင်းစိန်က ဘကြီးရဲ့အိမ်မှာ ရွှေ့နေပြီး ဘဏ်တိုက်ကငွေတွေလဲ ဆက်ခံရတယ် ခင်ဗျ"

ရှား။ ။"ငွေဘယ်လောက်များသလဲ"

ကံ။ ။"မနည်းဘူးခင်ဗျ၊ သုံးသောင်းကျော်တယ်"

ရှား။ ။"ဘကြီးဦးသာဝ ဟိုစာရတာနဲ့ သေတာနဲ့ ဘယ်လောက် အချိန်ကွာသလဲ"

ကံ။ ။"တလတိတိပဲခင်ဗျ။ မတ်လ ၅ ရက်နေ့မှာစာရတယ်။ ဧပြီလ၅ရက်နေ့မှာ သေပါတယ်"

ရှား။ ။"ကောင်းပြီ ဆက်ပါအုံး"

ကံ။ ။"ကျွန်တော့်အဖေက အင်းစိန်အိမ်ကြီးကိုပြောင်းပြီးတဲ့နောက် အပေါ်ထပ်က အထပ်ခိုးကလေးပေါ် တက်ကြည့်တော့ ကျွန်တော်မြင်ဖူးတဲ့ သံသေတ္တာကလေးကို ဗီရိုတလုံးထဲမှာ တွေ့ရတယ်။ အဖုံးမှာ အတွင်းက S.S.S: ဆိုတဲ့ စာလုံးများလဲ ပါတယ်။ သေတ္တာအောက်ခံမှာတော့ မှတ်တမ်းစုများနဲ့ စာများ (Letters & Memoranda)လို့ လက်နှိပ်စက်နဲ့နှိပ်ပြီး ကပ်ထားတယ်။ သေတ္တာထဲက စာရွက်စာတန်းတွေကတော့ ဘကြီးက မီးရှို့ပစ်ခဲ့လို့ မရှိတော့ဘူး"

ရှား။ ။"ဗီရိုထဲမှာ တခြားဟာ ဘာမှမရှိတော့ဘူးလား"

ကံ။ ။"သတင်းစာထဲကဖြတ်ပြီး စာအုပ်အလွတ်မှာ ကပ်ထားတဲ့ မှတ်စုစာအုပ်ကြီးတအုပ်တော့ တွေ့တယ် ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"ဖတ်ကြည့်ဖူးကြသလား"

ကိုး။ ။"ဘင်္ဂလားနယ်မှာ နိုင်ငံရေးအသင်းတွေနဲ့ ပတ်သက်လို့ အစိုးရက အရေးယူပုံ သတင်းတွေ ပါတယ်။ ဟိုနယ် ဒီနယ်မှာ အစိုးရအရာရှိတွေ အသတ်ခံရတဲ့ သတင်းမျိုးတွေလဲ ပါတယ် ခင်ဗျ။ ဒါနဲ့ အဖေတို့ အမေတို့ ရွှေ့လာပြီးတဲ့နောက် တနှစ်လောက် အတွင်းမှာတော့ ဘာမှ မဖြစ်ဘူး။ အဖေဟာ အင်းစိန်ကပဲ အလုပ်မှန်မှန် တက်ပါတယ်။ နောက်တော့ အမေဆုံးတာနဲ့...."

ရှား။ ။"ဘာကြောင့် ဆုံးတာလဲ"

ကိုး။ ။"မီးယပ်ပါခင်ဗျာ။ ရန်ကုန်ဆေးရုံကြီးမှာ ဆုံးပါတယ်။ ဆုံးပြီးတဲ့နောက်တော့ အဖေဟာ အလုပ် လုပ်ချင်တဲ့စိတ် မရှိဘူးဆိုပြီး ခွင့်ရက်ရှည် ယူထားပါတယ်"

ရှား။ ။"ဘယ်လောက် ကြာသလဲ"

ကိုး။ ။"တနှစ်ကျော်ကျော်လောက်ပဲ ခင်ဗျ။ ခွင့်ယူထားတဲ့ အတောအတွင်းမှာပဲ ကျွန်တော်တို့ သားအဖ ရွှေတိဂုံဘုရားက ပြန်လာပြီး လက်ဖက်ရည်သောက်နေကြတုန်း ပို့စ်မင်း ရောက်လာပြီး အဖေ့ကို စာသုံးစောင် ပေးသွားတဲ့အနက် တစောင်သောစာကို ဖွင့်လိုက်ရာမှာ ကြဲဇာစေ့ သုံးစေ့ ထွက်လာပါရော ခင်ဗျာ။ အထဲမှာ စာရွက်တရွက်လဲ ပါတယ်။ စာရွက်ထဲမှာ လက်နှိပ်စက်နဲ့ အင်္ဂလိပ်လို ရိုက်ထားတာ ကတော့ 'မှတ်စုတွေကို ကုတ်ကိုပင် အခေါင်းထဲမှာ ထည့်ထားလိုက်ပါတဲ့' ခင်ဗျ။

"ကျွန်တော်ကတော့ ကြုံဖူးလို့ ကြောက်လှပြီ။ အဖေကတော့ တော်တော် ခေါင်းမာတယ်။ ဘယ်က မှတ်စုတွေကို ဘယ်မှာထားရမှာတဲ့လဲ၊ ဘာလဲ ညာလဲနဲ့ ပမာမခန့် လုပ်နေတယ်ခင်ဗျ။ ကျွန်တော်တို့ ဝင်းတံခါးနားမှာ ကုတ်ကိုပင်ကြီး ရှိတယ်။ ပခုံးဆီလောက်မှာ အခေါင်းကြီးတခု ရှိပါတယ်လို့ ပြောပြတာကောင်း မလုပ်ဘာလုပ် ယုပ်နေတယ်"

ရှား။ ။"စာအိတ်ဟာ ဘယ်မြို့ကနေထည့်တဲ့ စာအိတ်လဲ။ တံဆိပ်ခေါင်းပေါ်မှာ ကြည့်လိုက် မိသေးလား"

ကိုး။ ။"ကြည့်လိုက်ပါတယ်ခင်ဗျာ။ ကာလကတ္တားစာတိုက်တံဆိပ် ပါပါတယ်"

ရှား။ ။"ဦးသာဝရတဲ့ စာမှာတုန်းကတော့ ဘုံဘိုင်မြို့ဆို မဟုတ်လား"

ကိုး။ ။"ဟုတ်ပါတယ်။ ဒါနဲ့ ကျွန်တော်က စိတ်ပူလို့ အဖေ့ကို ပုလိပ်တိုင်ဖို့ တိုက်တွန်းတော့ 'မလုပ်ပါနဲ့ကွာ၊ လူပြောင်လူနောက်က ငါ့ကို ကျီစားတိုင်း ပုလိပ်သွားတိုင်လို့ လူရယ်စရာ ဖြစ်ကုန် ပါလိမ့်မယ်'တဲ့။ လုံးလုံး ပြောမရဘူး ခင်ဗျ။

"တိုတိုပြောပါရစေတော့။ နောက် သုံးလေးရက်လောက်အကြာမှာ သူ့အစ်ကို တဝမ်းကွဲတော်တဲ့ ရွှေဘိုနယ် ဝက်လက်မြို့အုပ်မင်းက သူ့သမီး မင်္ဂလာဆောင်အတွက် အဖေ့ကို ဖိတ်လေတော့ အဖေ သွားတာကိုး ခင်ဗျ။

"ကျွန်တော်ကလဲ အိမ်ကခွာယင် ဘယ်နေရာသွားသွား အန္တရာယ်နဲ့ ဝေးတာပဲလို့ အောက်မေ့ပြီး သူ သွားတဲ့အတွက် ဝမ်းသာမိတယ်။ ဟိုရောက်လို့ နှစ်ရက်လောက်ရှိသေး၊ မြို့အုပ်မင်းဆီက ကြေးနန်း ရပါရော ခင်ဗျာ။ ကျွန်တော့်အဖေဟာ သခွတ္တောရွာက ဆားတွင်းထဲ လိမ့်ကျလို့ သေရှာပြီတဲ့ ခင်ဗျ။

"ဒါနဲ့ ကျွန်တော် ချက်ချင်းလိုက်သွား၊ အဖြစ်အပျက်ကို စုံစမ်းတော့ ဝက်လက်မြို့အုပ်မင်းက သခွတ္တောရွာမှာ ဆားချက်သမားတွေဟာ ဆားခိုးချက်ကြတယ်လို့ သတင်းရတဲ့အတွက် သွားကြည့်ရာမှာ အဖေလဲ လိုက်သွားဆိုကိုး။ သူကြီးအိမ်မှာ ထမင်းခိုယင်း ညမှာ စာပြောပွဲတခုကို အဖေတယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး နားထောင်သတဲ့။ အညာက စာပြောပွဲမျိုးကို နားထောင်ချင်လှတယ်လို့ အဖေက ခဏခဏ ပြောဖူးတယ်။ စာပြောပွဲကအပြန် လမ်းမှာ ဆားရေတွင်းထဲကျပြီး သေရရှာတာကိုး ခင်ဗျ။

"မြို့အုပ်ခင်း ကိုယ်တိုင်ကတော့ ဆားရေတွင်းဆိုတာမျိုးဟာ အကာအရံမရှိလေတော့ မတော်တဆ ချော်ကျလို့ သေရှာတယ်ထင်တယ်။ ကျွန်တော်ကတော့ ဒီလို မထင်ဘူး။ ဟိုစာကြောင့်ပဲလို့ ထင်မိတာပဲ"

ရှား။ ။"ဟုတ်ကဲ့၊ ထင်စရာပ။ ကိုင်း ဆိုပါအုံး"

ကုံ။ ။"အဖေသေပြီးတဲ့နောက် ပစ္စည်းရော အိမ်ကြီးရော ကျွန်တော်က ဆက်ခံပြီး တနှစ်ကျော် လောက် ဆူးမငြိ ခလုပ်မထိ နေထိုင်ရလို့ မို့...."

ရှား။ ။"နေပါအုံး။ မောင့်စိတ်ထဲမှာ ဒီအိမ်အတွက် စနောင့်စနင်း မရှိဘူးလား"

ကံ။ ။"ကျွန်တော်ကတော့ အိမ်ကြောင့်ရယ်လို့ မထင်ဘူး။ ဘကြီးပြောခဲ့ဖူးတဲ့ စကားကို သတိရလို့ ဘယ်မှာပဲနေနေ သူ့အမွေဆက်ခံယင် အန္တရာယ်အမျိုးမျိုး တွေ့ရလိမ့်မယ်လို့တော့ ထင်မိတယ်။ နို့ပေမယ့် သုံးလေးငါးသောင်းတန်တဲ့ အမွေကို လွှင့်ပစ်ဖို့ကလဲ ခက်သားကိုးခင်ဗျ"

ရှား။ ။"ဒါလဲ ဟုတ်ပေတယ်။ ကိုင်း ဆက်ပါအုံး"

ကံ။ ။"တနှစ်တိတိ အန္တရာယ်မရှိပဲ နေထိုင်ခဲ့ရလို့မို့ စိတ်ချရတော့မလိုလို ထင်မိတုန်းမှာ မနေ့ကတော့ ဟောဒီစာအိတ် ရောက်လာပါရော ခင်ဗျာ"

မောင်ကံကောင်းသည် အင်္ကျီအိတ်ထဲမှ စာအိတ်တလုံးကို ထုတ်၍ ဦးစံရှား၏ လက်သို့ အပ်လိုက်ရာ ဦးစံရှားက ဖွင့်ကြည့်လိုက်သည်တွင် သြဇာ သုံးစေ့နှင့် စက္ကူတရွက်ကို တွေ့ရသည်။

စက္ကူပေါ်၌ကား လက်နှိပ်စက်နှင့် ရိုက်ထားသည့် အောက်ပါ အဓိပ္ပာယ်မှိုသော စာကြောင်းကို တွေ့ကြရလေ၏။

'မှတ်စုတွေကို ကုတ်ကိုမင် အခေါင်းထဲမှာ ထည့်ထားလိုက်ပါ။ S.S.S. !'

ဦးစံရှားသည် တံဆိပ်ခေါင်းပေါ်တွင် စာတိုက်က ရိုက်နှိပ်ထားသော အမှတ်အသားကို ကြည့်။ 'ရန်ကုန် စာတိုက်ကြီး' ဟူသော အမှတ်တံဆိပ်ကို တွေ့ရသည်နှင့် တပြိုင်နက် ထိတ်လန့်သော မျက်နှာထား ဖြစ်ပေါ်လာ၍—

ရှား။ ။"ဒီစာရပြီး မောင် ဘာလုပ်သလဲ"

ကုံ။ ။"ဘာမှ မလုပ်ရသေးဘူး ခင်ဗျ"

ရှား။ ။"ဟင်၊ ခုတောင် ဘာမှ မလုပ်သေးဘူး"

ကံ။ ။(ဗိုလ်ကေကို လက်ဖြင့် ဖွလျက်) "ကျွန်တော်ဖြင့် ဘာမှ မကြံတတ်အောင်ဖြစ်ပြီး ဘာမှ မလုပ်တတ်ပါဘူး ခင်ဗျာ။ ဦးတို့ဆီ လာတာတောင်မှ ဒေါ်သင်းလှိုင်က ပြောလို့ လာမိတာပါ။ သူ့ ယောကျ်ား ပျောက်သွားလို့ ဦးက ရှာပေးဖူးတဲ့ ဒေါ်သင်းလှိုင် ဟာလေ"

(၁၉၁၄ ခုနှစ်လောက်ဆီ၌ ဦးစံရှားမှာ ကျွန်တော်နှင့် တွေ့ခါစဖြစ်၍ မြန်မာပြည်တွင် လူသိ နည်းသေးသော အခြေအနေတွင် ရှိသေးသည်။)

ရှား။ ။"သိပ်ဂွကျတာကိုး၊ ခုထက်ထိ ဘာမှ မလုပ်ရသေးဘူးတဲ့။ ခက်လိုက်လေကရို့။ မြန်မြန် လုပ်ယင် လုပ်၊ မလုပ်ယင် အသက်ဆုံးရမယ့် ကိစ္စမျိုး မောင်ရဲ့"

ကံ။ ။"ပုလိပ်ကိုတော့ ကျွန်တော် တိုင်ထားပါတယ်"

ရှား။ ။"ဪ ဟုတ်လား။ နို့ ဘာတဲ့လဲ သူတို့က"



www.burmeseclassic.com

www.burmeseclassic.com



ကံ။ ။"သိပ်မယုံကြဘူး ခင်ဗျ။ လူနောက် တယောက်ယောက်က ချောက်တာပါတဲ့"

ရှား။ ။"မောင့်အဖေနဲ့ ဘကြီးကိုစွတုန်းက ဟာကော"

ကံ။ ။"ကျွန်တော်က ပြောပြပါတယ်။ ဒါပေမယ့် ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ဆိုတာမျိုး ဖြစ်ဘာပါတဲ့။ စာရေးပို့တဲ့လူရဲ့ လက်ချက် မဟုတ်နိုင်ပါဘူးတဲ့ခင်ဗျ"

ရှား။ ။(စားပွဲကို လက်သီးနှင့်ထုလျက်) "သိပ်ဂွကျတဲ့ လူစုပဲကိုး၊ အံ့ဩပါရဲ့ဗျာ"

ကံ။ ။"ကျွန်တော့်အိမ်မှာတော့ ပုလိပ်တယောက် စောင့်ရှောက်ဖို့ လွှတ်ထားတယ် ခင်ဗျ"

ရှား။ ။"ဟုတ်လား၊ နို့ ခုကော သူလိုက်လာသလား"

ကံ။ ။"မလိုက်ပါဘူးခင်ဗျ၊ သူ့အမိန့်က အိမ်မှာစောင့်ကြည့်ဖို့သာ ဖြစ်တယ်တဲ့ခင်ဗျ"

ဦးစံရှားလည်း စားပွဲကို လက်သီးနှင့် ထုပြန်သည်။

ရှား။ ။"ဒီလိုဆို ကျုပ်ဆီကို ဘာလို့ မလာသလဲ။ ဘာကြောင့် ချက်ချင်းပြေးမလာသလဲ"

ကံ။ ။"မသိလို့ပါ ခင်ဗျာ။ ဒီကနေ့ ညနေကျမှ ဒေါ်သင်းလှိုင်နဲ့ တွေ့လို့ စကားစပ်မိပြီး ဦးအကြောင်းကို ကြားရဖူးပါတယ်၊ ကြားကြားချင်း ပြေးလာတာပါပဲ"

ရှား။ ။"မနေ့ကရတဲ့ စာဆိုတော့ မောင့်လက်ထဲမှာ ၂ ရက်လုံးလုံး ရှိနေပြီ၊ လုပ်သင့်တာက စာ ရောက်ရောက်ချင်း လုပ်သင့်တာ မောင်ရဲ့။ ဒီ့ပြင်ကော ဘာများ ပြောဖို့ရှိသေးသလဲ"

ကံ။ ။(အင်္ကျီအိတ်ထဲသို့နှိုက်၍ ပြာတာတာအရောင်ရှိသော စက္ကူတရွက်ကိုထုတ်ကာ ဦးစံရှား လက်သို့ ကမ်းလှမ်းယင်း) "တခုကလေး ပြောစရာကျန်နေပါသေးတယ်၊ ဟိုနေ့က မီးဖိုထဲမှာ ဘကြီးမီးရှို့ ပစ်တဲ့ စာရွက်တွေဟာ ဟောဒီစာရွက်မျိုးတွေပါပဲ။ ပြာထဲမှာ စက္ကူ အစွန်းအစ ကလေးတွေ ကျန်နေ တာကို ကျွန်တော်က ဒီစက္ကူရွက်နဲ့ ယှဉ်ကြည့်လို့ သိရပါတယ်"

ရှား။ ။"ဒီစာရွက်ကို ဘယ်ကတွေ့တာလဲ"

ကံ။ ။"ဟိုနေ့က ဘကြီးမီးရှို့တော့ မီးဖိုထဲက လွင့်ထွက်သွား [ထင်ပါရဲ့၊ မီးဖိုထဲကပဲ ကျွန်တော် တွေ့ရပါတယ်။ လက်ရေးကတော့ ဘကြီးရဲ့ လက်ရေးပဲခင်ဗျ"

ဦးစံရှားသည် စက္ကူရွက်ကို မီးရောင်နှင့် သေချာစွာကြည့်၍ ကျွန်တော်လည်း သူ၏ ပခုံးထက်မှ ချောင်းကြည့်လိုက်သည်။ စက္ကူရွက်မှာ စာအုပ်တအုပ်မှ ဆုတ်ယူထားဟန် တူ၍ ထိပ်၌ '၁၉၀၀ ခုနှစ်၊ မတ်လ'ဟူ၍ အင်္ဂလိပ်လို ပါရှိရာ အောက်တွင်မူကား အောက်ပါ အမှတ်အသားများ ရေးထားသည်ကို တွေ့ကြရသည်။

၁ ရက်နေ့။ ။နေရာယောင်းတွင် စည်းဝေးကြသည်။

၂ ရက်နေ့။ ။မဲကျသူများအား အလုပ်တာဝန် ပေးကြသည်။

၅ ရက်နေ့။ ။ချက်တာဂျီသည် I.G.P ကို သုတ်သင်ရန် တာဝန် ကျသော်လည်း တိမ်းရှောင်နေ၍ သတိပေးရသည်။

၇ ရက်နေ့။ ။ဘနာဂျီက 'ဂေါ်လိပ်တော်'ကို သုတ်သင်လိုက်သည်။

၈ ရက်နေ့။ ။ချက်တာဂျီသို့ ဩဇာသုံးစေ့ပို့၍ ဝမ်းနှင်းပေးရသည်။

၁၁ ရက်နေ့။ ။ချက်တာဂျီ ဝက္ကရားပျက်၍ သုတ်သင်လိုက်ကြသည်။

၁၂ ရက်နေ့။ ။မူကာဂျီမှာ သူလျှိုထင်၍ စုံစမ်းကြသည်။

၁၅ ရက်နေ့။ ။မူကာဂျီ ပျောက်သွားသည်။

၁၈ ရက်နေ့။ ။မူကာဂျီ ဘုံဘိုင်ရောက်နေကြောင်း သတင်းရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားသည် စာရွက်ကို မောင်ကံကောင်းလက်သို့ ပြန်အပ်လိုက်ပြီးနောက်—

ရှား။ ။''ကိုင်း မောင်ကံကောင်းရေ၊ မြန်မြန်ကြီး အလုပ်လုပ်မှ ဖြင်မယ်နော်။ ဒီအဖြစ်အပျက်နဲ့ပတ်သက်လို့ မောင့်ကိုရှင်းလင်းပြောပြနေဖို့တော့ အချိန်မရှိဘူး။ အခုချက်ချင်း အိမ်ပြန်သွားပြီး အလုပ်လုပ်မှ ဖြစ်မယ်''

ကံ။ ။''ဘာလုပ်ရမှာလဲ ခင်ဗျာ''

ရှား။ ။''မောင်လုပ်ဖို့ အလုပ် တခုပဲရှိတယ်။ ချက်ချင်းလုပ်မှလဲ ဖြစ်မယ်။ ဒီစာရွက်ကို မောင့်ဘကြီးရဲ့ သံမဏိသေတ္တာကလေးထဲမှာ ထည့်၊ ဒီစာရွက်မှတပါး တခြား မှတ်တမ်းမှတ်စုဆို၍ တခုမျှ မရှိကြောင်း၊ ဘကြီး ဦးသာဝကိုယ်တိုင် မီးရှို့ပစ်ခဲ့ကြောင်း စာတစောင်ရေးပြီး အဲဒီသေတ္တာထဲမှာထည့်၊ မောင့်အိမ်ရှေ့က ကုတ်ကိုပင် အခေါင်းကြီးထဲမှာ သေတ္တာကို ထား၊ နားလည်လား''

ကံ။ ။''နားလည်ပါတယ် ခင်ဗျာ''

ရှား။ ။''သူတို့ကို ဖမ်းဖို့ဆီးဖို့ လက်စားချေဖို့တွေ စိတ်မကူးနဲ့အုံး။ အဲဒါတွေ ကျုပ်တာဝန်ထားလိုက်။ သူတို့ အလုပ်လုပ်နေတာလဲ ကြာလှပြီ။ ကျုပ်တို့က ခုမှ စပြီး စီစဉ်ရမှာ ရှိသေးတယ်။ ရှေးဦးစွာ အရေးကြီးတာက ကိုယ့်ဆီလာမယ့် အန္တရာယ်ကို ကာကွယ်ရမယ်။ ဒီနောက်မှ သူတို့ဆီ ရောက်အောင် ခြေရာခံပြီး ဥပဒေအကူအညီနဲ့ အပြစ်ဒဏ်ပေးနိုင်အောင် ကြိုးစားကြရမယ်၊ နားလည်လား''

ကံ။ ။''ကောင်းလှပါပြီခင်ဗျာ။ ဦးနဲ့တွေ့ရတော့မှပဲ ကျွန်တော့်ရင်ထဲမှာ အပူလုံးကြီးကျသွားပေတော့တယ်၊ ဦးပြောတဲ့အတိုင်း ကျွန်တော်ဆောင်ရွက်ပါ့မယ်။ စိတ်ချပါ ခင်ဗျာ''

ရှား။ ။''အချိန်မဆိုင်းနဲ့၊ ချက်ချင်းလုပ်နော်။ လမ်းမှာလဲ သတိဝီရိယနဲ့သွားလေ၊ ကြားလား၊ ဒါနဲ့ ဘယ်လိုပြန်မှာလဲ''

ကံ။ ။''ကျွန်တော် မီးရထားနဲ့ ပြန်မယ်ဦးရဲ့''

ရှား။ ။''ဟုတ်ပြီ၊ မီးရထားစီးတော့ ဒုတိယတန်း မစီးလေနဲ့။ ဒီအချိန်မှာ လော်ကယ်ရထားဒုတိယတန်းက လူရှင်းလွန်းတယ်။ တတိယတန်းပဲစီးသွား၊ ကြားလား''

ကံ။ ။''ကောင်းလှပါပြီ ခင်ဗျာ၊ နို့ ဦးကော ကျွန်တော့်ဆီကို လာနိုင်ပါသေးလား''

ရှား။ ။''မောင့်အမှုက ရန်ကုန်မှာ ကျုပ်အလုပ်ရှိမယ် ထင်တယ်''

ကံ။ ။''ဒါဖြင့် နက်ဖြန်သန်ဘက် ကျွန်တော်လာပြီး အကြောင်းပြန်ပါအုံးမယ် ခင်ဗျာ။ စိတ်ချပါ။ ဦးမှာတဲ့အတိုင်း ကျွန်တော် လုပ်ပါ့မယ်''

ဤအတောအတွင်း၌ လေရေမိုးပါ ယုတ်လျော့ခြင်း မရှိပဲ ပြင်းထန်စွာ တိုက်ခိုက် ရွာသွန်းလျက် ရှိသော်လည်း ကျွန်တော်တို့မှာ အမှုတွင် စိတ်ဝင်စားနေသောကြောင့် လုံးဝ သတိမမူကြပဲ မောင်ကံကောင်း ပြန်မည်ပြုသည့်တွင်မှ လေနှင့်မိုးကို သတိရကြပါတော့သည်။

မောင်ကံကောင်းသည် ချွတ်ထားသော မိုးကာအင်္ကျီကို ပြန်ဝတ်ကာ ဦးထုပ်ဆောင်း၍ ဖဲထီးနှင့် ဆင်းသွားသောအခါ မိုးကြီးလေကြီးထဲတွင် သွားရမည့် ခရီးလမ်းတာကို စဉ်းစားမိသည်နှင့် ကရုဏာ သက်မိပါတော့သည်။

မောင်ကံကောင်း ပြောပြသည့် ထူးဆန်းသော အဖြစ်အပျက်များမှာ မိုးထဲ လေထဲမှ ပါလာ၍ မိုးလေနှင့်အတူ လွင့်စဉ်သွားသည့်အလား ရှိပါတိတော့သည်။

---

ဇာတ်သိမ်းအပြီး

www.burmeseclassic.com

www.burmeseclassic.com



မောင်ကံကောင်း ဆင်းသွားသည့်နောက် ဦးဇမ္ဗူး၏ လက်ဝဲဘက် လက်ချောင်းကလေးများသည် လက်ယာဘက် လက်ချောင်းကလေးများနှင့် ထပ်ချင်းထိကာ ဦးခေါင်း ငိုက်စိုက်နှင့် ထိုင်လျက် အတန်ကြာအောင် စဉ်းစား စိတ်ကူးနေသေး၏။

ထို့နောက်မှ ဆေးတံကို ဆေးထည့်ကာ တဖွားဖွား ဖွာလျက် အထက်သို့ တက်ပြေးသော မီးခိုးများကို စိုက်ငေးယင်း မေးစေ့ကို မကြာခဏ ပွတ်သပ်နေပြန်တော့သည်။ နောက်ဆုံးတွင်မှ ပြာကို ခေါက်ချလျက်—

ရှား။ ။"ကျုပ်တို့ဆီ ရောက်လာတဲ့ အမှုတွေထဲမှာ တနည်းတဖုံ ထူးဆန်းတဲ့ အမှုတခုပဲဗျို။ နော် ကိုသိန်းမောင်"

ကျွန်။ ။"ဟုတ်တာပေါ့ဗျာ။ မောင်ကံကောင်းရဲ့ အဖြစ်ဟာက ဟိုအညာ မှော်မိုက်ကြီးမှာ လယ်ကန်သင်းရိုးပေါ် လျှောက်ရသလို ဘယ်နေရာမှာ မြွေပေါက်လိုက်လေမလဲလို့ ခြေထောက်ချတိုင်း တရွံ့ရွံ့ဖြစ်ရပုံနဲ့ တူလှသဗျာ"

ရှား။ ။"ဟုတ်ပေ့ဗျာ။ ခင်ဗျားပြောလိုက်တော့မှ တောင်သူလယ်သမားတွေရဲ့ အလုပ်ဟာ အသက်ဆံဖျား လုပ်ရတဲ့ အလုပ်မျိုးဖြစ်ကြောင်း ကျုပ် သဘောပေါက်လာရေ ဗျာ"

ကျွန်။ ။"ကျွန်တော် ပြောတဲ့အတိုင်းပါပဲ။ ရွှေဘိုနယ်များမှာ ညတိုင်ကျ လယ်ကို ရေသွင်းလို့ ကန်သင်းမှာ ပိုးထိခံရတာတွေ၊ ကောက်စိုက်ယင်း ပိုးထိတာတွေ တနှစ် တနှစ်မှာ မနည်းဘူး ဗျ"

ရှား။ ။"ဟုတ်ရဲ့လား၊ ဒီလိုဆိုယင် ရင်ဘတ်ကို မြေကတုတ်လုပ်ပြီး တိုင်းပြည်ကို ကာကွယ် ရတယ်ဆိုတဲ့ စစ်သားများလဲ တမျိုး၊ ကျုပ်တို့အတွက် ထမင်းရအောင် ကျွဲနွားနဲ့အတူ ရွှံ့ထဲ ဗွက်ထဲ ဆင်းလုပ်ကြရတဲ့ လယ်သမားများရဲ့ ကျေးဇူးကလဲ တမျိုးပေပေါ့။ ဒါကက် မောင်ကံကောင်းအတွက် စိုးရိမ်ရတယ်ဆိုတဲ့ အန္တရာယ်ဟာ ဘယ်ဆီက လာမယ့် အန္တရာယ်လဲလို့ ခင်ဗျား စဉ်းစားမိသလား"

ကျွန်။ ။"ကျွန်တော် ကောင်းကောင်း သဘောမပေါက်ဘူးဗျာ။ (S)သုံးလုံးရဲ့ အဓိပ္ပာယ်က ဘယ်လိုလဲဗျ။ ဘာကြောင့် သူတို့အဆက်အနွယ်တွေကို လိုက်ပြီး ဒုက္ခပေးနေတာတဲ့လဲ"

ရှား။ ။"ဒီလို ကိုသိန်းမောင်ရဲ့။ ခန္ဓာကိုယ်နဲ့ ပတ်သက်ပြီး အထူး ကျွမ်းကျင်တဲ့ ကမ္ဘာကျော် လောကဓာတ်ဆရာကြီး ကူဗီယာဟာ အရိုးတဆက်ကို ကြည့်ခြင်းအားဖြင့် သတ္တဝါတကောင်လုံးရဲ့ ပုံသဏ္ဌာန်ကို မှန်ကန်အောင် တွေးဆနိုင်သလို ကျုပ်တို့လို ဉာဏ်သမားများဟာလဲ အဖြစ်အပျက် တခုကို တွေ့လိုက်ရယင် ဘာ့ကြောင့် ဒီလိုဖြစ်လာရတယ်၊ ရှေ့ဆက်ပြီး ဘယ်လိုဖြစ်နိုင်သေးတယ် စသည်ဖြင့် မျှော်ခေါ် တွေးဆတတ်ရတယ်။

"ဒါကြောင့် တချို့ ပညာရှင်များဟာ ဖြစ်ပွားတဲ့နေရာကို ကိုယ်တိုင်သွား၊ နား၊ မျက်စိ စတဲ့ ဒွါရပေါက်တွေနဲ့ ကြည့်ရှုခြင်း၊ နားထောင်ခြင်း မပြုပဲ သူ့အိမ်မှာ ကုလားထိုင်ပေါ် ထိုင်ယင်း ရှင်းလင်း နိုင်ကြတယ်။

"သို့သော် ထိုကဲ့သို့ မြော်ခေါ် တွေးဆတဲ့ ပညာရှင်ဟာ သူ့ဆီရောက်လာတဲ့ အဖြစ်အပျက် အခြင်းအရာများ အပေါ်က မှန်ကန်တဲ့ ကောက်နုတ်ချက် ထုတ်ယူနိုင်ဖို့ဟာလဲ အကြားအမြင် ဗဟုသုတ အလွန်များမှ ဖြစ်နိုင်တယ်။ လူ့သက်တမ်းကလေးဟာက ၇၀-၈၀ လောက် ဆိုတော့ ဗဟုသုတ ဆည်းပူးဖို့ အချိန်တိုတောင်းလွန်းလို့ ဘယ်သူမှ ဗဟုသုတ စုံလှတယ်လို့တော့ မဟုတ်ဘူးပေါ့၊

"သို့သော် ကိုယ့်အလုပ်အတွက် အသုံးဝင်တဲ့ ဗဟုသုတမျိုးကို မဆည်းပူး လို့ မဖြစ်ဘူး ဗျ။ ဒီ့ပြင် လူတွေနဲ့ ကျုပ်နဲ့ ခြားနားတာက ဒီအချက်ပဲ။ တချို့ကတော့ ဗဟုသုတဆိုပြီး တွေ့ကရာရှစ်သောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်မှတ်တော့တာပဲ။ ကျုပ်က ဒီလိုမဟုတ်ဘူး။ ကိုယ့်အလုပ်နဲ့ မဆိုင်တာတွေ ဖယ်ထားပြီး သက်ဆိုင်တယ်ဆိုယင် ချေးခါး အူမ မကျန် စစ် လျှောက်မှတ်သားလေ့ရှိတယ်''

ကျွန်။ ။''မှန်လှပါတယ်။ ဒါကြောင့် ခင်ဗျားနဲ့ တွေ့စတုန်းက ခင်ဗျားအကြောင်း ကျွန်တော် ရေးရာမှာ နိုင်ငံရေးတို့၊ ကဗ္ဗာ့ရေးရာတို့၊ ဖီလော့ဆော်ဖီတို့ အကြောင်းတွေကို ဂရုမစိုက်သော်လဲ ဖိနပ်မှာကပ်တဲ့ ရွှံ့အကြောင်း၊ ဆေးလိပ်ပြာ အမျိုးမျိုးအကြောင်း၊ ရာဇဝတ်မှုများ အကြောင်းကိုတော့ ခင်ဗျား ပြောသလို ချေးခါး အူမ မကျန် နားလည်တယ်လို့ ကျွန်တော် ရေးခဲ့ဖူးတယ် မဟုတ်လား''

ရှား။ ။''ဟုတ်ပါတယ်။ သို့သော် တခုရှိတယ်။ လူတယောက်ဟာ သူ့ဦးခေါင်းထဲမှာ ကြုံတွေ့သမျှ အကြောင်းခြင်းရာတွေကို အားလုံးကုန် အမှတ်အသားပြုမထားနိုင်ဘူးဗျ။ ချက်ချင်း လက်ငင်း ကောက်ကာ ငင်ကာ သုံးရအောင် အထူး အရေးကြီးတာတွေလောက်သာ ဦးခေါင်းထဲမှာထားပြီး ကျန်တာတွေတော့ လိုကာမယ်ရ သုံးရအောင် ကြက်သရေခန်းထဲ သွတ်ထားရတယ်ဗျ။ ကြက်သရေခန်း ဆိုတာက ဘုန်းကြီး ကျောင်းသုံး စကားပေါ့ဗျာ။ တိုလီမိုလီ ပစ္စည်းထားတာပေါ့။ ကျုပ်အဖို့ကတော့ မှတ်စု မှတ်ဘမ်းလို့ ဆိုလိုပါတယ်။ ဟောဟို ဗီရိုထဲက ကျုပ်လက်ရေးနဲ့ ကူးမှတ်ထားတဲ့ သားရေဖုံးနဲ့ စာအုပ် လှမ်းလိုက်စမ်းဗျာ မရှိမသေ''

ကျွန်တော်က စာအုပ်ကို ယူပေး၍ ဦးစံရှားသည် လိုအပ်သောစာအုပ် ဟုတ် မဟုတ်ကို ကြည့်ရှုမျှကြည့်ကာ နံဘေး၌ ချထားပြီးလျှင် ဆက်လက် ပြောလေသည်။

ရှား။ ။''ကိုင်း ဖြစ်ပျက်ပုံ အခြင်းအရာကို ရှေးဦးစွာ ကြည့်ပြီး ကောက်နုတ်ချက် ထုတ်ကြစို့ဗျာ။ ဗြိတိသျှ အစိုးရက သူ့ကို ဗမာပြည်ပြန်ပို့လိုက်ဘယ် ဆိုကတည်းက သူဟာ ကုလားပြည်မှာ အစိုးရ မကျေနပ်တဲ့ အလုပ်မျိုး တခုခုလုပ်နေတယ်ဆိုတာ သေချာတယ်။ သူလုပ်တဲ့အလုပ်က ရှင်းရှင်း လင်းလင်း ပြတ်ပြတ်သားသား မဟုတ်။ ရှုပ်ရှုပ်ထွေးထွေး ကောက်တီးကောက်ကွေ့ ဖြစ်ဟန်တူရဲ့။ ထိုသို့သော အလုပ်မျိုးဟာ ရန်သူရှိတတ်မြဲ ဓမ္မတာပဲ။

''အဲဒီရန်သူဟာ အစိုးရဖြစ်မလား၊ သူတို့ လုပ်ဖော်ကိုင်ဘက် အချင်းချင်း ဖြစ်မလားပဲ။ အစိုးရတွေဟာ လျှို့ဝှက်စွာ အမှုထမ်းသော ဌာန(Secret Service)ဖွင့်ထားပြီး သူတို့တိုင်းပြည်ကြီး အချင်းချင်း၊ ကိုယ့်မင်းကိုယ့်ချင်း နိုင်ငံအချင်းချင်း၊ လျှို့ဝှက်သော ဌာန အမှုထမ်းအချင်းချင်း လျှို့ဝှက်စွာ သုတ်သင်တာဘယ်လို့ ကြားရဖူးသော်လဲ မကြိုက်ယင် ထောင်ချချင် ချ၊ ပြည်နှင်ဒဏ် ပေးချင် ပေးနိုင်တဲ့ လက်အောက်ခံ တိုင်းပြည်သားတယောက်ကိုတော့ လျှို့ဝှက်တဲ့နည်းနဲ့ သုတ်သင်တယ်လို့ မကြားရဖူးဘူး။

''ဒါကြောင့် ဦးသာဝကို ရန်ငြိုးထားသူ ရှိခဲ့ယင် အစိုးရမဟုတ်နိုင်၊ လက်အောက်ခံ တိုင်းပြည်သားချင်းသာ ဖြစ်ရမယ်လို့ ကျုပ် ယူဆတယ်''

ကျွန်။ ။''ဟုတ်လောက်ပါရဲ့''

ရှား။ ။''ပြီးတော့ သူတို့ဆီပို့တဲ့စာတွေမှာ ပါတဲ့ စာတိုက်တံဆိပ်တွေကို ခင်ဗျား အမှတ်ပြုလိုက်မိသေးလား''

ကျွန်။ ။''မှတ်မိပါတယ်။ ဦးသာဝဆိုတဲ့ စ အိတ်မှာ ဘုံဘိုင်မြို့ အမှတ်တံဆိပ်တဲ့၊ ဦးသာလှရတဲ့ စာအိတ်မှာတော့ ကာလကတ္တားမြို့ အမှတ်တံဆိပ်တဲ့၊ နောက်ဆုံး မောင်ကံကောင်းရတဲ့ စာအိတ်မှာတော့ ရန်ကုန် အမှတ်တံဆိပ်ပါတယ်''

ရှား။ ။''ဟုတ်ပြီ၊ ဒီတော့ကာ ဒီမြို့တွေနဲ့ ပတ်သက်လို့ ခင်ဗျား ဘယ်လို စဉ်းစားမိသလဲ''

ကျွန်။ ။''ဘုံဘိုင်ရေ၊ ကာလကတ္တားရေ၊ ရန်ကုန်ရေ ပင်လယ်ဆိပ်ကမ်းမြို့တွေချည်း ဖြစ်တယ်''

ဇာတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ဒီတော့ ဘယ်လိုလဲ"

ကျွန်။ ။"ဒီတော့ ဒီစာတွေထည့်တဲ့လူဟာ ပင်လယ်ကူး သင်္ဘောပေါ်မှာ လိုက်ပါနေပြီး သူ့သင်္ဘော ဆိုက်ကပ်တဲ့ ဆိပ်ကမ်းမှာ စာများကို ထည့်တယ်လို့ တွေးစရာပဲ"

ရှား။ ။"ကိုသိန်းမောင် တော်ပေတယ်ဗျာ။ ကျုပ်က ဒီလောက်ထိအောင် ခင်ဗျား အတွေးအခေါ် တော်သေးတယ်လို့ မထင်မိပေဘူး။ ဟုတ်ပါပေ့ဗျာ။ ကောင်းပြီ။ ပင်လယ်ကူး သင်္ဘောတစင်းစင်းပေါ်က စာတွေထည့်တယ်ဆိုတဲ့ အချက်ကို အတည်ပြုပြီး စဉ်းစားကြစို့။ ဘုံဘိုင်ကနေပြီး ဦးသာဝဆီ ထည့်လိုက်တဲ့ စာတုန်းကတော့ စာရောက်ပြီး တလတိတိအကြာမှာ ဦးသာဝ သေတယ်။ ကာလကတ္တားကနေပြီး ဦးသာလှဆီ ထည့်လိုက်တဲ့ စာတုန်းကတော့ စာရောက်ပြီး ၇ ရက်လောက် အကြာမှာ ဦးသာလှသေတယ်။ ဒီဟာ ဘယ်လို အဓိပ္ပာယ်ထင်သလဲ"

ကျွန်။ ။ဘုံဘိုင်မြို့က ကာလကတ္တားမြို့ထက် ဝေးလို့နေမှာပဲ"

ရှား။ ။"မြို့ဝေးသလောက် စာကလဲ ဝေးဝေး လာရတယ် မဟုတ်လားဗျ။ ဘယ့်နှယ်ကြောင့် မြို့ဝေးတာနဲ့ လုပ်ကြံတာ နောက်ကျရမလဲ"

ကျွန်။ ။"ဒါတော့ ကျွန်တော် နားမလည်ဘူးဗျာ"

ရှား။ ။"ဒီလိုဗျ။ လုပ်ကြံတဲ့ လူများက နှေးတဲ့နည်းနဲ့ ခရီးသွားတယ်။ စာတွေကတော့ မြန်တဲ့နည်းနဲ့ ခရီးသွားတယ်။ ဒီလိုဖြစ်ရလိမ့်မယ်။ ကျုပ်အတွေးကတော့ စာတွေဟာ ထုံးစံအတိုင်း စာပို့မီးသင်္ဘောနဲ့ ပါလာပြီး လုပ်ကြံတဲ့ လူများကတော့ ရွက်သင်္ဘောနဲ့ နောက်က လိုက်လာကြဟန်တူတယ်။ ဒါကြောင့် ခရီးဝေးတဲ့ ဘုံဘိုင်မြို့တုန်းကတော့ တလတိတိ ပြတ်ကျန်ရစ်ပြီး နီးတဲ့ ကာလကတ္တားကျတော့ ၇ ရက်တည်းနဲ့ ရောက်လာကြခြင်း ဖြစ်ရမယ်"

ကျွန်။ ။"ဩော် ဟုတ်ပြီဗျို့။ စာတွေကို စာတိုက်မှာထည့်ပြီး သတိပေးနှင့်တယ်။ သူတို့က နောက်တရက် သင်္ဘောနဲ့ ဖြည်းဖြည်းလိုက်လာကြတယ်။ ဒါကြောင့်မို့ နီးယင် နီးသလောက် ရက်ကပ်တယ်၊ ဝေးယင် ဝေးသလောက် ရက်ခြားတယ်။ ဟုတ်ပြီဗျို့။ ကျွန်တော် သဘောကျပြီ။ ဒီလိုဖြစ်ရမှာပဲ။ ဒီလို ဒီအတိုင်းမှန်ယင်တော့ မောင်ကံကောင်းအတွက် ကျွန်တော် စိုးရိမ်တယ်ဗျာ။ သူရတဲ့စာက ရန်ကုန် အမှတ်တံဆိပ် ပါလေတော့ ရန်ကုန်မြို့ပေါ်ကနေပြီး ထည့်ခြင်းဖြစ်လို့မို့ လုပ်ကြံတဲ့လူတွေ လက်မြန်လိမ့်မယ် ထင်တယ်ဗျာ"

ရှား။ ။"ကျုပ်လဲ ဒါကြောင့် ချက်ချင်း အလုပ်လုပ်ဖို့ မှာလိုက်တာပဲ"

ကျွန်။ ။"နေပါအုံးဗျာ၊ ဘယ်လိုသဘောကြောင့် ဦးသာဝ တဆွေတမျိုးလုံး အပေါ်မှာ ဒါလောက်တောင် အငြိုးကြီးနေရတာတဲ့လဲဗျာ"

ရှား။ ။"ဒီကိစ္စက ဘင်္ဂလားပြည် ဟုမ္မရူးရဖို့လောက် မကဘူးထင်တယ်။ ဂျာမနီအစိုးရအတွက် သူလျှိုလုပ်ပေးကြတဲ့ ဂိုဏ်းကြီးနဲ့တူတယ်။ သူတို့ အိန္ဒိယပြည်က လွတ်လပ်ရေး ကြိုးပမ်းမှုမှာ ဗမာပြည်ထက် နိုးကြားတယ်ဗျ။

"ဆရာတော် ဦးဥတ္တမ အိန္ဒိယပြည်က ကြွလာမှာကို ဗမာပြည်အစိုးရက ဒါကြောင့် သိပ်လန့်တာပေါ့ဗျ။ အိန္ဒိယပြည်က နိုင်ငံရေးသမားတွေဟာ လွတ်လပ်ရေးအတွက် ဂျပန်နဲ့ ပူးပေါင်းသူ ပေါင်း၊ ဂျာမန်နဲ့ ပေါင်းသူ ပေါင်း၊ သိပ်ခြေရှုပ်နေကြတယ်။

"ဒီလို ကြီးကြီးကျယ်ကျယ်တွေနဲ့ ပေါင်းပြီး ကြံစည်ကြခြင်း ဖြစ်လေတော့ သူတို့မှာ ပင်လယ်ခရီးသွားနိုင်တဲ့ (Yacht)ယော့တ်ခေါ်တဲ့ ရွက်သင်္ဘောတွေ ဘာတွေရဖို့ မခဲယဉ်းဘူးပေါ့ဗျ။



www.burmeseclassic.com

www.burmeseclassic.com



"သက္ခဏာကတော့ ဦးသာဝရဲ့ လက်ထဲမှာ ဂျာမန်အစိုးရနဲ့ ပူးပေါင်းပြီး အလုပ်လုပ်တဲ့ မိုန်ဒီယာ တိုင်းသား သူလျှိုဂိုဏ်းကြီးရဲ့ နာမည်စာရင်း ရှိဟန်တူတယ်။ ဒီလူက ဗမာပြည် ရောက်လာလေတော့ သူ့ကို စိတ်မချနိုင်တော့ဘူး ဆိုယင်လဲ ဟုတ်တာပဲ။ ဒီဂိုဏ်းကြီးနဲ့ သူနဲ့ တခုခုဖြစ်လာကြတယ် ဆိုယင်လဲ ဟုတ်တာပဲ။ ဒီဂိုဏ်းကြီ နဲ့ သူနဲ့ တခုခုဖြစ်လာကြတယ် ဆိုယင်လဲ ဖြစ်နိုင်တာပဲ။ ဒီဂိုဏ်းနဲ့ ပတ်သက်တဲ့ မှတ်တမ်းမှတ်စုတွေဟာ ဦးသာဝရဲ့လက်ထဲမှာ ရှိနေသမျှ ကာလပတ်လုံး ဂိုဏ်းသားတွေဟာ ဗြိတိသျှ အစိုးရရဲ့ ရာဇဝတ်ပြစ်ဒဏ်သင့်မှာကို အမြဲစိုးရိမ်ပူပန်နေကြရတယ်။ ဒါကြောင့်မို့လို့ သူ့ဆီမှာ ရှိတဲ့ မှတ်တမ်းမှတ်စုတွေကို ပြန်ရဖို့ ကြိုးစားကြခြင်း ဖြစ်ဟန်တူတယ်"

ကျွန်။ ။"ဟုတ်လောက်ပါရဲ့။ ဒါဖြင့်ဗျာ ဦးသာဝက ဘယ့်နှယ်ကြောင့် အသာတကြည် မပေးလိုက်ပဲနဲ့ မီးရှို့ပစ်ချင်ရတာလဲဗျ"

ရှား။ ။"ကျုပ်တို့ ဗမာလူမျိုးက အဆန်းသားဗျ၊ မခံချင်တတ်တဲ့ စိတ်မျိုးလဲရှိတယ်။ မခံချင်တဲ့ တခနမှာ ဖြစ်ချင်ရာဖြစ် လုပ်ချင်ရာ လုပ်မယ်ဆိုပြီး အရွဲ့တိုက်တတ်တဲ့ သဘာဝမျိုးလဲ ရှိတယ်။ ကျုပ် အထင်ကတော့ ဦးသာဝဟာ တဂိုဏ်းလုံးအပေါ်မှာ အကြီးအကျယ် မကျေနပ်တဲ့အချက် ရှိဟန်တူတယ်။ ဒါကြောင့်မို့ တောင်းရန်ကင်းအောင် ပြန်ပေးတဲ့နည်းမလိုက်ပဲ ကပ်သီးကပ်သတ် လုပ်ခဲ့ဟန်တူတယ်"

ကျွန်။ ။"ဒါဖြင့် (S.S.S)ဆိုတာ ဒီဂိုဏ်းကြီး အမည်ပေါ့"

ရှား။ ။"နေအုံး၊ ကျုပ်ဖတ်ပြမယ်"

ဦးစံရှားသည် ကျွန်ုပ်တော် ပေးထားသော စာအုပ်ကို ဖွင့်၍ အင်္ဂလိပ်လိုရေးထားသော စာများကို ဖတ်ပြရာ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

(Scarlet Shirt Society) ကြက်သွေးရောင် ရှပ်အင်္ကျီ အသင်းကြီး ဟူသည်မှာ ၁၈၅၇ ခုနှစ်၌ ဗြိတိသျှ အစိုးရအား တော်လှန်ပုန်ကန်သည့် (Indian Mutiny) စစ်သူပုန်များ၏ အနွယ် အဆက်များ တည်ထောင်သည်။

အထက်ပါ စစ်သူပုန် ထမှုကြီးကို ဗြိတိသျှအစိုးရက နှိမ်နင်း၍ ခေါင်းဆောင်များအား အမြောက်ဝ၌သွတ်ပြီး ပစ်ခဲ့ခြင်းအားဖြင့် အလောင်းရှာမရအောင် ဆုံးမသော နည်းအတွက်ကြောင့် အနွယ်အဆက်များက စိတ်အနာကြီးနာ၍ ဖွဲ့စည်းသော ဂိုဏ်းကြီးဖြစ်သည်။

ဂိုဏ်းသားများသည် သွေးရောင်ရှိမည့် ရှပ်အင်္ကျီကို အစည်းအဝေးများ၌ ဝတ်ခြင်းအားဖြင့် ဗြိတိသျှအပေါ်တွင် သွေးဖြင့် လက်စားချေသောဟူသော ဆန္ဒကို ဖော်ပြခြင်းဖြစ်သည်။

ထိုသူတို့သည် ဗြိတိသျှအစိုးရ ဆုံးရှုံးနစ်နာစေမည့် အလုပ်ဟူသမျှကို အသက်စွန့်၍ ဆောင်ရွက်ရန်သစ္စာပြုကြ၍ သူတို့အစိုးရနှင့်မသင့်မြတ်သော အစိုးရဟူသမျှနှင့်အဆက်အသွယ်လုပ်ကြသည်။

ဂျာမန်လူမျိုးအနက်တွင် ဗြိတိသျှကို လိုလားသူများလည်းရှိ၍ မလိုလားသူများလည်း ရှိရာ မလိုလားသော အစိတ်အပိုင်းသည် ဤဂိုဏ်းကြီး၏ ရင်းနှီးသောမိတ်ဆွေ ဖြစ်လာကြသည်။

ဘင်္ဂလားနယ်၌ ဗြိတိသျှအစိုးရမနေ့ရဲအောင် ချောက်လှန့်မည်ဆိုသည့် (Terrorist) အလုပ် ဟူသမျှတွင် ဤဂိုဏ်းသားများက ရှေ့ဆောင်ကြသည်။

ဤဂိုဏ်းကြီးတွင် စစ်ဖက် ပုလိပ်ဖက်မှ အရာရှိကြီး အမြောက်အမြား ပါဝင်သည်ဟု ဗြိတိသျှ အစိုးရ ရိပ်မိသော်လည်း ယင်းတို့ကို ပေါ်ပေါက်အောင် စစ်ထုတ်ရန်မှာ ယင်းအစိုးရအဖို့ အကြီး ဆုံးသော အခက်အခဲကြီးအဖြစ်နှင့် အခါခပ်သိမ်း တည်နေ၏။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဤဂိုဏ်းကြီးတွင် အချို့သော မဟာရာဇာ စော်ဘွားများ ပါဝင်သည့်ပြင် အချို့သော နိုင်ငံခြားအစိုးရများ၏ ငွေကြေးအထောက်အပံ့လည်း ရှိသည် ဖြစ်သောကြောင့် လက်ပူးလက်ကြပ် ဖမ်းမိသော တရားခံမျိုးမှတပါး အစိုးရက ဘာမျှ မတတ်နိုင်ချေ။

မသက်ာမှုနှင့် ဖမ်းဆီးလေသမျှတွင် အကောင်းဆုံးသော ဝတ်လုံများ ငှားရမ်းလျှောက်လဲ စေခြင်းအားဖြင့် လွတ်မြောက်သည်သာ များလေသည်။

အလုပ်လုပ်ရာ၌ အလွန်စေ့စပ်၍ မည်သည့်ကိစ္စမဆို အောင်မြင်အောင် စွမ်းဆောင်နိုင်သော ကြောင့် ဖိမ့်ဖိမ့်တုန်မျှ ကြောက်ကြရသည်။

တခါတရံ အပြစ်ရှိပြီးသော တရားခံကိုပင် အကြမ်းနည်းနှင့် လုယူခြင်း၊ အနုနည်းနှင့် လာဘ် ထိုးခြင်းဖြင့် လွတ်အောင် ကြိုးပမ်းကြသည်။

သစ္စာဖောက်သူများအား ဩဇာသုံးစေ့ပို့၍ သတိပေးလေ့ရှိသည် ဆိုရာ သတိပေးခံရသူများ သည် ပုလိပ်သာမက စစ်တပ်၏ အကူအကွယ်ယူသော်လည်း နောက်ဆုံးတွင် သေခြင်းဆိုး သေရ သည်ဟု နာမည်ကြီးလျက် ရှိသည်။

ရှား။ "ကိုင်း ဒီလိုဆိုတော့ ဦးသာဝ လက်ထဲမှာရှိတဲ့ စာရင်းထဲမှာ ထိပ်တန်းပုဂ္ဂိုလ်ကြီးများရဲ့ နာမည်တွေ ပါနေပြီး မတော်တဆ အစိုးရလက်ထဲ ရောက်သွားလို့ရှိယင် ဒုက္ခရောက်ကုန်ကြမှာ ဖြစ်လေ တော့ မှတ်တမ်း မှတ်စုတွေကို ပြန်ရအောင် ကြိုးစားတယ်ဆိုတာ မမှတာပေပဲဗျ"

ကျွန်။ ။"ဟုတ်လိမ့်မယ်ဗျို။ ကျွန်တော်တို့ ဖတ်လိုက်ရတဲ့ စာရွက်စုတ်ထဲမှာတောင် ဘယ်သူ့ ဆီကို ဘယ်နေ့က ဝမ်နင်ပို့တယ်၊ ဘယ်နေ့က သုတ်သင်လိုက်တယ်ဆိုတာ တွေ့လိုက်ရသေးတာပဲ"

ရှား။ ။"ဟုတ်တယ်။ အခု နောက်ဆုံး မောင်ကံကောင်းလက်ထဲ ပမ်နင်ရောက်လာရမှာ ကျုပ်တို့ တာဝန်က သူတို့ခိုင်းတဲ့အတိုင်း မြန်မြန်ကြီး ဆောင်ရွက်ပြီး ခြေရာကောက်ဖို့ဆိုတာက နောင်ခါ လာ နောင်ခါချေး သဘောထားကြရမှာပဲ။ မောင်ကံကောင်းကိစ္စကို ကျုပ်တို့ ဆောင်ရွက်ပြီးတဲ့နောက် ဒီဂိုဏ်းကြီးထဲက တချို့တလေ မိအောင် ဖမ်းနိုင်လို့ရှိယင်တော့...."

ကျွန်။ ။"ခင်ဗျား နာမည်ကြီးပြီး အိုဘီအီးဘွဲ့တွေ ဘာတွေများ ရနေအုံးမှာလားဗျာ"

ရှား။ ။"ဝေးသေးဗျာ။ ဘွဲ့ယူစရာရှိတော့ ပုလိပ်မင်းကြီးတို့ ဘာတို့က ယူသွားပြီး နာမည် ကောင်း လက်မှတ်ကလေးများ ပေးယင် တော်လှပြီ။ ကျုပ်က လိုချင်လို့ ပြောတာ မဟုတ်ပါဘူး။ အဖြစ် ပြောတာပါ။ တိုင်းပြည်က အသိအမှတ်ပြုတယ်ဆိုတာ ကျုပ်အဖို့ ဆာဘွဲ့ရတာထက် ကျေနပ်ပါ သေးတယ် ခင်ဗျာ။

"ကိုင်း ကိုင်း၊ ညဉ့်လဲနက်ပြီ၊ တော်ကြအုံးစို့။ လောကမှာ လူဆိုး လူရှုပ်တွေအကြောင်း စဉ်းစား ရတာ စိတ်ညစ်နွမ်းလှတယ်။ တယောလှမ်းလိုက်စမ်းဗျာ။ စိတ်ကလေးသန့်ရှင်းသွားအောင် ပတ်ပျိုးတပုဒ် လောက်နဲ့ ဆေးကြောပေးလိုက်ပါအုံးမယ်"

ကျွန်တော်မှာ ဦးစံရှား၏ တယောသံကို အိပ်ရာထဲမှ နားထောင်ယင်း မျက်လုံးများ မှေးလာပြီး အိပ်ပျော်ခြင်းသို့ ရောက်ပါတော့သည်။

× × ×

ဦးစံရှားသည် ဘယ်အချိန်မှ အိပ်ရာဝင်သည် မသိရသော်လည်း နောက်တနေ့နံနက် ကျွန်တော် အိပ်ရာမှ ထလာသောအခါ စားပွဲတွင် ကာဖီသောက်လျက် ရှိနှင့်လေပြီ။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။''ကျုပ်အဖို့ အလုပ်ရှုပ်မယ့်နေ့ပဲဗျို့ ကိုသိန်းမောင်။ ဒါကြောင့် စောစောထပြီး အပြင်ထွက်ဖို့ ပြင်နေရတယ်''

ကျွန်။ ။''အင်းစိန်သွားဖို့လား''

ရှား။ ။''မြို့ထဲမှာ ရှေးဦးစွာ စုံစမ်းပြီးမှ အင်းစိန်သွားရလိမ့်မယ် ထင်တယ်''

ကျွန်။ ။''ကျွန်တော်လိုက်ဖို့ လိုသေးသလား''

ရှား။ ။''မြို့ထဲက အလုပ်အဖို့တော့ မလိုပါဘူး။ အင်းစိန်တော့ လိုက်တာပေါ့''

ကျွန်။ ။''ဒါဖြင့် ကျွန်တော်အဖို့ အလျင်မလိုဘူးပေါ့''

ကျွန်တော်သည် အလျင်မလိုသည့်အတူတူ ပေါင်မုန့်နှစ်ချပ်ကို မီးကင်ခိုင်း၍ သတင်းစာဖတ်ယင်း စောင့်မည်ဟု ရန်ကုန်ဂဇက် သတင်းစာကို လှန်လိုက်ရာ 'စက်ရုပ်သတင်း' ဟူသော စာလုံးများသည် ကျွန်တော်၏ မျက်စိကို ဆောင့်၍ တိုးလိုက်သလို ကွင်းကနဲ မြင်လိုက်ရသည်။

ကျွန်။ ။''ဟော လက်ချက်ဦးသွားပြီဗျ ဦးစံရှားရေ့''

ရှား။ ။''ကျုပ်လဲ စိုးရိမ်မိသားပဲဗျာ၊ ဘယ်လိုလုပ်လိုက်သတဲ့လဲဗျ''

ဦးစံရှားကား စိတ်ထိခိုက်ဟန် တူသော်လည်း ကတုန်ကယင်မရှိ။ ငြိမ်သက်သော အမူအရာ ရှိသည်။

ကျွန်တော်သည် 'ဘုရားလမ်းဘူတာ မီးရထားကြိတ်မှု' ဟူသော စာခေါင်းကို ရှေးဦးစွာ မြင်လိုက်ရ၍ နာမည်ကို လှမ်းကြည့်လိုက်ရာ 'မောင်ကံကောင်း' ဟူသော အမည်ကို မြင်လိုက်ရသည်နှင့် ဦးစံရှားအား 'လက်ချက်ဦးသွားပြီ' ဟု ပြောလိုက်ခြင်း ဖြစ်၏။

အင်္ဂလိပ်သတင်းစာတွင် ပါသော အကြောင်းခြင်းရာကို ဦးစံရှားအား ဖတ်ပြရာ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ရန်ကုန်ဘူတာကြီးမှ ည ၁၀ နာရီ ၁၀ မိနစ်တွင် ထွက်ခဲ့သော အင်းစိန်လော်ကယ်ရထားသည် ဘုရားလမ်းဘူတာသို့ ဝင်လာခဲ့သောအခါ လူတစ်ယောက်သည် စက်ခေါင်းသို့လာ၍ တတိယတန်းတွဲတတွဲ၌ စီးသည့်တယောက်အား သွားနို့သည် ကုလားအချို့က မီးရထားပေါ်မှ တွန်းချသည်ကို မိမိ မြင်လိုက်ရသည်ဟု ပြောကြောင်း။

ဒရိုင်ဘာသည် မီးရထားကို နောက်ဆုတ်၍ ဆူးလေဘုရား တံတားကြီးသို့ ရောက်သောအခါ သံလမ်းပေါ်တွင် မီးရထားကြိတ်၍ ဦးခေါင်းပြတ်နေသော အလောင်းတလောင်းကို တွေ့ရကြောင်း။

အလောင်းတွင် အခြားသော အမှတ်အသား မပါခဲ့သော်လည်း စာအိတ်တလုံးကို အင်္ကျီအိတ်ထဲ၌ တွေ့ရ၍ 'မောင်ကံကောင်း၊ ကိုးဇီးမီလာ၊ အင်းစိန်မြို့' ဟု လိပ်စာတပ်ထားသည်ကို တွေ့ရကြောင်း။

အလောင်းကို ဆေးရုံသို့ပို့၍ ညတွင်းချင်း စုံစမ်းရာတွင် ကိုးဇီးမီလာမှ မောင်ကံကောင်းပင် ဖြစ်သည်ဟု သိရကြောင်း။

သတင်းပေးသောသူက သွားနို့သည် ကုလားများ တွန်းချခြင်းကို မြင်လိုက်ရသည် ဆိုသော်လည်း တွဲတိုင်းတွင် သွားနို့သည် ကုလားတွေ အပြည့်ပါလာသောကြောင့် မည်သည့် တွဲမှ မည်သည့် သွားနို့သည် ကုလား ဖြစ်သည်ဟု မပြောနိုင်ဘဲ ရှိကြောင်း၊ အမှုကို ဌာနဆိုင်ရာ လက်ခံ စုံစမ်းလျက် ရှိကြောင်း။

ဦးစံရှားသည် ညှိုးငယ်သော မျက်နှာထားနှင့် နားထောင်နေရာမှ သတင်းအဆုံးတွင်—

ရှား။ ။''ဖြစ်ရလေ ကိုသိန်းမောင်ရယ်။ နာကျည်းလိုက်လေဗျာ။ ကျုပ်တို့ အားကိုးရှာလို့ လာပါလျက်ကယ်နဲ့ သေမယ့်လမ်းကို ကျုပ်က ပြန်ပို့လိုက်သလို ဖြစ်ရတာများ နာကျည်းလိုက်လေဗျာ။ တောက် တောက်''



www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားမှာ စိတ်ခိုင်သူတယောက် ဖြစ်သော်လည်း ဤတကြိမ်တွင် မျက်ရည်အပြည့် ဝိုင်းလျက်ရှိသော မျက်လုံးများကို ကျွန်တော် မြင်လိုက်ရဖူးလေသည်။

ဦးစံရှားသည် စိတ်ထဲ၌ မရိုးမရွ ဖြစ်သည့် လက္ခဏာနှင့် ကုလားထိုင်ပေါ်တွင် တည်ငြိမ်စွာ မထိုင်နိုင်ပဲ အခန်းထဲ၌ ထိုမှ ဤမှ ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်နေရာမှ—

ရှား။ ။"ကိုင်း ကိုသိန်းမောင်၊ ဒီကောင်တွေ ဒီမှာရှိနေသေးတယ်ဆိုယင် ကျုပ်ကိုယ်တိုင် ဆယ်ပြန် သေရချင် သေရစေ။ အရိုးကြေကြေ အရေခန်းခန်းဆိုတဲ့ သန္နိဋ္ဌာန်မျိုးချပြီး သူတို့ကို မမိမချင်း ကျုပ်လိုက်တော့မယ်ဗျာ"

ကျွန်။ ။"နွားနို့သည်တွေဆိုတာ သူတို့ဖြစ်မှာပေါ့နော်"

ရှား။ ။"ဟုတ်တာပေါ့ဗျ"

ဦးစံရှားသည် အပြင်ထွက်ဖို့ အဝတ်လဲလှယ်လျက် ရှိစဉ်—

ကျွန်။ ။"ပုလိပ်အကူအညီ ယူအုံးမှာလား"

ရှား။ ။"နေအုံးဗျ၊ မဖြစ်သေးဘူး။ ကျုပ်ဟာကျုပ် သေချာအောင် ခြေရာကောက်ပြီးမှ ပုလိပ်နဲ့ ပူးပေါင်းမှ ဖြစ်မယ်"

ကျွန်။ ။"ကျွန်တော် မလိုက်ရဘူးလား"

ရှား။ ။"ခုချက်ချင်းတော့ ခင်ဗျားလိုက်ဖို့ မလိုသေးဘူး၊ နေရစ်အုံးဗျာ"

ကျွန်တော်မှာ မှာခြားကိစ္စများရှိသည်နှင့် မြို့ထဲသို့ ထွက်သွားရာ ညနေစောင်းတွင် အိမ်သို့ ပြန်လာသောအခါ၌ ဦးစံရှား မရောက်သေးချေ။

ထိုည ၈ နာရီထိုးပြီးမှ ဦးစံရှားသည် ဩဇာသီးတလုံးကိုင်လျက် တိုက်ပေါ်သို့တက်လာလေသည်။

ရှား။ ။"ဒီကနေ့လောက် အလုပ်ရှုပ်တဲ့နေ့တော့ ကျုပ်အဖို့ ခပ်ရှားရှားပဲဗျို့။ တနေ့လုံး ဟိုလိုက် ဒီလိုက်နဲ့ လက်ဖက်ရည်တောင် သောက်ဖို့အချိန်မရဘူး။ ထမင်းဆိုတော့ ဝေးရော"ဟု ပြောယင်း ဩဇာသီးကို ဖွဲ့စား၍ အစေ့များကို စားပွဲပေါ်တွင် တင်ထားလေသည်။

ကျွန်။ ။"ဘယ့်နှယ်လဲ၊ နေရာကျခဲ့ရဲ့လားဗျို့"

ရှား။ ။"သူတို့နည်းနဲ့ သူတို့ပြန်သုံးပြီး မိစေရမပေါ့ဗျာ"ဟု ပြော၍ ဦးစံရှားသည် ဩဇာစေ့ သုံးစေ့ကို အိတ်တလုံးတွင် ထည့်၍ စာတရွက်ပေါ်၌ အင်္ဂလိပ်ဘာသာဖြင့် 'စံရှားမှ ချန္ဒြာဂို့ရှ်သို့'ဟု ရေးပြီးလျှင် စာရွက်ကို စာအိတ်ထဲသို့ ထည့်လေသည်။ စာအိတ်ပေါ်၌ကား—

မစ္စတာ ချန္ဒြာဂို့ရှ်
မာလိန်မှူး
ရာမာယားနား ရွက်သင်္ဘော
ကိုလံဘိုမြို့

သီဟိုဠ်ကျွန်း ဟု ရေးသား၍ စာအိတ်ကိုပိတ်ပြီး ချိပ်တံဆိပ်နှိပ်လေသည်။

ရှား။ ။"ကိုလံဘိုမှာ သင်္ဘောဆိုက်လို့ ကျုပ်စာကို သူရတဲ့အခါကျတော့ မောင်ကံကောင်းတို့ သားအဖတစု တုန်လှုပ်ချောက်ချားရသလို ခင်ဗျားလူ တုန်လှုပ်စေရမယ်ပေါ့ဗျာ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်။ ။"ချန္ဒြာဂုိ့ရှ်ဆိုတာ ဘယ်သူလဲဗျ"

ရှား။ ။"ဒီဂိုဏ်းကြီးမှာ ခေါင်းဆောင်တယောက်ပေါ့ဗျာ"

ကျွန်။ ။"ခင်ဗျား ဘယ့်နှယ်လုပ်ပြီး ခြေရာခံမိသလဲ"

ဦးစံရှားသည် စာတရွက်ကို အိတ်ထဲမှ ထုတ်၍ စားပွဲပေါ်တွင် ဖြန့်ခင်းလိုက်ရာ နာမည်နှင့် ရက်စွဲ အမြောက်အမြား မှတ်သားထားသည်ကို တွေ့ရသည်။

ရှား။ ။"ဒီခေတ်မှာ ရွက်သင်္ဘော တော်တော် ရှားသွားပြီဗျ။ မော်တော်ကားတွေထဲမှာ ဒေါက်ကပ်တစီး ညပ်ပါလာတာလို တော်တော်ထင်ရှားတယ်။ တခု နေ့ရာကျတာက သင်္ဘော ကုမ္ပဏီ ကြီးတွေဟာ ပင်လယ်ဆိပ်ကမ်းတွေမှာ ဆိုက်ကပ်ဖူးတဲ့ သင်္ဘောတွေရဲ့ အမည်နဲ့ နေ့စွဲကို စာရင်းတခု လုပ်ပြီးမှ မှတ်သားထားတဲ့ အလေ့အထရှိတယ်။

"ကျုပ်က လွန်ခဲ့တဲ့လေးငါးနှစ်အတွင်းမှာ ဘုံဘိုင်မြို့ဆိုက်တဲ့ ရွက်သင်္ဘောတွေစာရင်းကို တောင်း ကြည့်တော့ ရာမာယားနားဆိုတဲ့ သင်္ဘောနာမည်ကို အထူးသတိပြုမိတယ်။

"ဘာကြောင့်လဲဆိုတော့ ဒီနာမည်က အိန္ဒိယနာမည်ကိုးဗျ။ ရာမာယားနားတို့၊ မဟာဘာရတ္တတို့ ဆိုတာ အိန္ဒိယတိုင်းသားတွေ အလွန်ကြိုက်တတ်တဲ့ နာမည်တွေကိုး။ ဒီနောက် တခါ ကာလကတ္တားမြို့မှာ လွန်ခဲ့တဲ့နှစ်က ဆိုက်ကပ်ဖူးတဲ့ ရွက်သင်္ဘောတွေ စာရင်းကိုကြည့်ပြန်တော့ 'ရာမာယားနား'ဆိုတဲ့ နာမည် ကို တွေ့ရပြန်တယ်။

"ဒီတော့ ကျုပ်အဖို့ တော်တော်သေချာလာပြီ။ နို့ပြီး ရန်ကုန်ဆိပ်ကမ်းမှာဆိုက်တဲ့ သင်္ဘောတွေ စာရင်းကို ကြည့်ပြန်တော့လဲ ရာမာယားနားဆိုတဲ့ 'ယော့တ်' သင်္ဘောကလေးနာမည်ကို တွေ့ရပြန်တယ်။ ဒီလိုဆိုတော့ အလွန် သေချာတာပေါ့ဗျာ။

"ဒါနဲ့ အဲဒီ ရာမာယားနား သင်္ဘောအကြောင်းကို မေးကြည့်တော့ လွန်ခဲ့တဲ့ ရက်သတ္တပတ် လောက်က ရောက်လာပြီး ဒီကနေ့ မွန်းတည့်လောက်က ထွက်သွားတယ်တဲ့ဗျ။ သွားမယ့် ခရီးကတော့ ကိုလံဘိုတဲ့ဗျ"

ကျွန်။ ။"နို့ဗျာ ချန္ဒြာဂုိ့ရှ်မှန်း ဘယ့်နှယ်ကြောင့် ခင်ဗျား သိသလဲဗျာ"

ရှား။ ။"ရာမာယားနား ယော့တ် သင်္ဘောကလေးပေါ်မှာ အမှုထမ်းတဲ့ သင်္ဘောသားနဲ့ အရာရှိ စာရင်းကို ကြည့်လိုက်တော့ ဘင်္ဂလားနယ်သားဆိုလို့ အရာရှိထဲက ချန္ဒြာဂုိ့ရှ်ရယ်၊ လတ်စကားအမှု ထမ်းထဲက သုံးလေးယောက်ရယ် တွေ့ရတယ်ဗျ။ ဒီဂိုဏ်းသားဆိုယင် ဘင်္ဂလားနယ်ကချည်းပဲ။ တခြားနယ် က မပါကြဘူး။

"ဒါကြောင့် ရာမာယားနား ယော့တ် သင်္ဘောကလေးပေါ်မှာ ဒီဂိုဏ်းသား ပါတယ်ဆိုယင် ဘင်္ဂလားနယ်သား ဖြစ်ရမှာပဲလို့ ကျုပ်က တပ်အပ် သိရတယ်။ ပြီးတော့လဲ မာလိန်မှူး ချန္ဒြာဂုိ့ရှ်နဲ့ ဘင်္ဂလားနယ်သား သင်္ဘောသား သုံးယောက်တို့ဟာ မနေ့ညတုန်းက တညလုံး မြို့ထဲ လျှောက်လည် နေကြပြီး နံနက်နေမြင့်ကြီးကျမှ ပြန်လာကြလို့ ကပ္ပိတန်က တော်တော်ကြိမ်းသေးတယ်လို့ ကြားရတယ်"

ကျွန်။ ။"ခင်ဗျားအစီအစဉ်က ဘယ်လိုလဲ"

ရှား။ ။"ကျုပ်အစီအစဉ်အတိုင်းဆိုယင် ကိုလံဘိုမြို့မှာ ရာမာယားနား သင်္ဘောဆိုက်လို့ ချန္ဒြာ ဂုိ့ရှ်လက်ထဲကို ကျုပ်စာလဲရောက်ရော သီဟိုဠ်ပုလိပ်ကလဲ ဂုိ့ရှ်နဲ့ သင်္ဘောသား သုံးယောက်ကို လူသတ်မှုနဲ့ ဆင်းဖမ်းရောဗျား။ ကျုပ်က သီဟိုဠ် ပုလိပ်ကို အကြောင်းကြားထားဖို့ ပုလိပ်မင်းကြီးနဲ့ တွေ့ပြီးကိုးဗျ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

လူတို့ ကြိုတင်စိမံမှုများသည် မည်မျှလောက် ချောမောပြေပြစ်လှသည်ဆိုစေကာမူ စီစဉ်သည့်အတိုင်း ဖြစ်သည်လည်း ရှိ၏။ မဖြစ်သည်များလည်း ရှိတတ်လေသည်။

ကျွန်တော်တို့သည် သီဟိုဠ်ကျွန်းမှ လာမည့်သတင်းကို နားတစွင့်စွင့်နှင့် စောင့်မျှော်နေကြရာ နောက်ဆုံးတွင် ရာမာယားနား သင်္ဘောအကြောင်းကို သီဟိုဠ်ကျွန်းမှ သတင်းမရပဲ ဘင်္ဂလားအော်မှ ထွက်ပေါ်လာလေတော့သည်။

အကြောင်းမူကား ဘင်္ဂလားအော် တစိုက်တွင် ထိုစဉ်က သောင်းကျန်းလျက်ရှိသော အမ်ဒင်ခေါ် ဂျာမန် သင်္ဘောသည် ရာမာယားနား ယော့တ်သင်္ဘောအား မိမိတို့ (ဂျာမန်) သူလျှို သင်္ဘော ဖြစ်ခြင်းကို မရိပ်မိသည့်လက္ခဏာနှင့် တနေ့တည်း သင်္ဘောသုံးစင်း နှစ်မြှုပ်လိုက်သည့်အထဲတွင် ရာမာယားနား ရွက်သင်္ဘောလည်း တစင်း အပါအဝင် ဖြစ်ပေသောကြောင့်တည်း။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ၃၂။ ဗိုလ်ကပြားမကလေး တယောက်၏ အမှု*

ကျွန်တော်သည် စာရေးစားပွဲတွင် တထိုင်ထိုင် တကုတ်ကုတ်နှင့် အလုပ်လုပ်ရသည်များတွင် တခါတရံ ပျင်းရိငြီးငွေ့လာတတ်သည်ဖြစ်၍ ဦးစံရှားနှင့်အတူ အမှုအခင်းကိစ္စများအတွက် လိုက်လံသွားလာရခြင်းပင် ဖျော်ဖြေမှုတခု ဖြစ်လေရကား တနေ့သော နံနက်ခင်းတွင် ကျွန်တော်သည် ဝတ္ထုတပုဒ်အတွက် ဇာတ်ကွက် ဆင်ယင်း စိတ်အိုက်အိုက်ရှိလှသည်နှင့် ဦးစံရှားကို လှမ်းကြည့်လိုက်ရာ စားပွဲတွင်ထိုင်၍ သတင်းစာ ဖတ်နေသည်ကို မြင်ရသဖြင့် သူ့ဆီသို့ လျှောက်သွားကာ—

ကျွန်။ ။"ဗျို့ဆရာကြီး၊ အခုတလော အမှုဆန်းဆန်းပြားပြားကလေးများ မရဘူးလားဗျ"

ရှား။ ။"သိပ်ပြီး ဆန်းဆန်းပြားပြား ခက်ခက်ခဲခဲအမှု မရပါဘူးဗျာ။ အသေးအဖွဲကလေး တွေချည်းပါပဲ"

ကျွန်။ ။"အနို့ အခုကော ဘာများ စုံထောက်စရာ ရှိနေလဲဗျ"

ရှား။ ။"မရှိပါဘူးဗျာ။ ဩော်၊ သို့သော် နေအုံးဗျို့။ ခုနင်ကပဲ စာကလေးကစောင်ရတယ်။ ဟောဒီမှာ ဖတ်ကြည့်စမ်း"ဟု မပြော၍ ကျွန်တော့အား စာတစောင်ကိုပြရာ ထိုစာမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည်ဖြစ်၍ မြန်မာအဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

ကျွန်မမှာ တခုသောအိမ်၌ သူငယ်ကလေးတယောက်ကို စာသင်ရန် ဆရာမလုပ်ငန်း တခု ရရှိရာ ထိုအလုပ်ကို လက်ခံထိုက် မခံထိုက် အကြောင်းများကို ဦးစံရှားအား တိုင်ပင် လိုသည် ဖြစ်ပါ၍ နက်ဖြန်နံနက် ၁၀ နာရီအချိန်ခန့်တွင် ဦးစံရှား၏ နေအိမ်သို့ လာ ရောက် လိုပါကြောင်း။

မစ္စ နေဘ်မာ

ထိုစာကို ဖတ်ပြီးသည့်နောက် ကျွန်တော်က "ဗိုလ်မကလေးပါလားဗျ။ ခင်ဗျားနဲ့ ဘယ်တုန်းက သိကြတာလဲ"

ရှား။ ။"ဘယ်က သိရမှာလဲဗျာ"

ကျွန်။ ။"ဒါဖြင့် ခင်ဗျားအကြောင်း ကြားဖူးလို့ ထင်ပါရဲ့"

---

* ဤဝတ္ထုကို ရူမဝမဂ္ဂဇင်း၊ ၁၉၄၇၊ နိုဝင်ဘာ၊ အတွဲ ၁ တွင် 'ဗိုလ်ကပြားမလေးတယောက်၏အမှု' အမည်ဖြင့် တွေ့ရသည်။ ဤဝတ္ထုကို မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၁၂၊ နှလုံးလှစာပေတိုက်မှ အတွဲ ၆ တွင် တွေ့ရသည်။ မူရင်းမှာ The Copper Beeches ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။''ဒါနဲ့ တူပါတယ်။ ကြည့်ပါအုံးတော့ဗျာ။ စုံထောက်များလဲ ဈေးလျှော့ကုန်ပါပြီ။ အလုပ်လက်ခံဖို့ မခံဖို့ အကြောင်းကိုများ တိုင်ပင်ချင်လို့တဲ့။ ဒီဟာ ကျုပ်အလုပ်လားဗျ''

ကျွန်ုပ်။ ။''မလုပ်နဲ့လေ။ ကျွန်တော်တို့ မြဘာယက်မှုကြီးတုန်းက ကြည့်ပါလား။ ဘာမဟုတ်တာကစပြီး နောက်တော့ ဘယ်လောက် ကြီးကျယ်သွားသလဲ။ ဒီဟာလဲ ဒီလိုဖြစ်ချင် ဖြစ်နေမယ်ဗျ။ ဒါထက် စာက မနေ့က ရေးတဲ့စာပဲ။ ဒီကနေ့ လာဖို့ မဟုတ်လား။ ဘယ့်နှယ်လဲ၊ ၁၀ နာရီထိုးပြီ။ မလာသေးပါကလား''ဟု ပြောဆိုလျက်ရှိစဉ် လှေကားမှ ခြေသံကြားရပြီးနောက် အသက် ၂၀ အရွယ်ခန့်ရှိသော ဗိုလ်ကပြားမလေးတယောက်သည် အခန်းတွင်းသို့ ရဲရင့်စွာ ဝင်လာလေ၏။

ဦးစံရှားသည် မိန်းမတို့အား အရေးတယူ ပြုမြဲဖြစ်သည့်အတိုင်း ကောင်းမွန်စွာ နေရာထိုင်ခင်းပေးပြီးနောက် အင်္ဂလိပ် ဘာသာဖြင့်–

''မစ္စနေဘ်မာ မှတ်တယ်''

မစ္စ။ ။''ဟုတ်ပါတယ်ရှင်။ ကျွန်မစာကို ရပြီလို့ မျှော်လင့်ပါတယ်''

ရှား။ ။''ရပါပြီ''

မစ္စ။ ။''ဒီလိုပါရှင်။ ကျွန်မမှာ တိုင်ပင်စရာ ဆွေလဲမရှိ မျိုးလဲမရှိ ဖြစ်နေတော့ ရှင့်အကြောင်းကြားဖူးတာနဲ့ တိုင်ပင်ရယင်ဖြင့် အကြံကောင်း အစည်ကောင်း ပေးနိုင်မယ်လို့ မျှော်လင့်ပြီး လာခဲ့ရခြင်းဖြစ်ပါတယ်။ ကျွန်မကို တတ်အားသမျှ အကြံပေးခြင်းအားဖြင့် ကူညီလိမ့်မယ်လို့ မျှော်လင့်ပါတယ်''

ရှား။ ။''စိတ်ချပါ။ ကျုပ်တတ်နိုင်သမျှတော့ အားကိုးလို့ရှိမှ ကူညီရတာပေါ့ သူငယ်မရယ်'' အကျိုးအကြောင်း ပြောပြစမ်းပါအုံး''

မစ္စ။ ။''ဒီလိုပါရှင်။ ကျွန်မအလုပ်က ဆရာမ ဆိုပေမယ့် ကျောင်းဆရာမ မဟုတ်ပါဘူးရှင်။ အိမ်မှာ သူငယ်များကို စာသင်ခြင်း၊ ဆုံးမသွန်သင်ခြင်း အလုပ်များ လုပ်ရတဲ့ (Governess) ဆရာမ အလုပ်ပါရှင်။

''ဟိုတုန်းကတော့ စစ်ဗိုလ်ကြီး ကာနယ် မက်ကလောက်အိမ်မှာ သူ့သားသမီး ကလေးတွေကို စာသင်ပြီး သူတို့အိမ်မှာပဲ ကျွန်မ နေခဲ့ရပါတယ်။ လွန်ခဲ့တဲ့နှစ်လလောက်ကတော့ စစ်ဗိုလ်ကြီး အခွင့်ခံပြီး ဘိလတ်ပြန်သွားလေတော့ ကျွန်မမှာ အလုပ်လက်မဲ့ဖြစ်ပြီး ကျန်ရစ်ခဲ့တယ်။ အလုပ်အကိုင်ရှာလို့လဲ ဘယ်မှာမှ မရဘူးရှင့်။ ရှိတဲ့ ပိုက်ဆံကလေး ထိုင်စားနေရတာနဲ့ ကုန်တဲ့အပြင် အကြွေးများတောင် တင်နေပါတယ်ရှင်။

''ဒါနဲ့ ကျွန်မက ရန်ကုန်ဂေဇက်နဲ့ ရန်ကုန်တိုင်း သတင်းစာများထဲမှာ ဆရာမအလုပ်လုပ်လိုကြောင်း၊ အလုပ်ကို ကောင်းစွာ ကျွမ်းကျင် နားလည်ကြောင်းများနဲ့ ထည့်ပြီး ကြော်ငြာပါရောရှင်။ ကြော်ငြာပေမယ့် ကျွန်မလို အလုပ်လက်မဲ့ ဖြစ်နေရှာလို့ ကြော်ငြာထားတဲ့လူတွေက များလေတော့ ဘယ်ကမှ အလုပ်မရပါဘူးရှင်။ ဒါနဲ့ ကျွန်မမှာ စိတ်ပျက်ပျက်နဲ့ အခက်ကြုံနေတုန်း တနေ့တော့ ရန်ကုန်ဂေဇက်သတင်းစာတိုက်က မည်သည့်နေ့၊ မည်သည့်အချိန်မှာ လာရောက်စေလိုကြောင်း စာရပါရောရှင်။ ရတော့ သူတို့မှာတဲ့အချိန်မှာ ကျွန်မ သွားပါရောရှင်။ သွားလို့ ဟိုရောက်တော့ ကျွန်မလိုပဲ စောင့်နေကြတဲ့ သူငယ်မကလေးတွေ ၄-၅ ယောက် တွေ့ပါရောရှင်။ တွေ့တော့ ကျွန်မတို့ အားလုံး စုပြီး အခန်းတခုထဲမှာ စောင့်နေကြရတယ်ရှင့်။

''ပြီးတော့မှ ဒီ့ပြင် အခန်းကနေပြီး တယောက်စီ နာမည်ကို ခေါ်တော့မှ တယောက်ချင်း ဝင်ဝင်သွားရတာကိုးရှင့်။ ကျွန်မ အလှည့်ကျလို့ ကျွန်မ ဝင်သွားတော့ အခန်းထဲမှာ သတင်းစာ ကြော်ငြာ



www.burmeseclassic.com

www.burmeseclassic.com

ဘက်က လူကြီးရယ်၊ ဒီ့ပြင် ညှော်သည်တဦးရယ် ထိုင်နေကြတာကိုး ရှင့်။ ညှော်သည်ဆိုတဲ့ လူက ပ၀ခန့်ခန့် ကြီးရှင့်။ ကျွန်မတို့သို ဗိုလ်ကပြားပဲ။ မျက်နှာထားကလဲ ရွှန်းက ရွှန်းပါဘိသနဲ့။ သူကပဲ ဆဲရေမလိုချင်ပဲ့ လက္ခဏာနဲ့ တူတယ်။ ဒါနဲ့ ကျွန်မဝင်သွားတော့ ကျွန်မမျက်နှာကို မြင်မြင်ချင်း ဒီလူကြီးက ဖြုန်းဆို ဝမ်းသာသလို ဖြစ်သွားပြီး—

" 'ဟန်ပြီ၊ ဟန်ပြီ၊ ဒီသူငယ်မဖြင့် နေရာကျပုံပေါ်ပြီ'တဲ့။ ဝမ်းသာတဲ့ မျက်နှာထားနဲ့ ပြောတဲ့ပြီး မျက်နှာ ပြုံးပြုံးကြီးနဲ့ ကျွန်မဘက် လှည့်တဲ့ပြီး 'မိန်းကလေး အလုပ်လုပ်ချင်တယ် ဟုတ်စ'လို့ မေးတော့ ကျွန်မက—

"ဟုတ်ပါတယ်ရှင်"

"လခများ ဘယ်လောက် လိုချင်သလဲ"

"ကျွန်မ အလျင်ကတော့ ကာနယ်မက်ကလောက်ဆီမှာ လုပ်တုန်းက သူ့ထမင်းစာ တလကို ၈ဝိ ရပါတယ်ရှင်"

"အို ဖြစ်ရလေ မိန်းကလေးရယ်။ ဒီရုပ်ရေနဲ့ ဒီလို သိမ်မွေ့နူးညံ့တဲ့ အမူအရာရှိတဲ့ မိန်းကလေး တယောက်ကို တလမှ ၈ဝိ ပေးတာများ အံ့ဩပါရဲ့ဗျာ။ ကိုင်း ကျုပ်က ကျုပ်ထမင်းစား၊ ဒိုဘီခအငြိမ်း တလကို ၁၂၀ ပေးမယ်၊ တော်ပြီလား"

" 'ကျေးဇူးကြီးလှပါပြီရှင်'လို့ ကျွန်မက ပြောလိုက်ပေမယ့် ကျွန်မစိတ်ထဲမှာ များလွန်းအားကြီး လေတော့ မယုံကြည်သလိုရှိတုန်း ကျွန်မ မျက်နှာထားကို ရိပ်မိတဲ့ လက္ခဏာနဲ့ သားရေအိတ် ဖွင့်တဲ့ပြီး တဆယ်တန် စက္ကူ ခြောက်ချပ်ကို ထုတ်ပြီး—

"ကျုပ်က သူများလို မဟုတ်ပါဘူး။ လခ တဝက်ကိုလဲ စရံအဖြစ်နဲ့ အလျင်တင်ကူးပြီး ပေးခဲ့မယ်။ သို့သော်...."

"နေရပ်က ဘယ်မှာလဲရှင့်"

"ကြို့ကုန်းမှာ။ အိမ်အမည် 'မေဗျိုလာတဲ့'။ ကောင်းပါတယ်။ ကျယ်ဝန်းပါတယ်။ နေလောက် ထိုင်လောက် ရှိပါတယ်"

"ကျွန်မ ဝတ္တရားကကောရှင်၊ ကလေး ဘယ်နှစ်ယောက်ပါလဲ"

"တယောက်တည်းပါ မိန်းကလေးရယ်။ ခြောက်နှစ်သားကလေးပါ။ သို့သော် တယ်ဆိုးတဲ့ အကောင်ကလေးဗျ။ ပုစဉ်းများ၊ ယင်ကောင်များ ဖမ်းလိုက်တာလဲ လွန်လို့။ ပိုးဟပ်များကိုလဲ မျက်စိ တမှိတ်အတွင်း ဗျတ်ဗျတ်ဆို သုံးကောင်လောက် သေပြီးပြီ'လို့ ပြောတဲ့ပြီး လူကြီးက အားရပါးရ ရယ်မောလေတော့ ကျွန်မမှာ ဒီတုန်းက ဘယ့်နှယ် ကလေးများပါလိမ့်မလဲလို့ နည်းနည်း လန့်သွား တယ်ရှင်။ ဒီတော့ ကျွန်မက—

"ကျွန်မ အလုပ်ဟာ ဒီကလေး တယောက်ကို ကြည့်ရှုံ သင်ကြားရုံပါပဲလားရှင့်"

"ဟုတ်ပါတယ်။ ဒါလောက်ပါပဲ။ သို့သော် ကျုပ်မိန်းမက နည်းနည်းပါးပါး ခိုင်းစေတဲ့ အလုပ် ကလေးများကိုတော့ လုပ်ကိုင်ပေးရလိမ့်မယ်ပေါ့လေ။ သို့သော် ဂုဏ်သရေရှိ မိန်းကလေးများနဲ့ မထိုက် တန်တဲ့ အလုပ်ကိုတော့ မခိုင်းပါဘူးဗျာ။ စိတ်ချပါ၊ ဘယ့်နှယ်လဲ၊ သဘောတူပြီလား"

"တူပါပြီရှင်"

"သူက မျက်မှောင် ကုတ်တဲ့ပြီး...."

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"နို့ပြီး တခုတော့ ရှိတယ်ဗျ။ ကျုပ်တို့က လူ့တဘက်သားကို သနားညှာတာ တတ်ပေမယ့် ကျုပ်တို့ အလိုကို လိုက်မှ ကြိုက်တယ်။ ကျုပ်တို့က ဘယ်အဝတ်ကို ဝတ်ပါ၊ ဘယ်အရောင် အသွေးကို ဝတ်ပါဆိုယင် ဝတ်မှ ကြိုက်တယ်။ ဒါပေမယ့် မိန်းကလေးက ပိုက်ဆံမကုန်စေရပါဘူး။ ကျုပ်တို့ပိုက်ဆံနဲ့ ဝယ်ပေးပါ့မယ်။ ဝတ်နိုင်ပါ့မလား"

"ဝတ်နိုင်ပါတယ်ရှင်"

"ဒီနေရာမှာ ထိုင်ပါ၊ ဟိုနေရာမှာ ထိုင်ပါဆိုယင် ထိုင်မှ ကြိုက်တယ်ကွယ့်"

"ကောင်းပါပြီရှင်"

"ပြီးတော့ အရေးကြီးတာတခုရှိတာက ကျုပ်တို့က ဆံပင်ကို ဖြတ်ပစ်ပါဆိုယင်လဲ ဖြတ်ပစ်ရလိမ့်မယ်နော်' လို့ပြောတော့ ကျွန်မမှာ အံ့အားကြီး သင့်သွားတယ်ရှင့်။ ဘယ့်နှယ်ရှင်၊ မိန်းမတန်ပဲနဲ့ ကတုံးကြီးနဲ့ နေရမယ်ဆိုတော့ ရှက်စရာကြီးကိုးရှင့်။ ဒီတော့ ကျွန်မက ဆံပင်ကိုတော့ ဖြတ်ဖို့ သဘောမတူကြောင်း ပြောတော့ လူကြီးက—

" 'ကိုင်း ဒါဖြင့် နေရာမကျဘူး' တဲ့ ပြောတာနဲ့ ကျွန်မလဲ အလုပ်ရခါနီးမှ လက်လွှတ်ပြီး အိမ်ပြန်ရပါရောရှင့်။ အိမ်ရောက်ပြန်တော့ အိမ်ရှင်က ပူ၊ ဒိုဘီကုလားက ပူ၊ နွားနို့ကုလားကပူ၊ အကုန်လုံး ဝိုင်းပူကြလေတော့ ကျွန်မမှာ 'မတတ်နိုင်ပါဘူးလေ၊ ဆံပင်တုံးချင် တုံး ပစေတော့ အငတ်ဖြင့် မခံနိုင်ပါဘူး။ ဒွေက်ဘုရင် မိဖုရားကြီး အလီဇင်ဒရာလဲ ကတုံးနဲ့ပမယ့် ချောချင်လဲ ချောတာပဲ' လို့ စိတ်ကို တင်းပြီး အလုပ်ကို လက်ခံတော့မယ် ကြံနေတုန်း နောက်တနေ့မှာပဲ ဟိုလူကြီးဆီက စာတစောင် ရပါရောရှင်။ ဟောဒီစာပါပဲ။ ရှင် ကိုယ်တိုင်ကြည့်ပါတော့"ဟု ပြော၍ ဗိုလ်မကလေးသည် သူ့လက်ကိုင်သားရေအိတ်ကလေးထဲမှ စာတစောင်ကို ထုတ်ပြရာ စာ၏အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပေ၏။

ကျွန်ုပ်သည် သတင်းစာတိုက်မှ မိန်းကလေး၏ နေရပ်ကို မေး၍ ဤစာကို ပေးပို့ရခြင်း ဖြစ်ပါသည်။

မိန်းမတို့ မည်သည်မှာ ဆံပင်မရှိသော်လည်း ရုပ်အဆင်း ပျက်ကွက် ချွတ်ယွင်းသည်ဟူ၍ မဆိုနိုင်ပါ။ ဒွေက်ဘုရင်၏ မိဖုရားခေါင်ကြီးကို ကြည့်ပါ။ ဤမိဖုရားကြီးသည် မကျန်းမာသဖြင့်ကတုံးရိတ်ရသည်တွင် အလွန်ချောမောလှပသည်ဖြစ်သောကြောင့် အချို့သော မင်းကတော် စိုးကတော်တို့သည် အကြောင်းမဲ့ ကတုံးရိတ်၍ မိဖုရားကြီး၏နည်းတူ အတုယူကြပါသည်။

သို့ဖြစ်၍ ဆံပင်ကို ရိတ်ရပါသော်လည်း ရုပ်အဆင်း ပျက်နိုင်ဖွယ်ရာ မရှိပါ။ အကယ်၍ ယင်းအတွက် စိတ်အနည်းငယ် ပျက်ကွက်ခြင်း ရှိခဲ့ပါလျှင်လည်း တလလျှင် ငွေ ၃၀ိ တိုးတက် ပေးပါမည်။

သို့ဖြစ်၍ ပထမပြောယင်းအတိုင်း တလလျှင် ၁၂၀ိ မဟုတ်တော့ပဲ ၁၅၀ိ ပေးပါမည်။ အဝတ်အစားမှာမူ ကျွန်ုပ်တို့၌ သမီးတယောက် ရှိသည်ဖြစ်ရာ ထိုသမီးမှာ သူ၏ အဖေနှင့် ဘင်္ဂလားသို့ သွားရောက်နေထိုင်သည်ဖြစ်သောကြောင့် သူ၏ အဝတ်များကို အိမ်၌ ရံဖန်ရံခါ ဝတ်ဆင်စေလိုက ဝတ်ဆင်သင့်ပါသည်။ ငြင်းဆန်ရန် မယင့်လျော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ဤမျှလောက် လွယ်ကူသော အလုပ်အကိုင် တခုအတွက် ဤမျှလောက် လခကြေးငွေ မြောက်မြားစွာ ရရှိပါလျက် မိန်းကလေး ငြင်းပယ်ရန် မထိုက်ပါ။ လက်ခံလိမ့်မည်ဟု မျှော်လင့်ပါသည်။

လက်ခံလိုက တနင်္ဂနွေနေ့ ၁၂ နာရီ အချိန်တွင် ကြို့ကုန်းဘူတာက ကားနှင့်ကြိုနေပါမည်။ လော်ကယ်ရထား တစင်းစင်းနှင့် လာခဲ့ပါ မိန်းကလေး။

အီး အင်မ် ဖော်စတား

စာကို ဖတ်ပြီးနောက် မိန်းကလေးက—

"ကိုင်း ဒီအတိုင်းပါပဲရှင်။ ဒီစာကိုရတော့ ကျွန်မက အလုပ်ကို လက်ခံလိုက်မယ်လို့ စိတ်ကူးမိပါတယ်။ ဒါပေမယ့် လက်မခံမီ ဦးစံရှားနဲ့တိုင်ပင်ရယင်ဖြင့် ကောင်းလိမ့်မယ်မှတ်လို့ လာခဲ့ခြင်းဖြစ်ပါတယ်ရှင်။ ဘယ်လို သဘောရပါသလဲ"

ရှား။ ။"မိန်းကလေးက လက်ခံဖို့ ပိုင်းဖြတ်ပြီးပြီ ဖြစ်နေယင်လဲ လက်ခံရုံ ရှိတော့တာပေါ့"

မစ္စ ။ ။"လက်ခံယင် ကိစ္စမရှိဘူးပေါ့လေ"

ရှား။ ။"အမှန်ပြောရမှာဖြင့် ကျုပ်နှမဖြစ်ယင် ဒီအလုပ်မျိုး လက်မခံစေရဘူးပေါ့ကွယ်"

မစ္စ။ ။"ဘယ်လိုများ စိုးရိမ်စရာအကြောင်း ရှိပါသလဲရှင်"

ရှား။ ။"အခု သိရသလောက်နဲ့ဖြင့် မတွေးတတ်အောင် ရှိနေပါသေးတယ်။ မိန်းကလေးကလဲ တခုခုတော့ တွေးမိမှာပေါ့။ ပြောစမ်းပါအုံး။ ဘယ်လိုများ ထင်သလဲ"

မစ္စ။ ။"ကျွန်မ ထင်ပုံကတော့ မစ္စတာ ဖော်စတားကတော့ဖြင့် အင်မတန် လူတဘက်သားကို သနား ကြင်နာတတ်တယ်။ စိတ်သဘောထားလဲ အင်မတန် ကောင်းတယ်။ သို့သော် သူ့မိန်းမကတော့ဖြင့် စိတ်မနှံ့တဲ့ လက္ခဏာပဲ။ ဒါကြောင့် ဖွင့်လဲ မပြောချင်တာနဲ့ သူ့မယားအလိုကို ဘယ်နေရာမဆို အလိုလိုက်နေရရှာတဲ့ လက္ခဏာပဲ"

ရှား။ ။"အင်း၊ ခု သိရသလောက်မှာဖြင့် ဒီလိုပဲ တွေးထင်ဖို့ရှိဘာပဲ။ သို့သော် ဘယ်နည်းနဲ့မဆို ဘာပဲဖြစ်ဖြစ်၊ နုနုနယ်နယ် သူငယ်မလေးတို့ အရွယ်များ နေထိုင်ဖို့တော့ တော်သင့်တဲ့ အိမ်နဲ့မတူဘူး"

မစ္စ။ ။"ဒါတော့ ဟုတ်ပါရဲ့။ သို့သော် ကျွန်မမှာလဲ ကြွေးတွေက ထူနေ၊ အလုပ်ကလဲ မရှိ၊ သူ့လခကလဲ ကောင်း"

ရှား။ ။"ကောင်းဆို ဘာပြောစရာ ရှိလဲကွယ်။ ကောင်းလွန်းအားကြီးလို့ ခက်နေတာပေါ့။ မျက်စိတဘက်လပ်အသင်းကြီး အမှုတုန်းက ကြည့်ပါလားဗျ ကိုသိန်းမောင်။ ဇိန်တ္ထပကာသနီကူးဖို့ တနေ့ ငါးကျပ်ပေးတာ မှတ်မိသေးရဲ့လား။ ဘယ့်နှယ်ဗျာ၊ ထမင်းရော ဘာရော အပြည့်အစုံ အကုန်ခံတဲ့အပြင် တလ ငါးဆယ်လောက်ပေးယင် ခေါင်းခေါက်ယူနိုင်လျက်သားနဲ့ တလ တရာ့ငါးဆယ် ပေးတယ်ဆိုတော့ နည်းနည်းကလေး မသင်္ကာစရာ ရှိတယ်ဗျ။ မဟုတ်ဘူးလား ကိုသိန်းမောင်"

ကျွန်။ ။"ဟုတ်ပါရဲ့ဗျာ"

မစ္စ။ ။"သို့သော် အခုမှတော့ မတတ်နိုင်ပါဘူး။ ဦးစံရှားကိုလဲ အကျိုးအကြောင်း ပြောပြပြီးပါပြီ။ ဒီတော့ နောက်နောင် အကြောင်းတစုံတရာဖြစ်ခဲ့ပါလျှင် ကျွန်မကို ပစ်မထားပါနဲ့ရှင် နော်"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"စိတ်ချပါ မိန်းကလေးရယ်။ တကယ်လို့ ဘေးဥပါဒ် အန္တရာယ်...."

မစ္စ။ ။(ဦးစံရှား စကားမဆုံးမီ ဖြတ်၍ ရုတ်တရက် ကြောက်လန့်စိုးရိမ်ဟန်နှင့်) "ဘေးဥပါဒ် များ စိုးရိမ်စရာ ရှိပါသလားရှင်"

ရှား။ ။"အမှန်မပြောနိုင်သေးလို့ ခက်တာပေါ့ကွယ်။ သို့သော် စိတ်ချပါလေ။ အကြောင်း ရှိယင် စာရေးလိုက်ပါ။ ကျုပ်တို့ လာပြီး ကူညီပါ့မယ်။ ဘာမှ မစိုးရိမ်ပါနဲ့။ စိတ်သာချပါ"

မိန်းကလေးဆင်းသွားပြီးနောက် ကျွန်တော်က—

"သူငယ်မလေးက ဖျတ်ဖျတ်သတ်လတ်နဲ့ တယ်ပြီးသွက်လက်ပါပေတယ်။ သူ့အတွက်တော့ စိုးရိမ်ဖို့ ရှိခယ် မဟုတ်ပါဘူး။ သူ့ကိုယ်သူ စောင့်ထိန်းနိုင်မယ့် ရုပ်လက္ခဏာရှိပါတယ်"

ရှား။ ။"စောင့်ထိန်းနိုင်ပါမှပဲဗျို့။ ကျုပ်တော့ တယ်ကြီးစိတ်မအေးလှဘူး။ မကြာခင် တစုံ တခု ကြားရလိမ့်မယ်ထင်တာပဲ"

ထိုနေ့မှစ၍ ဦးစံရှားသည် သူငယ်မကလေးအတွက် စိတ်မအေးသည့် လက္ခဏာနှင့် ရှိနေရာ ရက် သတ္တနှစ်ပတ်မျှကြာလတ်သော် ဦးစံရှားထင်သည့်အတိုင်းပင် မစ္စနော်မာထံမှ စာတစောင် ရရှိလေ၏။ အဓိပ္ပာယ်မှာ—

နက်ဖြန် တနင်္ဂနွေနေ့ ၁၂ နာရီ အချိန်တွင် ကြို့ကုန်းဘူတာသို့ ရောက်အောင်လာပါ ရှင့်။ လာဖြစ်အောင် လာပါ။ ကျွန်မ မကြံတတ်အောင် ဖြစ်နေပါပြီရှင်။

မစ္စ နော်မာ

စာကို ဖတ်ပြီးနောက် ဦးစံရှားက—

"ကိုင်း ဘယ့်နှယ်လဲ ကိုသိန်းမောင်၊ ကျုပ်ပြောတာ။ သူကလေးအတွက် တနေ့မှ ကျုပ်စိတ်မအေး ဘူး။ ကဲ ကျုပ်တို့ ၁၀ နာရီခွဲ လော်ကယ်နဲ့ လိုက်ကြရအောင်ဗျာ။ ခင်ဗျားလဲ အားတယ် မဟုတ်လား။ ဒီ့ပြင် သွားစရာ ကိစ္စများ ရှိသေးသလား"

ကျွန်။ ။"မရှိပါဘူးဗျာ။ ရှိယင်တောင်ပဲ ကျွန်တော် မသွားပါဘူး။ ခင်ဗျားနဲ့ မလိုက်ရတာ အတော်ကြာနေပြီ"

ကျွန်တော်တို့လည်း လော်ကယ်ရထားနှင့် လိုက်ပါသွားကြ၍ ကြို့ကုန်းဘူတာသို့ ဆိုက်ရောက်လေ လျှင် မစ္စနော်မာသည် အားရဝမ်းသာစွာ ဆီးကြိုလျက်—

"ရှင်တို့လာတာ ဝမ်းသာလိုက်တာရှင်။ ကျွန်မကို တဆိတ်ကလေး အကြံပေးကြပါအုံးရှင်"

ရှား။ ။"ဘာဖြစ်သလဲ ပြောစမ်းပါအုံး မိန်းကလေးရယ်"

မစ္စ။ ။"ပြောပါ့မယ်။ သို့သော် ကျွန်မ မြန်မြန်ပြေးမှ၊ ကြာကြာနေလို့ အချိန်မရှိဘူးရှင့်။ နာရီပြန်တချက်ထိုးယင် ကျွန်မ အိမ်ပြန်ရောက်ရလိမ့်မယ် ရှင်ရဲ့"

ရှား။ ။"ကိုင်း ဖြစ်ပုံပျက်ပုံ အစဉ်လိုက် ပြောစမ်းပါကွယ်"

မစ္စ။ ။"ဒီလိုပါရှင်။ ကျွန်မ သူတို့အိမ် ရောက်ကတည်းက နှိပ်စက်ညှဉ်းပန်းပြုလုပ်ခြင်းကိုတော့ ဘယ်တော့မှ မခံရပါဘူး။ သို့သော်လဲ ကျွန်မမှာ တနေ့မှ စိတ်ချလက်ချ စိတ်အေးလက်အေး နေရတယ် လို့ မရှိဘူး။ ဘယ်လိုလူမျိုးတွေလဲ ကျွန်မ မပြောတတ်ပါဘူးရှင်"

ရှား။ ။(ပြုံးရယ်လျက်)"မပြောတတ်တာဖယ်ထားပြီး ပြောတတ်သလောက်ပြောစမ်းပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



မစ္စ။ ။"ဒီလိုပါရှင်။ ကျွန်မတို့နေတဲ့ အိမ်ကြီးက အိမ်ဆိုပေမယ့် အုတ်တိုက်ကြီးကိုးရှင့်။ အိုလဲ့ အိုလှပါပြီ။ ကျယ်က ကျယ်ဝန်းသနဲ့၊ နံဘေးတဘက်တချက်ကလဲ အိမ်နီးချင်းမရှိဘူးရှင်ရဲ့။ သူ့ခြံဝင်းကြီးကလဲ ကျယ်ပါဘိသနဲ့။ ဒီအိမ်ကြီးမှာနေတာက မစ္စတာဖော်စတားရယ်၊ သူ့မိန်းမရယ်၊ သူတို့ ခြောက်နှစ်သားလေးရယ်။ လူကြီးက မုဆိုးဖိုကြီးရှင့်။ သူ့အရင်က မိန်းမနဲ့ သမီးကလေးတယောက်ကျန်ခဲ့သတဲ့။ အဲဒီသမီးကလေးက အသက်နှစ်ဆယ်လောက် ရှိပြီတဲ့။ သူ့မိထွေးနဲ့မတည့်လို့ သူ့အဒေါ်များနဲ့ ဘင်္ဂလားမှာ နေသတဲ့ရှင့်။

'သူ့'နောက်မိန်းမကလေးကတော့ အသက်သုံးဆယ်လောက်ပဲ ရှိသေးတယ်။ ကျွန်မထင်သလို မဟုတ်ဘူးရှင့်။ ရုပ်လဲ မရုပ်ဘူး။ စိတ်သဘောလဲ အင်မတန်ကောင်းပုံရတယ်။ စကားလဲ များများကြီး မပြောလှဘူး။ ကလေးတယောက်ဟာကဖြင့် ကျွန်မတို့ကြားတဲ့အတိုင်းပဲ နာမည်ကဆံနီတဲ့။ မျက်စိကလေး ပေရင်းရင်းနဲ့ အင်မတန် သတ်ချင်ဖြတ်ချင်စိတ်ရှိတယ်။ တနေ့လုံး ယင်ကောင်တွေ၊ ပုစဉ်းတွေ၊ ပိုးဟပ်တွေ ဖမ်းပြီး တွယ်အတ်နဲ့ အရှင်လတ်လတ်သီပြီး ဒလိန်းပြခိုင်းတယ်ရှင့်။

"ဒီကလေးမျိုး မြင်ဖူးပေါင် ကြားဖူးပေါင်ရှင်။ ပြီး ဒီ့ပြင်တော့ ကုလားအစေခံ လင်မယားနှစ်ယောက်ပဲရှိတယ်။ အချက်အပြုတ်ရော အသိမ်းအဆည်းရော သူတို့ချည်းပဲ။ လင်ကလဲ အရက် ခဏခဏမူး၊ မယားကလဲ မျက်နှာထားဆိုးပါဘိသနဲ့။ အင်မတန် မကောင်းတဲ့ လင်မယားတစုံပါပဲရှင်။ ဒါနဲ့ ကျွန်မရောက်သွားတော့ ဘာမှအကြောင်းမထူးသေးဘူး။ တတိယနေ့မှာတော့ ထမင်းစားပြီးလို့ အိမ်ရှေ့ခန်းမှာ ထိုင်နေကြတုန်း မစ္စစ်ဖော်စတားက သူ့ယောကျ်ားကို နားနားကပ်ပြီး တစုံတခု ပြောလိုက်တာကိုး ရှင့်။ ပြောလိုက်တော့ မစ္စတာ ဖော်စတားက ကျွန်မဘက်လှည့်ပြီး—

"မြဲ့ဘ် ဟုတ်ပေတယ်။ မစ္စနော်မာက ကျုပ်တို့အလိုကို လိုက်ရှာပြီး ဆံပင်တွေများ ဖြတ်ပစ်တာ အင်မတန် ကျေးဇူးတင်ပါတယ်။ ကျုပ် အမှန်ပြောမယ်။ ဆံပင်ဖြတ်ပစ်ပေမယ့် နည်းနည်းမှ ရုပ်မပျက်ပါဘူးဗျာ။ ကျုပ်မျက်စိထဲမှာဖြင့် အလျင်ကထက်တောင် လှနေသေးတယ်လို့ ထင်ပါဘယ်။ ကိုင်း ကိုင်း ကတိရှိတဲ့အတိုင်း ကျုပ်သမီး ဂါဝန်အပြာ ဝတ်ချေစမ်းပါဗျာ။ ဗီရိုထဲမှာရှိပါတယ်'လို့ ပြောလို့ ကျွန်မလဲ အဝတ်ကိုသွားပြီး ဝတ်ပါတယ်။ ဝတ်ကြည့်တော့ရှင် ကျွန်မနဲ့ တိုင်းချုပ်ထားတဲ့အတိုင်း အံကျဖြစ်နေတာပဲရှင့်။ ဒါနဲ့ ကျွန်မဒီအဝတ်နဲ့ အိမ်အောက်ဆင်းလာတော့ လင်မယားနှစ်ယောက် တယ်အားရဝမ်းသာ ရှိကြတာကိုးရှင့်။ ဒါနဲ့ အိမ်ရှေ့ဧည့်ခန်းထဲရောက်တော့ အိမ်ရှေ့ပြတင်းပေါက်နားမှာ ကပ်ထားတဲ့ ကုလားထိုင်ပေါ်မှာ ကျွန်မကို အထိုင်ခိုင်းပါရော။ ကုလားထိုင်က ပြတင်းပေါက်ဘက်ကို ကျောခိုင်းလို့ရှင်ရဲ့။

"ဒါနဲ့ ကျွန်မလဲ ဒီအတိုင်း ထိုင်နေတုန်း မစ္စတာ ဖော်စတားက အခန်းထဲမှာ စင်္ကြံလျှောက်ယင်း ရယ်စရာ မောစရာ ပုံတိုပတ်စတွေ ပြောလိုက်တာရှင်။ အပြောကလဲ ကောင်းပါဘိသနဲ့။ ကျွန်မဖြင့် ရယ်လိုက်ရတာ အူကို နှိပ်နေရတာပဲ။ ဒီလိုနဲ့ တနာရီလောက် ရယ်ရလို့ ကျွန်မလဲ မောနေတော့မှ မစ္စတာ ဖော်စတားက—

" 'ကိုင်း ကိုင်း၊ အဝတ်လဲချေပေတော့၊ ကလေးကို စာသင်ဖို့ အချိန်တော်ပြီ'တဲ့။

"နောက်ဘာခါ နှစ်ရက်လောက် ကြာပြန်တော့ ဒီလိုပဲ အဲဒီ ဂါဝန်အပြာကို ဝတ်ခိုင်းပြန်ပြီး ဟိုကုလားထိုင်မှာပဲ ကျွန်မကို ထိုင်စေပြန်ပါတယ်။ ဒီလိုပဲ ရယ်စရာတွေ လျှောက်ပြောပြန်ရောရှင့်။ ပြောပြီးလို့ အတော်ကြာတော့ ကျွန်မကို စာတအုပ်ပေးပြီး ကျယ်ကျယ် အဖတ်ခိုင်းတယ်။ ကျွန်မ ဖက်ပြတော့



www.burmeseclassic.com

www.burmeseclassic.com



သူတို့က နားထောင်နေကြတယ်။ ဒီလို ဆယ်မိနစ်လောက် ဖတ်ပြပြီး တော်တော့ဆိုလို့ ကျွန်မမှာ စာအုပ်ပိတ်ပြီး အဝတ်လဲခွင့် ရပြန်ပါရောရှင်။

"အဲဒီလို ခိုင်းတိုင်း ခိုင်းတိုင်း ကျွန်မကို ပြတင်းပေါက်ဘက် အမြဲတမ်း ကျောပေးပြီး ထိုင်ခိုင်းလေ့ရှိလေတော့ ကေန္တ လမ်းဘက်မှာ တစုံတခုရှိလို့ပဲလို့ ကျွန်မ စိတ်ကူးရတာနဲ့ နောက်တခါ အခိုင်းမှာ ကျွန်မက မှန်အငယ်ကလေးတခု လက်ကိုင်ပဝါထဲမှာ ဆုပ်ပြီး မစ္စတာ ဖော်စတားပြောတဲ့ ပုံတွေကို ရယ်မောရင်း လက်ကိုင်ပဝါကို အသာမြှောက်ပြီး မျက်နှာကို ချွေးသုတ်ယောင်ဆောင်ပြီး ကျွန်မ ကျောဘက်က လမ်းပေါ်မှာ ဘာများ ရှိသလဲလို့ မှန်ထဲမှာ ကြည့်တာကိုးရှင့်။

"ပထမတော့ ဘာမှ မမြင်ဘူး။ နောက် သေသေချာချာ ကြည့်တော့မှ လမ်းပေါ်မှာ ကျွန်မတို့လို ဗိုလ်ကပြားတယောက် ဝင်းထရံကို လက်ထောက်ပြီး ကျွန်မကို စိုက်ကြည့်နေတာ တွေ့ရတာကိုးရှင့်။ ဒီတော့ မစ္စစ် ဖော်စတားက ကျွန်မအကြံကိုရိပ်မိဟန် လက္ခဏာနဲ့ ထိုင်ရာကထတဲ့ပြီး သူ့ယောကျ်ားကို—

"ဒီမှာရှင့်၊ လမ်းပေါ်မှာ ဘယ်က အကောင်လဲ မဆိုနိုင်ဘူး။ မစ္စ နေဘ်မာကို စိုက်ပြီး ကြည့်နေတယ်'လို့ ပြောတာကိုး။

"ဒီတော့ မစ္စတာဖော်စတားက လမ်းဘက်လှည့်ကြည့်တဲ့ပြီး ကျွန်မကို 'မစ္စနေဘ်မာရဲ့ မိတ်ဆွေလား'တဲ့။ ဒီတော့ ကျွန်မက မဟုတ်ကြောင်း ပြောတော့ 'ဒါဖြင့် သွားဖို့ လက်ပြလိုက်ပါ'တဲ့။ ဒီတော့ ကျွန်မက 'သူ့ဘာသာသူ နေပါစေ'လို့ ပြောပေမယ့် မစ္စတာ ဖော်စတားက အတင်း လက်ပြ ခိုင်းတာနဲ့ ကျွန်မက ထိုင်ရာက ထပြီး လက်ပြလိုက်တာ ဟိုလူလဲ သွားပါရောရှင်"

ရှား။ ။"တယ်ကောင်းတယ်ဗျို့။ ပြောစမ်းပါအုံး"

မစ္စ။ ။"မပြော်ဒါထက် ကျွန်မ တခု မေ့နေတယ်။ သူတို့အိမ် ရောက်တဲ့ညနေက မစ္စကာ ဖော်စတားက ကျွန်မကို အိမ်ဝင်းထဲ လျှောက်ပြတယ်ရှင့်။ အိမ်နောက်ဖေးက တဲကလေးတခုနား ရောက်တော့ သံကြိုးသံကြားတာနဲ့ ကျွန်မက ဘာလဲ မေးကြည့်တော့ မစ္စတာဖော်စတားက 'အပေါက်က ချောင်းကြည့်ပါလား'လို့ ဆိုတာနဲ့ ကျွန်မ အပေါက်ငယ်ကလေး တခုက ချောင်းကြည့်လိုက်တော့၊ လား လားရှင် နဲ့တဲ့ ခွေးဘီလူးကြီး မဟုတ်ပါဘူး။ သွားကြီးတွေကလဲ အဖွေးသား ဖြဲလို့ရှင့်။ ကြောက်စရာ ကောင်းလိုက်တာကလဲ လွန်ပါရော။

"ဒီတော့မှ မစ္စတာဖော်စတားက 'မကြောက်ပါနဲ့ မိန်းကလေးရယ်၊ နေ့တော့ ဘယ်နှယ်မှ မလုပ်နိုင်ပါဘူး။ သံကြိုးနဲ့ ချည်ထားတာကပဲ။ သို့သော် ညအခါများတော့ အိမ်ပေါ်က အောက်ကို ယောင်ပြီး မဆင်းလေနဲ့။ ခွေးပါးစပ်ထဲ အသက်ပါသွားမယ်။ အင်မတန် ဆိုးတဲ့ အကောင်ကြီး။ ကျုပ်တောင် မကိုင်ဝံ့ဘူး။ သူ့ကို အစာကျွေးတဲ့ အဗ္ဗဒူခန်းတယောက်ပဲ ကိုင်ဝံ့တယ်'လို့ ပြောတော့ ကျွန်မ ကြက်သီးများတောင် ထအောင် ကြောက်မိပါတယ်ရှင်။

"ဒါနဲ့ တညတော့ ကျွန်မလဲ ဟိုတွေး ဒီတွေးနဲ့ အိပ်မပျော်နိုင်တာနဲ့ နာရီပြန် တချက်လောက်မှာ အိပ်ခန်း ပြတင်းပေါက် ဖွင့်ပြီး လ ကလေး သာသာနဲ့ အပြင်ဘက် ကြည့်လိုက်မိတော့ ခွေးကြီးကရှင် သံကြိုးလဲ မချည်ဘူး။ တကောင်တည်း ကုပ်ကုပ် ကုပ်ကုပ်နဲ့ လရောင်ဖြတ်ပြီး မှောင်ရိပ်ထဲ ဝင်သွားလိုက်တာ နွားမတမ်းကလေးလောက် ရှိပါရဲ့ရှင်။ ကျွန်မဖြင့် လူဆိုးကြီး ခါးကိုင်ပြီးလာတာ ဒီလောက် မကြောက်ပါဘူး။ ဒီ ခချိန်ႇခတော်တဲ့ အခါမှာ ဒီခွေးကြီး တကုပ်ကုပ်နဲ့ လျှောက်နေတာ မြင်ရတော့ ကြောက်လိုက်တာရှင်။ တညလုံး အိပ်လို့ မပျော်တော့ဘူး"

ဦးစံရှားက ထောက်၍—



www.burmeseclassic.com

www.burmeseclassic.com

"ညတိုင်း ဒီလိုပဲ လွှတ်ထားတာပဲလား"

မစ္စ။ ။"လွှတ်ထားတာပါပဲရှင်။ ဒါထက် ကျွန်မ ပြောရအုံးမယ်။ ကျွန်မတို့နေတဲ့ တိုက်အိမ်မှာ အပေါ်ထပ်က အနောက်တောင်ထောင့် အခန်းတခုဟာက ဘယ်အခါမှ မဖွင့်ဘူးရှင့်။ ဘာထည့်ထားမှန်းလဲ မသိရဘူး။ ဘယ်အခါမဆို သော့ခတ်ပြီး ထားတာပဲ။ ကျွန်မက နည်းနည်း စုံစမ်းတတ်တဲ့ ဝါသနာကလေး ရှိလေတော့ ဒီအခန်းထဲမှာ ဘာများ ထည့်ထားပါလိမ့်မလဲလို့ အိမ်အောက် ဆင်းပြီး ပြတင်းပေါက်ကို ကြည့်တယ်။ ကြည့်တော့ ဘယ်ပြတင်းပေါက်မှ ပွင့်နေတာ မတွေ့ရဘူးရှင့်။ ဒီလိုနဲ့ နေခဲ့တော့ တနေ့မှာ ကျွန်မ အိမ်အောက်က တက်ပြီးလာတော့ အခန်းမှာ သော့တန်းလန်းနဲ့ မေ့ထားခဲ့တာ ကျွန်မ မြင်ရတာကိုးရှင့်။ ဒီတော့ ကျွန်မထ သိချင်စိတ်အားကြီးနဲ့ အခန်းထဲကို အသာကလေး ဝင်သွား။ အခန်း ထဲမှာ ဘယ်ကမှ အပေါက်မရှိဘူးရှင့်။ အလင်းရောင်ကတော့ ကောင်းကင်ပေါက်က ဝင်တယ်။

"ဒီတော့ အရောင်ကလေးကလဲ မှိန်တုတ်တုတ်၊ လူမိမှာကို ကြောက်ရတာကလဲ တဘက်နဲ့ ကျွန်မမှာ ဒူးတုန်တုန် ဘာတုန်တုန်နဲ့ ဝင်ပြီးသွားတော့ အခန်းဆီးတခု တွေ့တာကိုးရှင့်။ အခန်းဆီးနား ရောက်တော့ ဟိုဘက်က လူသမ်းလျှောက်တဲ့ ခြေသံလိုလို ကြားပြီး အခန်းဆီးမှာ လူရိပ်လိုလို ဘာလိုလို ရိုးတိုးရိပ်တိတ် မြင်တာကိုးရှင့်။ မြင်တော့ ကျွန်မမှာ ဘာမှမပြောနဲ့၊ ကြောက်လွန်းအားကြီးပြီး ပြန်ထွက်ပြေးလာလိုက်တာ အခန်းဝလဲ ရောက်ကရော မစ္စတာဖော်စတားနဲ့ ရင်ဆိုင်ကြီး ဝင်တိုက်မိတာကိုးရှင့်။ ဒီတော့ သူက—

" 'ဩော် လက်စသတ်တော့ မစ္စနော်မာကိုး' တဲ့။ မျက်နှာ ပြုံးပြုံးနဲ့ ပြောတာကိုးရှင့်။ ဒီတော့ ကျွန်မက 'ကြောက်လိုက်တာရှင်။ ဘယ့်နှယ် အခန်းပါလိမ့်မလဲ' လို့ ပြောမိတော့ သူက မျက်နှာထား ချိုချို ထားပြီး 'ဘာဖြစ်လို့လဲ မိန်းကလေးရယ်၊ ဘာများ ကြောက်စရာ တွေ့ခဲ့ရလို့လဲ' တဲ့ မေးတာကိုး။

"ဒီတော့ ကျွန်မက သူ့မျက်နှာထား ချိုလွန်းအားကြီးလေတော့ မသင်္ကာတာနဲ့ သတိလစ်စေပဲ 'ကျွန်မက ယောင်ပြီး အခန်းထဲ ဝင်ကြည့်မိတာ ဘာမှမြင်ရလို့ မဟုတ်ပါဘူးရှင်။ လိပ်ပြာလန့်ပြီး ပြန်ထွက်ပြေးလာခဲ့တာပါ' ပြောတော့ သူက ကျွန်မမျက်နှာကို သေသေချာချာ အကဲခတ်ကြည့်တဲ့ပြီး 'ဒါပဲလား' တဲ့ မေးတယ်။

BURMESE CLASSIC .com

"ကျွန်မက 'ဒါပါပဲရှင်' လို့ ပြောတော့ ဒါဟာ ကျုပ် ဓာတ်ပုံခန်းဗျ၊ ဓာတ်ကားဆေးတဲ့အခန်းပဲ"

"ကျွန်မ မသိလို့ ဝင်မိတာပါရှင်"

"ကိုင်း အခုတော့ သိပြီ မဟုတ်လား။ နောက်ကို မဝင်နဲ့ နော်။ ဝင်ယင်' ဆိုပြီး စကားဆုံးအောင် မပြောပဲ ကျွန်မကိုစိုက်ကြည့်လိုက်တဲ့ မျက်နှာထားကြီးဟာ ကြောက်စရာကောင်းလိုက်တာရှင်၊ ဒီမျက်နှာကြီး မြင်ယောင်နေပြီး အိပ်လို့တောင် မပျော်ဘူးရှင်ရဲ့။ ဒါနဲ့ အဲဒီညကတော့ ကျွန်မ ဒီအိမ်မှာနေနိုင်ဖို့ ခဲယဉ်းပြီ၊ ခဲယဉ်းလို့ ထွက်သွားရအောင်ကလဲ ကျွန်မဖြင့် မစ္စတာ ဖော်စတားကိုလဲ ကြောက်၊ ခွေးကြီးနဲ့ ခွေးထိန်းတဲ့ ကုလားကိုလဲ ကြောက်၊ သူ့မိန်းမလဲ ကြောက်၊ ကလေးကစ ကြောက်၊ တအိမ်လုံးကို တွေးကြောက်နေတော့တာပဲရှင်။ ဒါနဲ့ မဖြစ်ဘူး၊ ဦးစံရှားကို တိုင်ပင်မယ်ဆိုပြီး စာကလေး တိတ်တိတ် ရေးလိုက်တာ ဒီတော့မှပဲ စိတ်နည်းနည်း သက်သာရာ ရတော့တာပါပဲရှင်။

"ကိုင်း ကျွန်မလဲ ပြန်ဖို့အချိန်နီးပြီ။ မစ္စတာဖော်စတားတို့ လင်မယားလဲ ဂိုလ်ခင်ဗယ်လီထဲက ထမင်းစားဖိတ်လို့ သွားကြလိမ့်မယ်။ အိမ်မှာ ကျွန်မရယ်၊ ကလေးရယ်၊ အစေခံကုလား လင်မယား နှစ်ယောက်ရယ် ဒါပဲ ရှိရစ်ကြလိမ့်မယ်။ ကိုင်း ဒါပါပဲရှင်။ ဒီ့ပြင် ပြောစရာမရှိတော့ပါဘူး" ဟု ဆိုကာ မစ္စနော်မာသည် စကားကို အဆုံးသတ်လိုက်၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားနှင့် ကျွန်တော်တို့သည် အထက်ပါ အဖြစ်အပျက်များကို စိတ်အားကြီးစွာ နားထောင်လျက် ရှိကြရာမှ ဦးစံရှားသည် လက်နှစ်ဘက်ကို အိတ်ထဲနှိုက်ယင်း မျက်မှောင်ကုတ်ကာ ဟိုမှ သည်မှ လမ်းလျှောက်ပြီးနောက် ရုတ်တရက် ကျွန်တော်တို့ရှေ့၌ ရပ်ပြီးလျှင်—

ရှား။ ။"ခွေးထိန်းတဲ့ အစေခံကုလား ဒီနေ့ အရက်မူးသေးသလား"

မစ္စ။ ။"မူးနေတယ်ရှင့်။ သူ့မိန်းမက သခင်မကို တိုင်သံကြားရတယ်"

ရှား။ ။(ဦးခေါင်းကို မတ်ကနဲ မော့ကာ) "နေရာကျပြီ ဒီတချက်။ မစ္စတာ ဖော်စတားတို့ လင်မယား ဒီနေ့ ညစာ ထမင်း သွားစားကြမယ်ဆို မဟုတ်လား"

မစ္စ။ ။"ဟုတ်တယ်ရှင့်"

ရှား။ ။"အိမ်မှာ အခန်းလုံလုံ အပြင်မှာ သော့ခတ်ထားလို့ရတဲ့ အခန်းတခန်း ရှိရဲ့လား"

မစ္စ။ ။"ရှိပါတယ်ရှင်။ ပန်းကန်တွေ ဘာတွေ ထားတဲ့အခန်းဟာ သော့နဲ့ပါပဲ"

ရှား။ ။"ကိုင်း ကိုင်း၊ မစ္စနော်မာက ဒီကိစ္စမှာ အစအဆုံးတိုင် သစ္စာလဲရှိ ဉာဏ်လဲရှိတဲ့ မိန်းကလေး ပီပီ ပြုလုပ်ခဲ့ပါပြီ။ သို့သော် နောက်ထပ် တခုလောက် စွမ်းဆောင်နိုင်ပါအုံးမလား"

မစ္စ။ ။"ကျွန်မ တတ်နိုင်သလောက် ကြိုးစားပါ့မယ် ရှင့်"

ရှား။ ။"ကိုင်း ကျုပ်တို့နှစ်ယောက် အိမ်ကို ၇ နာရီလောက် ရောက်အောင် လာခဲ့မယ်။ ဒီအချိန်မှာ မစ္စတာ ဖော်စတားတို့ လင်မယားလဲ မရှိဘူး ဟုတ်စ။ ကုလားလင်မယားအနက် လင်ကတော့ မူးနေမှာပဲ။ စိတ်ချတော့။ ဒီတော့ မယား ကုလားမကို အခန်းလုံလုံ တခုထဲ ကိစ္စတခုနဲ့ ရှိးမယ် ရှာခိုင်းပြီး အခန်းကို အပြင်ဘက်ကနေ ပိတ်ထားနိုင်ပါ့မလား"

မစ္စ။ ။"ကျွန်မ ကြိုးစားပါ့မယ်ရှင်"

ရှား။ ။"ကိုင်း ဒါဖြင့် ၇ နာရီတိတိမှာ ကျုပ်တို့ ရောက်အောင်လာခဲ့မယ်။ ဒီအမှုက တွေးစရာ တချက်ပဲ ရှိတယ်။ ကေနီမုချ မိန်းကလေးကို တယောက်ယောက် ကိုယ်စား အထင်မှားအောင် ငှားတဲ့ လက္ခဏာပဲ။ အစစ်ကတော့ မိန်းကလေးပြောတဲ့ အခန်းထဲမှာ လှောင်ပြီးထားတယ်။ မိန်းကလေးကတော့ အတုပဲ။ လှောင်ထားခြင်း ခံရတဲ့ သူဟာ ဘယ်သူလဲဆိုတော့ ဘင်္ဂလား သွားနေတယ် ဆိုတဲ့ သမီးပဲ ထင်တယ်။ မိန်းကလေးကို ဒီလောက် လခကြီးကြီးပေးထားတာဟာ မိန်းကလေးက သူတို့သမီးနဲ့အလုံးချင်း အရပ်ချင်း မျက်နှာချင်း ဆင်တဲ့အတွက် အတုလုပ်ဖို့ ငှားထားတဲ့ လက္ခဏာပဲ။

"ဆံပင်ကို ဖြတ်ခိုင်းတာလဲ ဟိုသူငယ်မက ကတုံးမို့လို့ မိန်းကလေးကို အဖြတ်ခိုင်းတာ မုချပဲ။ လမ်းမှာ ရပ်ပြီး ကြည့်နေတယ်ဆိုတဲ့လူက ဟိုသူငယ်မရဲ့ မိတ်ဆွေလား၊ သို့မဟုတ် ရည်းစားလား တခုခု ဖြစ်ရမယ်။ ရည်းစားနဲ့ပဲ တူတယ်။ မိန်းကလေးက ဟိုသူငယ်မကလေးနဲ့ တူလေတော့ မိန်းကလေးကို သူ့ရည်းစား အစစ်မှတ်ပြီး သြော်၊ ငါ့ရည်းစားဟာ ပျော်ပျော်ရွှင်ရွှင် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိနေတာပဲလို့ အထင်မှားအောင် တမင်တကာ ရယ်စရာ မောစရာတွေ ပြောပြတဲ့ လက္ခဏာပဲ။ ကိုင်း မိန်းကလေး ဘယ့်နှယ် ထင်သလဲ"

မစ္စ။ ။"သြော် ဟုတ်ပြီရှင့်။ ကျွန်မ အခုမှ သတိရတယ်။ အ လိုက်တဲ့ဖြစ်ခြင်း လွန်နေတာပဲ။ ဒါကြောင့်ကိုးရှင့်။ ကိုင်း ဒါဖြင့် မိန်းကလေးကို သနားပါတယ်ရှင်။ ကျွန်မတို့ ကူညီကြရအောင်"

ရှား။ ။"စိတ်ချပါ မိန်းကလေးရယ်။ ဒီအတွက်တော့ မိန်းကလေးကသာ ခုနပြောတဲ့ တာဝန်ကို ပြီးစီးအောင် လုပ်ထားနိုင်ပါ။ ည ၇ နာရီ ကျုပ်တို့ ရောက်အောင် လာခဲ့ပါ့မယ်။ သို့သော် မစ္စတာ ဖော်စတားက လူပါးနော်။ သူ မရိပ်မိစေနဲ့။ သတိနဲ့လုပ်နော်။ ကိုင်း ပြန်ပေတော့"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဤကြားအချိန်ကာလလေးတွင် ရန်ကုန်သို့ ပြန်လာ၍ သွားလာ မလုပ်ချင်တော့သည်နှင့် ဘူတာမှ သိပ်မဝေးလှသော ဆရာ ဦးတိုးမြ (ယခုခေတ်ပျက်တွင် ကွယ်လွန်ခဲ့သူ) နေအိမ်သို့ သွားရောက် လည်ပတ်ကာ အရောမြဲ စိုက်ပျိုးသားသော သစ်ပင် ပန်းမန်များနှင့် သူ မွေးမြူထားသော ဥကြက်မျိုးစုံ၊ ကြက်ဆင်၊ ရွှေငန်း၊ ဥဒေါင်း စသော တိရစ္ဆာန်များကို ကြည့်ရှုခြင်းဖြင့် အချိန် ဖြုန်းခဲ့ကြပြီးနောက် ည ၇ နာရီအချိန်တွင် 'မေဗျိုလာ' အမည်ရှိသော အိမ်ကြီးသို့ ရောက်ခဲ့ကြလေ၏။

မစ္စနော်မာသည် အိမ်ပေါက်ဝမှ ဆီးကြိုလျက်ရှိရာ ဦးစံရှားက—

"ဘယ့်နှယ်လဲ၊ ကုလားမကို လှောင်ထားပြီးပြီလား"ဟု မေးသည်တွင် တခုသောအခန်းမှ အခန်းတံခါးကို ဆူညံစွာ ခေါက်လျက်ရှိသော အသံကို ကြားရသဖြင့် ကိစ္စပြီးစီးကြောင်းကို သိရှိရလေသည်။

ထို့နောက် မစ္စနော်မာက အခစ်လင်မယားနှစ်ယောက်အနက် လင်ဖြစ်သူ ကုလားကြီးမှာ အရက်မူးလျက် မီးဖိုချောင်ထဲတွင် လဲနေကြောင်း၊ ကုလားမကြီးမှာ မှာထားသည့်အတိုင်း အခန်းတခန်းထဲ၌ သိုလှောင်ထားကြောင်းနှင့် ပြောပြလျှင် ဦးစံရှားလည်း မစ္စနော်မာအား ချီးမွမ်းစကားပြောကြား၍ သက်သာမကင်းရှိသော အခန်းသို့ ကျွန်တော်တို့လည်း မစ္စနော်မာနောက်မှ လိုက်ပါသွားကြလေ၏။

အခန်းဝသို့ရောက်လျှင် မစ္စ နော်မာက မီးအိမ်ကိုကိုင်လျက် "ဒီအခန်းပါပဲရှင်"ဟု ပြောလေ၏။

ထိုအခါ ဦးစံရှားသည် အခန်းတံခါးကို အပြင်ဘက်မှ ခေါက်သော်လည်း အတွင်းဘက်မှ တစုံတရာ အသံ မကြားပဲ ရှိသေလျှင် ဦးစံရှားသည် မျက်နှာပျက်လျက်—

"ကျုပ်တို့က နောက်များကျလေရော့လားဗျာ။ ကိုင်း ကိုသိန်းမောင်၊ လာစမ်းဗျာ။ ခင်ဗျားနဲ့ ကျုပ်နဲ့ နှစ်ယောက် တွန်းရင် ဒီက သော့ လက်ယှက် ပြုက်ကောင်းပါရဲ့"ဟု ပြောသဖြင့် ကျွန်တော်နှင့် ဦးစံရှားတို့သည် တစ် နှစ် သုံး ဟု ဆို၍ ညီညီညာညာ ငါးကြိမ်မျှ ကိုယ်စောင်းဖြင့် ပြေးဆောင့်တိုက်လိုက်ကြရာ နောက်ဆုံး၌ တံခါးလက်ယှက်သည် ပြုတ်ထွက်၍ ကျွန်တော်တို့ နှစ်ယောက်သည် အခန်းတွင်း၌ ပုံလျက်သား လဲကျကြလေ၏။

ကျွန်တော်တို့သည် ဖုံခါ၍ ထကြပြီးနောက် မစ္စနော်မာက ရှေ့မှမီးအိမ်နှင့် ကျွန်တော်တို့က နောက်မှ ကပ်လျက် အခန်းတွင်းသို့ ဝင်သွားကြရာ အခန်းဆီးအတွင်း၌ ခုတင်၊ ခြင်ထောင်၊ ခေါင်းအုံးစသည်တို့ သာလျှင် ရှိ၍ လူသူကား တယောက်မျှ မရှိသည့်အဖြစ်ကို တွေ့ရှိရလေ၏။

ရှား။ ။(စိတ်ပျက်သော မျက်နှာထားနှင့်) "ဘယ့်နှယ်လဲဗျို့။ ဒီက ဖော်စတားကောင်က မစ္စနော်မာ အကြံကို ရိပ်မိတာနဲ့ သူ့ငယ်မကို ရွှေ့သွားပြီ ထင်တယ်ဗျို့။ ကျုပ်တို့အကြံ သူက ဦးသွားပြီ။ ရှိုင်းလိုက်လေဗျာ"

ကျွန်။ ။"တံခါးလဲ အပြင်က သော့ခတ်ထားတယ်ဗျ။ သူ ဘယ်လမ်းက ထုတ်သွားသလဲ"

ရှား။ ။(အပေါ်သို့ မျက်နှာမော့ပြီကာ) "မြင်တူးလားဗျ။ အပေါ်မှာ ကောင်းကင်ပေါက်ကြီး"ဟု ပြောသဖြင့် ကျွန်တော်တို့ မော့ကြည့်လိုက်ရာ ဤအခန်းတွင်းသို့ အလင်းရောင် ဝင်စေရန် အမိုး၌ ဖောက်၍ထားသော ကောင်းကင်ပေါက်မှန်မှာ ကွဲလျက်ရှိနေသည်ကို မြင်ရလေ၏။

ထိုအခါ ဦးစံရှားသည် ကြွက်လျှောက်ပေါက်မှ တက်၍ ကောင်းကင်ပေါက်မှ အမိုးပေါ်သို့ သွားရောက်ပြီးလျှင်—

ရှား။ ။"ဟုတ်တယ်ဗျို့၊ ဒီသမ်းမကပဲ။ ဟော ဒီမှာ လှေကားတခုလဲ ကျုပ်မြင်ရတယ်ဗျ"

မစ္စ။ ။"သူတို့ ထွက်သွားတုန်းက ဒီလှေကား မရှိဘူးရှင်ရဲ့"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား॥ ॥"ဒါဖြင့် ပြန်လာပြီးမှ ထောင်ထားတဲ့ လှေကားပေါ့။ ဒါကြောင့် ကျုပ် မပြောဘူးလား။ ဒီကောင်က အတော်ပါးတဲ့အကောင်လို့။ ဖောဝ ခြေသံကြားတယ်မှုတ်၊ သူ့ခြေသံပဲ မှတ်တယ်"ဟု ပြောပြီးလျှင် ဦးစံရှားသည် ခြောက်လုံးပြူးကို အသင့် ဆုပ်ကိုင်ထားလေသည်။

ခြေသံသည်း အိမ်ပေါ်သို့ ရောက်လာလေ၍ ကျွန်တော်တို့ ရှိရာ အခန်းထဲသို့ ဝဝတုတ်တုတ် ထောင်ထောင်မောင်းမောင်း ဗိုလ်ကပြားတယောက်သည် တုတ်ကောက်တချောင်းနှင့် ဝင်လာကာ နှုတ်ခမ်းမွေးများ ထောင်လျက် ကျွန်တော်တို့ သုံးယောက်ကို စေ့စေ့ကြည့်ပြီးလျှင်—

"နင်တို့ဥာဏ်လားဟေ့"ဟု ခက်ထန်သော အသံကြီးဖြင့်မေးရာ ဦးစံရှားသည် အေးဆေးစွာ ထိုသူ၏ အနားသို့ ချဉ်းကပ်၍—

"ခင်ဗျားသမီး ဘယ်မှာထားသလဲ ပြောစမ်း"ဟု မေးလေ၏။

ထိုအခါ ဗိုလ်ကြီးသည် အခန်းအခြေအနေကို ကြည့်ရှုပြီးနောက် အမိုးသို့ မော်ကြည့်၍—

"နင်တို့ကို ငါက မေးရမှာ။ နင်တို့က ငါ့ကို မေးသလားဟ။ သူခိုးတွေ၊ ခွေးတွေ၊ သေပေတော့။ နင်တို့တော့ ခွေးစာကျွေးပစ်မယ်"ဟု ပြောပြီးနောက် အိမ်ပေါ်မှ ဆင်းပြေးလေ၏။

ထိုအခါ မစ္စနော်မာလည်း ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့်—

"သူ့ခွေး သွားလွှတ်တာရှင့်။ ခက်ပါပြီ။ ကျွန်တော်တို့တော့ တံခါးပိတ်ထားမှပဲ"

ရှား॥ ॥(အမူအရာမပျက်ပဲ)"ကိစ္စမရှိပါဘူး။ ဒီမှာခြောက်လုံးပြူးရှိပါတယ်။မကြောက်ပါနဲ့" ဟု ပြောလျက်ရှိစဉ် ကျွန်တော်တို့သည် အိမ်မြေအောက်မှ ပထမ ခွေးဟိန်းသံကို ကြားရပြီးနောက် နောက်ဆုံး၌ လူတယောက်သည် အပြင်းအထန် ဝေဒနာ ခံစားရသည့် ဖြစ်၍ ငယ်သံပါအောင် ကြောက်မက်ဖွယ် အော်ဟစ်သည့် အသံကို ကြားရလေ၏။

ထိုအသံကို ကြားရသဖြင့် ကျွန်တော်တို့သည် အိမ်အောက်သို့ ဆင်းပြေးသွားခဲ့ကြရာ ကုလားတယောက်သည် မီးဖိုချောင်မှ ဒယိမ်းဒယိုင်နှင့် ပြေးထွက်လာ၍—

"ခွေးကို ဘယ်သူလွှတ်သလဲ။ ဘယ်သူလွှတ်သလဲ။ အစာမကျွေးရတာ နှစ်ရက်ရှိပြီ။ ဘယ်သူလွှတ်သလဲ"ဟု ဟစ်အော် ပြေးထွက်လာသည်ကို တွေ့မြင်ရလေ၏။

ထိုအခါ ကျွန်တော်နှင့် ဦးစံရှားတို့သည် ထိုကုလား၏ နောက်မှလိုက်၍ တဲငယ်တခုသို့ ပြေးဝင်သွားကြရာ နွားမတမ်းမ အရွယ်ခန့်ရှိသော ခွေးဘီလူးကြီး တကောင်သည် ယခင် ဗိုလ်ကြီး၏ လည်မျိုကို ခဲလျက် ဆွဲ၍ ဆွဲ၍ ခါနေသည်ကို တွေ့မြင်ရလေ၏။

ဗိုလ်ကြီးမှာလည်း ခွေးကြီး၏ ပါးစပ်ထဲမှ လွတ်အောင် မရုန်းနိုင်ပဲ တွန့်လိန်ကွေးကောက်ကာ ငယ်သံပါအောင် အော်ဟစ်လျက် ရှိလေ၏။

ဤစဉ်တွင် ဦးစံရှားသည် လျင်မြန်စွာ ပြေးဝင်သွား၍ ခွေးကြီး၏ ဦးခေါင်းကို သေနတ်ဖြင့် တေ့ ဖြုတ်လိုက်ရာ ခွေးကြီးသည် ကိုက်ခဲထားသော လည်မျိုကို မလွှတ်ပဲ လဲသွားပြီးနောက် ခွေး၏ ဦးနှောက်တို့သည် မြေပေါ်၌ ပြန့်ကျဲလျက် ရှိကုန်၏။

ထိုအခါမှ ကျွန်တော်တို့သည် ခွေးပါးစပ်မှ ဗိုလ်ကြီးကို ဖြုတ်ယူ၍ ကြည့်ရှုရာ ဗိုလ်ကြီးမှာ လည်မျိုမှ သွေးချောင်းစီးလျက် ပါးစပ်ကို ဟပြီးလျှင် ကျွန်တော်တို့၏ ရှေ့မှောက်တွင်ပင် အသက်ပျောက်သွားသည်ကို မြင်ကြရလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျွန်တော်တို့ နှစ်ယောက်လည်း ကုလားအစေခံနှင့်အတူ ဗိုလ်ကြီး၏ အလောင်းအနီးတွင် ဒူးထောက်လျက် ရှိကြစဉ် ကုလားမကြီးတယောက် ဝင်လာရာ သူ၏နောက်မှ မစ္စနော်မာ လိုက်ပါလာလေ၏။

ရွှေ။ ။"ဘယ့်နှယ်လဲ၊ လွတ်လိုက်ပြီလား" ဟု မစ္စနော်မာအား မေးလေလျှင် ကုလားမကြီးက—

"သူက လွတ်တာ မဟုတ်ပါဘူးရှင်။ သခင်ပြန်လာလို့ ကျွန်မက သော့ဖွင့်ပြီး လွတ်ပါတယ်။ ရှင်တို့က ကျွန်မကို အစက ဒီလိုမပြောပဲကိုး။ ပြောလို့ရှိယင် ရှင်တို့ ဒါလောက်တောင် ဒုက္ခမခံရပါဘူး"

ရွှေ။ ။"ဩော် ဟုတ်ပြီ။ သူ ဒီအကြောင်း ကောင်းကောင်းသိဟန်တူတယ်။ ကိုင်း သိသလောက် ကျုပ်တို့ကို ပြောပြစမ်းပါအုံး"

ကုလားမ။ ။"ဒီလိုပါရှင်၊ ဒီအိမ်က မစ္စတာ ဖော်စတားရဲ့သမီး သခင်မကလေးဟာ အစကတည်းက တနေ့မှ စိတ်မချမ်းသာရှာဘူး။ ကျွန်မကိုတော့ အင်မတန် ချစ်ရှာပါတယ်။ ကျွန်မကလဲ အင်မတန် ချစ်ပါတယ်။ ဒီမစ္စနော်မာ ရောက်လာတော့ ကျွန်မက သူ့ကိုအထင်လွဲပြီး သူပါ ကူပြီး လိမ်ကြတယ် မှတ်လို့ မစ္စနော်မာအပေါ် မျက်နှာထားဆိုးဆိုး ထားမိပါတယ်။ ဒီလိုမှန်းသိယင် အစကတည်းက ကျွန်မနဲ့ နှစ်ယောက်အတူ ကြံစည်ကြဖို့ပါပဲ။ သခင်မကလေးက မိထွေးနဲ့နေရတာ စိတ်မချမ်းသာရှာဘူးရှင့်။ မိထွေးက အင်မတန် နှိပ်စက်တယ်။

"ဒါနဲ့ ဒီလိုနေခဲ့ကြတာ အစကတော့ ကိစ္စမရှိသေးပါဘူး။ နောက်တော့မှ သခင်မကလေးက မစ္စတာ ကဲနက် ဆိုတဲ့ ဗိုလ်ကလေးတယောက်နဲ့ ကြိုက်ကရော။ ကြိုက်ကြောင်း အဖေကြီးသိတဲ့နေ့ကစပြီး သာပြီး နှိပ်စက်တာပါပဲရှင်။ သခင်မကလေးဟာ သူ့အမေဘက်က အဒေါ်ကြီးတယောက် သေဆုံးလေတော့ အမွေတော်တော်ရလိုက်တယ်ရှင့်။ ဒီအမွေတွေဟာ သူ့အဖေလက်ထဲမှာရှိတယ်။ သူ့အဖေနဲ့တော့ ဘာမှ မဆိုင်ဘူးပေါ့လေ။ ဒါပေမယ့် ဒီအပေါ်က အတိုးအညှန့်တွေရယ်၊ တိုက်တွေကရတဲ့ တိုက်လခတွေရယ် သူတို့ စားသောက် သုံးစွဲနေကြတာကိုးရှင့်။

"ဒီတော့ကာ သခင်မကလေးကို သူတို့က ယောကျ်ားမယူစေချင်ကြဘူး။ ယောကျ်ားယူယင် သူတို့ မစားရတော့မှန်း သိတာကိုး။ ဒီတော့ အခုလို ရည်းစားရှိနေတယ် ဆိုတော့ လင်ရသွားယင် သူတို့လက်လွတ်မှာ စိုးတာနဲ့ ဒီပစ္စည်းတွေကို သူတို့လွှဲဖို့ လက်မှတ်ထိုးခိုင်းပါရောရှင့်။

"ခိုင်းတော့ သခင်မကလေးကလဲ မထိုးဘူး။ အတင်းငြင်းတာပဲ။ ဒီလိုနဲ့ တနေ့ထက်တနေ့ နေ့ရှိသမျှ နားပူတာနဲ့ သခင်မကလေး စိတ်ညစ်ပြီး ဖျားရော။ ဖျားတော့ နှမြောစရာရှင်။ ဆံပင်တွေ ကတုံးညှပ်ပစ်ရတယ်။ ဟိုတုန်းကများ သေရောမှတ်တာ၊ မသေရှာဘူးရှင်။ တလလောက်ဖျားပြီး ပျောက်ပါရော။ ပျောက်တော့ မစ္စတာ ကဲနက်နဲ့ သူနဲ့ ကြိုက်လျက်ပဲ ရှိကြသေးတယ်"

ရွှေ။ ။"ဩော်ပါပြီ၊ တော်ပါပြီ။ ရှင်းပါပေပြီ။ ကျွန်တာတော့ ကျုပ် တွေးနိုင်ပါပြီ။ အဲဒီလို မစ္စတာဖော်စတားက တိုက်တွန်းလို့မရတော့ သူငယ်မလေးကို အခန်းထဲ လှောင်ပိတ်ထားရောမဟုတ်လား"

ကုလားမ။ ။"ဟုတ်တယ်ရှင့်"

ရွှေ။ ။"ဒါပေမယ့် သူငယ်မက မလျှော့ဘူး"

ကုလားမ။ ။"ဟုတ်တယ်ရှင့်"

ရွှေ။ ။"ဒီတော့မှ ဒီက မစ္စနော်မာကို ညာဏ်ဆင်ငှားပြီး သူ့ကိုယ်စား လုပ်ခိုင်းပြီး ဟိုလူနဲ့ ကွဲအောင် ကြံတယ် ဟုတ်စ"

ကုလားမ။ ။"ဟုတ်တယ်ရှင့်"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"ပျက်အောင်ကြံပေးမယ့် ဟိုလူက မပျက်ဘူး။ ဒီအိမ်က လူတွေကို လာဘ်ထိုးပြီး သူတို့အကြံတွေကို သိအောင် စုံစမ်းတယ်"

ကုလားမ။ ။(မျက်နှာပျက်လျက်) "ကျွန်မ ငွေနည်းနည်းပါးပါးရပေမယ့် ငွေလိုချင်လို့ မဟုတ်ပါဘူးရှင်။ သခင်မကလေးကို ချစ်လို့၊ သနားလို့ပါ"

ရှား။ ။"ဟုတ်ပါတယ်လေ၊ ဟုတ်ပါတယ်။ ဒါနဲ့ ဒီကနေ့တော့ မစ္စတာ ဖော်စတားတို့ မရှိခိုက်မှာ ကုလားကြီးကို မူးအောင်တိုက်ပြီး အမိုးပေါ်တက်ဖို့ လှေကားထောင်ခိုင်းတယ် မဟုတ်လား"

ကုလားမ။ ။"ဒီအတိုင်း မှန်ပါတယ်။ ဟုတ်ပါတယ်ရှင်၊ ရှင်ပြောတဲ့အတိုင်းပါပဲ"

ရှား။ ။"ဒါနဲ့ ကျုပ်တို့မရောက်ခင် မစ္စတာ ကဲနက်က ကယ်ဆယ်သွားရောပေါ့လေ၊ ကောင်းပါရဲ့။ ကျုပ်တို့က ကယ်ဆယ်တာ ကြိုက်သလား၊ မစ္စတာ ကဲနက်ကယ်ဆယ်တာ ကြိုက်သလားလို့ မေးယင် သူငယ်မကလေးက သူ့ရည်းစားကယ်တာ ကြိုက်တယ်လို့ ပြောမှာပဲ"ဟု ပြောဆိုလျက်ရှိစဉ် မစ္စစ်ဖော်စတားနှင့် သဏ္ဌာန်တူသော ဗိုလ်မကြီးသည် ဝင်လာ၍ လင်၏ အလောင်းကို ပြေးဝင် ဖက်ယမ်းငိုယိုခြင်း ပြုလေရာ ဦးစံရှားသည် ကျွန်တော့်ကို လက်ကုတ်လျက်—

"ကိုင်း ကိုသိန်းမောင်၊ ကျုပ်တို့နေလို့အပိုပဲ၊ ပြန်ကြစို့ရဲ့"ဟု ဆိုကာ မစ္စနေ့ဘ်မာကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

# ၃၃။ ကျောင်းသားတယောက် ပျောက်ဆုံးမှု*

ကျွန်တော်နှင့်ဦးစံရှားတို့သည် တနေ့သောနံနက်တွင် အိပ်ရာမှ စောစောထ၍ လက်ဖက်ရည် သောက်ပြီးနောက် စကားစမြီ ပြောဆိုနေခိုက် အခန်းတံခါးကို ကျယ်စွာသောအသံဖြင့် တီးခေါက်သံကို ကြားရ၍ ဦးစံရှားက—

"ကြွပါခင်ဗျာ၊ ကြွပါခင်ဗျာ"ဟု ပြော၍မဆုံးမီ အခန်းတွင်းသို့ မျက်နှာထားခပ်ပျက်ပျက် ဖရိုဖရဲ ဝတ်ဆင်လျက် စိတ်လက်မချမ်းသာ ပူပင်သောကများဟန် လက္ခဏာရှိသော သူတယောက်သည် လျင်မြန်စွာ ဝင်ရောက်ပြီး ဦးစံရှားရှိရာသို့သွား၍—

"ဦးစံရှား ခင်ဗျားလား"ဟု မေးလိုက်လျှင် ဦးစံရှားက ခေါင်းညိတ်လိုက်သောအခါ "အရေးကြီးတဲ့ကိစ္စတွေ ရှိပါသလား"ဟု မေးမြန်းလေ၏။

ဦးစံရှားလည်း ထိုလူကို ကြည့်၍—

"အခုတလော အလုပ်တွေ အင်မတန်ပဲ များပါတယ်။ လူသတ်မှုတခု စုံထောက်နေတာလဲ တပိုင်းတစနဲ့ လက်စမသတ်သေးဘူး။ အင်မတန် အရေးကြီးတဲ့ ကိစ္စကိုတော့ဖြင့် အခုတလော သည်းခံပါ" ဟု ပြန်ပြောလေ၏။

ထိုအခါ ဧည့်သည်က—

"အရေးကြီးတယ် ဆိုတာတော့ ဘာပြောလို့ ကောင်းမလဲဗျာ။ ခင်ဗျားဖြင့် ကြားပြီလားမဆိုနိုင်။ ကျွန်တော်တို့ မော်လမြိုင်မြို့က မွန်လူမျိုး မြို့ဝန်ဟောင်းကြီး ဦးတာနော့ရဲ့ သားကလေး ကိစ္စပေါ့" ဟု မဆိုင်းမငံ့နိုင်လောက်အောင် အရေးကြီးသည့် အမူအရာဖြင့် ပြန်လှန် ပြောဆိုရာတွင် ဦးစံရှားသည် စကားတခွန်းမျှ တုံ့ပြန် မပြောပဲ စာအုပ်စင်ပေါ်တွင် တင်ထားသော မိမိမှတ်စုစာအုပ်ကြီးကို ဆွဲထုတ်၍ ဦးတာနော့ အကြောင်းနှင့် ပတ်သက်၍ ရေးမှတ်ထားသော အချက်ရပ်များကို ဖတ်ပြီးလျှင်—

"ထူးချွန်တဲ့ ပုဂ္ဂိုလ်ကြီးပဲ။ အင်း ပြောစမ်းပါအုံး။ သူ့သားကလေး ဘာဖြစ်တယ်။ ပျောက်သွားတယ်။ ဘယ်လို ဖြစ်တာတုံး။ သိပါရစေဗျာ"ဟု မေးမြန်းလေ၏။

---

* ဤဝတ္ထု မည်သည့်မဂ္ဂဇင်းတွင် ဦးစွာ ဖော်ပြခဲ့သည်ကို ရှာမတွေ့သေးပဲ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၁၂၊ နှလုံးလှစာပေတိုက်မှ အတွဲ ၆ တို့တွင်သာ အထက်ပါ အမည်ဖြင့် တွေ့ရသည်။ ဤမှုသည် ရှေဦးရေးမှု ဖြစ်မည်။ နောက်ရေးမှု (မှုကွဲ)ကို ရူမဝမဂ္ဂဇင်း၊ ၁၉၄၀၊ ဩဂုတ်၊ အမှတ် ၁၅ တွင် 'ပင်လယ်ဘမ်းခြေဦး ကျွမ်းစာသင်ကျောင်းသား မောင်ဘဦး အသတ်ခံရမှု' အမည်ဖြင့် တွေ့ရသည်။ မူရင်းမှာ The Priory School ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်သည်က ပြန်ပြောသည်မှာ—

"ကျွန်တော့် နာမည်ကတော့ မောင်ထွန်းဖြူ ဖြစ်ပါတယ်။ ကျွန်တော် ကျောင်းတကျောင်း တည်ထောင်ပြီး ကျောင်းဆရာကြီး လုပ်တာမှာတော့ နှစ်ရှည်လများ ရှိပြီး ကျွန်တော်တို့ ကျောင်းကတော့ တခြား ကျောင်းနဲ့မတူဘူး။ မော်လမြိုင်မြို့နဲ့ မနီးမဝေး မုဒုံရွာနားက ခြံတခြံအတွင်းမှာ တည်ထားပြီး ကျောင်းအိပ် ကျောင်းစားများကိုသာ လက်ခံတယ်။ ကျောင်းသားများကိုလဲ ရွေးပြီးမှ လက်ခံတယ်။ ကျောင်းသားများကို မိဘဆွေမျိုးများ ကြည့်ရှုသလို ကြည့်ရှု စောင့်ထိန်းလာလို့ လူကြီး လူကောင်း လူကုံထံများရဲ့ သားများ လာပြီး ထားကြတာပဲ။

"တသလောက်တုန်းကတော့ အဲဒီ မွန် မြို့ဝန်ဟောင်း ဦးတာနော့ရဲ့ စာရေးကလေးလား ဘာလား မဆိုနိုင်ဘူး။ လာတဲ့ပြီး ကျွန်တော့်ကို ပြောသွားတာက ဒီလိုပါ၊ 'ဆရာကြီး၊ ကျွန်တော်တို့ မြို့ဝန်ကြီးက ဆရာကြီးကျောင်း အကြောင်းကို သတင်းကောင်း ကြားရတာနဲ့ သဘောကျလွန်းလို့ သူ့သားကလေး မောင်တင်အုံးကို ကျောင်းမှာ အပ်မလို့တဲ့'။ ဒီစကားကို ကြားရတော့ ကျွန်တော့်မှာ အလွန်ပဲ ဝမ်းသာမိပါတယ်။ မောင်တင်အုံးဆိုတဲ့ သူငယ်ကလေး ဘယ်တော့လာမယ်ဆိုတာကို မျှော်နေတာပါပဲ။

"အဲဒါနဲ့ နောက် မေ့သဆန်း ၁ ရက်နေ့လောက်ကျတော့ သူငယ်လေးရောက်လာပါရော။ သူငယ့်ပုံပန်းကလေးက သနားကမား၊ သေးသေးကွေးကွေးနဲ့ အင်မတန်ပဲ ချစ်စရာကောင်းတယ်။ ကျွန်တော်တို့ ကျောင်းမှာ လာနေပြီး နောက် တယ်မကြာဘူး။ နေသားကျသွားတာနဲ့ ပျော်ပျော်ရွှင်ရွှင် ဖြစ်သွားတယ်။ ဒီလို နေရာမျိုးမှာလဲ ကွယ်ဝှက်ထားဖို့မတော်လို့ တကယ်ပြောရမှာဖြင့် သူငယ်ကလေးဟာ အိမ်မှာ တယ်ပျော်တာမဟုတ်ဘူး။ ဝန်မင်းကလဲ သူ့ဝန်ကတော်နဲ့ သင့်သင့်မြတ်မြတ် မဟုတ်လေတော့ ဝန်ကတော်ကြီးနဲ့ တယောက်တကွဲစီဖြစ်ပြီး ဝန်ကတော်ကြီးက အထက်မှာသွားနေတယ်တဲ့။ သူငယ်ကလေးကတော့ အမေကို သူ့အဖေထက် ပိုပြီးချစ်တယ်တဲ့။ ဝန်ကတော်ကြီး ထွက်သွားပြီးကတည်းက သူငယ်ကလေးမှာ တမှိုင်မှိုင် တတွေတွေနဲ့နေလို့ နောက်ဆုံးကျတော့ ဝန်မင်းက ကျွန်တော်တို့ဆီ ပို့လိုက်တာပဲဗျ။

"ဒါနဲ့ ကျွန်တော့်ကျောင်းမှာနေပြီး တလခွဲလောက် မကြာခင်ပဲ ရွှင်ရွှင်ပျပျနဲ့ စာပေများကို ကြိုးစားသင်နေတုန်း ပြီလ ၁၃ ရက်နေ့ကျတော့ သူငယ်ကိုမမြင်ရတော့ဘူး။ သူအိပ်တာက အိမ်ပေါ်က အခန်းမှာ အိပ်တယ်၊ သူအိပ်တဲ့အခန်းနဲ့ လှေကားစပ်ကြားမှာ အခန်းကြီး တခုရှိတယ်၊ အဲဒီအခန်းကြီးထဲမှာ တခြားကျောင်းသားနှစ်ယောက် အိပ်ကြတယ်။ ဒီကျောင်းသားများကလဲ ဘာသံမှ မကြားဘူးတဲ့။ သူ့အခန်းပြတင်းပေါက်တော့ ပွင့်နေပြီး ပြတင်းပေါက်က မြေအထိ ထားဝယ်မှိုင်း နွယ်ပင်ကြီး ပေါက်နေတယ်။ နွယ်ပင်ရင်းမှာတော့ ခြေရာ မတွေ့ဘူး။ သို့ပေမယ့် သူ ဒီအပေါက်က မထွက်ယင်လဲ ဘယ်အပေါက်ကမှ ထွက်စရာ မရှိဘူး။

"နောက်တနေ့ မနက်ကျတော့ မနက် ငါးနာရီခွဲ ခေါင်းလောင်းတီးပြီး ကျောင်းသားတွေ ရေချိုးဆင်းကြတော့ မောင်တင်အုံး ပါမလာလို့ သူ့အခန်း သွားကြည့်တော့လဲ သူ မရှိ၊ သူ့အိပ်ရာပေါ်မှာလဲ အိပ်ပုံမပေါ်။ သူပျောက်သွားတုန်း ဝတ်ထားတာကတော့ ယောလုံချည်နဲ့ သက္ကလပ်အင်္ကျီ အနည်းကလေး ဝတ်ထားတယ်။

"အဲဒီမောင်တင်အုံးကို ရှာမတွေ့တာနဲ့ တပြိုင်တည်း ကျောင်းစာရင်း စစ်ဆေးလိုက်ပြန်တော့ မောင်တင်အုံးတယောက်တည်း ပျောက်တာမဟုတ်။ သူငယ်လေးများကို ဒရိန်းပြဖို့ငှားထားတဲ့ ကရင်ဆရာကလေး စောသာထူး လဲ မရှိဘူး။ စောသာထူး ဆိုင်ကယ်လဲ ပျောက်သွားတယ်။ စောသာထူး ကျွန်တော်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နေတာ နှစ်နှစ်လောက် ရှိပေတဲ့ သူ့ဟာသူ ဘာသိဘာသာ နေတတ်လေတော့ ဆရာတွေနဲ့လဲ အကျွမ်းတဝင် မဟုတ်၊ ကျောင်းသားတွေနဲ့လဲ လိုက်လိုက် ရောရော မဟုတ်ဘူး။

"သူတို့ နှစ်ယောက် ပျောက်သွားတာ အင်္ဂါနေ့ကပဲ။ အခု ကြာသပတေးနေ့ ရောက်နေပြီ။ အခု ထက်တိုင် ဘာသတင်းမှ မကြားရသေးဘူး။ ကျွန်တော်တို့ မော်လမြိုင် ပြေးပြီး သူငယ်ကလေး သူ့အဖေ အိမ်များ ပြန်သွားသလားလို့ မေးစမ်းကြည့်တော့လဲ မရ။ ဝန်မင်းကြီးကလဲ အလွန် စိတ်မချမ်းမသာ ဖြစ်နေတယ်"

ဤကဲ့သို့ ကျောင်းဆရာကြီး ဦးထွန်းဖြူသည် ရှည်ရှည်လျားလျား ပြောဆိုသော အချက်တို့ကို ဦးစံရှားသည် အဆုံးတိုင် တခွန်းသော စကားမျှ တုံ့ပြန် မေးမြန်းခြင်း မပြုပဲ နားထောင်၍ မိမိ စာအုပ်ကလေးတွင် ခဲတံနှင့် အကြောင်းရပ်များကိုသာ ရေးမှတ်ထားလိုက်လေသည်။

ထို့နောက် ဦးစံရှားက—

"ဘယ့်နှယ်လဲ ကိုထွန်းဖြူ၊ အခက်တွေမှာ အခေါ်ကြုံနေတာပဲ။ စောစောက ဒီအမှု မလိုက်ရယင် နေရာကျမှာ။ အခုတော့ဖြင့် အတော်ခက်နေပြီ၊ သေသေချာချာ ကြည့်တတ်တဲ့ လူကျယင် ခြေရာ ရှာတွေ့မှာပေါ့"ဟု ဦးစံရှားက အပြစ်တင် စကား ပြောဆိုရာ ကိုထွန်းဖြူက "အပြစ်တင်ယင်လဲ တင်ထိုက် ပါတယ်။ ဦးတာနောက်ကြီးက သူ့မိန်းမနဲ့ မသင့်မတင့်ဖြစ်သော လူဘူ မကြားစေချင်လို့ ဖုံးဖိပြီး ထားချင် တယ်"ဟု ပြန်ပြောလေ၏။

ပုလိပ် စုံစမ်းသည် မစုံစမ်းသည်ကို ဦးစံရှားက မေးရာ ကိုထွန်းဖြူက—

"ပုလိပ်အပ်လိုက်မှ အမှားတွေတာပဲ၊ လူခင်ရှုပ် ရှယ်တယောက်နဲ့ လူငယ်ငယ်ကလေး တယောက် သွားတာ မြင်လိုက်တယ်လို့ သတင်းကြားတာနဲ့ လိုက်ကြတာ မာနညနေကတော့ တွေ့ပြီဆိုလို့ သွားကြည့် လိုက်ပြန်တော့ ပျောက်တဲ့လူတွေ မဟုတ်ကြောင်း သိရတာနဲ့ ညရထားစီးပြီး ခင်ဗျားဆီ အခု လာခဲ့တာ ပဲ"ဟု ပြောဆိုလေ၏။

ရှား ။ "အဲဒီလို မဟုတ်တာတွေ လိုက်ရှာနေတုန်း ဘာမှ မလုပ်ဘူးပေါ့"

ဖြူ ။ "အသာပဲ သတင်း နားထောင်နေတယ်"

ရှား ။ "သုံးရက်အချိန် အလကားကုန်တာပဲ။ လုပ်ပုံကိုင်ပုံနယ် ဟန်မရလိုက်တာ"

ဖြူ ။ "ဟုတ်ပါတယ်၊ မှန်ပါတယ်။ ကျွန်တော်လဲ သိပါတယ်"

ရှား ။ "သို့ပေမယ့် ပျောက်တဲ့လူ ရှာယင် တွေ့သတဲ့၊ စိတ်ပျက်စရာတော့ မလိုဘူး။ ကရင်ဆရာ ကလေးနဲ့ သူငယ်ကလေး ပူးပူးကပ်ကပ်များ နေဖူးသလား"

ဖြူ ။ "ကျွန်တော်ပြောတဲ့ အတိုင်းပဲ ကရင်ဆရာဟာ သူ့ ဘာသိဘာသာ နေတယ်"

ရှား ။ "အင်း ဒီသူငယ်ကလေးမှာ ဘိုင်စကယ် ရှိရဲ့လား"

ဖြူ ။ "မရှိဘူး"

ရှား ။ "ဒီလိုဖြင့်ယင် ကရင်ဆရာက သူငယ်ကလေးကို ဘိုင်စကယ်ပေါ်မှာတင်ပြီး ညကြီး မင်းကြီး ခေါ်သွားတယ် ထင်ချင်သလား"

ဖြူ ။ "ဒီလိုလဲ မဟုတ်ဘူးပေါ့လေ။ ဘိုင်စကယ်ကတော့ လူလှည့်စားရုံလောက် လုပ်တာ ထင်တယ်"

ရှား ။ "လှည့်စားပုံကလဲ ဟန်ရလိုက်တာ၊ တခြားဘိုင်စကယ်များကော မရှိဘူးလား"

ဖြူ ။ "ရှိပေါ့ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"အဲဒါဖြင့် ပုက်ချင်းပုက် ဘိုင်စကယ်နှစ်စီး ပုက်မှာပေါ့။ အဲဒါဖြင့် ခင်ဗျား အထင်လွဲနေပြီ"

ထို့နောက် ဦးစံရှားက ပျောက်ဆုံးသော သူငယ်ကလေးထံသို့ မည်သူမည်ဝါထံမှ စာရေးကြောင်း၊ သူငယ်ကလေးထံသို့ မည်သူမည်ဝါ လာကြကြောင်း မေးစမ်းရာ ကိုထွန်းဖြူက သူ၏ဖခင်ထံမှလွဲ၍ မည်သူ တဦးတယောက်ထံကမျှ စာမရရှိကြောင်း၊ သူငယ်ကလေးမှာ သူ၏မိခင်ကို လွမ်းဆွတ်တမ်းတနေကြောင်းကို ဝန်မင်း ဦးတာနော၏ စာရေးကလေး မောင်သာညိုက ပြောဆို၍ သိရှိရကြောင်း ပြန်ပြောလေသည်။

ထိုနေ့ညရထားနှင့်ပင် မော်လမြိုင်မြို့သို့ စီးနင်းလိုက်ပါသွားကြရာ နောက်တနေ့ နံနက် ၉ နာရီအချိန်လောက်တွင် ဆရာ ကိုထွန်းဖြူ၏ ကျောင်းသို့ ကျွန်တော်နှင့် ဦးစံရှားတို့သည် ရောက်သွားကြ၍ မြို့ဝန်ကြီးနှင့် သူ၏ စာရေးကလေး မောင်သာညိုတို့သည် ကျွန်ုပ်တို့ အလျင်ရောက်နှင့်နေသည်ကို တွေ့မြင်ကြရလေ၏။

မောင်သာညိုက ကျောင်းဆရာကြီးကို ကဲ့ရဲ့ပြစ်တင်စကား ပြောဆိုသည်မှာ—

"မှားလိုက်လေ ဆရာကြီးရယ်။ ဆရာကြီး အသိသားပဲ မဟုတ်လား။ ကျွန်တော်တို့ မြို့ဝန်ကြီးတာ ဒီအမှုအကြောင်း ဘယ်သူမှ မသိစေချင်ဘူးလို့ ဆိုကာမှ ရန်ကုန်တက်ပြီး စုံထောက်ငှားရတယ်လို့။ လုပ်မှ လုပ်ပလေတယ်"ဟု ပြောဆိုလျှင် ကိုထွန်းဖြူမှာ မျက်စိမျက်နှာပျက်ပြီး—

"မခက်ပါဘူး။ ဦးစံရှားတို့ ညရထားနဲ့ ရန်ကုန်ပြန်မှာပေါ့"ဟု ချေပ ပြောဆိုရာတွင် ဦးစံရှားက

"ဟုတ်နိုင်ရိုးလားဗျာ၊ ဟုတ်နိုင်ရိုးလား။ ဒီအရပ်ရောက်လို့ရှိမှ လည်စရာ ပတ်စရာ နေရာတွေ လျှောက်လည်ပြီးမှ ပြန်မှာပေါ့၊ ခင်ဗျားအိမ်မှာ မတည်းခိုစေချင်ယင်လဲ ကိစ္စမရှိပါဘူး။ တခြားရှာဖွေပြီး တည်းရမှာ မခက်ပါဘူး"ဟု ပြောပြန်လေ၏။

ထိုအခါ ဦးတာနောက—

"ဟုတ်တယ် ဆရာကြီး၊ ကျုပ်ကို တိုင်ပင်ဖို့ ကောင်းတယ်။ သို့ပေမယ်လို့ အခုတော့ သူ့ခေါ်မိ ပြောမိလို့ရှိမှ မတတ်နိုင်ဘူး။ သူ့ကိုပဲ စုံထောက်ခိုင်းရမှာပဲ။ ကိုင်း ဦးစံရှား၊ ဟိုဟိုဒီဒီ နေရာ ရှာမနေနဲ့၊ ကျုပ်အိမ်မှာ လာပြီးတည်းတာပေါ့"ဟု စကားကိုဖြတ်၍ ပြောလိုက်သည့်အခါ ဦးစံရှားက ကျေးဇူးတင်ကြောင်း၊ မတည်းခိုနိုင်ကြောင်းကို ပြောပြီးနောက် မြို့ဝန်ကြီးအား သူငယ်ကလေး ပျောက်ဆုံးခြင်းမှာ ဝန်ကတော့် စနက်များ ဖြစ်လေရော့သလားဟု မေးစမ်းရာ မဟုတ်ကြောင်း ဖြေဆိုလေသည်။

ထို့နောက် ထပ်မံ၍ သူငယ်ကလေးကို 'ပြန်ပေး'များလုပ်ဖို့ ယူသွားလေသလားဟု မေးမြန်းရာ ငွေတောင်းဆိုခြင်း ယခုထက်တိုင် မလုပ်သေးကြောင်း ပြောပြလေသည်။

နောက်ဆုံး၌ ဦးစံရှားက "ဝန်မင်းသားကလေးဆီကို ရေးလိုက်တဲ့စာထဲမှာ ကျောင်းကပြေးဖို့ရန် အကြောင်းများဖြစ်လာအောင်ရေးမိသလား"ဟု မေးခွန်းထုတ်သောအခါ မြို့ဝန်ကြီးက "စာထဲမှာ ဘာမှ ထူးထူးထွေထွေ မရေးဘူး"ဟု ပြောပြလေသည်။

ရှား။ ။"ဒါဖြင့် ခင်ဗျား ဒီစာကို ကိုယ်တိုင် စာတိုက်ထဲမှာ ထည့်ပါသလား"

ဦးတာနောက အဖြေမပေးမီ မောင်သာညိုက ကြားဖြတ်၍—

"မြို့ဝန်မင်းကိုယ်တိုင် စာထည့်လေ၊ ဝန်မင်းက စာရေးပြီး ကျွန်တော်က ထည့်ပါတယ်"ဟု ပြောဆိုလေသည်။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"စာတည့်တုန်းက ဒီစာကို ထည့်မိရဲ့လား"

ညို။ ။"ထည့်မိတာပေါ့ဗျာ"

သို့ ပြောဆိုနေခိုက် မြို့ဝန်ကြီးက "မောင်တို့ သတောကျသလိုသာ လုပ်တော့။ ကျုပ်ကဖြင့် မန္တလေးက ပုလိပ်ကို တိုင်ချက်ပေးပြီး အထက်မြန်မာပြည်မှာ အရှာခိုင်းနေတယ်"ဟု ပြောဆိုပြီးနောက် စကားဆက်လက်မပြောပဲ မိမိ၏ စာရေးနှင့်အတူ ကျောင်းပေါ်မှ ဆင်း၍ သွားလေ၏။

ဦးစံရှားသည် သူငယ်ကလေးအိပ်သော အခန်းကို သေချာစွာ စစ်ဆေးကြည့်ရှုရုံမျှမက ကရင်ဆရာ အခန်းကို စစ်ဆေးကြည့်ရှုသော်သည်း ဘယ်နည်းနှင့်မျှ လျှောက်၍လိုက်ရန် အကွက်မတွေ့ဘဲ၊ ထိုရာတွင် ပြတင်းပေါက်အောက်က မြက်ခင်းပေါ်တွင် ခြေရာကွက်တခု ချိုင့်၍နေသည်ကိုသာ တွေ့ရသည် ဖြစ်၍ ဦးစံရှားသည် တနေ့လုံး တယောက်တည်း ထွက်သွားရာ ညဥ့် ၁၁ နာရီ အချိန်လောက်တွင် ပြန်လာပြီးလျှင် မြေပုံတခုကို စားပွဲပေါ်တွင် ဖြန့်လျက် ဆေးတံကို ပြင်းစွာ သောက်ရှူပြီးလျှင် သေချာစွာကြည့်၍ အတန်ငယ် ကြာမှ—

"ကိုင်း ကိုသိန်းမောင်၊ ဟောဒီမှာ ကြည့်စမ်းဗျ"ဟု ကျွန်တော့်ကို ခေါ်၍ ပြလေ၏။

မြေပုံကို ထောက်၍—

"ဟောဒီဟာက ကျောင်း၊ ဟောဒီဟာကတော့ ပေတရာလမ်းမကြီး။ အဲဒီလမ်းမကြီးက ကျောင်း အရှေ့နဲ့ အနောက်ကို သွားတယ်၊ နောက်ပြီးတော့လဲ လမ်းကြီးတခုသာ ရှိတယ်။ လမ်းခွဲဆိုယင် တမိုင် လောက်သွားမှ တွေ့မယ်။ ဒါဖြင့် ဒီသူငယ်နဲ့ ဆရာဟာ သွားကြလို့ရှိယင် ဒီလမ်းက လွဲပြီး ဘယ်လမ်းကမှ မသွားနိုင်ဘူး။

"ကံကောင်းချင်တော့ ဘယ့်နှယ် ဖြစ်သလဲဆိုယင် ဟိုနေ့ညက အရှေ့ဘက် ပထမလမ်းချိုးမှာ ကင်းတဲ ကလေးတခု ရှိလေတော့ ကင်းတဲစောင့်တဲ့ လူများက ဟိုနေ့ည သူတို့လမ်း ဘယ်သူမှ မလာဘူးတဲ့။ ဟိုလမ်း တချိုးကတော့ ဒီလိုဗျ။ ဟောဒီနေရာမှာ ခေါက်ဆွဲဆိုင်တဆိုင် ရှိတယ်။

"အဲဟိုနေ့ညက ခေါက်ဆွဲဆိုင်ရှင်ကလေး မမာလို့ ဆရာအခေါ်ခိုင်းတာနဲ့ ဆိုင်ကလူတွေ တညလုံး ထိုင်စောင့်နေယင်း လူသွား လူလာ ကြည့်နေကြတယ်၊ သူတို့ကလဲ ဘယ်သူမှ သူတို့လမ်း မလာဘူးတဲ့။ သူတို့စကား အမှန်ဖြစ်ယင်တော့ ဒီ ပေတရာလမ်းက ပြေးကြတာ မဟုတ်ဘူး"

ဤတွင် ကျွန်တော်က စကားဖြတ်ပြီး—

"ဘိုင်စကယ်ကော"ဟု မေးရာ ဦးစံရှားက ဆက်လက်၍ ပြောပြန်သည်မှာ—

"ဟုတ်တယ်ဗျ၊ ဒီအကြောင်းကို ပြောပြမပေါ့လေ။ သူတို့ဟာ ဒီပေတရာက မသွားယင် မြောက် ဘက်နဲ့ တောင်ဘက်ကိုသာ သွားဖို့ရှိတော့တယ်။ ကျောင်းတောင်ဘက်မှာတော့ လယ်ပြင်ကြီးတွေရှိတယ်၊ လယ်ကွင်းဆိုတော့ လယ်ကန်သင်းရိုးကြောင့် ဘိုင်စကယ်စီးလို့ ရမှာ မဟုတ်ဘူး။

"မြောက်ဘက်မှာတော့ တောအုပ်ကလေးတခုရှိတယ်။ တောအုပ်က ဆက်လက်ပြီး ရှေ့လျှောက် ယင် ကွင်းမြေရိုင်း ကွင်းပြင်ကြီးသာ ရှိတယ်။ ဒီကွင်းပြင် တဘက်မှာတော့ သူငယ်လေးအဖေအိမ်ရှိတယ်။ လမ်းရိုးရိုး ကလာယင် ၁၀ မိုင်ခရီး၊ ဖြတ်လာမယ်ဆိုယင် ခြောက်မိုင်လောက်သာရှိတယ်။ ကွင်းပြင် အလွန် မှာ ရွာကလေးတရွာ ရှိတယ်၊ ဒီရွာမှာတော့ စေတီတဆူနဲ့ ဘုန်းကြီးကျောင်းနဲ့ တော်တော် စည်စည် ကားကား ရွာကလေးပဲ။ အဲဒါကြောင့် ကျုပ်တို့ ရှာဖို့ဟာကတော့ မြောက်ဘက်မှာ ရှိမယ်"

ကျွန်တော်က စိတ်မကျေနပ်၍—

---


www.burmeseclassic.com

www.burmeseclassic.com



"နို့ ခင်ဗျားဘိုင်စကယ်လဲ မပါသေးဘူး"ဟု ဆိုလျှင် ဦးစံရှားက—

"မြက်ခင်းပေါ် ဘိုင်စကယ်စီးရတာ ခက်လွန်းလို့။ လက်ကလဲ သာနေတာ"ဟု စကားမဆုံးခင် ကိုထွန်းဖြူ ဝင်လာ၍ ရွှင်ပြသော မျက်နှာထားနှင့်—

"နေရာကျပြီဗျို့။ ဟော၊ မောင်တင်အုံ့ရဲ့ သက္ကလပ်အင်္ကျီကလေးကို တွေ့ပြီ၊ သူငယ်တော့ဖြင့် တွေ့မှာ မလွယ်ဘူး။ ကျောက်မြောင်းဘက်မှာ စတဲချနေတဲ့ ဂေါရင်ဂျီ လယ်သမားတစု လက်ထဲက ယူခဲ့တယ်။ ကုလားတွေက ကောက်ရတယ်လို့ ဆိုတာပဲ။ သူတို့တော့ သိမှာပါ။ ဝန်မင်းက မပြော ပြောအောင် မေးယင် ပြောပါလိမ့်မယ်ထင်တယ်။ အခုတော့ ကုလားတွေကို ပုလိပ်ချုပ်ထားပြီ"ဟု မရပ်မဆိုင်း ပြောဆိုပြီးနောက် ထွက်သွားသည့်အခါတွင် ဦးစံရှားက ကျွန်တော့်ဘက်သို့ လှည့်ပြီး—

"သူတို့ဟာတော့ သူတို့ နေရာကျလို့။ နို့ပေမယ့် ကျုပ်ထင်တာနဲ့ တယ်မလွဲလှဘူး။ မြောက်ဘက်က ကွင်းပြင်ကြီးကို ဂရုစိုက်ရမယ်"ဟု ကျွန်တော်နှင့် နှီးနှောတိုင်ပင်လျက် မြေပုံတွင် လက်ညှိုးနှင့် ပြပြီးနောက်—

"ဒီမှာ စမ်းချောင်းကလေးတခုရှိတယ် မဟုတ်လား။ အဲဒီစမ်းချောင်း ရေစပ်နားမှာ ခြေရာ ရှာရမယ်။ ကိုင်း အခု ခင်ဗျား အိပ်ပေအုံးတော့။ မနက် လင်းလင်းချင်း လာနှိုးမယ်"ဟု ဆို၍ ကျွန်တော်လည်း အိပ်လိုက်လေ၏။

နံနက် မိုးလင်းသည်နှင့်တပြိုင်နက် ကျွန်တော် အိပ်ရာမှ မနိုးမီ ဦးစံရှားမှာ အဝတ်များကို လဲပြီး ဖြစ်၍ ကျွန်တော်တို့သည် လက်ဖက်ရည်သောက်ကြပြီးနောက် မြောက်အရပ်ရှိ ကွင်းပြင်ကြီးထဲသို့ ဆင်းသွားကြရာ ဆိတ်ခြေရာကွက်များနှင့် တော်တော် အလှမ်းဝေးဝေးတွင် နွားခြေရာကွက်များကိုသာ တွေ့မြင်ကြရ၍ စိတ်ပျက်လုမတတ် ဖြစ်နေစဉ် လူတဦးမျှ သွားလောက်ရုံရှိသော လမ်းကြောင်းကလေးတွင် အလယ်တည့်တည့်၌ ဘိုင်စကယ် ဘီးလမ်းကြောင်းကလေးကို မြင်လေလျှင် ဦးစံရှားက—

"စက်ဘီးတော့ ဟုတ်ကဲ့။ ကျုပ်တို့ရှာနေတဲ့ စက်ဘီးမဟုတ်။ စက်ဘီးလမ်းကြောင်းပေါင်း လေးဆယ့်နှစ်မျိုးကို ကျုပ် သိတယ်။ ဒီစက်ဘီးဟာဏာတော့ ဒန်းလော့တာယာဘီး၊ ဒီအပေါ်မှာလဲပဲ အဖာကြီးနဲ့။ ကရင်ဆရာ့စက်ဘီးကတော့ ပါးမားတာယာဗျ။ ဒါကြောင့် ကရင်ဆရာ့လမ်း မဟုတ်ပေဘူး။ နောက်ပြီးတော့ စက်ဘီးစီးတဲ့လူက ကျောင်းဘက်ကနေပြီး တခြားသွားတာ"ဟု ပြောဆိုရာတွင် ကျွန်တော်က—

"ကျောင်းဘက်ကသွားတာ မဟုတ်ဘူးလားဗျ"ဟု မေးလိုက်ရာ—

"ဘယ်ဟုတ်မလဲ ကိုသိန်းမောင်၊ စက်ဘီးလမ်း နက်နေတာဟာ နောက်ဘီး။ ဘာပြုလို့လဲဆိုတော့ နောက်ဘီးပေါ်မှာ လူထိုင်တာကိုး။ ခင်ဗျားမြင်တဲ့အတိုင်းပဲ ရှေ့ဘီးက မထင်မရှားသွားခဲ့တဲ့ လမ်းကြောင်းပေါ်မှာ နောက်ဘီးက ထပ်ပြီး သွားတာ အမှန်တော့ဖြင့် ကျောင်းကနေပြီး တခြားသွားတာနဲ့ပဲ တူတယ်။ ကျုပ်တို့ ကိစ္စနဲ့တော့ ဆိုင် မဆိုင်ကိုတော့ဖြင့် မသိဘူး။ ဒီလမ်းနောက်ကို လိုက်ကြအုံးစို့"ဟု ဆိုပြီး လမ်းရှိရာကို လိုက်ကြပြန်ရာ အချို့နေရာများတွင် လမ်းကို တွေ့သော်လည်း နွားခြေရာကွက်တို့နှင့် ရှုပ်ထွေးနေသည်ကို တွေ့ကြရလေသည်။

နွားခြေရာကွက်တို့ကို တွေ့ပြီးနောက် စက်ဘီးလမ်းပျောက်၍ တောအုပ်ရှိရာသို့သာ လူသွားလမ်းကလေးကိုတွေ့မြင်ကြရသဖြင့် ဦးစံရှားမှာ ကျောက်ဆောင်တခုပေါ်တွင်ထိုင်လျက် အတန်ကြာစဉ်းစားပြီးမှ

"ကိုသိန်းမောင်ရေ၊ ဘိုင်စကယ် ခြေရာခံ မလိုက်နိုင်အောင် စက်ဘီးတာယာ ရော်ဘာကို လဲတဲ့လူ တော့ဖြင့် အတော်ဉာဏ်ကြီးရှင်ပေမဲ့။ သို့ပေမယ့် နွားတွေရှိတဲ့ဘက် ကချက်လောက် ဆင်းရှာကြအုံးစို့"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မဆုတ်မနစ်သော ယုံ့လဖြင့် တဖန် ဆက်လက်ရှာဖွေကြပြန်ရာ မျှားမကြာမီ နွံများရှိသည့် အနီးတွင် စက်ဘီးလမ်းတချမြင်ရာ ပါးမားခေါ် စက်ဘီးရာ ဖြစ်ကြောင်းကို မြင်ရလေသည်။

"ဒီဟာကဖြင့် ကရင်ဆရာကလေးရဲ့လမ်းပဲ။ ကျုပ်ထင်ယင် တယ်မလွဲဘူး" ဟု ဦးစံရှားက ပြောလျက် ဘိုင်စကယ်လမ်းရှိရာသို့ ဆက်၍ အစဉ်တစိုက် လိုက်ကြလေသည်။

ထိုသို့ လိုက်၍ ခရီးအတော်သွားမိသောအခါ ဦးစံရှားက—

"ဟော ဟော ဒီမှာ ကြည့်စမ်း။ ဘိုင်စကယ်ဆရာက ခပ်သုတ်သုတ် နင်းသွားတယ် ထင်ပါရဲ့။ ဘီးရာနှစ်ခုစလုံး ထင်ထင်ရှားရှား ပေါ်နေတယ်။ အဲဒါက ဘာဖြစ်လို့လဲဆိုတော့ စက်ဘီးစီးတဲ့ လူဟာ ထိုင်ခုံပေါ်မှာရော လက်ကိုင်တဲ့နေရာမှာရော အားစိုက်ပြီး ဖိထားလို့ဖြစ်တယ်။ ဟင် ဒီနေရာမှာ သူကျပြီ" ဟု ဆို၍ လက်ညှိုးညွှန်ရာသို့ ကြည့်လိုက်ပြန်သောအခါ စက်ဘီးလမ်းမရှိ။ ခြေရာ တခုနှစ်ခုကို မြင်ရပြီး ရှေ့မှာသာ စက်ဘီးလမ်းကို မြင်ရပြန်၏။

နောက် တောပန်းပင်များကို ဦးစံရှား ဆွတ်ခူးရာ ပန်းဝါကလေးတခုတွင် သွေးရဲရဲနှင့် နီစွန်းလျက် ရှိနေသည်ကို မြင်ရသောအခါ—

"နေရာမကျဘူးဗျာ၊ နေရာမကျဘူး။ ဘာလဲလို့ဆိုတော့ယင် ဒီလူဟာ အနာတရ ရရှိပြီး စက်ဘီးပေါ်က လိမ့်ကျသွားတယ်။ ကျရာက ထတယ်။ ထပြီးတော့ စက်ဘီးပြန်စီးတယ်။ အင့် ဟင်၊ တခြားလမ်းလဲ မရှိတော့ပါကလား။ လမ်းဘေးမှာလဲ နွားခြေရာကွက်တွေနဲ့ပါကလား။ နွားဝှေ့သလား။ ဒါလဲ မဟုတ်နိုင်ဘူး" ဟု သူ့ဟာသူ ပြောဆိုလျက် ဆက်လက်သွားကြပြန်ရာ ချုံပုတ်တခုထဲတွင် နေရောင်ဖြင့် လက်လက်မြင်၍ ကျွန်တော်တို့သည် ထိုလက်လက်ဖြစ်သော အရာဝတ္ထုကို နှစ်ယောက်အားဖြင့် ဆွဲငင်ထုတ်ယူလိုက်ကြရာ စက်ဘီးဖြစ်နေ၍ ယင်းစက်ဘီးမှာထား ခြေနင်းသော နေရာတချက်မှာ ကောက်ကွေးလျက် ရှေ့ဘီးမှာ သွေးရဲရဲ စွန်းလျက်နေလေသည်။

ယင်းစက်ဘီးအနီးတွင် လူအရွယ်ကောင်းကောင်း ခွန်အားဗလနှင့် ပြည့်ဝသော လူသေအလောင်းကို တွေ့မြင်ရ၍ ကရင်ဆရာဖြစ်ကြောင်း သိမြင်ကြရ၏။

ထိုဆရာ၏ သေပုံမှာ ဦးခေါင်းကို လေးလံသော အရာတခုခုနှင့် ရိုက်နှက်သည် ဖြစ်သောကြောင့် ဦးနှောက်ကွဲ၍ သေရကြောင်းကို သိရလေ၏။

လူသေအလောင်းအကြောင်းကို ဆိုင်ရာပုလိပ်တို့ထံ တိုင်ကြားရန် ထင်းခွေနေသော မှန်အတိုးအိုတယောက်ကို စေခိုင်း၍ ကျွန်တော်တို့မှာ ခရှေ့သို့မသွားနိုင်၊ နောက်သို့လည်း ပြန်မဆုတ်ပဲ ထိုနေရာတွင် ထိုင်၍ စဉ်းစားဉာဏ် ထုတ်ဖော်ကြလေ၏။

ဦးစံရှားက မိမိသဘောတွင် ထင်မြင်ချက်များကို ထုတ်ဖော်ပြောဆိုသည်မှာ—

"ဒီလိုဗျ ကိုသိန်းမောင်ရဲ့၊ ဒီမောင်တင်အုံးကလေး ထွက်ပြေးတာကတော့ သူ့အလိုအလျောက် ပြေးတာ။ ပြေးတုန်းက ပြတင်းပေါက်ကနေပြီး ဆင်းတယ်ဆိုတာ မုချပဲ။ ပြေးတော့ တယောက်တည်း ပြေးသလား၊ အဖော်ပါသလားဆိုတာတော့ဖြင့် မသိဘူး။ ကရင်ဆရာက ရှပ်အင်္ကျီတောင် ဝတ်မထားဘူး။ ဘာဖြစ်လို့လဲဆိုယင် ကရင်ဆရာက သူငယ်ကလေး ပြေးတာမြင်လေတော့ တွေ့မိတွေ့ရာ အင်္ကျီဝတ်ပြီး စက်ဘီးနဲ့ အမီလိုက်တာပဲ။ လိုက်ယင်း လူသတ်ခံရတယ်ထင်တယ်။

"အရေးကြီးတာက ဒီဟာတွေ မဟုတ်သေးဘူး။ ထွက်ပြေးတဲ့ သူငယ်နောက် လိုက်ချင်ယင် ပြေးလိုက်မှာ။ ဘာဖြစ်လို့လဲဆိုယင် ကလေးကို မိနိုင်တာကိုး။ သို့သော် ကရင်ဆရာကတော့ ပြေးမလိုက်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



စက်ဘီးစီးပြီး လိုက်တာတော့ တခြားအကြောင်း မဟုတ်ပါဘူး။ သူငယ်ကလေးက မြန်မြန်ဆန်ဆန် သွားလာနိုင်တဲ့ ရထားလို ဘာလိုဟာမျိုးနဲ့ ပြေးလို့ပဲ''

သည်တော့ ကျွန်တော်က ဝင်၍—

''ဟိုတခြား စက်ဘီးဟာကောဗျာ''ဟု မေးစမ်းရာ ဦးစံရှားက ဆက်လက် ပြောပြန်သည်မှာ—

''ကရင်ဆရာသေပုံက ကျောင်းနဲ့ ငါးမိုင်လောက် အကွာမှာသေတယ်။ သေနတ်ဒဏ်ရာလဲ မဟုတ်၊ ခွန်အားဗလနဲ့ လူဘယောက်ရဲ့လက်နဲ့ အားကုန်လွှဲပြီး အရိုက်ခံရတဲ့ဒဏ်ရာနဲ့ သေရှာတယ်။ သူငယ်ကလေး ပြေးတာတော့ တယောက်တည်းမဟုတ်ဘူး။ အဖော်ပါမှာပဲ။ နို့ပေမယ်လို့ အနားပတ်လည်ရှာတော့ လူခြေရာကိုလဲ မတွေ့ဘူး၊ နွားခြေရာတွေကိုသာ တွေ့ရတယ်။ ဒီလိုဖြစ်ယင် ဒန်းလော့ တာယာပါရှိတဲ့ စက်ဘီးလမ်းကြောင်း လိုက်ကြအုံးစို့ရဲ့။ ထပါ ကိုသိန်းမောင်''

ဦးစံရှားက ကျွန်တော့်ကိုဆွဲငင်လျက် ကျွန်တော်တို့ဆက်လက်သွားကြရာ စက်ဘီးလမ်းကြောင်းကို များများမတွေ့ရပဲ နွံများလွန်၍ သွားမိသောအခါ စက်ဘီးလမ်းကြောင်း ကွယ်ပျောက်လေ၏။

ထိုနေရာမှ မြို့ဝန်ကြီးအိမ်သို့လည်း သွားနိုင်၏။ ရွာငယ်ကလေးသို့လည်း သွားနိုင်၏။

ရွာငယ်ကလေးရှိရာသို့ ကျွန်တော်တို့ သွားရောက်၍ ရွာစပ်တွင် ဆိုင်ကလေးတခုရှေ့၌ လက်ဖက်ရည် ထိုင်သောက်နေသော လူအရွယ်ခပ်ကြီးကြီး သန်သန်စွမ်းစွမ်းလူတယောက်ကို တွေ့မြင်ရာတွင် ဦးစံရှားက—

''မာရဲ့နော် ကိုမိုးညို''ဟု မေးလိုက်လျှင် ထိုလူကြီးက မသင်္ကာသော မျက်နှာထားနှင့်—

''ခင်ဗျား ကျုပ်နာမည် ဘယ့်နှယ်သိသလဲ''ဟု ပြန်ပြောသောအခါ ဦးစံရှားက—

''စိတ်မရှိပါနဲ့ဗျာ။ ခင်ဗျားနာမည် လူမသိစေချင်ယင် ဆိုင်းဘုတ်ပေါ်မှာ ခင်ဗျားနာမည်နဲ့ ဆိုင်းဘုတ် ဆွဲမထားပါနဲ့''ဟု ရယ်မောပြောလေ၏။

ထို့နောက် ကိုမိုးညိုထံမှ ဦးစံရှားက အနည်းနည်း အဖုံဖုံ ကြံစည်၍ မြင်းငှားသော်လည်း မရှိကြောင်းသာ ပြန်ပြော၍ စက်ဘီးငှားပါဟု ပိုက်ဆံပေးသော်လည်း မရှိဟုသာ ငြင်းဆိုလိုက်လေ၏။

နောက်ဆုံး၌ ဦးစံရှားက လက်ဖက်ရည်ကြမ်းနှင့် ပဲလှော်စားမည်ဟု ပြောပြီးနောက် ပဲလှော်များကို ဝါးလျက် လက်ဖက်ရည် သောက်နေကြရာ ကိုမိုးညိုက အနားတွင်မထိုင်ပဲ ထွက်ခွာသွားလေ၏။

ထိုသို့ သွား၍ အတန်ငယ် ကြာမြင့်သောအခါ ဦးစံရှားက ထ၍ လက်သီးလက်မောင်းတန်းလျက်—

''ရပြီ၊ ရပြီ ကိုသိန်းမောင်''ဟု ဆိုလေ၏။

ရှား။ ။''ခင်ဗျား ဒီကနေ့ နွားခြေရာခွက်များ တွေ့မိသလား''

ကျွန်။ ။''ပြည့်လို့ပေါ့ဗျာ။ လမ်းတလျှောက်လုံး နွားခြေရာကွက်ချည်းပေါ့။ ကရင်ဆရာ့ အလောင်းနားမှာလဲ ရှိတာပဲ''

ရှား။ ။''နွားဘယ်နှစ်ကောင်များ မြင်မိသလဲ''

ကျွန်။ ။(အနည်းငယ် စဉ်းစားလျက်) ''တကောင်မှ မမြင်မိဘူး''

ရှား။ ။''မဆန်းပါဘူးဗျာ၊ နွားခြေရာရှိပြီး နွားမရှိတာ''

ကျွန်။ ။''ဆန်းပေါ့ဗျာ၊ ဘာပြောလို့ ကောင်းမလဲ''

နောက် ဦးစံရှားက ပဲလှော်များကို ဖျာပေါ်တွင်ချလျက် အောက်ပါအတိုင်း စီစဉ်ပြလေသည်။

''အဲဒီခြေရာကွက်တွေက....

''တချို့ကတော့ ဟောဒီလို၊

''တချို့ကတော့ ဟောဒီလို၊



www.burmeseclassic.com

www.burmeseclassic.com



"တချို့ကတော့ မဟာဒီလို။

"အဲဒါ ဘာဖြစ်သလဲဆိုတော့ အတော်ထူးဆန်းတဲ့ နွားပဲ။ ဒီနွားဟာ လမ်းလျှောက်တယ်။ ကဆုန်စိုင်းတယ်။ ဒုန်းစိုင်းတယ်။ အင်း ဒီဟာကြံတဲ့လူတော့ဖြင့် အချွန်စားထဲကပဲ။ နောက်ဖေးဘက်က တဟီးဟီးနဲ့ပါကလား။ သွားချောင်းရအောင်" ဆိုပြီး ဆိုင်နောက်ဖေးသို့ ရောက်လျှင် လူသူမမြင်ရန် ကာကွယ်ထားသော မြင်းဇောင်းတခုရှိ၍ ထိုမြင်းဇောင်းတွင် မြင်းနှစ်ကောင် မြင်ရ၏။

ဦးစံရှားက မြင်းတကောင် နောက်ခြေကို လက်ဖြင့် ပင့်လျက် အနည်းငယ် ရယ်မောပြီးလျှင်—

"သံခွာက အဟောင်း၊ သံက အသစ်၊ သံခွာကို အသစ်ပြန်တပ်ထားတယ်။ မှတ်သောက် သားလောက်တဲ့ ဆရာဗျ" ဟု ဆို၍ ထိုမြင်းဇောင်းနှင့် မနီးမဝေးတွင် ပန်းပဲဖိုတခု၌ လူရွယ်ရွယ် နှစ်ယောက်တို့သည် မည်သူ့ကိုမျှ အလေးဂရုမပြုဟန် လက္ခဏာနှင့် မိမိတို့ အလုပ်ဝတ္တရားကို လုပ်ကိုင်လျက် နေသည်ကို ကြည့်ရှုနေစဉ် ကိုမိုးညို ပေါ်လာ၍—

"ဟင် ခင်ဗျားတို့ ဘာဝင်ချောင်းရတာလဲ" ဟု ဒေါသသံ ခပ်ပါပါနှင့် အော်ဟစ်လိုက်ရာ ဦးစံရှားက—

"ခင်ဗျားနှယ် စိတ်ကြီးလိုက်တာ။ ပန်းပဲဖိုမှာ ရွှေလုပ်လို့ လူများ မမြင်စေဘူးလိုပဲ" ဟု ရယ်မောစရာ ပြော၍ ထိုဆိုင်မှ ထွက်ခွာသွားပြီးနောက် ထိုဆိုင်နှင့် ခပ်လှမ်းလှမ်းတွင်ရှိသော တောင်ကုန်းကလေးတခု၌ ပုန်းလျှိုး၍ ဆိုင်ရှိရာဘက်သို့ ကျွန်တော်တို့သည် ချောင်းမြောင်းလျက် ကြည့်ရှုနေကြလေသည်။

များမကြာမီ နေဝင်ခါနီးတွင် စက်ဘီးကို လျင်မြန်စွာ စီးနင်းလျက် လူတယောက်သည် ဆိုင်ရှိရာသို့ သွားသည်ကို မြင်ရ၍ သေချာစွာကြည့်ရှုလိုက်လျှင် မြို့ဝန်ဦးတာနော၏ စာရေးကလေးဖြစ်ကြောင်း သိရလေသည်။

ထိုစာရေးကို မြင်လျှင်မြင်ချင်း ကျွန်တော်တို့သည် နောက်ယောင်ခံ၍ လိုက်ကြပြီးလျှင် ဆိုင်နှင့် မနီးမဝေးက တဖန် ကြည့်ရှုလိုက်ရာ စက်ဘီးကို ဆိုင်နံဘေးတွင် ထောင်ထားသည်ကို မြင်ရသော်လည်း ဆိုင်တွင်း ဆိုင်ပြင်၌ မည်သူတဦးတယောက်ကိုမျှ မမြင်ရချေ။

ထိုအချိန်တွင် နေဝင်ရီတရောဖြစ်၍ ဆိုင်နောက်ဖေးမှ ရှတ်တရက် ဒေါက်ကပ်မီးအိမ်နှစ်လုံး လင်းနေသည်ကို တွေ့ရပြီး နောက်များမကြာမီအတွင်း ဒေါက်ကပ်ပေါ်တွင် လူတယောက်သည် စီးလျက်မြင်းကို လျင်မြန်စွာ မောင်းနှင်နေသည်ကို မြင်လိုက်ကြလေ၏။

သို့စီးသူမှာ စာရေးကလေး မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် စက်ဘီးမှာ ဆိုင်နံဘေးတွင် ထောင်လျက်ပင် ရှိနေသေးသောကြောင့် ဖြစ်လေသည်။

နောက်များမကြာမီ လူတယောက်သည် ဆိုင်တွင်းသို့ ဝင်သွားပြန်၍ တဖန် ဘာသံမျှ မကြား၊ ငြိမ်သက် သွားပြန်လေသည်။

ဦးစံရှားသည် စက်ဘီးရှိရာသို့ သွားပြီးလျှင် မိမိလက်တွင် ကိုင်ထားသော လက်ကိုင် ဓာတ်မီးကို ဖွင့်၍ စက်ဘီးကို ထိုးကြည့်ရာ ယင်းစက်ဘီးမှာ 'ဒန်းလော့'ခေါ် တာယာတပ်ထားရုံမျှမက ယင်းတာယာတခုလုံးတွင် ဖာထေးဆူများကိုပါ မြင်ရလေ၏။

ထိုနောက် ဦးစံရှားက ကျောက်တုံးပေါ်သို့တက်၍ အိမ်ထရံပေါက်မှ အိမ်တွင်းသို့ ချောင်းကြည့်ပြီးနောက် တည်းခိုရာကျောင်းသို့ ကျွန်တော်တို့ ပြန်ကြလေ၏။

နောက်တနေ့တွင် ကျွန်တော်တို့သည် ဦးတာနောအိမ်သို့ သွားရောက်၍ ဦးတာနော စာရေးနှင့် တွေ့ရာ မြို့ဝန်ကြီးမှာ နေထိုင်မကောင်းသဖြင့် မည်သူတစုံတယောက်ကိုမျှ မတွေ့နိုင်ကြောင်း ပြောသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဦးစံရှားက မတွေ့လျှင် မရကြောင်း ထစ်တလဲလဲ ပြောပြသဖြင့် စာရေးကလေးလည်း ကျွန်တော်တို့အား မြို့ဝန်ကြီးရှိရာ အခန်းတွင်းသို့ ခေါ်ဆောင်သွားရလေသည်။

မြို့ဝန်ကြီးကို တွေ့၍ စာရေးကလေးကို ထွက်သွားစေပြီးမှ ဦးစံရှားက—

"မြို့ဝန်မင်း သားကလေး ရှာတွေ့သူကို ဆုငွေ ငါးထောင်ပေးမယ်ဆိုတာ ဟုတ်ပါရဲ့လားခင်ဗျာ" ဟု မေးလေ၏။

တာ။ ။"ဟုတ်တယ်"

ရှား။ ။"သူငယ်ကလေးကို ဝှက်ထားတဲ့ လူနာမည်ပေးနိုင်ယင် ငွေတထောင် ထပ်ပေးအုံးမလားခင်ဗျာ"

တာ။ ။"ဟုတ်တယ်"

ရှား။ ။"ဝှက်ထားတယ်ဆိုတာ သူငယ်ကလေးကို အခုအနေရောက်အောင် ဝိုင်းဝန်းလုပ်တဲ့ လူများကော ပါပါသလား"

တာ။ ။"မောင့်အလုပ်သာ နေရာတကျလုပ်ပါ။ ကျုပ် ကပ်စေးနဲတဲ့လူ မဟုတ်ပါဘူး"

ဦးစံရှားက မိမိလက်ကို ပွတ်သပ်လျက်—

"ဟို စားပွဲပေါ်ကဟာ မြို့ဝန်မင်းရဲ့ ငွေစုဘဏ်တိုက် ချက်လက်မှတ်စာအုပ်နဲ့တူတယ်။ လက်မှတ်စာအုပ်မှာ ကျွန်တော့်နာမည်နဲ့ ငွေခြောက်ထောင်အတွက် ရေးပြီး လက်မှတ်ထိုးပြီး ကျွန်တော့်ပေးပါ" ဟု တောင်းဆိုရာ ဦးတာနေ့ာမှာ မျက်စိများ ပြူးလျက်—

"မောင်က လှောင်စရာ ပြောင်စရာတွေ လုပ်မနေပါနဲ့"ဟု ဆိုလေ၏၊

ဦးစံရှားက မပြောင်မလှောင်ကြောင်း၊ မိမိသည် အမှန်စင်စစ် သိကြောင်းကို ပြောပြ၍ မည်သည့်အရပ်တွင် ရှိကြောင်းကို မေးလေလျှင်—

ကိုမိုးညိုဆိုင်တွင် ရှိကြောင်း ပြော၍—

"ဘယ်သူ ဟိုမှာ ခေါ်ထားသလဲ"ဟု ဆက်လက်မေးရာတွင်—

ဦးစံရှားက ဦးတာနေ့ာဘက်သို့ လက်ညှိုးညွှန်လျက် "မြို့ဝန်မင်းပေါ့"ဟု ပြောလေ၏။

ထိုအခါ ဦးတာနေ့ာသည် ကြက်သေ သေ၍ စကားတခွန်းမျှ တုံ့ပြန်ခြင်း မပြုပဲ ဦးစံရှားကို စိုက်၍သာ ကြည့်လျက် နေလေ၏။

ထိုနောက် မြို့ဝန်ကြီးက "မောင့်မိတ်ဆွေအပြင် ဘယ်သူများ သိသေးသလဲ"ဟု မေးလေရာ မည်သူမျှ မသိကြောင်း ပြန်ကြား၍ မြို့ဝန်ကြီးသည် လက်တဘက်တွင် ကလောင်တံကို ကိုင်လျက် လက်တဘက ဖြင့် ဘဏ်တိုက် ချက်စာအုပ်ကို ဆွဲငင်ယူလေ၏။

"ကျုပ်က စကားပျက်တဲ့လူ မဟုတ်ဘူး"ဆို၍ ချက်လက်မှတ်တွင် ရေးသားလေ၏။

ဦးစံရှားက—

"ကျောင်းဆရာ သေတာကော ခင်ဗျာ"ဟု မေးလျှင် ဦးတာနေ့ာက—

"သာစညိုနဲ့ မဆိုင်ဘူး။ သူခိုင်းတဲ့ ငမိုက် ငမိုးညိုက သတ်တာ"ဟု စကားပြန်ပြောရာ ဦးစံရှားက—

"မြို့ဝန်မင်းလဲ သိရှိတော်မူတဲ့အတိုင်း ဥပဒေကတော့ မဆိုင်ဘူးရယ်လို့ ဖြေနိုင်ပါ့မလား" ဟု မျက်နှာ ခပ်ထားထားနှင့် ပြောလေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဦးတာနေ့ာက—

"ကိုင်း ဒီအရေးကိစ္စမှာတော့ အထူးတလည် စိတ်ပူစရာတော့ မရှိဘူး။ မောင်တို့က တယ်ပြီး အသိလွန်ပေပြီ။ တခြားမပြောပဲ ကျုပ်ဆီကို လာခဲ့တာ ကျေးဇူး အထူးတင်ပါတယ်။ ဒီအရေးကိစ္စမှာတော့ ဒီလိုပါ။ ကျုပ်က ငယ်ငယ်ရွယ်ရွယ်တုန်းကတော့ သူငယ်မလေးတယောက်နဲ့ ချစ်ကျွမ်းတဝင် ဖြစ်နေပြီး သူငယ်မလေးကို ထုံးစံရှိးရာရှိတဲ့အတိုင်း ထိမ်းမြားဖို့ပြောဆိုတော့ သူက ဂုဏ်ရည်ချင်း မတူတော့ ကျုပ်မိဘက သဘောတူမှာ မဟုတ်လို့ မတော်ဘူးဆိုပြီး နေရှာတယ်။

"ဒါနဲ့ သူ သေသွားရော။ သေတော့ သားကလေးတယောက် ကျန်ရစ်ခဲ့တယ်။ နို့ပေမယ့် သားကလေးဟာ ကျုပ်သားလို့လဲ မပြောရဲဘူး။ အဲဒါနဲ့ ကလေးဟာ ကြီးပြင်းလာလို့ ကျောင်းထားပြီး အရွယ်ရောက်တော့ ကျုပ်အနားမှာပဲ ခေါ်ထားတယ်။ သူ့မျက်စိမျက်နှာ မြင်ရတော့ သွားလေသူကို အလွမ်းဖြေနေရတယ်။

"ဒါနဲ့ နောက် ကျုပ် အိမ်ထောင်ကျတော့ သားကလေး မောင်တင်အုံကိုချပြန်ရော။ မျှားမကြာမီပဲ မောင်သာညိုက သူဟာ ကျုပ်သားဖြစ်တယ်ဆိုတာကို သိပြီး ကျုပ်ကို အနိုင့်အထက် လုပ်တာပဲ။ မောင်ဘင်အုံကို သူကဖြင့် ကြည့်လို့တောင် မရဘူး။

"အဲဒါနဲ့ သူငယ်ကလေးကို မောင်ထွန်းဖြူကျောင်း ပို့လိုက်တယ်။ နောက်ထပ် မကြာဘူး။ ကျုပ်က မောင်တင်အုံကို ရေးလိုက်တဲ့စာထဲမှာ မောင်သာညိုက စာအိတ်ကိုဖွင့်ပြီး တင်အုံ့အမေက ရေးသလိုလို 'မေမေ ကျောင်းနဲ့မနီးမဝေး ယစ်ပင်ရုံကြီးနားက ည စောင့်နေမယ်။ သားကလေးကို တွေ့ချင်တယ်။ လာပါ'လို့ ရေးထည့်လိုက်တယ်။

"သာညိုပြောတာပြန်ပြောမယ်နော်။ အဲဒီညနေကျတော့ သာညိုက စက်ဘီးစီးပြီး ဒီတောအုပ်နားသွားရော၊ တင်အုံနဲ့တွေ့ပြီး 'မင်းအမေက ငါ့အခေါ်ခိုင်းတယ်'ဆိုပြီး သူငယ်ကလေးကို မြင်းပေါ်တင်လိုက်ပြီး ဟို မိုးညိုဆိုတဲ့အကောင်နဲ့ မောင်တို့ တွေ့ခဲ့ကြတဲ့ ဆိုင်ကလေးကို ယူသွားတယ်။

"သာညိုရဲ့ အကြံကတော့ ကျုပ်က သူ့ကို အမွေများ ခွဲပေးခဲ့လို့ရှိရင် သားကလေး ပြန်ပေးပြီး သူ တော်ရာသွားမယ်လို့ ကြံတာပဲ။ လမ်းထဲကျတော့ သူတို့နောက်က ကရင်ဆရာ လိုက်လာမှန်း သိတာနဲ့ ကရင်ဆရာကို မိုးညိုက လက်မှာကိုင်တဲ့ တုတ်နဲ့ရိုက်လို့ သေရော။ အဲဒါတွေကတော့ သာညိုပြောလို့ သိရတဲ့ အကြောင်းတွေ"ဟု ပြောဆိုလေ၏။

ထို့နောက် မြို့ဝန်ကြီးက မိမိသား သာညို ယိုးဒယားပြည်သို့ သွားရန် လွှတ်လိုက်ကြောင်း၊ မြို့ဝန်ကတော်ကိုလည်း ပြန်ခေါ်လိုက်ကြောင်းများကို ပြောပြလေရာ ဦးစံရှားက—

"ကျွန်တော်တို့ မှုဒိုကို လာခဲ့လို့ မြို့ဝန်မင်းနဲ့ မင်းကတော်တို့ တည့်ကြတာ ဝမ်းသာစရာပါပေပဲ။ သို့သော်လည်း ကျွန်တော် မရှင်းတာကလေးတခု ရှိပါတယ်။ မိုးညိုက မြင်းခွာနေရာမှာ နွားခြေရာနဲ့ တူတဲ့ ခွာမျိုး ရိုက်ထည့်တာများဟာ မောင်သာညိုက သင်ထားသလား မဆိုနိုင်"

မြို့ဝန်ကြီးက အတော်ကြာ စဉ်းစားလျက် ကျွန်တော်တို့နှစ်ဦးကို အခန်းတခုရှိရာသို့ ခေါ်သွားပြီး လျှင် ဖန်သေတ္တာတွင် ထည့်ထားသော ရှေးအခါ ကာလက အသုံးပြုကြသည့် တန်ဆာပလာများ၊ လက်နက် ကိရိယာများကို ပြလေ၏။

ထို ဖန်သေတ္တာတွင် သံခွာအများရှိ၍ ယင်းသံခွာတို့အောက်တွင် စာရေးထားသည်မှာ 'ဤသံခွာတို့မှာ မြင်းသံခွာများဖြစ်ကြသော်လည်း အောက်နားတွင် ခွာကွဲပုံသဏ္ဌာန်ပြုလုပ်၍ ထားလေသည်။ ယင်းမှခွာ



www.burmeseclassic.com

www.burmeseclassic.com


နောက်ယောင်ခံလိုက်သူတို့ လမ်းမှားစေဖို့ ပြုလုပ်ရန်ဖြစ်သည်။ ယင်း သံခွာတို့သည် ရှေးအထက်ကျောင်း မွန့်ဘုရင်တို့ လက်ထက်တွင် ဗညားကျမ်းတို့ အသုံးပြုလေသည်။

ဦးစံရှားသည် ဖန်သေတ္တာကိုဖွင့်ပြီး သံခွာတခုကို တံတွေးဆွတ်ထားသော လက်ဖြင့် ကိုင်လျက် လက်ကို ပြန်ရုပ်၍ သုတ်ကြည့်လိုက်ရာ မကြာသေးမီက စင်နေသော ရွှံ့များကို မြင်ရလေ၏။

ထို သံခွာများကို နေရာတွင် ပြန်ထား၍ ဦးစံရှားက—

"ကျေးဇူးတင်ပါတယ်ခင်ဗျား။ ဒီအရပ်မှာ ကျွန်တော်တွေ့ရတဲ့အထဲမှာ ဒီအရာဟာ ဒုတိယ သဘော အကျဆုံးပဲ"ဟု ဆိုလေ၏။

ကျွန်တော်က—

"ပထမ သဘောအကျဆုံးကတော့ ဘာလဲဗျ"ဟု မေးရာ ဦးစံရှားက ချက်လက်မှတ်ကို ခေါက်၍ မိမိဒိုင်ယာရီစာအုပ်အငယ်ထဲတွင် ထည့်ပြီးလျှင် ပုံတော်အင်္ကျီအတွင်းသို့ သွင်းလျက် သူ၏အိတ်ကို ကိုင်တွယ် ပြီးလျှင်—

"ကျွန်တော့်မှာ လူခေါင်းရဲပါ ကိုသိန်းမောင်ရဲ့"ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

# ၃၄။ မသင်္ကာသော လင်မယား*

ကျွန်တော်၏မိတ်ဆွေ စုံထောက်ကြီး ဦးစံရှားမှာ အရေးအခွင့် ကြုံသည့်အခါ၌ ကျွန်တော် တွေ့ဖူး သမျှသော လူများအနက်တွင် အဖျင်းလတ် အသွက်လက်ဆုံးသော လူတယောက် ဖြစ်သော်လည်း ကိုယ်လက်လှုပ်ရှားမှုအတွက် သက်သက်ဟူ၍ ဘယ်အခါမျှ လေ့ကျင့်သည် မရှိချေ။

အရေးကြုံသည့်အခါ တနာရီ ၅ မိုင်နှုန်းဖြင့် တနေ့ပတ်လုံး (မိုင် ၅၀ ကျော်) လမ်းလျှောက်ဖူးသည်ကိုလည်းကောင်း၊ ၁၃ စတုံကျော်(ပိဿာ ၅၀ ခန့်) အချိန်စီးသော လူကြီးတယောက်ကို တချက်တည်းသော လက်သီးဖြင့် တုံးကနဲ လဲအောင် ထိုးဖူးသည်ကိုလည်းကောင်း တွေ့ကြုံရဖူးသော်လည်း ဤရိယာပထမျှတစေလိုသော သဘောသက်သက်ဖြင့် လမ်းလျှောက်သည်ဟူ၍တား အလွန်တရာ နည်းပါးလှ၏။

တနေ့သ၌ ကျွန်တော်သည် အတန်တန် ငြင်းဆန်သော ဦးစံရှားကို မရမက ဆွဲခေါ်၍ ကမ်းနားလမ်းတလျှောက် လမ်းလျှောက်ရာမှ ပြန်လာကြသဖြင့် အိမ်သို့ ရောက်ကြသောအခါ အစေခံ ဖိုးထွေးက ဧည့်သည်တယောက် ဝင်လာပြီးနောက် ပြန်ထွက်သွားကြောင်းဖြင့် ဆီးကြို၍ ပြောလေ၏။

ထိုတလော၌ ဦးစံရှားမှာ အမှုအခင်း အတော်ပြတ်လပ်နေရကား ဈောင်းလှောင်ထားသော ပြိုင်မြင်းကဲ့သို့ မနေတတ် မထိုင်တတ် ဖြစ်နေလေ၏။

သို့ဖြစ်၍ ဧည့်သည်တယောက် ဝင်လာပြီးမှ ပြန်ထွက်သွားကြောင်း ကြားသိရသောအခါ စိတ်ပေါက်သော မျက်နှာထားဖြင့် ကျွန်တော့်အား လှမ်းကြည့်၍–

"နောက်များတော့ တော်ပါတော့ဗျာ၊ ခင်ဗျားလမ်းလျှောက်"ဟု ညည်းတွား ပြောဆိုလေရာ ကျွန်တော့်မှာ အားနာပါးနာနှင့် ဖိုးထွေးအား မေးခွန်းထုတ်ရလေ၏။

"တခါတည်း ထွက်သွားတာလားကွယ့်၊ ပြန်လာအုံးမယ် ဟုတ်လား"

"လာကောင်း လာပါလိမ့်မယ် ခင်ဗျာ"

"မင်းက စောင့်ပါအုံးလို့ ပြောပြီး တားမထားဘူးလား"

"ကျွန်တော် တားထားလို့ နာရီဝက်လောက် ထိုင်စောင့်သေးတယ်ခင်ဗျ။ အငြိမ်ကို မနေနိုင်ဘူး။ သိပ်ပျာရာခတ်တဲ့ လူတယောက်ပဲခင်ဗျ။ ထိုင်ချည် ထချည်နဲ့ လုပ်ယင်း 'ကြာလိုက်တာနော်၊ ဘယ်ဆီသွားတတ်သလဲ့ခနော်'နဲ့ ပါးစပ်က တတွတ်တွတ် ရွတ်နေတာပဲခင်ဗျ။

* ဤဝတ္ထုကို မည်သည့် မဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့ကြောင်း ရှာဖွေမတွေ့ရသေး။ မြန်မာပြည် စာအုပ်တိုက်မှ အတွဲ ၅ နှင့် နှလုံးလှစာပေတိုက်မှ အတွဲ ၂ တို့တွင် ဖော်ပြ ပါရှိပါသည်။ မူရင်းမှာ The Yellow Face ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က 'မကြာပါဘူး၊ ပြန်လာပါလိမ့်မယ်'လို့ ပြောတာတောင် မရဘူး။ တညည်းတည်းညည်းနေတော့တာပဲ ခင်ဗျာ။ ဒီအတောအတွင်း နာရီကို ကြည့်လိုက်ရတာကလဲ မပြောပါနဲ့တော့။ နာရီဝက်လဲ စေ့ရော ထိုင်ရာက ထတဲ့ပြီး 'ကိုင်းကွယ်၊ စောင့်ချင်း စောင့်ရယင် အပြင်က ထွက်စောင့်တော့မယ်'ဆိုပြီး တိုက်ပေါ်က ကတိုက်ကရိုက် ဆင်းသွားတော့တာပဲ ခင်ဗျ"

"ပျာပုံထောက်တော့ အရေးကြီးတဲ့ ကိစ္စနဲ့တူလို ပြန်လာကောင်းပါရဲ့၊ အမှုရှားပါးနေတဲ့အခိုက်မို့ သိပ်နှမြောဖို့ ကောင်းတာပဲ။ အလို၊ ဒီဆေးတံ ခင်ဗျာ့ဟာ ဟုတ်မထင်ပါဘူး။ ကြည့်စမ်းဗျို ကိုသိန်းမောင်" ဟု ပြော၍ စားပွဲပေါ်တွင် တင်လျက်ရှိသော ဆေးတံတချောင်းကို ကောက်ယူကြည့်ရှုလေ၏။

"ကျွန်တော့်ဟာ မဟုတ်ပေါင်ဗျာ"

"ဆေးတံကတော့ (ဆေးတံကို အမြီး ခေါင်း လှည့်ကာ ကြည့်ရှုယင်း) အမျိုးကောင်းထဲကပဲဗျို့။ သူ့ပစ္စည်းကို သူ တော်တော်မြတ်နိုးနေတဲ့ လက္ခဏာလဲ ရှိတယ်။ ဒီလောက်မြတ်နိုးတဲ့ ပစ္စည်းတခု မေ့ချန်ထားခဲ့ခြင်းကို ထောက်သဖြင့် ဒီလူဟာ တော်တော်ကြီး စိတ်ရှုပ်နေတဲ့ လက္ခဏာရှိတယ်"

"မြတ်နိုးကြောင်းကို ခင်ဗျား ဘယ့်နှယ် သိနိုင်သလဲ"

"ဆေးတံက 'အန်ဒါဘိုး' အမျိုးထဲကဗျ။ ဝယ်ယင် တဆယ်လောက် ပေးရလိမ့်မယ်။ ဆေးတံကို ခင်ဗျားကြည့်စမ်း၊ နှစ်ကြိမ်တိုင်တိုင် ပြင်ထားတာကို တွေ့ရလိမ့်မယ်။ အရိုးမှာ တကြိမ် ပြင်ရတယ်။ ပြင်ရာမှာလဲ မိုးကြိုးကွပ်ပြီး ပြင်ရတာဖြစ်လို့မို့ လေးငါးကျပ်ထက် မနည်းပေဘူး ကုန်လိမ့်မယ်။ နှစ်ကြိမ်ပြင်ဆိုတော့ ဆယ့်လေးငါးကျပ် ကျသွားတာပေါ့။ ဆေးတံဖိုးလောက် မကတော့ဘူး၊ ပစ္စည်းတခုကို အဖိုးရင်းလောက်မက အကုန်အကျခံပြီး ပြင်ကိုင်တယ်ဆိုတာ မြတ်နိုးလို့ မဆိုယင် ဘာကြောင့် ဆိုအုံးမှာလဲဗျ"

"ဒို့ပြင်ကောဗျ။ ဘာများတွေ့ရသေးသလဲ"

"ဆေးတံဆိုတဲ့ ပစ္စည်းမျိုးဟာ (ဆေးတံကို လက်ဖြင့် ဆကာ ကြည့်ယင်း) ခပ်ကြာကြာ သုံးထားတဲ့ အခါကျယင် ပိုင်ရှင်ရဲ့ အကျင့်စာရိတ္တအကြောင်းကို တော်တော်ထင်ရှားအောင် ဖော်ပြတတ်တဲ့ ပစ္စည်းမျိုးပဲဗျ။ သို့သော် ဒီဆေးတံမှာတော့ အရေးကြီးတဲ့ အခြင်းအရာမျိုး တယ်ပြီး မတွေ့ရဘူး၊ ကျုပ်တွေ့သလောက် ပြောရမှာဖြင့် ဒီလူဟာ ကိုယ်လက်အင်္ဂါ တော်တော်ကြီး သန်သန်မာမာ ရှိရမယ်။ ဘယ်ကိုင်ဖြစ်ရမယ်။ သွား အင်မတန် ကောင်းရမယ်။ ပေါ့ပေါ့ဆဆ လုပ်တတ် ကိုင်တတ်တဲ့ အကျင့်ရှိရမယ်။ ငွေကို ခြစ်ခြစ်ချုတ်ချုတ် ကုတ်ကုတ်ကပ်ကပ် ချွေတာ သုံးစွဲရလောက်အောင် ပါးပါးရှားရှား လူမျိုးစားထဲက မဟုတ်ဘူးလို့ ဆိုရမယ်ဗျ"

"အန်ဒါဘိုး တဆယ်ကျော်တန် ဆေးတံကို သောက်နိုင်လို့ ဖောဖောသီသီထဲကလို့ ခင်ဗျားဆိုချင်တာလားဗျာ"

"ဒါကြောင့် ဘာဟုတ်မလဲဗျာ၊ တကြိမ်ဝယ်တဲ့ ပစ္စည်းမျိုးဆိုတာ အကောင်းကြိုက်တတ်တဲ့ လူဖြစ်ယင် ပိုက်ဆံ ပါးရှားပေမယ့် ခပ်ကောင်းကောင်း ဝယ်ကိုင်ချင် ကိုင်တတ်သာပဲဗျ။ ဆေးတံကို တဆယ် မကသေးဘူး၊ သုံးဆယ် ပေးသောက်နိုင်တာက အရေးမကြီးဘူး။ ဆေးအဖိုးတန် သောက်တာက အရေးကြီးတယ်၊ ဒန်းဟင်းဆေးဗျ။ တဗူး သုံးကျပ် ရှစ်ပဲ ပေးရမယ်။ ဒီခေတ်ကြီးမှာ ဆေးတဗူး နှစ်ကျပ်၊ နှစ်ကျပ်ရှစ်ပဲ ပေးသောက်ယင် လွန်လှပြီလို့ မှတ်နေကြရတဲ့အထဲမှာ သုံးကျပ် ရှစ်ပဲတန်သောက်တဲ့လူဟာ ဖောဖောသီသီ သုံးတတ်တဲ့ အထဲကလို့ မဆိုထိုက်ဘူးလားဗျ"

"ဒို့ပြင် အချက်တွေကကောဗျာ"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ဒီလူဟာ ဆေးတံကို မီးအိမ်မှာ မီးညှိတတ်တဲ့ ဝါသနာရှိတယ်။ ဆေးတံကို ခင်ဗျား ကြည့်စမ်း။ တပိုင်းတကျွမ်းပြီး မည်းနေတော့တာပဲ။ မီးခြစ်နဲ့ညှိယင် ဘယ်နည်းနဲ့မှ ဒီလို မဖြစ်နိုင်ဘူးဗျ။ ပြီးတော့ ကျွမ်းတဲ့ဘက်ကို ကြည့်လိုက်စမ်း၊ လက်ယာဘက်ကဗျ။ ဒါကြောင့် ကျုပ်က သူ့ကို ဗယ်သန်လို့ ဆိုတယ်။ ခင်ဗျား ဆေးတံကို မီးအိမ်မှာညှိစမ်း။ အဲ ဟုတ်ပြီ။ ခင်ဗျားက ညာသန်ဆိုတော့ ဆေးတံရဲ့ ဗယ်ဘက်ကို မီးရှပ်တယ် ဟုတ်လား။ သူ့မှာတော့ ညာဘက်မှာ မီးရှပ်သွားတယ်။ ဒါကြောင့် ဗယ်သန်ဖြစ်ကြောင်း သိရတယ်၊ သို့သော် တခါတလေတော့ ညာသန်တဲ့လူလဲပဲ ဟိုဘက်က ညှိချင် ညှိမယ်ပေါ့ဗျာ။ နို့ပေမယ့် အခါခပ်သိမ်း မလုပ်လိုဘူး။ ကိုယ်သန်ရာဘက်ကို ကိုယ်ညှိတတ်တဲ့ လူချည်းပဲ။ ကျေနပ်ပြီလား ဒီအချက်"

"ကျေနပ်ပါပြီဗျာ၊ ဒီ့ပြင်ကော"

"ကိုယ်မြတ်နိုးတဲ့ပစ္စည်းတခုကို အပျက်ခံပြီး ဆေးတံကို မီးအိမ်မှာ ညှိခြင်းကို ထောက်ခြင်းအားဖြင့် ပေါ့ပေါ့ဆဆ လုပ်ကိုင်တတ်တဲ့ ဝါသနာရှိတယ်လို့ ကျုပ် ဆိုတယ်"

"သန့်မာ့တာကောဗျာ"

"သူ့ဆေးတံရိုးကိုကြည့်လိုက်စမ်း။ကိုက်ထားလိုက်တာ ပေါက်ထွက်တော့မယ်။သွားကလဲတောင်း၊ လူကလဲ သန်မာလို့သာ ဆေးတံကို ဒီလောက်နာအောင် ခဲနိုင်တာပေါ့ဗျ။ ဟုတ်ပေဘူးလား။ ကိုင်းလေ၊ ဟုတ် မဟုတ် ကြည့်ရအောင် လူကိုယ်တိုင် လာနေပါပြီ။ လှေကားက တက်လာတာ သူ့ခြေသံနဲ့တူတယ်"

နောက်ခဏ၌ အသုံး ပ် ထောင်ထောင် မောင်းမောင်းနှင့် သပ်ရပ်စွာ ဝတ်စားထားသော အသက်သုံးဆယ်ရွယ် လူဘယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။

ဤရာသီမှာ ချမ်းအေးပြေလာသည့် နတ်တော်လ ရာသီဖြစ်သော်လည်း ထိုလူ၏ နဖူးတွင် ချွေးများ အုလျက် ရှိ၏။

သို့ရာတွင် ထိုလူ၏ အနအရာကို ကြည့်ရခြင်းအားဖြင့် ပင်ပင်ပန်းပန်း လမ်းလျှောက်လာသော ကြောင့် ထွက်သော ချွေး မဟုတ်ပဲ စိတ်အိုက်သည့်အတွက် ကြောင့် စို့ထွက်ခြင်း ဖြစ်ကြောင်း သိသာနိုင် ပေ၏။ ထိုလူသည် ဦးစံရှား ညွှန်ပြသော နေရာ၌ ထိုင်မိသောအခါ—

"ခင်ဗျားကြည့်ရတာ ညည နစ်ည အိပ်ပျက်ထားတဲ့ လက္ခဏာရှိတယ်။ အိပ်ပျက်တယ်ဆိုတာ အလုပ် ပင်ပန်းတာနဲ့တောင် မတူဘူး။ တယ်ပြီး လူကြွေတဲ့ ဟာမျိုးလားဗျာ။ ဆိုပါအုံးဗျာ၊ ဘယ်လိုဘက်က အကူအညီလိုလို့ပါလဲလို့"ဟု ဦးစံရှားက စတင်ပြောဆိုသဖြင့် ဧည့်သည်က—

"ကျွန်တော့်ကို အကြံဉာဏ်ပေးစေချင်လို့ လာခဲ့တာပါပဲ ခင်ဗျား၊ ကျွန်တော်ဖြင့် နေမထိ ထိုင်မထိ ဆိုတာလို ဖြစ်ပြီး ခေါင်းချာစိုင်းနေတော့တာပဲ"ဟု ညည်းညည်းညူညူ ပြောဆိုလေ၏။

"အကြံပေး ဉာဏ်ပေးလောက် လိုတာပဲလား"

"ဒါတင်မကပါဘူးခင်ဗျာ။ ကျွန်တော့်ထက် အသက်ကြီး ဝါကြီးပြီး အကြားအမြင်များတဲ့ပုဂ္ဂိုလ် ဖြစ်လို့မို့ ကျွန်တော့်ကိစ္စမှာ ဦးစံရှားရဲ့ ထင်မြင်ချက်ကို ဟုတ်တိုင်းမှန်ရာ ဖွင့်ပြောစေလိုတဲ့ သဘော ပါပဲ။ ဘယ်လို လုပ်သင့်တယ်၊ ဘယ်လိုကြံသင့်တယ် ဆိုတာကိုလဲ ကျွန်တော် ကြားချင်ပါတယ် ခင်ဗျာ"

"လင်းစမ်းပါအုံးလေ၊ ခင်ဗျား အဖြစ်အပျက်ကို"

"ပြောရမှာတောင် ခပ်ကြုပ်ကြုပ်ပါပဲခင်ဗျာ။ ကိုယ့်အိမ်က သားမယားအကြောင်းကို တခါမှ မတွေ့ဖူး မမြင်ဖူးတဲ့ သူစိမ်းတွေနဲ့ တိုင်ပင်ရတယ်ဆိုတာ သိပ် ဂွကျတဲ့ဟာမျိုးပဲ ခင်ဗျ။ သို့သော်လဲ ကိုယ့်ဟာနဲ့ကိုယ် မကြံတတ်အောင် ဖြစ်နေလို့သာ ပြောရတော့မယ်"

"ပြောသာ ပြောပါ ကိုမြမောင်ရယ်"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"အလို၊ ခင်ဗျား ကျွန်တော့်ကို သိသလား။ ဘယ်တုန်းက...."

"အလုပ်အကိုင်က ပွဲစား၊ နေတာက သက်နိုးကျွန်း၊ အိမ်နံပါတ် ၆၀ မှာ၊ ဟုတ်လားဗျ"

ညွှန်းသည်လည်း အံ့သြလှသော အမူအရာဖြင့်—

"ခင်ဗျား စုန်းတတ်တဲ့ လူလေလားဗျာ" ဟု ပြောရာ ဦးစံရွှားလည်း ရယ်မောလျက်—

"ကျုပ်က စုန်းမတတ်ပါဘူး။ မျက်စိ အလကား မထားတတ်တဲ့ ဝါသနာလေးလောက် ရှိတာပါ။ ခင်ဗျား ပဒုမ္မာအင်္ကျီ နာရီအိတ်မှာ ကြည့်လိုက်စမ်း" ဟု ပြော၍ ကျွန်တော့်ဘက်သို့ လှည့်လိုက်ပြီးလျှင်—

"ခင်ဗျားနည်းအတိုင်း လူတယောက် မိထားပြန်ပြီကောဗျာ" ဟု ပြောလေ၏၊ ထိုသူသည် နာရီကို ငုံ့ကြည့်၍ အတွင်း၌ တွေ့သောစာကို ထုတ်ကြည့်ပြီးလျှင် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

"လက်စသတ်တော့ ဒီစာအိတ်က လိပ်စာကို မြင်သွားတာကိုးဗျ။ ကျွန်တော့်မှာ စုန်းများ တတ်လေရော့သလားလို့ လန့်သွားမိပေခင်ဗျာ"

"စာအိတ်တော့ ရှိတယ်။ သို့သော် ကိုသိန်းမောင်က မကြည့်မိလို့ မမြင်ဘူး။ ကျုပ်က ကြည့်လို့ မြင်တယ်။ ခင်ဗျားတို့နဲ့ ကျုပ်နဲ့ အဲဒါ ကွာခြားတာပဲဗျ၊ ကျုပ်က ထူးချွန်ပြီး ပညာကြီးလှလို့ မဟုတ်ဘူး။ သို့သော် မျက်စိနဲ့နား အလကား မထားတတ်တဲ့ ဝါသနာကလေးတခု ကွာကြတာပဲ။ ကိုင်း ကိုင်း ကိုမြမောင်၊ ခင်ဗျားအကြောင်း ကြားရအောင်ဗျာ။ ဒီက ကျုပ်မိတ်ဆွေ ကိုသိန်းမောင်ကိုတော့ ကျုပ်လိုပဲ သဘောထားလိုက်ပါတော့။ သူ့အတွက်ကြောင့် ဘာမှ ရှုန့်တန့်တန့် ဖြစ်မနေပါနဲ့။ ပြောသာ ပြောပါ"

ကိုမြမောင်သည် ပြောရမည်ခက်သော အမူအရာမျိုးဖြင့် နဖူးကို ပွတ်လျက်ရှိရာ နောက်ဆုံး၌ မပြောလျှင် မပြီးသည့် အဖြစ်ကို သိ၍ ရုတ်တရက် စိတ်အားတင်းကာ ပြောပြလေ၏။

"ဒီလိုပါခင်ဗျာ။ ကျွန်တော် အိမ်ထောင်ကျတာ သုံးနှစ်ကျော်လောက်ရှိခဲ့ပါပြီ။ ဒီ အတော အတွင်းမှာ ကျွန်တော်တို့လင်မယားနှစ်ယောက်ဟာ တယောက်နဲ့တယောက် အထူးသင့်မြတ်ပြီး နှစ်ကိုယ့် တစိတ် ဆိုတာမျိုးလို နေရာတကာမှာ တိုင်တိုင်ပင်ပင်နဲ့ အင်မတန် ကြင်ကြင်နာနာ ရှိခဲ့ကြပါတယ်။ တယောက်ကို တယောက် ဝေါက်ဖူး ငန်းဖူးတယ်လို့တောင် မရှိခဲ့ဖူးပါဘူး။ လွန်ခဲ့တဲ့ တနလာနေ့ကစပြီး မကျေနပ်စရာ အကြောင်းတခု ဖြစ်ပေါ်လာခဲ့ပါတယ်"

"ဆိုပါအုံးဗျာ"

"သို့သော် ရှေးဦးစွာ သူ့အပေါ်မှာ အထင်မလွဲစေဖို့ ကျွန်တော် တခု အစီရင်ခံပါရစေ။ မပုဟာ ကျွန်တော့်ကို ချစ်ခင်တာ အမှန်ပါပေါခင်ဗျာ။ သူ့မေတ္တာနဲ့ ပတ်သက်လို့တော့ မသင်္ကာစရာ တကွက် ကလေးမှ မရှိပါပေဘူး၊ ကျွန်တော် ဝန်ခံပါတယ်။ ယောကျ်ားမှန်ယင် ကိုယ့်မိန်းမဟာ ကိုယ့်ကို တကယ် နှစ်သက်ခြင်း ရှိ မရှိ သိကြတဲ့ လူချည်းပါ ခင်ဗျာ။ မပုကို ဒီလိုအကြောင်းနဲ့ ပတ်သက်ပြီး ကျွန်တော် စွပ်စွဲစရာ ဘာမှ မရှိပေဘူး။ သို့သော် ကျွန်တော့်အပေါ်မှာ လျှို့ဝှက်ထားတဲ့ အချက်တခု ရှိတယ် ခင်ဗျ။ မယားဖြစ်လျက် လင်ကို လျှို့ဝှက်ထားတဲ့အချက် ရှိရအုံးမလားလို့ ကျွန်တော် မကျေနပ်နိုင်တာပါပဲ ခင်ဗျာ။ ဒီအချက်ကို မရှင်းလင်းသမျှ...."

"အစကစပြီး ရှေလည်အောင် ပြောမှပေါ့ ကိုမြမောင်ရဲ့"

"ဟုတ်ပါရဲ့၊ ကျွန်တော့်ဟာက တောင်ရောက်မြောက်ရောက်နဲ့ ဆူဇဝင်အူပေါက် ဖြစ်နေပြီကော။ ဒီလိုပါ ခင်ဗျာ။ ကျွန်တော့်မိန်းမ မပုအကြောင်းကို ကျွန်တော် သိသလောက် ရှေးဦးစွာ ပြောပါရစေ အုံး။ ကျွန်တော်နဲ့ မပုနဲ့ တွေ့တော့ သူက အပျိုမဟုတ်ဘူး ခင်ဗျ။ မုဆိုးမပဲ။

---



www.burmeseclassic.com

www.burmeseclassic.com



"သို့သော် အသက်ကတော့ ၂၅ နှစ် ရှိပါသေးတယ်။ အလျင်ယောကျ်ားနဲ့ ရှမ်းပြည်မှာအိမ်ထောင်ကျသတဲ့။ သူ့ယောကျ်ားက ရွှေ့နေတဲ့ခင်ဗျ။ ကလေးတယောက် ရသတဲ့။

"သို့သော် ဟိုတနှစ်က ရှမ်းပြည်တောင်ပိုင်းမှာ ပလိပ်ဖြစ်လေတော့ သူ့ယောကျ်ားရော၊ သမီးကလေးရော ပလိပ်ထဲပါသွားလို့မို့ အသက်ငယ်ငယ်ကလေးနဲ့ မုဆိုးမ ဖြစ်ကျန်ရစ်တယ်ခင်ဗျ။

"ဒါနဲ့ ရှမ်းပြည်မှာ မနေတော့ပဲ စိတ်ပျက်ပျက်နဲ့ ရန်ကုန်ဆင်းလာခဲ့ပြီး သက်နိုးကျွန်းဘက်မှာ အဒေါ်တယောက်နဲ့ နေကြတုန်း ကျွန်တော်နဲ့တွေ့ပြီး အကြောင်းပါကြရော ဆိုပါတော့ခင်ဗျာ။

"မပု ယောကျ်ားက ပစ္စည်းတသောင်းကျော်ခင်းလောက် ထားပစ်ခဲ့တယ်ခင်ဗျ။ ဒီပစ္စည်းကိုလဲ ကျွန်တော်နဲ့ ရ ရချင်း ကျွန်တော့်သတောရှိ ရင်းနှီးပါတော့ဆိုပြီး ကျွန်တော့်လက်ထဲ အကုန်ပုံအပ်ပေတယ်ခင်ဗျ။

"ကျွန်တော်က ကော်မရှင်အေးဂျင်းလဲ လုပ်တယ်။ အသက်အာမခံကိုယ်စားလှယ်လဲ လုပ်တယ်။ ပွဲစားလဲလုပ်တယ်။ ဝင်ငွေက တလသုံးလေးရာဆိုတော့ လင်မယားနှစ်ယောက်တည်း တော်တော်ကလေးချောင်ချောင်လည်လည် စားသောက်နေထိုင်နိုင်ကြ ဆိုပါတော့ခင်ဗျာ။

"သူ့ငွေထဲက သက်နိုးကျွန်းမှာ အိမ်တလုံး ငါးထောင့်ခြောက်ရာနဲ့ ဝယ်လိုက်ပြီး အိမ်ပိုင်ကလေးနဲ့ အေးအေးလူလူ သင့်သင့်မြတ်မြတ် နေလာကြတာ ခုတလောကျတော့မှ ဒုက္ခတမျိုးပေါ်လာပါရောခင်ဗျ"

"ဒုက္ခကို ဆိုစမ်းပါအုံးဗျာ"

"သက်နိုးကျွန်းဘက်မှာ ကျွန်တော်တို့အိမ်က တော်တော် အစွန်ကျတယ်ခင်ဗျ။ မြို့နဲ့ ဒီလောက်နီးပေမယ့် အိမ်တွေနေကြပုံက တောခပ်ဆံဆံပဲ။ ကျွန်တော်တို့ဘက်တန်းက အားလုံး အိမ်သုံးလုံး၊ မျက်နှာချင်းဆိုင်ဘက်က ကွင်းခြားနေတဲ့ နှစ်ထပ်အိမ်က တလုံးရှိတယ်။ ဒီ့ပြင်ကလဲ့ယင် အနီးအပါးမှာ အိမ်မရှိတော့ဘူးခင်ဗျ။

"လွန်ခဲ့တဲ့ တလလောက်တုန်းက မပုက 'ကိုမြမောင်ရယ်၊ ကျွန်မ ငွေအားလုံး ရှင့်ပေးအပ်စဉ်က ကျွန်မ အသုံးလိုတဲ့အခါမှာ တောင်းသုံးတာပေါ့လို့ ရှင်က ပြောဖူးတယ် မဟုတ်လား'တဲ့။ ဒီတော့ ကျွန်တော်က 'မှန်တယ်'လို့ဆိုတော့ မပုက 'ဒါဖြင့် ကျွန်မ ငွေသုံးရာလောက် အသုံးလိုတယ်၊ ပေးပါရှင်'တဲ့။ ကျွန်တော်က 'ဘာအတွက်လဲ' ဆိုတော့ မပုက 'ရှင် ပစ္စည်းထိန်းဆို၊ ပစ္စည်းထိန်းဆိုတာ မေးလားမြန်းလား မလုပ်ရဘူး'တဲ့။ ရယ်ကာ မောကာနဲ့ ပြောပါရောခင်ဗျ။

"ဒီတော့ ကျွန်တော်က 'ဒီလိုဆိုယင်တော့ ပေးရတာပေါ့ဗျာ။ သို့သော်လဲ ကိုယ့်လင်သားဆိုတာ ဘာကိစ္စအတွက် အသုံးလိုတယ်လို့ ပြောကောင်းပါရဲ့'လို့ ပြောတာကိုး ခင်ဗျ။ ဒီတော့ မပုက 'အိုရှင်၊ နောက်တော့ ပြောပါ့မယ်။ အခုတော့ ပေးသာပေးပါ'တဲ့ ခင်ဗျ။ ဒါနဲ့ ကျွန်တော်က ထွေထွေထူးထူး မမေးတော့ပဲ သုံးရာတန် ချက်တစောင် ရေးပြီး ပေးလိုက်ပါရော ခင်ဗျ"

"ဆိုပါအုံးဗျာ"

"ဒါနဲ့ ကျွန်တော်တို့အိမ်နဲ့ မျက်နှာချင်းဆိုင်ဘက်မှာ ကွင်းခြားနေတဲ့ နှစ်ထပ်အိမ်တလုံး ရှိတယ်ထို့ ကျွန်တော်ပြောခဲ့ဘယ် မဟုတ်လား။ အိမ်ကလေးက သပ်သပ်ရပ်ရပ်၊ ဝင်းကလေးနဲ့ဆိုတော့ သိပ်နေဖို့ကောင်းဘာပဲ။ နို့ပေမယ့် လူမရှိလို့ ဒီအတိုင်း ပိတ်ထားရတယ်ခင်ဗျ။

"လွန်ခဲ့တဲ့ တနလာနေ့ကတော့ ကျွန်တော်ကယောက်တည်း လမ်းလျှောက်သွားယင်း ဒီအိမ်ကလေးနားမှာ ရပ်ကြည့်နေတုန်း လော်ရီတစီးဆိုက်လာပြီး ပစ္စည်းတွေ ဘာတွေ သယ်ချနေတာ တွေ့ရတယ်ခင်ဗျ။ ဒီတော့ ကျွန်တော်က အိမ်ကလေးမှာ လူရောက်တော့မယ်ကိုးလို့ အောက်မေ့ပြီး ပတ်ပတ်လည်



www.burmeseclassic.com

www.burmeseclassic.com


လျှောက်ကြည့်နေဆဲက အပေါ်ထပ်ကို လှမ်းကြည့်လိုက်တော့ ပြတင်းပေါက်ကနေပြီး တယောက်ယောက်က ကျွန်တော့်ကို ငုံ့ကြည့်နေတာ ဖျပ်ကနဲ မြင်လိုက်ရတယ် ခင်ဗျ။

"သို့သော် ကျွန်တော်လဲ မော့ကြည့်လိုက်ကရော ပြတင်းပေါက်က ပြူကြည့်နေတဲ့ မျက်နှာဟာလဲ ဖြုတ်ကနဲ ငုပ်ပြီး ကွယ်ပျောက်သွားရောခင်ဗျ။ ကျွန်တော် မြင်လိုက်ရတာကတော့ လက်ဖျစ်တတွတ်ခန့်လောက်ပဲ ကြာလိမ့်မယ်။ သို့သော် ဒီမျက်နှာဟာ သာမညမျက်နှာမျိုး မဟုတ်ဘူးဆိုတာ ကျွန်တော့်စိတ်ထဲမှာ စွဲပြီး ကျန်ရစ်ခဲ့တယ် ခင်ဗျ"

"ဘယ်လိုနေတဲ့ မျက်နှာမျိုးမို့လဲ"

"ဘယ်လိုနေတယ်လို့ ပြောနိုင်လောက်အောင် သဲသဲကွဲကွဲကြီးတော့ မမြင်လိုက်ရဘူးခင်ဗျ။ နို့ပေမယ့် အရောင်မရှိ အဆင်းမရှိ၊ မွဲခြောက်ခြောက် ရော်တော်တော်ကြီး ဖြစ်လေတော့ လူ့မျက်နှာမှ ဟုတ်ပါလေစလို့ ကျွန်တော့်စိတ်ထဲမှာ အောက်မေ့မိတယ်။ ပုံသဏ္ဌာန်ကတော့ လူမျက်နှာအတိုင်းပဲခင်ဗျ။ နို့မေမယ့် ဘယ်အချက်မှာ ဘယ်လိုနေတယ် မပြောတတ်ပါဘူး။ ကျွန်တော်ဖြင့် ကျောထဲမှာ စိမ့်ကနဲ ဖြစ်သွားတော့တာပဲခင်ဗျ"

"ယောကျ်ားလား မိန်းမလား"

"ဒါလဲ ကျွန်တော် မပြောနိုင်ဘူးခင်ဗျ။ ဒါနဲ့ ကျွန်တော်ရပ်ပြီး စဉ်းစားနေတုန်း ဘယ်လိုလူတွေများ ပြောင်းလာကြလေသလဲလို့ သိရအောင် စုံစမ်းဦးမယ်ဆိုပြီး အိမ်တံခါးကို ငင်ခေါက်တာကိုးခင်ဗျ။ ဒီတော့ မျက်နှာထားဆိုးဆိုးနဲ့ အသက် ၄၀ ကျော်လောက်ရှိတဲ့ ကုလားမကြီးတယောက်က တံခါးဖွင့်တဲ့ပြီး 'ဘာကိစ္စလဲ'လို့ ကုလားလို မေးလိုက်ပါရောခင်ဗျာ။ ဒီတော့ ကျွန်တော်က 'ကျွန်တော် ဟိုဘက်အိမ်ကပါပဲ။ အိမ်နီးချင်း ဝတ္တရားရှိတဲ့အလျောက်'လို့ စကားစကာ ရှိသေး 'အကူအညီ တောင်းဖို့လိုတော့ တောင်းပါ့မယ်။ ခုတော့ ဘာမှမလိုသေးဘူး'တဲ့။ ပြောပြောဆိုဆိုနဲ့ တံခါးကို ဂျောင်းကနဲ ပိတ်လိုက်ပါရောခင်ဗျာ။

"ဒါနဲ့ ကျွန်တော်လဲ စိတ်ပျက်ပျက်နဲ့ အိမ်ပြန်လာခဲ့တော့ တညလုံး မျက်စိထဲမှာ ပြတင်းပေါက်က မျက်နှာကြီးကချည်း မြင် မြင်နေတော့တယ်ခင်ဗျ။ ကျွန်တော့်မိန်းမ စိတ်မငြိမ်မသက် ဖြစ်မှာစိုးလို့ မိန်းမကိုတော့ ဒီအကြောင်းကို ဘာမှ ပြောမပြဘူး။ သို့သော် အိပ်ရာဝင်ခါနီးတော့ဖြင့် မျက်နှာချင်းဆိုင် အိမ်ကအသားမှာ လူငှားရောက်တဲ့အကြောင်းဖြင့် ပြောမိရဲ့၊ ဒီတော့ မပုက ဘာမှပြန်မပြောဘူးခင်ဗျ"

"ဆိုပါဦးဗျ"

"ကျွန်တော်ဟာ တော်တော်အအိပ်ကြီးတဲ့ လူတယောက်ခင်ဗျ။ ဆင်အော်လို့ မနိုးဘူးလို့တောင် မပုက ကျီစားဖူးသေးတယ်။ နို့ပေတဲ့ ဟိုညကတော့ ခါတိုင်းလို အိပ်ပျော်တဲ့ လက္ခဏာမရှိဘူး။ ဟိုမျက်နှာကြီးကြောင့် စိတ်ထဲမှာ မငြိမ်မသက် ဖြစ်နေလို့လားတော့ မပြောတတ်ဘူး။ ဒါနဲ့ ဟိုညက ကျွန်တော် အိပ်နေတုန်းမှာ မပုက အိပ်ရာကထပြီး အဝတ်လဲနေသလိုလို ရိုးတိုးရားတား ကျွန်တော် ထင်မိတယ်။

"ကျွန်တော်က ဘယ်သွားမလဲလို့ မေးမယ်လုပ်တုန်းမှာ မပုမျက်နှာထားကို မီးရောင်မှာ ကျွန်တော် မြင်မိတာနဲ့ အံ့သြသွားပြီး မေးမယ့်စကားကို မမေးတော့ပဲ မျှကြည့်နေလိုက်မိတာကိုးခင်ဗျ။ သူ့မျက်နှာထားဟာက ပြူးတူးပြဲဘဲနဲ့ ဖြစ်နေလိုက်တာခင်ဗျ၊ ဒီတခါလို ဘယ်တော့မှ မမြင်


www.burmeseclassic.com

www.burmeseclassic.com


ရဖူးပါဘူး။ ကျွန်တော့်ကို လှမ်းကြည့်လိုက်၊ အပြင်ဘက်ကို လှမ်းကြည့်လိုက်နဲ့ တကာတဲ ဖြစ်နေလိုက်တာ ခင်ဗျာ။

"ကျွန်တော့်မှာ မေးစရာစကားကို မမေးမိတော့ပဲ ဒီအတိုင်း ကြက်သေသေပြီး ငေးကြည့်နေလိုက်မိပါရောခင်ဗျ။ နောက်ဆုံးကျတော့ တံခါးကလေးခြုံပြီး ကုပ်ကုပ် ကုပ်ကုပ်နဲ့ ခြေဖျားထောက်ပြီး အခန်းထဲက ထွက်သွားပါလေရော ခင်ဗျာ။

သူလဲ ထွက်သွားရော ကျွန်တော်လဲ နာရီလှမ်းကြည့်လိုက်တာ ၃ နာရီ ထိုးလုနီးနေပါရောခင်ဗျ။ ဒီအချိန်ကြီးမှာ အိပ်ရာထဲက ထသွားရအောင် ဘယ်လိုကိစ္စများလဲဆိုတာ ကျွန်တော် တွေးလိုက်တာဆိုတာတော့ မပြောပါနဲ့တော့၊ လုံးလုံး စဉ်းစားလို့ မရဘူးခင်ဗျ။

"ဒါနဲ့ မိနစ် ၂၀ လောက်ကြာတော့ အိမ်အောက်က တံခါးဖွင့်သံကြားပြီး မချောက ကုပ်ကုပ်ကလေး လှေကားကို တက်လာပါလေရောကိုးခင်ဗျ။ အခန်းထဲ ရောက်ရောက်ချင်း ကျွန်တော်က 'မင်းဘယ်သွားနေသလဲ မပု'လို့ မေးတော့ မပုက လန့်သေတော့မလို မျက်လုံးတွေပြူးသွားပြီး 'ကိုမြမောင် နိုးနေသလား၊ ဒီလိုဘော့ ရှင်အအိပ်ဆတ်သွားကပဲ'တဲ့။ စပ်ဖြီးဖြီးလုပ်ပြီး ပြောတာကိုး ခင်ဗျ။

"ဒီတော့ ကျွန်တော်ကတော့ လုံးလုံးစိတ်မကျေနိုင်ပဲ 'မင်း ဘယ်သွားနေတယ်ဆိုတာ ငါ့ကိုပြောစမ်း'လို့ ခပ်တန်တန်ငေါက်ပြီး မေးပြန်တာကိုးခင်ဗျ။ ဒီတော့ မပုက 'ကျွန်မ ဘယ်လိုဖြစ်မှန်း မသိဘူး ကိုမြမောင်ရယ်၊ အိပ်နေရင်း အသက်ရှူကြပ်ပြီး မွန်းသေရတော့မလို ဖြစ်လာတာနဲ့ တံခါးဖွင့်ပြီး အောက်ဆင်းသွားတာ အခုမှ သက်သာလာတယ်'တဲ့၊ ပြောလို့သာပြောတယ်၊ ကျွန်တော့်မျက်နှာကို သူ လုံးလုံးမကြည့်ဝံ့ဘူးခင်ဗျ၊ သူ လိမ်ပြောတာတော့ အမှန်ပဲ။

"နို့ပေမယ့် ဒီအချိန်ကြီးမှာ ကတောက်ကဆ စကားမများချင်တာနဲ့ ဟိုဘက်လှည့်ပြီး အသာကွေးအိပ်လိုက်ပါရောခင်ဗျ။ စိတ်ထဲမှာတော့ တွေးမိတွေးရာတွေ တွေးပြီး ဗလောင်ဆန်နေတာပေါ့ခင်ဗျာ။ ကျွန်တော့်မိန်းမဟာ ဘွင်းဘွင်းကြီး ပြောတတ်ဆိုတတ်တဲ့ ဝါသနာရှိပါလျက် ဒီအခါ ဘယ်အဘှက်ကြောင့် ဂွငဲ့ကွဲ့ကောက်ကောက် ပြောတယ်ဆိုတာ စဉ်းစားယင်း ဒေါပွလို့ မဆုံးနိုင်ပါဘူးခင်ဗျာ"

"ဆိုပါအုံးဗျ"

"နောက်တနေ့ကျတော့ ကျွန်တော်လဲ မြို့ထဲသွားနေကျ ဖြစ်လျက်နဲ့ မသွားတော့ဘူးခင်ဗျ။ မပုကလဲ သူ့စကားကို ကျွန်တော်မယုံဘူးဆိုတာ ရိပ်မိလေတော့ ကျွန်တော့်အကဲကိုပဲ ခတ်နေတာပဲ။ ဒီနေ့မှာ တယောက်နဲ့တယောက် စကားဟဟ မပြောကြဘူးခင်ဗျ။ ဒါနဲ့ ကျွန်တော်လဲ အိမ်ထဲမှာ အကြံအိုက်တာနဲ့ လမ်းလျှောက်ယင်း စဉ်းစားအုံးမယ်လို့ ထွက်လာခဲ့ပြီး တနာရီကျော်ကျော်လောက် ဟိုရောက်ဒီရောက် လျှောက်ခဲ့တယ်ခင်ဗျ။ နောက်ဆုံး အိမ်ပြန်ရာက ပြုတင်းပေါက်မှာ ဟိုမျက်နှာ ရှိနေသေးသလားလို့ ကြည့်စမ်းအုံးမယ် အကြံနဲ့ ဟိုအိမ်ဘက် လျှောက်ပြန်လာခဲ့တော့ လားလား ခင်ဗျာ၊ အိမ်တံခါး ဖွင့်တဲ့ပြီး ဆင်းလာလိုက်တာ တခြားသူ ဟုတ်ပါရိုးလား၊ ကျွန်တော့်မိန်းမ မပုပဲခင်ဗျ"

"တော်ပါသေးဗျာ၊ ရဲလဲ ရဲပါပေ့"

"ကျွန်တော် မှာ အံ့သြလိုက်ဆိုတာ ဘာပြောကောင်းမလဲ။ နို့ပေမယ့် ကျွန်တော် အံ့သြတာက တော်တော်ရယ်၊ ပုဒ်အံ့သြလိုက်တာက မျက်လုံးကို ပြူးသွားတာပဲ။ နောက်ဆုံးကျတော့မှ မျက်နှာ စပ်ဖြီးဖြီးနဲ့ ဟန်လုပ်ပြီး 'အိမ်နီးချင်း ဝတ္တရားအတိုင်း ဝင်ပြီး မေးလား မြန်းလား လုပ်ရတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမြမောင်ရယ်၊ ရှင်က စားတော့မလို ဝါးတော့မလို မျက်နှာထားကြီးနဲ့ ကြည့်မနေစမ်းပါနဲ့ရှင်။ ကျွန်မ လန့်ပါတယ်' တဲ့။

"ဒီတော့ ကျွန်တော်က 'ခြသြ်၊ လက်စသပ်တော့ ညတုန်းက သူပျောက်သွားတာ ဒီအိမ် လာတာကိုး' လို့ ပြောတော့ မပုက 'ရှင် ဘယ့်နှယ်ပြောတာလဲ' တဲ့။ ဒီတော့ ကျွန်တော်က 'ဟန်လုပ်မနေ ပါနဲ့၊ ငါသိပါတယ်။ အချိန်မတော်ကြီးမှာ မင်းလာလည်ရအောင် ဒီလူတွေဟာ ဘယ်သူတွေလဲ၊ ငါ့ပြောစမ်း' လို့ မေးတော့ မပုက 'ကျွန်မ တခါမှ မရောက်ဖူးပါဘူး' တဲ့။

"ဒီတော့ ကျွန်တော်က 'ကိုင်း မင်းမေးလို့တော့ မရဘူး၊ ဘယ်သူတယ်ဝါတွေဆိုတာ သိရအောင် ငါ့ဘာသာ ဝင်ကြည့်မယ်' လို့ ပြောပြီး အိမ်ထဲဝင်မယ် လုပ်တာကိုးခင်ဗျ။ ဒီတော့ မပုက ကျွန်တော့် လက် ဆွဲထားပြီး 'ရှင် ဝင်ကြည့်ယင် ရှင်သာ စိတ်ညစ်ရပါလိမ့်မယ် ကိုမြမောင်ရယ်၊ တနေ့နေ့တော့ ကျွန်မ အကုန်ပြောပြပါ့မယ်၊ ရှိကြီးခိုးပါရဲ့၊ ဝင်မကြည့်ချင်ပါနဲ့ရှင်' တဲ့ ပြောပြီး လက်ကို အတင်းဆွဲ ထားတယ်ခင်ဗျ။

"ကျွန်တော်က ငြင်းစားနေတုန်း မပုက 'ဒီတခါပဲ ကျွန်မကို ယုံကြည်ပါတော့ရှင်။ ကျွန်မကို ယုံကြည်တဲ့အတွက် ကိုမြမောင် မမှားစေရပါဘူး။ ရှင့်ကို ကျွန်မ ဘယ်အရာဆို ဘွင်းဘွင်း ကြီးပြော တတ်တယ် မဟုတ်လား၊ အခုတော့ မသင့်သေးလို့ ကျွန်မ မပြောသေးတာပါ၊ ကျွန်မကို ယုံကြည်ပြီး ကျွန်မနဲ့အတူ အိမ်ပြန်လိုက်ယင် နှစ်ဦးနှစ်ဝ အေးကြဖို့ပဲ။ ဒီလိုမှ မဟုတ်လို့ ရှင်က အတင်းဝင်ကြည့်မယ် ဆိုယင် ရှင်နဲ့ ကျွန်မနဲ့ ဒီတခါ အပြတ်ပဲ ကိုမြမောင်' လို့ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောပါ ရောကိုးခင်ဗျ။

"ဒီတော့ ကျွန်တော်က 'ကောင်းပြီ၊ မင်းကို ယုံကြည်ရမှာဖြင့် ငါ့ကို တခုကတိထားရမယ်။ ဒီကနေ့ က စပြီး ဒီအိမ်မှာ ဝင်လားထွက်လား မလုပ်ရဘူး။ ညတွေဘာတွေလဲ ငါမသိပဲ ခင်းဘယ်မှမသွားရဘူး။ မင်းက အကုန်မပြောချင်လို့ လျှို့ဝှက်ထားပါရစေဆိုယင် ထားပါတော့၊ သို့သော် ဒီက ရှေ့ကို ငါ မသိပဲ ဘယ်ကိုမှ မင်း သွားလား၊ လာလား၊ ဝင်လား၊ ထွက်လား မလုပ်ရဘူး။ ဘယ့်နှယ်လဲ၊ ကတိ ထားနိုင်ပါ့မလား' ဆိုတော့ မပုက 'ကတိထားပါ့မယ်၊ စိတ်ချပါ ကိုမြမောင်ရယ်။ ရှေ့အဖို့ကိုတော့ စိတ်ချပါ။ ရှင်မသိအောင် ဘာမှ မလုပ်တော့ပါဘူး' တဲ့။

"ဒါနဲ့ ကျွန်တော်တို့နှစ်ယောက် အိမ်ပြန်လာခဲ့ကြပါရောခင်ဗျ။ ပြန်လာလို့ ကွင်းပြင်ထဲရောက် လို့ နောက်လှည့်ကြည့်လိုက်ရာမှာ ပြတင်းပေါက်မှာ ဟိုနေ့ကမျက်နှာက ကျွန်တော်တို့ နှစ်ယောက်ကို မျှော်ပြီး ကြည့်နေလိုက်တာ အတိုင်းသား မြင်ရတယ်ခင်ဗျ။ နို့ပေတဲ့ ကျွန်တော်လဲ လှည့်ကြည့်လိုက်ကရော ဟိုတုန်းကသို့ပဲ ဖြုတ်ဆို ကွယ်ပျောက်သွားပါရော ခင်ဗျ။ ဒီကတည်းက ကျွန်တော့်စိတ်ထဲမှာ ဒီမျက်နှာ နဲ့ ငါနဲ့တော့ ကိစ္စ ပြီးသေးဘူးလို့ မှတ်ထင်မိတာ ထင်တဲ့အတိုင်းပဲ ဖြစ်ရသေးတယ် ခင်ဗျ"

"ဆိုစမ်းဗျာ"

"နောက်နှစ်ရက်ခန့်ကြာတော့ ကျွန်တော် ဘယ်မှမသွားပဲ နေတယ်ခင်ဗျ။ မပုကလဲ သူ့ကတိ အတိုင်း ဘယ်မှ လှုပ်ရှားသွားလာခြင်း မပြုပေဘူး"

"ညာကော"

"ညကိုလဲ ကျွန်တော်သတိထားပြီး အိပ်တယ်။ သူ ဘယ်မှမထွက်ဘူး၊ ကျွန်တော်သိတယ်။ သို့သော် တတိယနေ့ကျတော့ မယ်မင်းကြီးမ ကတိပျက်ကွက်ပါရောဗျ။ ဟိုနေ့က ကျွန်တော် မြို့ထဲသွားပေမယ့် ခါတိုင်းလို သုံးနာရီခွဲ ရထားနဲ့ မပြန်ပဲ သုံးနာရီရထားနဲ့ ပြန်လိုက်လာခဲ့တာကိုးခင်ဗျ။ အိမ်ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com


ခိုင်းတဲ့ကောင်မလေး သန်းကြည်က ပြူးကူးပြဲတဲ ဖြစ်နေတော့တာကိုး။ ကျွန်တော်က 'နင့်မမ ဘယ်သွားသလဲ' မေးတော့ သန်းကြည်က 'ခုနက လမ်းလျှောက်ထွက်သွားတယ်'တဲ့ ပြောတယ်။

"ဒီတော့ ကျွန်တော့်စိတ်မှာ မသင်္ကာလာဘူး။ နို့ပေမယ့် သေချာအောင်လို့ အိမ်ပေါ်တက်ကြည့်လိုက်သေးတယ်။ ကျွန်တော် အိမ်ပေါ်တက်နေတုန်းမှာ လားလား သန်းကြည်က ကွင်းပြင်ထဲကဖြတ်ပြီး ဟိုဘက်က အိမ်ကလေးဆီ ပြေးနေတာ မြင်လိုက်ရတာကိုးခင်ဗျ။ ကျွန်တော်ပြန်လာယင် သူ့လာခေါ်လို့လို့ မပုက မှာထားခဲ့ဟန် တူပါရဲ့။ ဒီတော့ ကျွန်တော်က ဒေါသမီးမွှန်တဲ့ပြီး အိမ်ဆီကို တိုက်ရိုက်လိုက်သွားတာပေါ့ခင်ဗျာ။

"လမ်းကျတော့ မပုနဲ့ သန်းကြည်နဲ့ ပျာရာပျာရာနဲ့ ပြန်လာတာတွေ့ပါရဲ့၊ တွေ့ပေမယ့် သူတို့ကို ရပ်ပြီး စကားပြောမနေပဲ အိမ်ကလေးဆီကို ခြေကုန်သုတ်သွားတာပေါ့ခင်ဗျာ။ ရောက်လဲရောက်ကရော တံခါးကိုတောင် ခေါက်မနေတော့ပဲ တခါတည်း တွန်းဖွင့်ဝင်သွားပါရောခင်ဗျာ။

"အောက်ထပ်မှာတော့ ဘာမှ မရှိဘူး။ ရှင်းလို့။ ကြိမ်ကုလားထိုင် တလုံးနဲ့ စားပွဲဝိုင်းကလေးတခုပဲ တွေ့ရတယ်။ မီးဖိုခန်းမှာလဲ လက်ဖက်ရည်အိုးကလေး မီးဖိုပေါ်မှာ တည်လို့။ ဒီ့ပြင် ဘာမှ မတွေ့ဘူး။ ဒါနဲ့ အိမ်ပေါ် ပြေးတက်သွားတော့ ခန်းမကြီး ထဲမှာလဲ တိုလီမိုလီ ပစ္စည်းကလေး တချို့ပဲ ရှိတယ်။ သို့သော်လဲ နှံ့အောင် ရှာကြည့်မယ်ဆိုပြီး လိုက်ကြည့်တော့မှ ကျွန်တော် အောက်က လှမ်းပြီး မြင်တဲ့ ပြတင်းပေါက်ရှိတဲ့ အခန်းကလေးထဲမှာ ခုတင်နဲ့ စားပွဲနဲ့ တော်တော် သားသားနားနားကလေး ပြင်ဆင်ထားတာ တွေ့ရတာကိုး ခင်ဗျ။

"ကျွန်တော့်စိတ်ထဲမှာ မီးလောင် နေရတဲ့ အထဲ ခုတင်ခေါင်းရင်းမှာ မနှစ်ကမှ ရိုက်ထားတဲ့ မပုရဲ့ ဓာတ်ပုံကြီး မြင်ရတော့ ဘာမှ မပြောနဲ့ ဆတ်ဆတ်ကို တုန်သွားတော့တာပဲ။ နို့ပေမယ့် တအိမ်လုံးကို ဓမ္မခနောက် ရှာသော်လဲ ဘယ်သူ့ကိုမှ မတွေ့ရလေတော့ ဘာမှလဲ မပြောခဲ့ရ၊ ဘာမှလဲ မလုပ်ခဲ့ရပဲ ဒီအတိုင်း ပြန်လာခဲ့ရတာပေါ့ခင်ဗျ။ စိတ်ထဲမှာတော့ ကမ္ဘာမီးကို အကြီးအကျယ် လောင်နေတော့တာပဲ။

"ဒါနဲ့ အိမ်ပြန်ရောက်တော့ မပုနဲ့ တံခါးဝမှာ တွေ့ပါရဲ့၊ တွေ့ပေမယ့် စကားတခွန်းမှ မပြောခဲ့ပဲ တွန်းဖယ်ခဲ့ပြီး ကျွန်တော့်အခန်းထဲ ကျွန်တော် ဝင်သွားတာပေါ့။ ဒီတော့ မပုက လိုက်လာပြီး 'ကျွန်မ စကားဖျက်မိတာ မှားပါပြီ ကိုမြမောင်ရယ်၊ နို့ပေမယ့် ကျွန်မ အဖြစ်အပျက်ကို ရှင် အားလုံး သိရယင် ကျွန်မကို ရှင် အပြစ်ဆိုမယ် မဟုတ်ပါဘူး'တဲ့။ ဒီတော့ ကျွန်တော်က 'ဒါဖြင့် မင့်အဖြစ်အပျက်ကို ပြောပြပါတော့လား' ဆိုတော့ မပုက 'မပြောပါရစေနဲ့အုံး ကိုမြမောင်ရယ်၊ ရှိကြိုးခိုးပါရဲ့'တဲ့။ ဒီတော့ ကျွန်တော်က 'ဟိုဘက်အိမ်မှာ ဘယ်သူနေတယ်၊ မင့်ဓာတ်ပုံကို ဘယ်သူ့ပေးတယ် ဆိုတာ မပြောမပြယင် မင်းကို ငါ ဘယ်တော့မှ အယုံအကြည် မရှိတော့ဘူး'လို့ ပြောပြီး အိမ်က ထွက်လာခဲ့တာမနေကပါပဲ ခင်ဗျ။

"ဒီကတည်းက အခုအထိ အိမ်ကို ကျွန်တော် ပြန်မရောက်သေးပါဘူး။ ဆောက်တတ်ရာရာ လျှောက်ပြီး လည်နေလိုက်တာ ဒီအချိန်ထိပါရော ခင်ဗျာ။ ဒီကနေ့မနက်ကျတော့မှ ဦးစံရှားကို ပြေးသတိရပြီး တိုင်ပင်ကြည့်ရယင် ကောင်းလိမ့်မယ် ဆိုပြီး လာခဲ့ရခြင်း ဖြစ်ပါတယ် ခင်ဗျာ။ ကျွန်တော် ဘာလုပ်သင့်တယ်ဆိုတာကိုလဲ သိပါရစေ။ မပု လျှို့ဝှက်တဲ့ ကိစ္စဟာ ဘာလဲဆိုတာကိုလဲ တဆိတ် ထောက်လှမ်းပေးပါ ခင်ဗျာ"

ကိုမြမောင်သည် အထက်ပါ အဖြစ်အပျက်များကို စိတ်ရှုပ်သောအမူအရာဖြင့် ပြောပြလျက်ရှိစဉ် ဦးစံရှားမှာ လက်နှစ်ဘက်ပေါ်တွင် မေးကိုတင်ကာ စဉ်းစားယင်း နားထောင်လျက်ရှိ၏။

နောက်ဆုံး၌ကား ဦးစံရှားက—

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ပြတင်းပေါက်မှာ ခင်ဗျား မြင်လိုက်ရတဲ့ မျက်နှာဟာ ယောကျ်ား မျက်နှာပဲလို့ ကျမ်းရွှက်ပြီး ခင်ဗျား ပြောဝံ့ရဲ့လား" ဟု မေးလေ၏။

"မြင်ရသိုင်း မြင်ရတိုင်းဟာ ခပ်လှမ်းလှမ်းကချည်း ဖြစ်နေလေတော့ ဒီလိုလဲ ကျမ်းရွှက်လို့တော့ မပြောဝံ့ပေဘူး ခင်ဗျာ"

"သို့သော်လဲ ဒီမျက်နှာကို မြင်ရခြင်းအားဖြင့် ခင်ဗျား စိတ်ထဲမှာ နှလုံး မသာမယာ ဖြစ်မိတယ် ဟုတ်စ"

"ခြောက်တီး ခြောက်တောက် ဖြူဖပ် ဖြူရော်နဲ့ မျက်နှာထား သေကြီးနဲ့ ခင်ဗျ။ နည်းနည်းမှ ကြည့်လို့ မကောင်းဘူး။ ကျွန်တော်လဲ နီးအောင်တပ်မိရော၊ သူလဲ ဖြုတ်တနဲ ဖြုတ်တနဲ ပျောက်ပျောက် သွားတယ်။ တယောက်ယောက်က နောက်က ဆွဲယူလိုက်သလိုလို ထင်ပါတယ်"

"ခင်ဗျား မိန်းမက ငွေတောင်းတာ ဘယ်လောက်ကြာသွားပြီလဲ"

"၂ လနီးပါး ရှိသွားပြီ ခင်ဗျာ"

"သူ့ ပထမ ယောကျ်ားရဲ့ ဓာတ်ပုံကို ခင်ဗျားမြင်ဖူးသလား"

"မမြင်ဖူးဘူးခင်ဗျ"

"ရှမ်းပြည် ဘယ်မြို့လဲ"

"တောင်ကြီးမြို့တဲ့ ခင်ဗျ"

"ရှမ်းပြည်မှာတုန်းက မပုနဲ့ သိကျွမ်းတဲ့ လူထဲက ခင်ဗျား တွေ့ဖူးသလား"

"မတွေ့ဖူးဘူး ခင်ဗျ"

"ဟိုအရပ်ကို သွားလည်ဖို့များ သူပြောဖူးသလား"

"မပြောဖူးဘူး ခင်ဗျ"

"စာများ ဘာများကော ရဖူးသလား"

"ကျွန်တော် သိရသလောက်တော့ မရဖူးဘူး ခင်ဗျ"

"ကိုင်း၊ တော်လောက်ပါပြီ ခင်ဗျာ။ အနုလုံ ပဋိလုံ ပြန်လှန်ပြီး စဉ်းစားပါရစေအုံး။ ဟိုအိမ်ကလေးမှာ သူတို့ မနေတော့ပဲ ရွှေ့ပြောင်းသွားနှင့်ကြယင်တော့ စုံစမ်းရတာ နည်းနည်း ခက်မယ်ပေါ့ဗျ။ သို့မဟုတ်ပဲ ခင်ဗျားလာတာမြင်လို့ ခေတ္တရှောင်တိမ်း နေကြတာ ဖြစ်ယင်တော့ ခုလောက်ရှိယင် သူတို့ ပြန်ရောက် နေကြရောပေါ့။ ဒီလိုဆိုယင် ရှင်းလင်းဖို့ တယ်ကြီး ခက်လှမယ် မဟုတ်ပါဘူး။ ကျုပ် အကြံ ပေးလိုတာက ဘာလဲ ဆိုတော့ ခင်ဗျားအိမ် ခင်ဗျား အသာ ပြန်သွားပြီး ဟိုပြတင်းပေါက်မှာ မျက်နှာ ဖြူသေးသလားလို့ ကြည့်စမ်းပါအုံး။ တကယ်လို့ အိမ်ကလေးမှာ လူရှိသေးတယ်လို့ ဆိုယင် ခင်ဗျား တိုယ်ကိုင် ဇွတ်အတင်း ဝင်လား ပြုလား မလုပ်လေနဲ့နော်။ ကျုပ်ဆီကို တယ်လီဖုန်းဆက်ပြီး အကြောင်း ကြားလိုက်ပေတော့။ ကျုပ်တို့ ချက်ချင်း လိုက်လာပြီး အရင်းအမြစ်က သိရအောင် စုံစမ်းထောက်လှမ်း ပေးရတာပ။ ဟုတ်လား"

"တကယ်လို့ လူမရှိတော့ယင်ကော ခင်ဗျာ"

"ဒီလိုဆိုယင်တော့ နက်ဖြန်လောက် ကျုပ်လိုက်လာပြီးအကျိုးအကြောင်းတိုင်ပင်ကြသေးတာပေါ့။ လိုရင်း တခု ကျုပ် မှာလိုက်မယ်၊ စိတ်ညစ်ညူးစရာ အကြောင်း ရှိတယ်လို့ သေသေချာချာ မသိရသေးမီ အင်မတန်ကြီး ပူလား ဆွေးလားတော့ ဖြစ်မနေနဲ့လေဗျာ၊ ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



ကိုမြမောင်လည်း ကောင်းပါပြီဟု ဝန်ခံပြီးနောက် တိုက်ပေါ်မှ ဆင်းသွားလေရာ ဦးစံရှားသည် ဗူလွန်ကြီးသော မျက်နှာထားဖြင့် ကျွန်တော့်ဘက်သို့လှည့်၍—

"သော်တော်တော့ ဝကျတဲ့ အလုပ်နဲ့ တူတာပဲဗျို့ ကိုသိန်းမောင်။ ခင်ဗျား ဘယ့်နှယ်ထင်သလဲ"ဟု မေးသဖြင့်—

"အရှုပ်ဆိုးဆိုးအလုပ်နဲ့တူပါ့ဗျာ"ဟု ကျွန်တော်လည်း တွေးမိတွေးရာ တွေးမိပြီး ပြောလိုက်လေ၏။

"အခုထိပဲ မဟုတ်တော့မှ လွဲရော၊ ကျုပ်တော့ဖြင့် ငွေညှစ်တဲ့ အကြံအစည်မျိုးလို့ ထင်တာပဲ"

"ညှစ်တဲ့လူက ဘယ်သူလဲဗျ"

"တအိမ်လုံးမှာ အသားနားဆုံး ဆင်ပြင်ထားတဲ့အခန်းမှာနေပြီး မပုဓာတ်ပုံကို ဆွဲထားတဲ့ သူဟာ ပေါ့ဗျာ။ ကျုပ်က ပြတင်းပေါက်မှာ မြင်ရတယ်ဆိုတဲ့ ခြောက်တီးခြောက်ဘောက် ဖြူဖပ်ဖြူရော် မျက်နှာကြီးဆိုတာ သဘောကျတယ်ဗျာ"

"ခင်ဗျားတော့ တွေးထင်ချက် တခုခုတော့ ရှိထားပြီပေါ့ဗျာ၊ ဟုတ်လား"

"အစမ်းသဘောမျိုးနဲ့ တွေးထားတာတော့ ရှိတာပေါ့ဗျာ။ သို့သော်လဲ အစမ်းလို့သာ ဆိုရတယ်၊ နောက်ဆုံးကျတော့လဲ ဒီအတိုင်းဖြစ်နေမယ်လို့ပဲ ကျုပ် ထင်တာပါပဲ။ ကျုပ်အထင်တော့ မပုရဲ့ ပထမ ယောကျ်ားဟာ ဟိုအိမ်ကလေးပေါ် ရောက်နေပြီ ထင်တာပါပဲ"

"ဘယ့်နှယ်ကြောင့် ခင်ဗျား ဒီလို ထင်နိုင်သလဲဗျာ"

"ဒါကြောင့်သာ နောက်ယောကျ်ား ဟိုအိမ်ထဲဝင်မှာကို မပုက သေလုမျှောပါး ပူပန်စိုးရိမ်နေကာ ပေါ့ဗျာ။ ကျုပ်တွေးရတာကတော့ ဒီလိုပဲဗျ။ မပုဟာ ရှမ်းပြည်တောင်ပိုင်းမှာ အိမ်ထောင်ကျရော၊ သူ့ ယောကျ်ားဟာ [illegible]တဲ့ နူနာရောဂါစွဲကပ်ကရော၊ ဒီတော့ မပုဟာ မြန်မာပြည်သွက်ပြေးလာခဲ့ပြီး နာမည်ပြောင်းလို့ ဖြစ်စေ၊ တိတ်တိတ်ကလေး ပုန်းနေတုန်းမှာ ကိုမြမောင်နဲ့တွေ့လို့ ချစ်ကြိုက်ကြပြီး အကြင် လင်မယားအဖြစ် ရောက်ကြရော၊ နောက်အိမ်ထောင်နဲ့ သုံးနှစ်လောက်ကြာလို့ တော်တော် စိတ်ချလောက် ပြီလို့ မှတ်ထင်နေတဲ့အထဲမှာ ပထမယောကျ်ားက သူနေရာအရပ်ကို သတင်းရသွားပါရော၊ ဒါနဲ့ မပုဆီ စာရေးပြီး ငွေညှစ်ပါလိမ့်မယ်။

"ဒီတော့ မပုက ကိုမြမောင်ဆီက ငွေသုံးရာတောင်းပြီး လက်သိပ်ထိုးပေးရဟန်တူပါရဲ့။ ဒါနဲ့တောင် ပထမယောကျ်ားဟာ မကျေနပ်သေးလို့ ကိုယ်တိုင် လိုက်လာဟန် တူပါတယ်။ တညတော့ ကိုမြမောင်က အိမ်ကလေးမှာ လူငှားရောက်တဲ့အကြောင်းပြောတော့ မပုက ဘာမျှပြန်မပြောသော်လဲ သူ့စိတ်ထဲမှာတော့ ကေန္တ ပထမယောကျ်ား လိုက်လာပြီလို့ တွေးပူဟန် တူပါတယ်။

"ဒါကြောင့် သူ့ယောကျ်ားအိပ်နေတုန်းမှာ တိတ်တိတ်ကလေးဆင်းသွားပြီး သူ့ကိုမနှောင့်ယှက်ဖို့ အကြောင်း သွားတောင်းပန်ရဟန် တူပါတယ်။ တောင်းပန်ပေမယ့် မရဘူး။ ဒါကြောင့် နောက်တနေ့မှာ တခေါက်ပြန်သွားလို့ ကိုမြမောင်နဲ့ မိနေဆို မဟုတ်လား၊ ဒီတော့ကာ နောက်မသွားတော့ပါဘူးလို့ မပုက ကတိထားတယ်။ ထားပေမယ့် နှစ်ရက်သာ နေနိုင်တယ်။

နောက်တနေ့မှာ တခေါက်သွားပြီး တောင်းပန်ပြန်သေးတယ်။ ဓာတ်ပုံကတော့ ဟိုလူက တောင်းလို့ ယူသွားရဟန်တူပါရဲ့။ ဒါနဲ့ တောင်းပန်နေတုန်းမှာ သန်းကြည်က ဝင်လာပြီး ကိုမြမောင် ပြန်လာတဲ့ အကြောင်းကို ပြောပါလိမ့်မယ်။ ဒီတော့ မပုက သူ မရှိယင် သူ့ယောကျ်ားဟာ ဟိုအိမ် လိုက်လာလိမ့်မယ် ဆိုတဲ့အကြောင်း ရိပ်မိလေတော့ ပထမယောကျ်ားကို နောက်ဖေးတံခါးကထုတ်ပြီး တော်ရာလျှော်ရာ ရှောင်ခိုင်းပါလိမ့်မယ်။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ကိုမြမောင် ရောက်သွားတော့ ဘယ်သူမှ မတွေ့ဘူးဆို မဟုတ်လား။ သို့သော်လဲ တခါတည်း သွားသေးမယ်လို့တော့ မထင်ပါဘူး။ ဒါကြောင့် ကိုမြမောင် ပြန်သွားယင် ဟိုအိမ်မှာ စောင့်ကြည့် လူတွေအုံ မှာပါပဲ။ ကိုင်း ကျုပ် တွေးချက် ဘယ့်နှယ်ရှိစဗျ"

"ယုတ္တိတော့ ရှိပေ့ဗျာ"

"ယုတ္တိရှိဆို အခုအထိ သိထားတဲ့ အကြောင်းအရာတွေကို အကုန်လုံး ငုံမိတယ် ဟုတ်လား။ မငုံနိုင်တဲ့ အချက်များ နောက်ထပ်ပြီး ကြားသိရပြန်ယင်တော့ တမျိုးတမည် ပြင်ဆင်ပြီး စဉ်းစားရအုံးမှာပေါ့။ အခု အတောအတွင်းမှာတော့ ကျုပ်တို့ လုပ်စရာ ဘာမှ မရှိသေးဘူး။ ကိုမြမောင်ဆီက သတင်းကို မျှော်နေကြရုံ ရှိတာပဲ"

သို့ရာတွင် ကျွန်တော်တို့မှာ ကြာရှည်စွာ မျှော်မနေရပေ။ လက်ဖက်ရည် သောက်ပြီးကြသည်နှင့် တပိုင်နက် တယ်လီဖုန်းမှ ခေါ်ငင်းလောင်းမြည်သံ ကြားရ၍ ကျွန်တော်ပင် သွားရောက်နားထောင်လေရာ 'အိမ်ကလေးမှာ လူရှိနေသေးကြောင်း၊ ပြတင်းပေါက်က မျက်နှာကို မြင်ရပြန်ကြောင်း၊ ၄ နာရီ လော်ကယ်ရထားကို ကြိုဆိုနေမည့် အကြောင်း'နှင့် ကိုမြမောင်ထံမှ သတင်းရောက်လာလေ၏။

ကျွန်တော်တို့သည် မီးရထားမှ ဆင်းလာကြသောအခါတွင် ကိုမြမောင်သည် ဘူတာရုံမှ ကြိုဆိုလျက် ရှိ၏။

သူ၏မျက်နှာထားမှာလည်း စိတ်ဘည်ငြိမ်ခြင်းမရသေးသည့်အကြောင်းကို ထင်ရှားစွာဖော်ပြလျက် ရှိ၏။ လမ်းလျှောက်လာကြစဉ် ကိုမြမောင်က—

"အိမ်ကလေးမှာ လူရှိတုန်းပဲခင်ဗျ။ ကျွန်တော် လျှောက်လာတော့တောင် မီးတွေ ထွန်းထားတာ မြင်ခဲ့သေးတယ်။ ဒီတခါဖြင့် ဖြူသည် မည်းသည်ကို တခါတည်း သိကြရအောင် လုပ်ကြပါစို့ခင်ဗျာ"ဟု ပြောဆို တောင်းပန်သဖြင့်—

"ခင်ဗျားက ဘယ်လိုများလုပ်ဖို့ စိတ်ကူးထားသလဲ"ဟု ဦးစံရှားက ပြန်၍ မေးလေ၏။

"ကျွန်တော်က အိမ်ထဲကို အဘင်းဝင်ပြီး ကြည့်တော့မယ်ခင်ဗျာ။ ဦးစံရှားတို့ကသာ သက်သေအဖြစ်နဲ့ လိုက်ခဲ့ကြပါတော့"

"ခင်ဗျား မိန်းမ မပုကာ မသိချင်သေးပါနဲ့လို့ ပြောထားတဲ့စကားကို နားမထောင်တော့ပဲ ဇွတ်အတင်းပဲ လုပ်တော့မယ်လား"

"ဟုတ်ယင်လဲ ဟုတ်၊မဟုတ်ယင်လဲ သိရအောင် ဇွတ်ဝင်ကြည့်တော့မယ် အောက်မေ့တယ် ခင်ဗျာ။ ဒီလို မရေမရာနဲ့ စောင့်နေရတာ သာပြီး ဆိုးသေးတယ်လို့ ကျွန်တော် ထင်တော့တယ်"

"ခင်ဗျားတွက်ကိန်းလဲ ဘယ်မရှိင်းလှပါဘူး။ သိလိုက်ရတာက ကောင်းတယ်ထင်ပါရဲ့။ တရားဥပဒေအဘိုင်းဆိုတော့ ကျုပ်တို့ဟာက လမ်းမမှန်ဘူးပဗျာ။ သို့သော်လဲ စွန့်ရကျိုးတော့ နပ်ကောင်းပါရဲ့"

ထိုညဥ့်သည်ကား အလွန်မှောင်မိုက်လှ၍ အသွားအလာ အထူး ပြတ်လျက်ရှိ၏။

ကိုမြမောင်သည် သိလိုဇောဖြင့် ရှေ့မှ ခပ်သုပ်သုပ် လျှောက်သွားလေရာ ကျွန်တော်တို့လည်း နောက်မှ မီအောင် လိုက်ကြရလေ၏။

"ဟိုဘက်မှာ မြင်ရတဲ့ မီးရောင်ဟာ ကျွန်တော်တို့ အိမ်ပဲခင်ဗျ။ ကျွန်တော်တို့ ဝင်ကြရမှာက ဟောဒီ အိမ်ကလေးပဲ"ဟု ကိုမြမောင်က လက်ညှိုးညွှန်၍ ပြောပြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် ဝင်းထဲသို့ ဝင်ကြသောအခါ အိမ်အောက်ထပ်၌ မစေ့တစေ့ ပိတ်ထားသော တံခါးကို မြင်ကြရသည့်ပြင် အပေါ်ထပ်ရှိ ပြတင်းပေါက်မှလည်း ထိန်ထိန်လင်းသောမီးရောင်ကို တွေ့မြင်ကြရ၏။

ပြတင်းပေါက်ခန်းဆီး၌ တရွေ့ရွေ့ လှုပ်ရှားနေသော လူ၏ မျက်နှာရိပ်ကိုလည်း တွေ့မြင်ရ၏။

"ကိုင်း ဘာဖြစ်လို့ သိရပေတော့မယ်၊ လာကြဗျာ"ဟု ပြော၍ ကိုမြမောင်သည် အိမ်ထဲသို့ ရှေ့မှ ဝင်ဘော့မည်ပြုကြသည်နှင့် တပြိုင်နက် မှောင်ရိပ်ထဲမှ မိန်းမတယောက် ထွက်ပေါ်လာ၍—

"ရှိကြီးခိုးပါရဲ့ ကိုမြမောင်ရယ်၊ ဒီတခါတည်း ကျွန်မကို ယုံကြည်ပါတော့။ ရှင် လာလိမ့်မယ်ဆိုတာ ကျွန်မစိတ်ထဲမှာ ထင်နေသတော့ ဘာမင်သာပြီး စောင့်နေပါတယ်ရှင်။ ရှိကြီးခိုးပါရဲ့။ ဒီတခါ ကျွန်မကို ယုံကြည်လို့ရှိယင် ကျွန်မအတွက် နောက်ကို ရှင်ဘယ်တော့မှ စိတ်မညစ်စေရပါဘူးရှင့်"ဟု ပြော၍ လက်နှစ်ဘက်ကို ဆန့်ဘန်းကာ အိမ်ပေါက်ဝမှ တားဆီးထားလေ၏။

"ဒီတခါ ဒီတခါနဲ့ မင်းကို ငါယုံကြည်လာခဲ့တာ များပြီ မပု၊ ခုမှတော့ မရတော့ဘူး၊ ငါတို့ဝင်ကြည့်ရမှာပဲ အေးတော့မယ်။ ဆုတ်စမ်းကွယ်၊ လမ်းပိတ်မနေစမ်းနဲ့"ဟု ပြော၍ မိန်းမကို လက်ဖြင့် ဖယ်ရှားပြီးလျှင် အိမ်တွင်းသို့ ဝင်သွားလေရာ ကျွန်တော်တို့ နှစ်ယောက်လည်း နောက်မှ လိုက်ပါသွားကြလေ၏။

အိမ်ပေါ်သို့ တက်သည့် လှေကားရင်းသို့ ရောက်ကြသောအခါ ကုလားမကြီး တယောက်သည် လှေအားမှ အူလျား ဖားလျား ပြေးဆင်းလာ၍ တားဆီးပြန်ရာ ကိုမြမောင်လည်း ခပ်ကြမ်းကြမ်းပင် တွန်းပစ်ခဲ့လေ၏။

ထို့နောက် ကိုမြမောင်သည် မီးရောင်လင်းသော အခန်းတွင်းသို့ ဝင်သွားရာ ကျွန်တော်တို့လည်း နောက်မှ လိုက်သွားကြလေ၏။

ယင်းအခန်းမှာ ခုတင်၊ ဇာခြင်ထောင်၊ မှန်တင်စားပွဲ၊ ခန်းဆီး၊ ကန့်လန့်ကာ စသည်တို့ဖြင့် အတော်သားနားစွာ ပြင်ဆင်ထားရာ စားပွဲပေါ်တွင် စားပွဲတင် မီးအိမ်တလုံး ထွန်းညှိလျက်ရှိ၏။

အခန်း၏ တခုသော ထောင့်ရှိ စားပွဲဝိုင်းကလေးတခု၌ကား ဗိုလ်မဏာလေးသဖွယ် ဝတ်ဆင်ထားသည့် မိန်းကလေးတယောက် ကျောခိုင်းလျက် ထိုင်နေရာ သူ၏လက်တွင် လက်အိတ်များစွပ်ထားသည်ကို တွေ့ရ၏။

မိန်းကလေးသည် ကျွန်တော်တို့ ဝင်လာသည်ကို ကြားသဖြင့် ထိတ်လန့်သော အမူအရာဖြင့် ကျွန်တော်တို့ဘက်သို့ ရုတ်တရက် လှည့်လိုက်သောအခါ ကျွန်တော်သည် မမျှော်လင့်သော အခြင်းအရာကို တွေ့ရသည်နှင့် 'အလိုလေးဗျာ'ဟု ယောင်အော်မိသေး၏။

သူ၏ မျက်နှာမှာ ကိုမြမောင် ပြောဖူးသည့်အတိုင်း ခြောက်တောက်တောက် ဖြူရော်ရော် ရှိနေသည့်ပြင် မျက်နှာထား အလျှင်းမရှိသည့် 'မျက်နှာသေ'မျိုး ဖြစ်နေ၏။

ဦးစံရှားမှာ ကျွန်တော်ကဲ့သို့ အံ့ဩခြင်း အလျှင်းမရှိပဲ ရယ်ကာမောကာနှင့် အနီးသို့ ချဉ်းကပ်ပြီးလျှင် နားရွက်နောက်နားသို့ လက်ဖြင့် ပွတ်လိုက်ရာ မျက်နှာဖုံးတခု ကျွတ်ကျလာ၍ သပိတ်ရောင် ထလျက်ရှိသော ကုလားချီးမကလေး တယောက်သည် ဖွေးဖွေးဖြူသော သွားများ အတန်းလိုက် ပေါ်လာသည်တိုင်အောင် ပြုံးရယ်လျက် ရှိလေ၏။

ကျွန်တော့်မှာလည်း နောက်ဆုံး၌ ဦးစံရှားနည်းတူ ရယ်မောရလေရာ ကိုမြမောင်မှာမူ ပါးစပ်ကို ဟလျက် "ဘယ့်နှာလဲ ဒီဟာ၊ ဘယ်လိုဟာလဲ ဒီဟာ"စသည်ဖြင့် ရေရွတ်ကာ ငေးနေလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

ထိုခဏ၌ မပုသည် အိမ်ပေါ်သို့ ပြေးတက်လာ၍ ကုလားချီးမကလေးကို ပွေ့ချီလျက် ကျွန်တော်တို့ဘက်သို့ ကရုဏာကြီးသော မျက်နှာထားဖြင့် လှည့်ပြီးလျှင်—

"မသိတန် မသိပါစေနဲ့လို့ ဖုံးဖိထားလာခဲ့တာ၊ ရှင်က အတင်းသိအောင် လုပ်မှဖြင့် ဖွင့်ပြောရတော့မှာပေါ့ ကိုမြမောင်။ ဘယ်လိုဟာကလေးမှ မဟုတ်ဘူး၊ ဒီဟာ ကျွန်မရဲ့ သမီးကလေးရှင့်"

"အလို ဘုရားရေ၊ သူ့သမီးတဲ့"

"မှန်ပါတယ်၊ ကျွန်မ သမီးအရင်းပါ။ တောင်ကြီးမှာ ပလိပ်ရောဂါ ဖြစ်ကြတော့ သူ့အဖေ ရာသနန်း သေပါတယ်။ ကျွန်မ သမီးကလေး ကျန်ရစ်ပါတယ်"

"ဒါဖြင့် မင်းယောကျ်ားဟာ ကုလားချီးပေါ့"

ထိုအခါ မပုသည် လည်ပင်းတွင် ဆွဲထားသော ရွှေဆွဲကြိုးမှ လော့ကက်သီးကလေးကို ဖွင့်၍—

"ဟောဒါ ကလေးအဖေပါပဲ"ဟု ကျွန်တော်တို့အား ပြလေ၏။ ကျွန်တော်တို့သည် လော့ကက်သီးကလေး အဘွင်း၌ပါသော ဓာတ်ပုံကို ဝိုင်းဝန်းကြည့်ရှုကြရာ ကုလားဆိုသည့်အလျောက် အသားမည်းနက်သော အထိမ်းအမှတ်များ တွေ့ရသော်လည်း မျက်ခုံး မျက်လုံး နှာတံနှင့် မျက်နှာပေါက်တို့ကို ကြည့်ခြင်းအားဖြင့် အတော်ကြည့်ကောင်းသည့် လူချော လူလှ တယောက်ဖြစ်ကြောင်း သိရှိနိုင်ပေ၏။

"အဲဒါ ကလေးအဖေ ရာသနန်းပါပဲရှင်။ သူ့ကို ယူဖို့အကြောင်း မိရေး၊ ဖရေး၊ ဆွေရေး၊ မျိုးရေး သေခန်းဖြတ်ပြီးယူခဲ့ရတာပါ။ ကျွန်မ ပြောတာကို ဘယ်လိုမှ သဘောမထားပါနဲ့နော် ကိုမြမောင်။ အမှန်အတိုင်း ပြောရယင် လူမျိုးကွဲပင် ဖြစ်သော်လဲ ဒီလူလို သဘောထားကြီးတဲ့လူ၊ သားပေါ် မယားပေါ်မှာ မြတ်နိုးကြင်နာတဲ့လူ၊ ဇွဲမျိုးခံတဲ့လူ၊ အနှံ့အတာခံတဲ့လူဟာ ရှားမှ ရှားပါလိမ့်မယ်ရှင်။

"ဒါကြောင့် မိရေး ဖရေး၊ ဆွေမျိုးဉာတိရေး သေခန်းဖြတ်ရသော်လဲ သူ့ကိုယူမိတာ မှားလေခြင်းရယ်လို့ သူရှိစဉ်တုန်းက တခါမှ ကျွန်မ နောင်တ မရမိဖူးပါဘူးရှင်။ လူမျိုးကွဲ မယူထိုက်ကြောင်းကို ကျွန်မ ဝန်ခံပါတယ်။ သို့သော်လဲ ဒီလူမျိုးကတော့ တထောင်မှာ တယောက် တွေ့ခဲတဲ့ ယောကျ်ားမျိုး ဖြစ်လေတော့ အခုထက်တိုင် သူ့ကျေးဇူးကို ကျွန်မ မပစ်ပယ်ရက်ပါဘူးရှင်။

"သူ့ကျေးဇူးကို ထောက်မျှော်ပြီး သူနဲ့ရတဲ့ သမီးကလေးကိုလဲ ကျွန်မ မပစ်ရက်ပါဘူး။ ကျွန်မ ခွဲထားခဲ့ရတာက သူ မကျန်းမာသေးတဲ့အတွက် သူ့အဒေါ် ကုလားမကြီးနဲ့ ထားခဲ့ခြင်း ဖြစ်ပါတယ်။ ဒီအတောအတွင်းမှာ ရှင်နဲ့ တွေ့လို့ အိမ်ထောင်သစ် ပြုပြန်တော့ ဒီသမီးကလေးအကြောင်း ဖွင့်ပြောရမှာ ကျွန်မ တွန့် တွန့်နေမိပါတယ်။ ဖွင့်ပြောလိုက်ယင် ရှင်နဲ့ ကွဲရချေမလားလို့ ကျွန်မ စိုးရိမ်မိပေတယ်။

"ဒီလိုနဲ့ သုံးနှစ်ပတ်လုံး နေလာခဲ့တာ မာကြောင်း သာကြောင်းကိုတော့ သူ့အဒေါ်ဆီက ကြား မကြား စာရပါတယ်။ နောက်ဆုံး တနေ့ကျတော့ ကျွန်မ ဘာဖြစ်တယ် မဆိုနိုင်ဘူး။ သမီးကလေး မျက်နှာကို မြင်ချင်လိုက်တာ၊ မမြင်ရယင် ရူးရတော့မတတ်ပဲ။

"ဒါနဲ့ ရှင့်ဆီက ငွေသုံးရာ တောင်းပြီး တင်ပို့လိုက်တဲ့အပြင် ဒီအိမ်တလုံး အားလပ်နေတာကို မြင်တာနဲ့ ဒီအိမ်မှာလာပြီး ငှားနေကြဖို့ ကျွန်မ မှာကြားလိုက်ပါတယ်။ ပြီးတော့ ဒီအနီးအနားမှာ ကုလားချီးမကလေးတယောက် ရောက်နေတယ်ဆိုယင် ဟိုလူ ဒီလူ ပြောမှာ စိုးလို့ မျက်နှာဖုံးနဲ့ ထားဖို့ ကျွန်မ မှာလိုက်မိပါတယ်။

"အဆုံးကျတော့ ကိုယ့်ဟာကို မလုံပြီး အစိုးရိမ်ကြီးမိလို့ ဒီလိုဖြစ်ရတာ၊ နို့ မဟုတ်ယင် သူ့ဟာနဲ့သူ နေလို့တော့ ဘယ်သူက ဘာမှ ပြောစရာရှိမယ် မဟုတ်ဘူး။ ဒါနဲ့ ဟိုညက ဒီအိမ်ကလေးမှာ လူ ရောက်တာ မြင်တယ်လို့ ရှင်ကပြောတော့ ကျွန်မစိတ်ထဲမှာ ဘာမှ မပြောနဲ့တော့ မြင်ချင်လိုက်တဲ့ဖြစ်ခြင်း လွန်ပါရော။

ဒုတိယအကြိမ်

www.burmeseclassic.com

မိုးလင်းအောင်ဆောင် ကျွန်မ မဆိုင်းနိုင်တော့ဘူး။ ဒါနဲ့ ရှင်အိပ်ပျော်လောက်ပြီလို့ ထင်တာနဲ့ ညတွင်းချင်း မိုးမလင်းခင် ကျွန်မ ဆင်းပြီး လာကြည့်ရတယ် ဟုတ်လား။

"အဲဒီညကပြီး ကျွန်မကို ရှင် မသင်္ကာနိုင်အောင် ဖြစ်လာခဲ့တယ် ဟုတ်လား။ နောက်သုံးရက် ကြာတော့ ကျွန်မ ကတိ မတည်နိုင်ပဲ သွားကြည့်ပြန်ရာမှာ ရှင် လိုက်လာလို့ သူတို့ တူဝရီးနှစ်ယောက်ကို နောက်ဖေးတံခါးက တိတ်တိတ် ဖွင့်လွှတ်လိုက်ရတယ် ဟုတ်လား။

"ဒီကနေ့ညတော့ ကျွန်မ ဖွင့်ပြောဖို့ မစောင့်နိုင်ပဲ ရှင်က အတင်းဝင်ကြည့်လို့မို့ အဖြစ်အပျက် အလုံးစုံကို ရှင် အခုသိရပါပြီရှင်။ ဒီတော့ ကျွန်မတို့ သားအမိနှစ်ယောက်ကို ရှင် ဘယ်လို အမိန့်ချမယ် ဆိုတာ ကျွန်မ ကြားပါရစေတော့"ဟု ပြောကာ ငြိမ်သက်စွာ စိုက်၍ ကိုမြမောင်အား ကြည့်နေလေ၏။

ကိုမြမောင်သည် မည်သို့မျှ ပြန်မပြောပဲ ၂ မိနစ်ခန့်တိုင်တိုင် တိတ်ဆိတ်စွာ စဉ်းစားစိတ်ကူးနေခဲ့ရာ နောက်ဆုံး၌ မပုလက်မှ ကုသားချီးမကလေးကို ယူကာ လက်တဘက်ဖြင့် ပွေ့ချီ၍ အခြားလက်တဘက်ဖြင့် မပု၏ လက်ကို ကိုင်ဆွဲကာ တံခါးဆီသို့ လှည့်ပြီးနောက်—

"အိမ်ကျမှ အေးအေးဆေးဆေး ပြောကြသေးတာပေါ့ မပုရယ်၊ ငါလဲပဲ ကြားလောက် ဝါ လောက်အောင် လူကောင်းကြီး တယောက်တော့ မဟုတ်ပေဘူး။ နို့မို့ယ် မင်းထင်သလောက်တော့ သဘောသား သေးနုပ်လှမယ် မထင်ပါဘူးကွယ်"ဟု ပြောပြောဆိုဆိုနှင့် ဆင်းသွားကြလေ၏။

ကျွန်ုပ်တော်တို့သည်း သူတို့နောက်မှ လိုက်၍ဆင်းလာခဲ့ကြရာ မီးရထားဘူတာရုံသို့ သွား၍ ရထား ပေါ်သို့ ရောက်ကြသောအခါ ဦးစံရှားသည် ပြုံးစေ့စေ့မျက်နှာသားဖြင့် ကျွန်တော်အား လှမ်းကြည့်၍—

"လူ့ဘယောက်ဟာ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး စိတ်ကြီးဝင်နေတယ်လို ခင်ဗျား ထင်လာတဲ့အခါ ကျတော့ နားနားကပ်ပြီး 'မပုတို့သင်မယား'လို့ တိုးတိုးကလေး သတိပေးလိုက်စမ်းပါဗျာ" ဟု ပြောလိုက် သေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ၃၅။ စံဖဲ† အလောင်းတွေ့မှု*

တခုသော တနင်္ဂနွေနေ့၌ မိုးသည်းထန်စွာ ရွာလျက်ရှိသည် ဖြစ်သောကြောင့် ကျွန်တော်နှင့် ဦးစံရွှား တို့သည် အပြင်သို့ထွက်ရန် မကြံစည်နိုင်ပဲ ကျွန်တော်မှာ အင်္ဂလိပ်ဝတ္ထုစာအုပ်ကို ဖတ်ရှုလျက်ရှိစဉ် ဦးစံရွှား မှာ အင်္ဂလိပ်မြန်မာ သတင်းစာများကို ကြည့်ပြီးလျှင်တခု လှန်လှော ဖတ်ရှုလျက်ရှိနေရာမှ သတင်းစာများ ကို အားလုံး ချ၍ ပျင်းရိလှသည့် အမူအရာနှင့် ကုလားထိုင်ပေါ်၌ ဘုန်းလဲ သန်းလျက်—

ရှား။ ။ "မိုးကလဲ အေး၊ အမှုကလဲ ပါးသနဲ့ အခုလိုသော ... ပျင်းစရာကောင်းပါတယ်လား ဗျာ ကိုသိန်းမောင်"

ကျွန်။ ။ "အမှုပါးလို့ စိတ်ညစ်ရောမရှိယင် ငွေပါးတောင်ရအောင် စံဖဲကြီး ဖမ်းပါတော့ လားဗျာ။ ဒါနဲ့ယခုလဲ၊ စံဖဲသတင်းများ သတင်းစာထဲမှာ အများပါသေးသလား ဗျ"

ရှား။ ။ "ပါတာတော့ မပြောနဲ့တော့ဗျာ။ ဟိုသတင်းစာကလဲ စံဖဲ၊ ဒီသတင်းစာကလဲ စံဖဲ၊ ဟို ဂျာနယ်ကလဲ မူပိုင်သတင်း၊ ဒီဂျာနယ်ကလဲ အထူးသတင်းနဲ့ တယောက်တမျိုးရေးလိုက်ကြတာ စံဖဲသတင်း တွေ မိုလိုပေါ်နေပါပြီကောလားဗျ။ တော်တော်ကြာယင် ခင်ဗျားလဲတောင် 'စံဖဲနဲ့ စံရွှား' ဆိုပြီး ဝတ္ထုရေးအုံးမလား မသိဘူး"

ကျွန်။ ။ "ရေးယင် ရေးရလိမ့်မယ်ဗျာ။ ကျွန်တော်ရေးစရာ အကွက်ကလေး ပေါ်လာအောင်သာ ခင်ဗျားကလဲ ... တခန်းထွက်ပါအုံးတော့လားဗျာ။ ငွေပါးတောင် ဆုငွေထုတ်ထားတယ်ဆို မဟုတ် လား"

---

† ၁၉၂၇ ခုနှစ်က ထင်ရှားကျော်ကြားခဲ့ပြီး သတင်းစာ ဂျာနယ်အစောင်စောင်၏ အသားပေး ရေးသား ခြင်းကို ခံရသော ဓားပြ တောသူကြီးတဦး ဖြစ်သည်။ မိတ္ထီလာ–သာစည်အနီး မဲဇာတောရွာ ဇာတိဖြစ်ပြီး ရွာသူကြီးနှင့် အဆင်မပြေရာမှ ရွာသူကြီး၏ အကွက်ဆင် ထောင်ချခြင်းကို ခံရ၊ ထိုမှ လွတ်သော် ဇနီးဖြစ်သူကို နယ်ပိုင်ဝန်ထောက်၏ တပည့်က အနိုင်ကျင့် သိမ်းယူ၊ ထို့ကြောင့် မခံရပ်နိုင်၍ နယ်ပိုင် ဝန်ထောက်၏ တပည့်ကို သတ်၊ ထိုမှ အဖမ်းခံရစဉ် ရာဇဝတ်အုပ်၏ ခေါ်ကားမော်ကား ပြောဆိုခြင်း ခံရ၍ ရာဇဝတ်အုပ်ကိုပါ ဆက်သတ်၊ ထွက်ပြေး၊ တောတွင်းပုန်းပြီး အင်္ဂလိပ်အစိုးရနှင့် ယင်း၏ ပုလိပ်အဖွဲ့ကို ဆန့်ကျင်၊ ပုလိပ်များ ဖမ်းမိရန် အမျိုးမျိုး ကြိုးစား၊ ဆုငွေ ၅၀၀၀ ထုတ်၊ သို့တိုင် ဖမ်းမမိ။ နောက်ဆုံး စစ်ပုလိပ်နှင့် ဖမ်းရ သည်ဖြင့် အစဉ်အလာ ရှိခဲ့ဖူး သော အသက် ၂၃ နှစ်အရွယ်မျှ ရှိသေးသည့် တောပုန်းသူပုန်တဦးဖြစ်ပြီး ထိုစဉ်က ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကဲ့သို့သော ပုဂ္ဂိုလ်များက အစ စာဖွဲ့ ချီးကျူးခြင်း ခံခဲ့ရသူဖြစ်၏။ ပုဂံ။

* ပထမဆုံး ပုံနှိပ်သော မဂ္ဂဇင်း မတွေ့သေးပါ။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၁၀ နှင့် နှလုံးလှစာပေတိုက်မှ အတွဲ ၅ တို့တွင် တွေ့ရသည်။ မူရင်းမှာ The Resident Patient ဖြစ်သည်။

[illegible]

www.burmeseclassic.com

www.burmeseclassic.com


ရှား။ ။"မလုပ်နဲ့ ဆရာကြီးရေ၊ ငွေငါးထောင်လဲ ကျုပ် မလိုချင်ဘူး။ ခေါင်းတလုံးလဲ အဆုံး မခံချင်ဘူး"

ကျွန်။ ။"တကယ်ပဲ ခင်ဗျား လန့်သလားဗျာ"

ရှား။ ။"လန့်တာ မလန့်တာ အပထား၊ ဒီအလုပ်က ကျုပ်နဲ့ဆိုင်တဲ့ အလုပ်မဟုတ်ဘူးဗျ။ ခင်ဗျားသိတဲ့အတိုင်း ကျုပ်က အမှုတခုဖြစ်ပွားလို့ လက်သယ်မပေါ်ယင် ပေါ်အောင်လိုက်ပြီး စုံထောက်ဖို့သာ ရှိတယ်၊ ကျုပ်ကိုယ်တိုင်လိုက်ပြီး လူဆိုးကို မိအောင်ဖမ်းဖို့အလုပ် မဟုတ်ဘူး။ ဒီအလုပ်က အင်စပက်တော် ကိုအုန်းဖေတို့ရဲ့ အလုပ်ကိုးဗျ။ သို့သော်...."

ကျွန်။ ။"သို့သော် ဘာပြုသလဲဗျ"

ရှား။ ။"သူတို့ အစိုးရ ပုလိပ်တွေ၊ စစ်ပုလိပ်တွေ ဖမ်းလို့ မမိနိုင်ပါဘူး၊ ကျုပ်ကို ကူညီပါအုံး ဆိုယင်ဖြင့် အကြံပေး ဉာဏ်ပေးများ ပြုမိမလား မသိဘူး။ ဒီလို ပြုရမယ်ဆိုတောင်...."

ကျွန်။ ။"ဘာဖြစ်သလဲဗျ"

ရှား။ ။"အခု သတင်းရထားသမျှမှာတော့ စံဖဲဟာ တိုင်းသူပြည်သား ရွာသူရွာသားများကို ညှဉ်းပန်းနှိပ်စက်ပြုသေးတာမဟုတ်၊ အစိုးရအပေါ်မှာ သူ မကျေနပ်တဲ့အချက်ရှိလို့ အစိုးရကိုသာ ရန်ငြိုးဖွဲ့ပြီး ခုခံနေခြင်း ဖြစ်လေတော့ ကျုပ်က အစိုးရအမှုထမ်းလဲမဟုတ်၊ ပြည်သူပြည်သားရဲ့ အမှုထမ်းမျှသာ ဖြစ်တဲ့အတွက် ခပ်ခက်ခက်ပဲ ကိုသိန်းမောင်"

ကျွန်။ ။"ကိုအုန်းဖေတယောက် လိုက်သွားတယ် မဟုတ်လား"

ရှား။ ။"ဟုတ်ကဲ့၊ စံဖဲဖမ်းဖို့တဲ့၊ လိုက်သွားလေရဲ့။ ဘယ်သူ့ကို ဘယ်သူက ဖမ်းမယ်တော့ မပြောတတ်ဘူး"

ကျွန်။ ။"တကယ်လို့များ ကိုအုန်းဖေက ခင်ဗျားကို လာပါအုံးဆိုယင်တော့ ဘယ့်နှယ်လုပ်ပါ့ မလဲဗျာ"

ရှား။ ။"မခေါ်ပါစေနဲ့ အောက်မေ့ရတာပဲဗျ"

ထိုခဏ၌ ကြေးနန်းစာပို့ကုလားသည် တိုက်ပေါ်သို့တက်လာ၍ ဦးစံရှားအား ကြေးနန်းတစောင်ကို ပေးလေရာ ဦးစံရှားသည် ဖွင့်၍ဖတ်ပြီးလျှင် အံ့ဩသောအမူအရာနှင့် "ဟိုက်" ဟု အော်လိုက်ပြီးနောက် ကျွန်တော့်အား ကြေးနန်းကို လှမ်း၍ပေးသဖြင့် ကျွန်တော်သည် အောက်ပါအဓိပ္ပာယ်ပါရှိသော ကြေးနန်းစာကို ဖတ်ရှုရလေ၏။

စံဖဲ၏ အလောင်းကို တွေ့ပါပြီ။ ဟုတ် မဟုတ် သေချာစွာ မခွဲခြားနိုင်သေးသည် ဖြစ်၍ ဆရာ့ထံ အကြောင်းကြားရခြင်း ဖြစ်ပါသည်။ မီးရထားနှင့် အမြန် လိုက်ခဲ့စေလိုပါသည်။

အုန်းဖေ

ကျွန်တော်သည် အထက်ပါ ကြေးနန်းကို ဖတ်ရှုပြီးနောက်—

ကျွန်။ ။"ပြောယင်းဆိုယင်း ပေါက်လာပါပြီကောဗျာ။ စံဖဲအလောင်း ဆိုပါကလားဗျ။ ဘယ်သူက သတ်လို့ ဘယ့်နှယ် အလောင်းတွေ့ရသလဲဗျာ"

ရှား။ ။"ဟုတ် မဟုတ်ကို သေချာစွာ မခွဲနိုင်သေးလို့ ဆိုမဟုတ်လားဗျာ"

ကျွန်။ ။"ဟုတ်ကဲ့၊ မသေချာသေးဘူးတဲ့။ ဘယ့်နှယ်လဲ၊ ခင်ဗျား လိုက်မလား"

ရှား။ ။"ဘယ်နှစ်နာရီ ရှိသွားပြီလဲဗျို့"


www.burmeseclassic.com

www.burmeseclassic.com



ကျွန်။ ။"၁၁ နာရီ ထိုးလုပြီ"

ရှား။ ။"ဟာ ဒါဖြင့် စာပို့ကြီး မီသေးတယ်ဗျို့။ ဘယ့်နှယ် ကိုသိန်းမောင်၊ ကျုပ် သွားယင် ခင်ဗျားကော လိုက်အုံးမလား"

ကျွန်။ ။"လိုက်တော့ လိုက်ချင်ရဲ့ဗျာ။ အလုပ်ကာ ခွင့်ခဏခဏခံလို့ အားနာစရာ ကောင်းနေပါပြီဗျာ။ မလိုက်သေးပါဘူး။ ဟိုရောက်တော့သာ အကျိုးအကြောင်း စာထည့်လိုက်ပါတော့ဗျာ"

ရှား။ ။"ကိုင်း ဒါဖြင့် ကျုပ်သွားလိုက်အုံးမယ်။ စာထည့်ဖို့တော့ စိတ်ချပါဗျာ။ တနေ့တစောင် ကျ ထည့်လိုက်ပါ့မယ်"

ဦးစံရှားသည် ထိုနေ့ ၁၂ နာရီရထားနှင့် သာစည်သို့လိုက်သွားရာ အောက်ပါအဖြစ်အပျက်များမှာ ဦးစံရှားထံမှ စံဖဲအကြောင်းနှင့် စပ်လျဉ်း၍ စုံလင်စွာရေးသားပေးပို့လိုက်သော စာများမှ လိုရင်းအချက်များကို ထုတ်နုတ်၍ ရှေးယခင်အခါက ကျွန်တော် ရေးသားမြဲဖြစ်သော ဝတ္ထုသွားအတိုင်း စီစဉ်ရေးသား ထည့်သွင်းဖော်ပြခြင်း ဖြစ်လေသည်။

ဦးစံရှားသည် သာစည်ဘူတာသို့ နောက်တနေ့နံနက်တွင် ဆိုက်ရောက်လာခဲ့ရာ အင်စပက်တော် ကိုအုန်းဖေသည် မီးရထားဘူတာရုံမှ အသင့် စောင့်ဆိုင်း ကြိုဆိုလျက် ရှိလေ၏။

စုံထောက်နှစ်ဦး တွေ့ဆုံမိကြသည်နှင့် တပြိုင်နက် ဦးစံရှားသည် မိမိ၏ ဝါသနာအတိုင်း လိုရင်းအချက်များကို ကောက်နုတ်မေးမြန်းရာ စံဖဲ၏အလောင်းကို သာဂရရွာနှင့် တတိုင်ကျော်ရေးခန့်တွင် ယမန်နေ့ နံနက်က လှည်းသမားတယောက် တွေ့ရှိရကြောင်း၊ ဤအရပ်ဒေသ၌ ယခုနှစ်တွင် အလွန်တရာ မိုးခေါင်လျက်ရှိရာ အလောင်းမတွေ့မီညဉ့်က မိုးကြီး သည်းထန်စွာရွာသွန်း၍ မိုးကြိုးများလည်း အကြိမ်များစွာ ထစ်ချုန်းကြောင်း၊ စံဖဲ၏အလောင်းမှာ မိုးကြိုးထိမှန်သည့် လက္ခဏာနှင့် တကိုယ်လုံး မည်းလျက်ရှိကြောင်း၊ အလောင်းမှာ စံဖဲ၏ပုံသဏ္ဌာန်အတိုင်း ဝဝတုတ်တုတ် အသားမည်းမည်း ဖြစ်၍ ပေါင်၌လည်း ကြောခ် အဆင်းအတက်နှစ်ကောင်ပါရှိကြောင်း၊ မျက်နှာမှု မိုးကြိုးထိမှန်ချက် ပြင်းထန်လှသည် ဖြစ်သောကြောင့် လူရုပ်မပီသအောင် ရှိကြောင်းနှင့် ပြောဆိုသောအခါ—

ရှား။ ။"နေပါအုံးဗျ၊ စံဖဲအလောင်းရယ်လို့ ခင်ဗျား ထင်မှတ်ပုံ အထူးအကြောင်း ဘာများ ပြောစရာ ရှိသလဲ"

ဖေ။ ။"ပေါင်မှာ ကြောင်အဆင်းအတက်လဲ ပါတယ်ဆရာ၊ မည်းမည်းဝဝလဲ ဖြစ်တယ်ဆရာ။ ရွာသားတယောက်က စံဖဲဆီကို ရေးပြီး သတင်းတခုပေးလိုက်တဲ့စာကိုလဲ တွေ့ရတယ်ဆရာ"

ရှား။ ။"ဩော် ထင်စရာပဲဗျို့။ အလောင်းကို ခင်ဗျားရွှေ့လိုက်ပြီလား"

ဖေ။ ။"ဘယ့်နှယ်ရွှေ့မလဲဆရာ။ ဆရာ့သတော ကျွန်တော်သိလို့ ဒီအတိုင်းပဲ ထားသေးတယ်"

ရှား။ ။"နေရာကျသဗျာ။ ဒါထက် ပုလိပ်မင်းကြီးဆီ အစီရင်ခံပြီးပြီလား"

ဖေ။ ။"မသေချာသေးတာနဲ့ အစီရင်မခံသေးဘူးဆရာ။ မတော်တဆ လွဲနေမှဖြင့် ကျွန်တော့်ကို အပြစ်တင်စရာကြီး ဖြစ်နေမှာကိုးဆရာရဲ့"

ရှား။ ။"မှန်တယ်။ သတင်းစာတိုက်တွေက လွှတ်ထားတဲ့ ကိုယ်စားလှယ်တွေကော သိသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဖေ။ ။ "သူတို့မကြားအောင် ကျွန်တော် မလုံ လုံအောင် ဖုံးဖိထားပါတယ် ဆရာ"

ရွှေ။ ။ "ကောင်း သွားကြစို့ဗျာ။ ကျုပ် ကြည့်ချင်လှပြီ"

ထို့နောက် ဦးစံရွှေနှင့် ကိုအုန်းဖေတို့သည် နောက်ပါ ပုလိပ်များနှင့်အတူ လှည်းတစီးနှင့် သွားရောက်ကြလေရာ ၁၀ နာရီကျော် အချိန်ခန့်တွင် အလောင်းရှိရာသို့ ဆိုက်ရောက်ကြလေ၏။

လှည်းပေါ်မှ ကိုက်ယုံးရာခန့် ကွာဝေးသော အရပ်၌ ပုလိပ်အရာရှိနှစ်ယောက်တို့ စောင့်ကြပ်လျက် လူတယောက်၏အလောင်းသည် မြေပေါ်၌ ပက်လက်လန်လျက်ရှိရာ အလောင်း၏နံဘေး၌ရှိသော မြက်ခင်းတို့သည် လျပ်စစ်၏ အခိုးကြောင့် မီးရှို့၍ထားဘိသကဲ့သို့ ညည်းနက်သည့်တိုင်အောင် လောင်ကျွမ်းလျက်ရှိလေ၏။

အလောင်းမှာ ရှမ်းဘောင်းဘီအနက်ကို ဝတ်ပြီး ခေါင်းပေါင်းသော ရှက်ပျော်ဖိနပ်ကို ခြေ၌စွပ်လျက်ရှိရာ အသက်ပိုင်း၌ကား သက္ကလပ်အင်္ကျီအနက်ကို ဝတ်ပြီးလျှင် စီအိုင် ဗွီ ဦးသုပ်မှာမူ နှစ်တောင်ခန့်မျှဝေးသည့် အရပ်သို့ လွင့်စဉ်၍ကျသည့် လက္ခဏာနှင့် မြေပေါ်တွင် မှောက်လျက် ရှိနေလေ၏။

ဦးစံရွှေသည် ဦးထုပ်ကို ကောက်ယူကြည့်ရှုရာ အတွင်းဘက်၌ အင်္ဂလိပ်အက္ခရာဖြင့် စံဖဲ့ဟူသော အမည် အတိုကောက် ရေးသားထားသည်ကို တွေ့ရလေ၏။

ထို့နောက် ဦးစံရွှေသည် အလောင်း၏မျက်နှာကိုသေချာစွာကြည့်ရှုလေရာ မျက်နှာမှာ လူရုပ်မပီသအောင် လောင်ကျွမ်းလျက် ကြည့်ပြင် ဆံပင်တို့မှာလည်း မီ ရှပ်၍ထားသည့် လက္ခဏာနှင့် ဦး ခေါ်ကပ်ကာ လိမ်တွန့်လျက် ရှိသေပုကား များစွာ တုန်လှုပ်ဖွယ်ကောင်းသော အဆင်းသဏ္ဌာန် ရှိပေ၏။

အလောင်း၏ ရှုပိုင်းကို ကြည့်ရှုပြီးနောက် ဦးစံရွှေသည် ပုလိပ်သားများအား အလောင်းကို လှန်စေ၍ ကျောဘက်သို့ ကြည့်မိသည်နှင့် တပြိုင်နက် အံ့ဩသော အမူအရာနှင့်—

ရွှေ။ ။ "ဘယ့်နှယ်လဲ ကိုအုန်းဖေ၊ ဒီဟာ ခင်ဗျားမြင်မိရဲ့လား"

ဖေ။ ။ (ရှက်ကိုးချက်ကန်းနှင့်) "ကျွန်တော် သတိမထားမိဘူးဆရာ။ ကျွန်တော်က မျက်နှာကိုသာ ကြည့်မိတာကိုး ဆရာ"

ရွှေ။ ။ "ဒီအချက်က အရေးကြီးတယ်ဗျ။ မိုးကြိုးပစ်တယ်ဆိုတာ ခင်ဗျားသိတဲ့အတိုင်း လျှပ်စစ်ဓာတ် ထိမှန်ခြင်းဖြစ်သေးတော့ ဒဏ်ရာရယ်လို့ ကြီးကြီးကျယ်ကျယ် မရှိနိုင်ဘူး မဟုတ်လားဗျာ"

ဖေ။ ။ "မိုးကြိုးပစ်ပြီး ပက်လက်လန်အလဲမှာ မြေကြီးနဲ့နောက်စေ့နဲ့များ ဆောင့်မိလေရော့သလားဗျာ"

ရွှေ။ ။ "ပက်လက်လန်ပြီး လဲရုံနဲ့ ဒီလောက်ဒဏ်ရာကြီး ဖြစ်နိုင်ပါမလားဗျာ။ ကြည့်ပါအုံး။ နောက်စေ့ကို ခွက်ဝင်သွားတာပဲ။ တော်တော်ပြင်းတဲ့ သက်ချက်ဗျ။ ဝါးရင်းတုတ်နဲ့ တအားလွှဲချတဲ့ ဒဏ်ရာနဲ့ တူတယ်"

ဖေ။ ။ "မျက်နှာတွေမည်းနေတာ၊ မြက်တွေ ကျွမ်းနေတာတော့ ဆရာ"

ရွှေ။ ။ "ဒါတွေက အလောင်းကိုပစ်ထားမှ မိုးကြိုးက တခါသပ်ပြီးပစ်သွားသလား။ သို့မဟုတ် မိုးကြိုးပစ်တာနဲ့တူအောင် မီးရှို့ထားသလား တခုခုပဲ။ ကျုပ်အထင်တော့ မိုးကြိုးပစ်တာနဲ့တူအောင် တမင်ဆင်ပြီး လုပ်ထားတယ်လို့ ထင်တယ်"

ဖေ။ ။ (လက်သည်းကိုသွားနှင့် ကိုက်လျက်) "ဆရာလာလို့ ရှင်းမလား အောက်မေ့ပါ သာရှုပ်ကုန်ပါပြီတော့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ရှား။ ။"အခုရှုပ်တာက နောင်ရှင်းဖို့ပေါ့ ကိုအုန်းဖေ။ ဒါထက် သူ့အိတ်ထဲက တွေ့တဲ့ပစ္စည်းတွေ ပြစမ်းဗျာ။ ကြည့်စမ်းရအောင်"ဟု တောင်းသဖြင့် ကိုအုန်းဖေသည် အလောင်း၏အိတ်အတွင်းမှ တွေ့သော လက်ကိုင်ပဝါတထည်၊ စာတစောင်၊ ငွေ ၅ ကျပ် ၁၁ ပဲနှင့် လက်ဖွဲ့တခုကို ထုတ်၍ ပြလေ၏။

ဦးစံရှားသည် ယင်းပစ္စည်းများကို တခုစီ သေချာစွာ ကြည့်ရှုပြီးနောက် စာကိုဖတ်ရှုရာ စာမှာ အောက်ပါအတိုင်း ဖြစ်လေ၏။

ကျုပ်တို့ရွာက စစ်တပ်မှာ စစ်ပုလိပ် ၂၀ ရှိသည်။ ကိုအုန်းဖေတို့ ဒီကနေ့ ပြန်မည်

ကြားသည်။ သံဘာတင်းနှင့် ကြက်ငါးကောင် ခါတိုင်းနေရာမှာ ထားသည်။

စာနှင့်တကွ ဝတ္ထုပစ္စည်းများကို ကြည့်ရှုပြီးနောက် ဦးစံရှားသည် စဉ်းစားစိတ်ကူးလျက်ရှိရာ—

ဖေ။ ။"ဘယ့်နှယ်လဲဆရာ၊ ကြောင်အဆင်းအတက်လဲ ပါတယ်၊ မည်းမည်းဝဝလဲ ဖြစ်တယ်၊ အဝတ်အစားကလဲ ဒီအတိုင်းပဲလို့ ကျွန်တော် သတင်းရတယ်၊ ဒီစာလဲ တွေ့တယ်၊ ဒီတော့ မုချ ဒီအလောင်းဟာ စံဖဲ အလောင်း မဟုတ်ဘူးလား ဆရာ"

ရှား။ ။"နောက်ခေ့က ဒဏ်ရာကကော ဗျာ"

ဖေ။ ။"ဒါက ဘာဆိုင်သလဲဆရာ။ ဘယ်နည်းနဲ့သေသေ စံဖဲအလောင်းဖြစ်ရင် ပြီးရောပေါ့ ဆရာ"

ရှား။ ။"ဘယ့်နှယ်မဆိုင်သလဲဗျ၊ ဒါ အရေးကြီးနေတာပေါ့။ ဒီဒဏ်ရာ မရှိခဲ့လို့ရှိယင် စံဖဲ အလောင်းရယ်လို့ ကျုပ်တောင် ထင်မျှား ထင်မိလေမလား မသိဘူး"

ဖေ။ ။"ဘယ်ပုံ ဆိုင်ပါသလဲ ဆရာ"

ရှား။ ။"ဒီလိုဗျ။ ဘာပဲပြောပြော ဒီအလောင်းဟာ မိုးကြိုးပစ်လို့သေတဲ့အလောင်းမဟုတ်ဘူး။ ဒဏ်ရာနဲ့သေတဲ့အလောင်းဗျ။ လူကို ရိုက်သတ်ပြီးတော့မှ ဟိုညက မိုးကြိုးတွေလဲ ထစ်တာနဲ့ အကြံရပြီး မိုးကြိုးပစ်တာနဲ့တူအောင် လုပ်ပြီးထားတဲ့လက္ခဏာပဲ။ ကောင်းပြီ။ သေသူဟာ စံဖဲဖြစ်လို့ရှိယင် သတ်တဲ့ သူဟာ ဘာများပုန်းလျှိုးကွယ်လျှိုး လုပ်စရာ ရှိနေသေးသလဲဗျ။ သူသတ်တယ်ဆိုတာ ထုတ်ဖော်ပြောပြီး အစိုးရဆီ ငွေငါးထောင် ထုတ်ယူမယ် မဟုတ်ဘူးလား။ အခုတော့ စံဖဲမဟုတ်လို့သာ မတော်တဆ သူ့ဘာသာသူ သေတယ်ထင်အောင် ဉာဏ်ဆင်ပြီး လုပ်ထားတယ် မဟုတ်လားဗျ"

ဖေ။ ။"ဟုတ်လိမ့်မယ် ဆရာရေ့"

ရှား။ ။"ပြီးတော့ ဒီ့ပြင်တချက်ကလဲ စံဖဲအလောင်းဖြစ်ခဲ့ရိုးမှန်ယင် စံဖဲဟာအနည်းဆုံးခြောက်လုံးပြူး သေနတ်တလက် မပါပဲနဲ့ ခရီးသွားမတဲ့လားဗျာ။ ခင်ဗျား ခြောက်လုံးပြူးများ တွေ့ရဲ့လား"

ဖေ။ ။"မတွေ့ဘူး ဆရာရေ့။ နို့ဆရာ၊ အဝတ်အစားနဲ့ စာကကော ဆရာ"

ရှား။ ။"ဒါကြောင့် ကျုပ် စဉ်းစားနေတယ်မဟုတ်လား။ မဟုတ်ယင်လဲ့ရော၊ ခင်ဗျားဆီ လာပြီး တိုင်တဲ့ လူညီးသမားဟာ စံဖဲလုပဲ ထင်ဘယ်။ စာနဲ့ အဝတ်ကတော့ စံဖဲစာနဲ့ စံဖဲအဝတ်နဲ့ပဲတူရဲ့။ ကေန္တ စံဖဲ့ဉာဏ်ပဲဗျို့"

ဖေ။ ။"ဘယ့်နှယ် စံဖဲဉာဏ်လဲ ဆရာ"

ရှား။ ။"ကိုအုန်းဖေ ဒီတခါ တယ်ထူပါကလား။ စံဖဲသေပြီလို့ အစိုးရက ထင်ခဲ့လို့ရှိယင် သူပြေးဖို့ လွှားဖို့ ပုန်းဖို့ ရှောင်ဖို့ လွယ်ကူမယ် မဟုတ်လားဗျာ။ ဒါကြောင့် သူသေပြီထင်အောင် ဉာဏ်ဆင်ပြီး လုပ်ထားတဲ့ ကိန်းပေါ့ဗျ"

ဖေ။ ။"အာဂ လူပါကလား ဆရာ"

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ရွှား။ ။“ဘာပြောစရာ ရှိသလဲဗျာ။ တော်တော့်လူတော့ ရှောင်းစားနိုင်တဲ့လူပေါ့။ ကိုင်း သို့သော် ဒီအလောင်းဟာ စံဖဲအလောင်းမဟုတ်ယင် ဘယ်သူ့ အလောင်းဖြစ်တယ်ဆိုတာ စုံထောက်ဖို့ အရေးက ရှိသေးတယ်”ဟု ပြောပြီးနောက် ဦးစံရွှားသည် အရပ်လေးမျက်နှာတို့သို့ မျှော်ကြည့်လျက်—

“မိုးကလဲ ရွာယားလေတော့ ခြေရာခံဖို့ဟာက ခပ်ခက်ခက်ပဲ။ ဟာ ဟိုကတဲဟာ ဘယ်သူ့တဲလဲဗျို့”

ဖေ။ ။“လယ်သမား ဦးဖိုးမှိုရဲ့ တဲဆို ထင်ပါရဲ့ဆရာ။ ရှေးကတော့ ပုလိပ်ဘက်မှာ အမှုထမ်းဖူး တယ် ပြောတယ်။ အခုတော့ အရွယ်ကြီးလို့ ပင်စင်ယူပြီး လယ်လုပ်စားနေတဲ့ အဘိုးကြီးဆို ထင်ပါရဲ့။ ဒီအနားတလျှောက်မှာ စံဖဲအကြောင်းနဲ့ပတ်သက်ပြီး သူတယောက်ပဲ သတင်းပေးဖော်ရတယ်။ ဒီ့ပြင် ရွာသားတွေ ဆိုယင်ဖြင့် တယောက်မှ မေးလို့မရဘူး”

ရွှား။ ။“ခင်ဗျား ဦးဖိုးမှိုကို ဘာဆိုတ်သောက် တွေ့စမ်းချင်တယ်ဗျာ။ လာ သွားရအောင် ကိုအုန်းဖေ”

ဦးစံရွှားနှင့် ကိုအုန်းဖေတို့သည် အလောင်းရှိရာ အရပ်မှ မိုင်တဝက်ခန့်မျှ ဝေးသော တဲငယ်သို့ သွားရောက်ကြလေရာ လမ်းခရီး၌ ဦးစံရွှားသည် မြေကြီးကို သေချာစွာ ကြည့်ရှုယင်း ရံဖန်ရံခါ အံ့သြသော အမူအရာနှင့် ရပ်တန့်လျက် ရှိလေ၏။

ယင်းကဲ့ကို အံ့သြမိခြင်းအကြောင်းမှာ မြေကြီးပေါ်တွင် အချို့သောနေရာတို့၌ လေးလံသောအရာ ဝတ္ထု တစုံတခုကို မြေပေါ်၌ဒရွတ်ဆွဲ၍ သွားဘိသကဲ့သို့ မြက်ပင်ကလေးများ လဲလျက်ရှိခြင်း၊ သစ်ခက် သစ်ကိုင်းကလေးများ ကြွေမွလျက်ရှိခြင်း၊ အချို့သောနေရာတို့၌ မြေသည် ချောမွတ်လျက်ရှိခြင်း အစ ရှိသော အခြင်းအရာတို့ကို တွေ့ရှိရသောကြောင့် ဖြစ်လေသည်။

ဦးဖိုးမှို၏တဲသို့ ဆိုက်ရောက်ကြသောအခါ ရုပ်ရည်သနားကမားရှိ၍ ဆယ့်လေးငါးခြောက်နှစ် အရွယ်ခန့်ရှိသော သူငယ်မတယောက်သည် တဲ၏ရှေ့၌ မောင်းထောင်းလျက်ရှိရာ ဦးစံရွှားနှင့် ကိုအုန်းဖေ တို့ကို မြင်သောအခါ ထိတ်လန့်တုန်လှုပ်သော အမူအရာနှင့် တဲအတွင်းသို့ ဝင်သွားမည်အပြုတွင်—

ရွှား။ ။(ချိုသာသောမျက်နှာထားနှင့်)“နေပါအုံး သူငယ်မလေးရဲ့၊ မင်းတို့အဖေရှိသလားလို့”

မ။ ။“မရှိဘူးရှင့်”

ရွှား။ ။“စောစောစီးစီး ဘယ်သွားသလဲကွယ်”

မ။ ။“ခုနင်ကပဲ သာဂရရွာ သွားတယ်ရှင့်”

ရွှား။ ။“အိမ်မှာ ဒီ့ပြင် အိမ်သား ဘယ်သူများ ရှိသေးသလဲ”

မ။ ။“ကျွန်မတို့အမေ ရှိပါတယ်။ အမေ၊ အို အမေ”

ထိုအခါ အသက်လေးဆယ်ကျော် အရွယ်ခန့်ရှိ မိန်းမတယောက်သည် တဲပြင်သို့ ထွက်လာ၍ ဦးစံ ရွှားတို့အား မသက်သာသော အမူအရာနှင့် ကြည့်လျက်ရှိရာ—

ရွှား။ ။“ဦးဖိုးမှို ဘယ်အချိန်လောက် ပြန်လာပါ့မလဲ ခင်ဗျာ”

မိန်းမကြီး။ ။“ကျုပ် မပြောတတ်ဘူးတော်”

ရွှား။ ။“သွားတာ တော်တော်ကြာပြီလား ခင်ဗျာ”

မိန်းမကြီး။ ။“တယ်မကြာသေးဘူးတော်”

ရွှား။ ။“ဦးဖိုးမှိုတွေ့ချင်လို့ ခဏလောက် ထိုင်စောင့်ပါရစေခင်ဗျာ”

မိန်းမကြီး။ ။“စောင့်ပါတော်။ ဟဲ့ ဖွားတုတ်၊ ဖျာခင်းပေးပါဟဲ့”



www.burmeseclassic.com

www.burmeseclassic.com


ဦးစံရှားနှင့် ကိုအုန်းဖေတို့လည်း တဲရှေ့မှ စောင့်ဆိုင်းလျက်ရှိကြစဉ် ဦးစံရှားသည် သားအမိနှစ်ယောက်တို့၏ အမူအရာကို အကဲခတ်လျက်ရှိရာ သမီးဖြစ်သူမှာ ထိတ်လန့်သည့် အမူအရာရှိ၍ အမိဖြစ်သူမှာသည်း စိုးရိမ်သည့် အမူအရာရှိသည်ဟု ဦးစံရှား၏စိတ်၌ ထင်မှတ်မိလေ၏။

ရှား။ ။"ဟိုအနားက အလောင်းဟာ ဘယ်သူ့အလောင်းပါလဲ၊ ခင်ဗျားတို့ သိသလား"

မိန်းမကြီး။ ။"မသိပေါင်တော်"

ရှား။ ။"မိုးကြိုးပစ်လို့ သေတယ်ဆိုတာ ဟုတ်ကဲ့လား"

မိန်းမကြီး။ ။"ကျုပ်တို့ ဘယ်သိမလဲ တော်ရဲ့"

ထို့နောက် ဦးစံရှားသည် မိန်းမကြီး စကားမပြောလိုသည့်အဖြစ်ကို ရိပ်မိသဖြင့် မိမိတို့အချင်းချင်းသာလျှင် အင်္ဂလိပ်ဘာသာဖြင့် တိုင်ပင်ပြောဆိုလျက် ရှိကြလေ၏။

နာရီဝက်ခန့်မျှကြာလျှင် အရပ်ထောင်ထောင်မောင်းမောင်းနှင့် ဦးဖိုးမှိဆိုသူသည် ထင်းတစည်းနှင့် ကြက်တကောင်ကို ပိုက်၍လာရာ—

ရှား။ ။"တယ် ကြက်ဝယ်တဲ့ ဆရာကြီးပါကလားဗျ၊ တနေ့ကတင် ကြက်ငါးကောင် ဝယ်သွားသေးတယ်၊ အခု တကောင်ဝယ်လာပြန်ပြီ၊ တနေ့က ကြက်တွေဟာ ဘယ်ရောက်ကုန်ပလဲဗျ"

မှိ။ ။"မိုးကြိုးကျားသားဗျာ။ အမေမွေးက တည်းက ဒီလောက် ဝယ်ဖူးပါသေးတယ်၊ သား ကလေးခမဲလိုဘယ်ဆိုလို့ ဝယ်ခဲ့ရတာပါဗျာ။ ခင်ဗျားတို့က ဘယ်ကလဲ"

ဖေ။ ။"ကျွန်တော့် မမှတ်မိဘူးလားဗျ၊ တနေ့က တခေါက် လာတာလေ"

မှိ။ ။"ဪ အင်စပက်တော်မင်းပါလား၊ ဟဲ့ ဖွားတုတ်ကေ၊ လက်ဖက်ရည်အိုး တည်ပါဟဲ့၊ ဘယ့်နှယ်လဲဆရာ၊ ကိုစံဖဲ...."

ရှား။ ။"စံဖဲ သေပါပြီကောဗျ"

မှိ။ ။"အလို ဘယ်တော့ကလဲ ခင်ဗျာ"

ရှား။ ။(ထိုသူ၏ မျက်နှာကို စေ့စေ့ကြည့်လျက်) "ဟိုအနားက အလောင်းဟာ စံဖဲ အလောင်းပေါ့"

မှိ။ ။(တခဏမျှ ဆိုင်းငံ့ပြီးနောက်) "ကောင်းပါလေ့ဗျာ၊ ကောင်းပါလေ့။ ဒီလိုမှန်းသိ ကျုပ်တို့ ဆုငွေ ငါးထောင် ထုတ်မယူရလားဗျာ"

ရှား။ ။(ရုတ်တရက် စိုက်ကြည့်၍) "ဗျာ"

မှိ။ ။"ကိုယ့် အိမ်နားတွင် မိုးကြိုးပစ်လို့သေတဲ့ စံဖဲကို ကိုယ်မတွေ့လိုက်တာ နားကျည်းကြောင်း ပြောပါတယ်ဗျာ"

ရှား။ ။"မိုးကြိုးပစ်သံတော့ ကြားလိုက်သလား"

မှိ။ ။"ဟာ တညလုံး တခြိမ့်ခြိမ့်နဲ့ ပစ်နေတာဗျာ။ ဘယ်အချက်ကယ်လို့တော့ ဘယ်ပြောတတ်မလဲ"

ရှား။ ။"ဦးဖိုးမှိဟာ ဗလကလဲ ကောင်း၊ လူကလဲ ကျန်းမာလျက်နဲ့ ဘယ့်အတွက် အလုပ်က ထွက်လိုက်သလဲဗျာ"

မှိ။ ။"ဆရာတို့ကတော့ အရာရှိမို့လို့ လခကောင်းတယ် ဆရာရဲ့၊ ကျွန်တော်တို့က ပုလိပ်သား ဆိုတော့ သားနဲ့မယားနဲ့ ကောင်းကောင်းမစားလောက်ဘူးဆရာ"

ရှား။ ။"ဒါထက် ခင်ဗျားတို့သားအမိတစု ဒီတဲမှာနေရတာ စံဖဲတို့လူစုမကြောက်ဘူးလားဗျာ"


www.burmeseclassic.com

www.burmeseclassic.com



မို ။ ။ "ပိုက်ဆံမရှိတဲ့လူက လူဆိုးကို ဘာကြောက်မလဲဗျာ"

ရှား ။ ။ "ပိုက်ဆံ မရှိပေမယ့် သမီးပျိုနဲ့ ဘာနဲ့ဆိုတော့ စိုးရိမ်စရာပေါ့ဗျာ"

မို ။ ။ (ရှက်ရက် မျက်နှာပျက်လျက်) "ဒီလိုများတော့ စမ်းစမ်းပါစေဗျာ။ ခြောက်လုံးပြူး မကိုင်ရပေမယ့် ကိုယ့်လက်ရုံး ကိုယ်အားကိုးရတာပေါ့ဆရာ။ မကြောက်ပါဘူး"

ထို့နောက် ကိုအုန်းဖေသည် အရေးမကြီးသည့် စကားအနည်းငယ်ကို မေးမြန်းပြီးနောက် ဦးစံရှားနှင့် ကိုအုန်းဖေတို့သည် အလောင်းရှိရာသို့ ပြန်လာကြ၍ ဦးစံရှား၏ အကြံပေးချက်အရ ကိုအုန်းဖေသည် အလောင်းကို ပုလိပ်သားများအား လှည်းနှင့်တင်ဆောင်၍ ဆေးရုံသို့ပို့ရန် အမိန့်ပေးပြီးလျှင် ဌာနသို့ ပြန်လာခဲ့ကြလေ၏။

နောက်တနေ့၌ ဦးစံရှားသည် စာတိုက်မှ စာတစောင်ကို ရရှိသဖြင့် ဖောက်၍ဖတ်ကြည့်ရာ အလွန်တရာ အံ့သြပြီးနောက် မည်သို့ပြုရမည်ကို အကြံယူလျက် ရှိလေ၏။ ယင်းစာမှာ—

စာရေး အစီရင်ခံပါသည် ဦးစံရှား ခင်ဗျာ။ ကျွန်တော်သည် ကျောင်း၌ နေစဉ်အခါကတည်းက ဦးစံရှား၏ စုံထောက် ဝတ္ထုများကို သူရိယ မဂ္ဂဇင်းတွင် ဖတ်ရှုရသဖြင့် ဦးစံရှား၏ ဉာဏ်စွမ်းကို များစွာ ချီးမွမ်းခဲ့သူတယောက် ဖြစ်ပါသည်။

ယခု ကျွန်တော်၏ အမှု၌လည်း ဦးစံရှားကိုယ်တိုင် လာရောက်စုံထောက်ကြောင်း ကြားသိရပါသည်။ ကျွန်တော်၏ အလောင်း ဟူ၍ ပုလိပ်အရာရှိများ ထင်မှတ်အောင် ပြုလုပ်ထားသည်တွင် ဦးစံရှားက အလိမ်ဖြေပေးလိုက်သောကြောင့် ကျွန်တော်၏အကြံ အထမမြောက်သည့်အတွက် ဝမ်းနည်းပါသော်လည်း ဦးစံရှားနှင့် လူချင်း တွေ့ဆုံနိုင်ခွင့်အရေး ပေါ်ပေါက်၍လာသည့်အတွက် ဝမ်းမြောက်ပါသည်။

သေသောသူမှာ ကျွန်တော်၏တပည့် သာဂရရွာသား ဖိုးသက်ဖြစ်ပါသည်။ သတ်သောသူကိုလည်း ကျွန်တော်သိပါသည်။ ထိုသူ့အပေါ်၌ ကျွန်တော်က ဂလဲ့စားချေရန် ကိစ္စရှိပါ၍ ဖော်ပြောလိုပါသည်။ သို့ဖြစ်၍ ဦးစံရှားက ကျွန်တော့်အား မဖမ်းဆီးပါဟု ကတိသာခဲ့ပါလျှင် နှစ်ဦးတွေ့ဆုံပြီးလျှင် ထိုအမှုကို ပေါ်အောင် ပြုလုပ်နည်းနှင့်တကွ ကျွန်တော် ပြော၍ ပြပါမည်။

ကျွန်တော်သည်လည်း ဦးစံရှားကို မည်သည့်နည်းနှင့်မျှ ရန်မရှာပါဟု ကတိထားပါမည်။ သဘောတူညီခဲ့လျှင် ယနေ့ညနေ ၄ နာရီအချိန်တွင် ဈေးထဲသို့ တယောက်တည်း လမ်းလျှောက်လာပါလေ။ ဦးစံရှား လမ်းလျှောက်သည်ကို မြင်သောအခါ သဘောတူကြောင်း ကျွန်တော်သိရ၍ အလောင်းတွေ့သောနေရာမှာ ယနေ့ည ၉ နာရီ အချိန်တွင် စောင့်၍နေပါမည်။ ဦးစံရှား တယောက်တည်း လာပါလေ။ မည်သို့မျှ ကျွန်တော်က ရန်မရှာကြောင်း ထပ်လောင်း၍ ကတိထားပါသည်။

ဦးစံရှားသည် စာကိုဖတ်ပြီးနောက် အချိန်အတန်ကြာအောင် စဉ်းစားပြီးလျှင် အင်စပက်တော် ကိုအုန်းဖေအား တိုင်ပင်ရန် မလိုဟု ဆုံးဖြတ်၍ စံဖဲကို မြင်ရဖူးသည်မှ ရှိစေတော့၊ သူချိန်းဆိုထားသည့်အတိုင်း သွားရောက်အံ့ဟု ကြံရွယ်လေ၏။

ယင်းကဲ့သို့ ကြံရွယ်သည့်အတိုင်း ဦးစံရှားသည် ထိုနေ့ညနေ ၄ နာရီအချိန်တွင် ဈေးအတွင်းသို့ လျှောက်သွားရာ ဈေးအတွင်းသို့ ရောက်ကာလ မိမိအား ချောင်းမြောင်း ကြည့်ရှုနေသောသူသည် မည်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသနည်းဟု စောင်းပေါ်းရိပ်ခြည် ကြည့်ရှုပါသော်လည်း ဈေးဝယ်မိန်းမများနှင့် ဈေးသည်များမှတပါး မည်သူ့ကိုမျှ မမြင်သည်နှင့် တခဏမျှကြာလျှင် ဌာနသို့ ပြန်လာခဲ့လေ၏။

နေဝင်သည်နှင့် တပြိုင်နက် ဦးစံရှားသည် ကိုအုန်းဖေအား ကိစ္စတခုရှိကြောင်းနှင့်သာ လျှင် သာမည ပြောဆိုခဲ့၍ ချိန်းဆိုရာနေရာသို့ သွားရောက်လေ၏။

၇ နာရီခွဲသည်နှင့် တပြိုင်နက် ဦးစံရှားသည် ထိုနေရာသို့ ဆိုက်ရောက်ခဲ့လေရာ လူသူတဦးတယောက်မျှ မရှိသည့်ပြင် မှောင်မိုက်သော ညဥ့်ဖြစ်၍ အလောင်းကို ရွှေ့ပြောင်းပြီး ဖြစ်သော်လည်း များစွာ တုန်လှုပ်ဖွယ် ကောင်းလေ၏။

ဦးစံရှားမှာမူ တစ္ဆေတို့မည်သည် သေနတ်လည်း မရှိ၊ ဓားမြောင်လည်း မရှိသောကြောင့် ကြောက်မက်ဖွယ်ရာမဟုတ်၊ လူဆိုးကိုသာလျှင် ကြောက်မက်ဖွယ် ရှိသည်ဟု အောက်မေ့၍ ခါး၌ ထိုးထားသော ခြောက်လုံးပြူးကို မကြာမကြာ လက်ဖြင့် စမ်းသပ်လျက် စကြံ့လျှောက်၍ နေလေ၏။

၅ မိနစ်ခန့်မျှ ကြာသောအခါ မြင်းခွာသံလည်း မကြားရပဲ ခြုံကွယ်မှ လူတယောက်သည် ရုတ်တရက် ထွက်ပေါ်လာလေရာ ဦးစံရှားသည် ရုတ်တရက် သေနတ်ကို ဆုပ်ကိုင်မိလေ၏။

ထိုအခါ ထိုသူက ရယ်မောကာ မြင်းပေါ်မှ ဆင်းလျက်—

"ကျွန်တော်ပါ ဦးခင်ဗျား၊ တယ်ပြီး ဝမ်းမြောက်ပါတယ်ခင်ဗျား။ သို့သော် မျက်နှာကို မြင်ရအောင် ကြည့်ပါဦးခင်ဗျာ" ဟု ပြော၍ ဦးစံရှား၏ မျက်နှာကို လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ ကြည့်လေ၏။

ရှား။ ။"ခမောင်စံဖဲလားဟေ့"

ဖဲ။ ။"မှန်ပါတယ် ခင်ဗျာ"

ရှား။ ။"မင်းကတော့ ငါ့ကိုမြင်ရပြီ၊ ငါကလဲ မြင်ပါရစေကွယ်" ဟု ပြော၍ ဦးစံရှားကလည်း လက်နှိပ်ဓာတ်မီးနှင့်ထိုး၍ ကြည့်လိုက်သည်။ စံဖဲလည်း ရဲဝံ့စွာ ရင်ကိုကော့၍ အကြည့်ခံလေ၏။

ဖဲ။ ။"ကဲ့ကောင်း တော်လောက်ပါပြီခင်ဗျာ၊ ဒါထက် ဖိုးသက်ကိုသတ်တာ ဘယ်သူလဲဦးသိလား"

ရှား။ ။"ဦးဖိုးမိပါကွယ်၊ ငါသိပါတယ်"

ဖဲ။ ။"နို့ ဘာဖြစ်လို့ မဖမ်းသလဲ ခင်ဗျာ"

ရှား။ ။"သိတာက တမျိုး၊ ထင်ရှားအောင် သက်သေပြနိုင်တာက တချိုးကိုးကွယ့်၊ နည်းနည်း လိုသေးလို့ ငါဆိုင်းနေပါတယ်"

ဖဲ။ ။"ထင်ရှားအောင် သက်သေပြဖို့ အလွယ်ကလေးပဲ ခင်ဗျာ"

ရှား။ ။"နေပါအုံး၊ ဒါထက် ဦးဖိုးမိုသတ်ကြောင်း မင်းက ဘယ်နှယ်သိသလဲ"

ဖဲ။ ။"ဒီလိုပါခင်ဗျာ၊ ကျွန်တော်က ဦးသိတဲ့အတိုင်း မနဲ့ ပတ်သက်ယင် ကျွန်တော့်လိုလူဆိုး လုပ်မယ့်သူများမှာ ဒုက္ခတွေတွေ့တတ်လွန်းလို့ ကျွန်တော်က အထူးသဖြင့် သတိထားပါတယ် ခင်ဗျာ။ တပည့်များ ကိုလဲ ဒီဟာမျိုးကို မရှမ်းကားစေရဘူး။

"ဒါနဲ့ ဖိုးသက်ဆိုတဲ့အကောင်ကတော့ စကားကို နားမထောင်ဘူး။ ဟိုညက ဦးဖိုးမို သမီးကလေး သွားပြီး ရမ်းကားတယ် တင်ပါရဲ့၊ ဒါနဲ့ ဦးဖိုးမိုက ဒေါသအလျောက် ရိုက်သတ်လိုက်ဟန် တူပါတယ်။

"ကျွန်တော်ကလဲ ကံအားလျော်စွာ ဟိုညက ဘောလယ်နေ့တုန်း ဦးဖိုးမိုက ခွေးမသားကလေး အလောင်းကို ဆွဲပြီးလာတာ သွားတွေ့တာကိုးခင်ဗျ၊ သူကတော့ ကျွန်တော့်ကိုမမြင်ပါဘူး။ အလောင်း ပစ်ထားခဲ့တော့မှ သေသေချာချာကြည့်တော့ ကျွန်တော့်အကောင် ဖြစ်နေမှန်း သိရတာကိုး ဦးရဲ့။



www.burmeseclassic.com

www.burmeseclassic.com


"ဦးဖိုးမှီကိုတော့ ဒီအတွက် အမျက်မထားပါဘူး။ သို့သော် သူက ကျွန်တော့်အကြောင်းကို သဘင်းပေးတတ်သေတော့ သူ့ကိုလဲ လက်စားချေချင်တဲ့ သဘောနဲ့ သတင်းပေးခြင်း ဖြစ်ပါတယ်ခင်ဗျာ"

ရှား။ ။"ပြော် ဒီသို့လား။ ဒါထက် အလောင်းကိုတွေ့တော့ မိုးကြိုးပစ်သေတဲ့ စံဖဲအလောင်းနဲ့ တူအောင် မောင်က လုပ်ထားခဲ့တာပေါ့လေ"

ဖဲ။ ။"အလောင်းကို တွေ့တွေ့ချင်း ဒီအကောင်က ကျွန်တော်နဲ့ လုံးတူ ရုပ်တူ ဖြစ်ကြောင်း သွားသတိရတာနဲ့ အကြံပေါ်လာတာကိုး ခင်ဗျ။ ကျွန်တော်လဲ အခုတလော အငြိမ်မနေရပဲ ပြေးရ လွှားရ၊ တိုက်ရ ခိုက်ရ အားကြီးလေတော့ ခဏလောက် နားခွင့်ရစေတော့လို့ ကျွန်တော့် အလောင်း တူအောင် ကျွန်တော် လုပ်ထားတာကိုး ခင်ဗျ။

"ဒါနဲ့ မျက်နှာနဲ့ ဆံပင်ကို မီးမြှိုက်၊ အနီးအပါးက မြက်ကလေးတွေလဲ နည်းနည်းကျွမ်းအောင် မီးနဲ့ရှို၊ ကျွန်တော့်စာကို သူ့အိတ်ထဲထည့်၊ တယ်မခက်လှပါဘူး ခင်ဗျ။ တော်တော့် ပုလိပ်တော့ အဟုတ် မှတ်မှာပဲ ခင်ဗျ"

ရှား။ ။"ဟုတ်ပါရဲ့၊ ဒါထက် ဦးဖိုး မှီအမှုကို ထင်ရှားအောင် လုပ်တဲ့နည်းကို ပြောစမ်းပါအုံး ကွယ်"ဟု ပြောသဖြင့် စံဖဲလည်း ဦးစံရှားအား မိမိအကြံအစည်ကို ပြော၍ပြလေရာ ဦးစံရှားသည် စဉ်းစား စိတ်ကူးကာ နားထောင်ပြီးနောက် စံဖဲ၏စီမံပုံကို ချီးမွမ်း ပြောဆိုပြီးလျှင် ယင်းအကြံအတိုင်း လိုက်နာရန် သဘောတူလေ၏။

ရှား။ ။"မင်းဟာက နက်ဖြန်ည စီမံမှ ဖြစ်မယ် ဟုတ်စ"

ဖဲ။ ။"ဟုတ်ကဲ့"

ရှား။ ။"နေအုံး၊ မင်းနဲ့ ငါနဲ့ချည်း မပြီးဘူးကွယ့်။ သက်သေပါအုံးမှ ဖြစ်မယ်။ ဒီတော့ ကိုအုန်းဖေတယောက် ပါရလိမ့်မယ်"

ဖဲ။ ။"အစိုးရပုလိပ်ဆိုတဲ့ လူမျိုးဟာ ကတိ တည်ပါ့မလား ဦးရယ်၊ တော်တော်ကြာတော့ ငွေ ငါးထောင် မက်ပြီး စကားဖျက်မှာ ကြောက်ရဘယ် ဦးရဲ့"

ရှား။ ။"ငါ့တာဝန် ထားလိုက်ပါကွယ်"

ဖဲ။ ။"ဒါတော့ ဦးလူပဲ၊ ကြည့်သာလုပ်ပေတော့လေ"

ရှား။ ။"စိတ်ချပါကွယ်"

ဖဲ။ ။"ကိုင်း တွေ့ရတဲ့အတွက် ဝမ်းမြောက်ပါတယ် ခင်ဗျာ။ နက်ဖြန်မှ တွေ့ကြအုံးစို့။ ကျွန် တော်ဖြင့် အရှင်လတ်လတ်များ အမိနိုမယ်လို့ ဘယ်တော့မှ စိတ်မကူးပါဘူး။ သို့သော် အမိခံချင်း ခံယင် ဦးလိုလူ လက်ထဲမှာ အမိခံရယင်တော့ ကောင်းပါသေးရဲ့ ဦး ခင်ဗျာ။ ကိုင်း သွားလိုက်ပါအုံးမယ်"

ဌာနသို့ ရောက်သောအခါ ဦးစံရှားသည် ကိုအုန်းဖေအား စံဖဲနှင့်တွေ့ဆုံခဲ့ရပုံနှင့်တကွ နက်ဖြန်ည အတွက် အကြံအစည်များကို ပြော၍ပြလေရာ ကိုအုန်းဖေမှာ များစွာအံ့ဩလျက် နက်ဖြန်ညအဘွက်ကို လည်း ကတိမထားချင့် ထားချင်နှင့် ကတိထားလိုက်ရလေ၏။

နောက်နေ့ ညနေ၌ ဦးဖိုး မှီ လင်မယားတစုတို့သည် ညစာထမင်း စားသောက်လျက် ရှိနေကြစဉ် ဦးဖိုးမှီ၏မယား မငြိမ်းအေး၏အမိသည် အသည်းအသန်ဖြစ်နေကြောင်းနှင့် လူတယောက်က ဝင်ရောက် ပြောဆိုသွားသဖြင့် မငြိမ်းအေးအပြင် ယင်း၏သမီး မဖွားတုတ်နှင့်တကွ သားငယ်တို့သည် သာဂရရွာသို့ ချက်ချင်း သွားရောက်ကြလေ၏။

---

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဦးဖိုးမှိုမှာမူ ယောက္ခမကြီးနှင့် စကားမပြောသည် တကြောင်း၊ အိမ်အစောင့်မရှိသည် တကြောင်းကြောင့် တယောက်တည်း ကျန်နေရစ်ခဲ့လေ၏။

ဦးဖိုးမှိုသည် လူနှင့် လူချင်းမှာမူ သတ္တိကောင်းသောသူတယောက် ဖြစ်သော်လည်း အလွန်တရာ တစ္ဆေကြောက်တတ်သော လူတယောက် ဖြစ်လေရာ လူခြေတိတ်သည်နှင့် တပြိုင်နက် ကြောက်ရွံ့သော စိတ်တို့သည် တိုးတက်ဖြစ်ပွား၍ လာခဲ့လေ၏။

ဦးဖိုးမှိုသည် မီးခွက်အနီးတွင်ထိုင်လျက် ဖြစ်မှုရှိ၍ စိတ်မလုံသော သူတို့၏ ထုံးစံအတိုင်း တချက်ချက် မြည်တိုင်း ရင်တွင်း၌ ဒိန်းကနဲ ဒိန်းကနဲ ဖြစ်ပြီးလျှင် ဇောချွေးများပြန်၍ လာခဲ့သေရာ မီးခွက်မှ မီးတောက်များသည်လည်း ရပ်တည်ခြင်းမရှိပဲ အထူးသဖြင့် ထိုည၌ လှုပ်ရှားသည်ဟူ၍ ဦးဖိုးမှို၏ စိတ်၌ မှတ်ထင်မိလေ၏။

ကြောက်ရွံ့တတ်သောသူတို့မှာ ကြောက်ရွံ့သည့်အခါ၌ ရှေးအခါက မိမိတို့ ကြားသိ တွေ့မြင်ခဲ့ဖူးသည့် ကြောက်ရွံ့ဖွယ် အခြင်းအရာ အဖြစ်အပျက်တို့ကို အထူးသဖြင့် သတိရတတ်သည်ဖြစ်လေရာ ဦးဖိုးမှိုမှာလည်း ငယ်ရွယ်သည့်အခါကစ၍ ကြားခဲ့ရဖူးသော တစ္ဆေဝတ္ထုတို့ကို တခုပြီးလျှင်တခု သတိရလျက် အိပ်စက်ခြင်းငှာ မတတ်နိုင်ပဲ ရှိနေလေ၏။

ထိုခဏ၌ အလွန်တရာ နက်ကျယ်လှသော ခွေးအူသံကြီးကို ငမိန်းတဲရှေ့မှ ရုတ်တရက် ကြားလိုက်ရလေရာ ဦးဖိုးမှိုသည် ကြက်သီးမွေးညင်းများ ထလျက် ခေါင်းရှည်ကို စေ့စေ့ပါအောင် ဆုပ်ပါသော်လည်း တစ္ဆေနှင့် ခေါင်းတို့မှာ မည်သို့မျှ မတတ်နိုင်သည်ဖြစ်၍ ကြောက်ရွံ့ခြင်း မပြေပျောက်ပဲ ရှိနေခဲ့လေ၏။

ထိုအခါ မီးခွက်မှ မီးတောက်သည်လည်း လှုပ်ရှားသည်ထက် လှုပ်ရှားပြန်လေရာ ဦးဖိုးမှိုသည် မီးငြိမ်း၍ သွားမည်ကို စိုးရိမ်သည်နှင့် တုန်ယင်သော လက်ဖြင့် ကာကွယ်လျက် ရှိသည်တွင် လိုဏ်သံပါသော အသံဖြင့်—

"ဗျို့ ဦးဖိုးမှို" ဟု တဲရှေ့မှလိုလို၊ တဲနောက်မှလိုလို ခေါ်သံကြားလိုက်ရလေ၏။

ထိုအခါ၌ကား ဦးဖိုးမှို၏ရင်သည် နံရိုးများ ကျိုးအောင် ပြုတ်တော့မည်ကဲ့သို့ ပြင်းထန်စွာ ခုန်လျက် ရှိနေလေရာ ခွေးအူသံသည် လည်းကောင်း၊ မိမိအား ခေါ်သံသည် လည်းကောင်း စိတ်ထဲ၌သာ ထင်ခြင်း ဖြစ်လေသည်၊ ဘာကယ်မဟုတ်ဟူ၍ စိတ်ကို တင်းလျက်ရှိနေစဉ် ထိုအသံကြီးက "ဗျို့ ဦးဖိုးမှို။ ကျုပ်ခေါ်တာ မထူးဘူးလား" ဟု ပြောပြန်လေ၏။

ထိုအခါ၌မူကား ဦးဖိုးမှိုသည် စိတ်ကို တင်း၍ မရနိုင်သည်ဖြစ်သောကြောင့် အော်ရမည်လိုလို၊ ပြေးရမည်လိုလို ရှိဆဲတွင်—

"ဗျို ဦးဖိုးမှို၊ တူးစမ်းပါလဗျ"

"ဟေ့ ဘယ်သူလဲ။ သယ် ဘာမှတ်လို့လဲဟေ့။ ဟင်၊ ငါကွ။ သတ္တိ သိချင်သလား"

"ဘယ်သူရမှာလဲဗျ။ ကျုပ်ကို မသိဘူးလား၊ ဖိုးသက်လေ"

"ဘယ်က ဖိုးသက်လဲ"

"ခင်ဗျားသတ်တဲ့ ဖိုးသက်လေ၊ ရေကလေး တခွက်လောက် ပေးစမ်းပါဗျာ"

"ဣတိပိသော၊ ဘဂဝါ၊ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော။ အလို ဘုရား ဘုရား။ ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော။ ဘုရားကယ်တော်မူပါ"

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ ခင်ဗျားကိုမကယ်နိုင်ဘူး"ဟု ပြော၍ ရှံနီကို ဦးခေါင်းတွင်စည်းလျက်ရှိသေးပုံသဏ္ဍာန်သည် အိမ်ထဲသို့ တဖြည်းဖြည်းဝင်၍လာရာ ဦးဖိုးမှိုသည် ကြက်သေသေလျက် စိုက်ငေးကာ ကြည့်နေရာမှ ရုတ်တရက် ထ၍—

"သယ် တခါပြင် နှစ်ခါ သေချင်သေးသလား၊ ဟဲ့ ဖိုးသက်၊ လူသော တစ္ဆေသော နင့်ကို ငါ မကြောက်ဘူး။ လူ့ဘဝ တခါသတ်ပြီး တစ္ဆေဘဝ တခါ သေချင်ပြန်သေးသလားဟဲ့ ဟင်"ဟု ပြော၍ ကြောက်အား လန့်အားဖြင့် ဓားနှင့်ခုတ်မည်အပြုတွင် စံဖဲသည် ရှံနီကိုချွတ်ချ၍ ဦးစံရွှေနှင့် ကိုအုန်းဖေ တို့လည်း အထဲသို့ ဝင်လာကြလေ၏။

တဲတွင်းသို့ ရောက်ကြသည်နှင့်တပြိုင်နက် ကိုအုန်းဖေသည် ခြောက်လုံးပြူးသေနတ်ကို ကိုင်လျက်—

"ခင်ဗျားလဲ မပြေးနဲ့ဦးဖိုးမှို၊ မင်းလဲ မပြေးနဲ့ စံဖဲ"

ဖဲ။ ။"ဘာကြောင့်လဲဗျာ"

ဖေ။ ။"မင်းပြေးယင် ပစ်လိုက်မယ်၊ မင်းကိုလဲ ငါ ဖမ်းရမယ်"

ရွှေ။ ။"ဘယ့်နှယ် ကိုအုန်းဖေ၊ ကျုပ်တို့ ကတိရှိကြတယ်လေ"

ဖေ။ ။"နားမလည်ဘူးဆရာ၊ လူဆိုးအပေါ်မှာ ကတိမတည်နိုင်ဘူး"

ရွှေ။ ။"ဘယ်သူ့ကိုပဲဘာဘာ ကတိဆိုတာ ကတ်ပဲ ကိုအုန်းဖေ"

ဖေ။ ။"နားမလည်ဘူးဆရာ"

ရွှေ။ ။(ရုတ်တရက် စံဖဲ၏ရှေ့မှရပ်လျက်) "ကိုင်း ကျုပ်ကိုဖောက်ပြီးမှ သူ့ကိုပစ်"

ဖဲ။ ။"နေပါဦးခင်ဗျာ။ ကျွန်တော့်ကို သူပစ်စမ်းပါစေ။ အင်စပက်တော်မင်း နောက်လှည့် ကြည့်လိုက်စမ်း"

ထိုအခါ ကိုအုန်းဖေသည် မိမိနောက်မှ 'ချောက်'ကနဲ အသံကို ကြားရသဖြင့် လှည့်၍ ကြည့်မိရာ စံဖဲ၏တပည့် လူဆိုးတယောက်သည် မိမိအား ခြောက်လုံးပြူးသေနတ်နှင့် ချိန်ရွယ်လျက်ရှိသည်ကို တွေ့ရှိသဖြင့် မိမိ၏ သေနတ်ကို ချလိုက်လေ၏။

ဖဲ။ ။"ဒါကြောင့် ဦးကို ကျွန်တော်ပြောတယ် မဟုတ်ဘူးလား။ ပုလိပ်စကားကို မယုံပါနဲ့လို့ ကျွန်တော်ပြောတယ်။ ဦးနဲ့တွေ့ဖို့လာတုန်းကတော့ ကျွန်တော်က ယုံကြည်စိတ်ချပြီး တယောက်တည်းပဲ လာခဲ့ပါတယ်။ ပုလိပ်ပါမယ်ဆိုတော့ ကျွန်တော်က တယ်ပြီးစိတ်မချတာနဲ့ အဖော်တယောက်ခေါ်ခဲ့ရတယ် ဦးရဲ့။ ကံကောင်းလို့ ခေါ်ခဲ့မိပေလို့ခင်ဗျာ"

ရွှေ။ ။"ပြောလဲ ပြောစရာပဲ ကိုအုန်းဖေ"

ဖဲ။ ။(မိမိခြောက်လုံးပြူးကိုထုတ်လျက်) "ကိုင်း အင်စပက်တော်မင်း၊ ရတနာသုံးပါးနှလုံးသွင်း ပေတော့။ ကတိပျက်တဲ့ လူကိုတော့ စီရင်ရလိမ့်မယ်"

ရွှေ။ ။"မတော်ပါဘူးမောင်၊ တောင်းပန်ပါရစေ"

ဖဲ။ ။"ဦးက သူ့ကို တောင်းပန်တုန်းက ဦးစကားကို နားထောင်ရဲ့လား"

ရွှေ။ ။"မထောင်ပေဘူး မောင်"

ဖဲ။ ။"ပုလိပ်ဟာ ကတိမတည်တဲ့အပြင် လူကြီးစကားကို နားမထောင်သော်လဲ ကျွန်တော် လူငယ်က လူဆိုးအခေါ်ခံရပေမယ့် ဒင်းတို့ထက် စကားတည်ကြောင်း၊ သဘောကြီးကြောင်း ပြလိုက်ရအောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ခင်ဗျာ။ ကျွန်တော်တို့ ပြန်အိုးမယ်။ ခွင့်ပြုပါအုံးခင်ဗျာ။ လာဟေ့ စံညွန့်''ဟုပြော၍ ခြောက်လုံးပြူး ကို သိမ်းဆည်းလေ၏။

စံဖဲနှင့် သူ၏တပည့်စံညွန့်တို့ ဆင်းသွားကြလေလျှင် ကိုအုန်းဖေသည် မိမိ၏ သိမ်ငယ် ညံ့ဖျင်းစွာ ပြုမူမိသည်ကို အရှက်ရသည်ဖြစ်၍ အချို့သောသူများ ပြုလုပ်လေ့ ရှိသည့်အတိုင်း နိုင်ရာဖို့၍ ထောင်းမည် အကြံနှင့် ဦးဖိုးမှိုကို ဝေါက်ငန်းခြိမ်းခြောက် မောင်းမဲရေရွတ်ပြီးလျှင် ဌာနာသို့ ချက်ချင်း လိုက်ခဲ့ရန် အမိန့်ပေးလေ၏။

ဦးစံရှားမှာ ကိုအုန်းဖေအတွက် စံဖဲအပေါ်၌ ရှက်လှသည် ဖြစ်သောကြောင့် သာစည်သို့ မိမိလာခဲ့ ခြင်းသည် မှားလေစွဟု အောက်မေ့လျက် ထိုနေ့ရထားနှင့် ရန်ကုန်သို့ ပြန်လည်ရောက်ရှိလာခဲ့လေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ၃၆။ အမြွေမပေးလိုသော ပထွေးအမှု*

တနေ့သ၌ ကျွန်တော်သည် ညအချိန်တွင် မစ္စဘာဂမောင်မှိုင်း၏ထွက်ပေါ်ခါစဖြစ်သော ဒေါင်းဋ္ဌိကာစာအုပ်ကို သန်းခေါင်ကျော်သည့်တိုင်အောင် ဖတ်ရှုခဲ့မိသဖြင့် နံနက်အချိန်တွင် အားလပ်သော တနင်္ဂနွေနေ့လည်းဖြစ်သဖြင့် အိပ်ရေးဝအောင် အိပ်မည်အကြံနှင့် အိပ်ရာထဲ၌ ကွေးလျက်ရှိစဉ် ဦးစံရှားသည် အဝတ်အစားအပြည့်အစုံ ဝတ်ဆင်ကာ အိပ်ရာအနီးတွင် ရပ်လျက်—

"ရှစ်နာရီတောင် ထိုးသွားပြီဗျ ကိုသိန်းမောင်၊ ခုတောင် မထသေးဘူးလား" ဟု နှိုးသဖြင့် ကျွန်တော်မှာ အိပ်မှုန်စုံမွှားနှင့် အခြားသာဘက်သို့ စောင်းပြီးလျှင်—

"တယ်ရှုပ်တဲ့လူပျာ၊ အားတဲ့နေ့မို့ အိပ်ရေးဝအောင် အိပ်မယ်လို့ ကြံနေပါသား ဘာလုပ်မယ့် လာနှိုးပါလိမ့်" ဟု စူပူအောင့်အောင့်နှင့် ပြန်ပြောလိုက်လေသည်။

"မတတ်နိုင်ဘူးလေဗျာ။ ဒီကနေ့မနက်တော့ တလှည့်စီ ဒုက္ခပေးရတဲ့နေ့ ဖြစ်နေပြီ။ ထမင်းချက်တဲ့ ဒေါ်သန်းတင်ကို တယောက်က လာနှိုး၊ ဒေါ်သန်းတင်က ကျုပ်ကိုနှိုး၊ ကျုပ်က တခါ ခင်ဗျားကို နှိုးရတော့တာပဲ"

"ဘာဖြစ်လို့လဲဗျ။ သူခိုး ခိုးသလား၊ ဒမြတိုက်လို့လား၊ မီးလောင်လို့လားဗျ"

"စိတ်မတိုပါနဲ့ ဆရာကြီးရယ်၊ အမှုသည်မတယောက် ရောက်နေလို့ပါ။ မိန်းကလေးတယောက် တုန်တုန်ယင်ယင်နဲ့ ရောက်လာပြီး ကျုပ်ကို ချက်ချင်းတွေ့ရမှလို့ ပြောနေတယ်။ အိမ်ရှေ့ဧည့်ခန်းမှာ စောင့်နေလေရဲ့။ မိန်းမပျိုကလေးတယောက်က လူတွေကို စောစောစီးစီး လည်နှိုးနေတယ်ဆိုတာ ဧကန္တ အရေးကြီးတဲ့ကိစ္စ ရှိလို့ပါပဲ။ အမှုကောင်းဖြစ်နေလို့ရှိယင် လက်မလွတ်ရအောင်လို့ ခင်ဗျားကို ကျုပ်လာနှိုးတာပဲ"

"ဒီလိုဆိုယင်တော့ ထရတာပေါ့ဗျာ"

ကျွန်တော်သည် လျင်မြန်စွာ မျက်နှာသစ်၍ ဦးစံရှားနှင့်အတူ ဧည့်ခန်းသို့ ဝင်သွားလေရာ မျက်မှန်အနက်ကြီးကိုတပ်သားသော မိန်းမပျိုကလေးတယောက်သည် အမှုသည်များထိုင်နေကျဖြစ်သော ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိသည်ကို တွေ့ရလေ၏။

---

* ဤဝတ္ထုကို ရှုမဝ မဂ္ဂဇင်း၊ ၁၉၄၇၊ ဇန်နဝါရီ၊ အမှတ် ဝ တွင် ပုံနှိပ်ဖော်ပြခဲ့သည်။ မြန်မာပြည်စာအုပ်တိုက်မှ အတွဲ ၁၀ နှင့် နှလုံးလှစာပေတိုက်မှ အတွဲ ၅ တို့တွင် ထပ်မံဖော်ပြသည်။ မူရင်းမှာ The Speckled Band ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးစံရွှေးဆိုတာ ကျုပ်ပါပဲ။ ဟောဒါက ကျုပ်မိတ်ဆွေ ဦးသိန်းမောင်ပါ။ ပြောစရာရှိတဲ့စကားကို သူ့ရှေ့မှာ မခြွင်းမချန် ပြောနိုင်ပါတယ်။ မိန်းကလေးကြည့်ရသာ တုန်လို့ပါလား။ သိပ်ချမ်းနေတယ် ထင်တယ်။ ကိုင်း ဒေါ်သန်းတင်၊ ကော်ဖီ မြန်မြန်ဖျော်ခဲ့ပါဗျို"

"ကျွန်မက ချမ်းလို့တုန်တာ မဟုတ်ပါဘူးရှင်။ ကြောက်လွန်းလို့ တုန်နေတာပါ"ဟုပြောသည့်တွင် ကျွန်တော်သည် ထိုမိန်းမ၏ ရုပ်လက္ခဏာကို အကဲခတ်မိရာ အသက် ၂၅ နှစ်ခန့်ရှိ၍ အတက်တန်းစား မကျ တကျရှိသော အခြေအနေရှိသူတယောက် ဖြစ်ကြောင်းကို ရိပ်မိလေ၏။

"မကြောက်ပါနဲ့ မိန်းကလေး၊ ကျုပ်နဲ့တွေ့ရတဲ့အချိန်ကစပြီး ဘေးအန္တရာယ်အားလုံး ကင်းဝေးသွားပြီလို့ စိတ်နှလုံး တုံးတုံးချလိုက်ပါတော့။ ကိုင်း ကိုင်း၊ ပြောစရာရှိတာ ပြောပါအုံး"

"ကျွန်မမှာ ခိုကိုးရာမဲ့ဖြစ်နေလေတော့ ဦးစံရွှေးအကြောင်း ကြားဖူးလို့ ပြေးလာခဲ့ရပါတယ်ရှင်။ အားကိုးရမယ့်သူတယောက်ရှိသော်လဲ လက်မထပ်ရသေးလို့ ငွေရေးကြေးရေးမှာ အကူအညီ တောင်းဖို့ ခဲယဉ်းနေပါတယ်။ ကျွန်မကိစ္စကို ဆောင်ရွက်ပေးလို့ ခုချက်ချင်း ကျေးဇူးမသိနိုင်ပေမယ့် ကျွန်မ လက်ထပ်ပြီးတဲ့ အခါကျတော့ ဦးစံရွှေးကို ကျွန်မ ကျေးဇူးဆပ်ပါ့မယ်ရှင့်"

"ကိစ္စမရှိပါဘူး မိန်းကလေး ကျုပ်က အဖိုးအခကို သဘောထားပြီး အလုပ်လုပ်တဲ့လူမဟုတ်ပါဘူး။ စရိတ်စက ကုန်ကျစရာရှိယင် ကျုပ်က စိုက်ထုတ်အကုန်ခံထားပြီး အကြောင်းညီညွတ်တဲ့အခါကျတော့ ဆပ်ကြတာပေါ့။ ကိုင်း ဒါထက် ဖြစ်ပျက်ပုံ ပြောပြစမ်းပါအုံး"

"ကျွန်မကိစ္စ သိပ်ဆန်းတာပဲရှင်။ ကျွန်မစိတ်ထဲက သိပ်စိုးရိမ်နေပေမယ့် ရေရေရာရာ ခြေခြေမြစ်မြစ် ရယ်လို့တော့ ဘာတခုမှ လက်ဆုပ်လက်ကိုင်ပြစရာ မရှိဘူးရှင့်။ ဒါကြောင့် သာခက်နေတာပဲ။ ကျွန်မ လူကို ပြောပြတော့ သူကတောင် ကောင်းကောင်းကြီး မယုံနိုင်ပဲ ကျွန်မကို အစိုးရိမ်ကြီးပြီး အတွေးခေါင် နေတယ်လို့ မှတ်ထင်နေဟန်တူတယ်။ သို့သော် ဦးစံရွှေးကတော့ လူသတ္တဝါတွေရဲ့ ကောက်ကျစ် စဉ်းလဲပုံတွေကို အမျိုးစုံ ကြုံဖူးတဲ့အတွက် ကျွန်မတို့ထက် ထိုးဖောက်ပြီး မြင်စွမ်းနိုင်လိမ့်မယ်လို့ အောက်မေ့ပါတယ်"

"ဆိုစမ်းပါဦး၊ ကြားပါရစေ"

"ကျွန်မနာမည်က ခင်ချစ်မေပါတဲ့။ နေတော့ မှော်ဘီမှာ။ ပထွေးနဲ့ အတူ နေရပါတယ်။ သူ့နာမည်ကတော့ မြေပိုင်ရှင် ဦးတိုးစိန်ပါတဲ့"

"အင်း ကြားဖူးသလိုလို ရှိတယ်"

"ကျွန်မပထွေး ဦးတိုးစိန်ကတော့ ဟိုနယ်မှာ မြေပိုင်ရှင် အမျိုးအနွယ်ဖြစ်လေတော့ တော်တော်ပဲ လူသိများကြပါတယ်။ သို့သော် သူ့အဖေထားခဲ့တဲ့ လယ်ယာချောင်းတွေကို သူတို့ညီအစ်ကိုတွေ ဖြုန်းလိုက်ကြတာ တော်တော်ကုန်သွားပြီး ခုတော့ လယ်ကော အနည်းငယ်လောက် ရှိပါတော့တယ်။

"ကျွန်မပထွေးက ဟိုတုန်းက ဆရာဝန်အတတ်သင်ခဲ့ပြီး ရန်ကုန်ဆေးရုံမှာ လက်ထောက်ဆရာဝန် အဖြစ်နဲ့ အမှုထမ်းခဲ့ဖူးပါသေးတယ်။ လူကြီးက ဒေါသကြီးကြီးနဲ့ အခုစခံ ကုလားတယောက်ကို သူ့ငွေ စီးကရက်ဗူး ခိုးခေါင်ရမလားဆိုပြီး မျက်နှာကို ဖိနပ်နဲ့ပိတ်ကန်လိုက်သာ သွားလေးငါးချောင်း ကျိုးသွားလေတော့ ရုံးပြင်ကန္သားမရောက်အောင် လူကြီးတွေက မနဲ ဖုံးဖိထားခဲ့ပြီး သူလဲအလုပ်က ထွက်၊ မှော်ဘီကို ပြန်လာခဲ့ပါတယ်။

"ဦးတိုးစိန် ရန်ကုန်နေတုန်းမှာ ကျွန်မအမေနဲ့ အကြောင်းပါခဲ့ပါတယ်။ ကျွန်မအဒေဖေ ဝတ်လုံ ကတော် မုဆိုးမတယောက် ဖြစ်ပါတယ်။ အမေနဲ့ ဦးတိုးစိန်နဲ့ အကြောင်းပါကြတော့ ကျွန်မရယ်၊ ကျွန်မနဲ့



www.burmeseclassic.com

www.burmeseclassic.com



အမြွာမွေး ခင်ချစ်ဆွေရယ်က နှစ်ခါလည်း သမီးအရွယ် ရှိကြပါတယ်။ ကျွန်မတို့အဖေ ဝင်လိုတော်ရေကပစ္စည်း သုံးလေးသောင်းဘန် ထားခဲ့ပေမယ့် ကျွန်မတို့အမေက ဦးတိုးစိန်ကို ယုံကြည်ပြီး သူ့လက်သူ့ခြေဆိုတာလို လွှဲအပ်ထားခဲ့ပါတယ်။

"သို့သော် ကျွန်မတို့ ညီအစ်မနှစ်ယောက် လက်ထပ်တဲ့အချိန်မှာ ငွေတသောင်းစီ လက်ဖွဲ့ဖို့ ဦးတိုးစိန်က ကတိထားခဲ့ပါတယ်။ မှော်ဘီရောက်ကြလို့ မကြာမီ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က ကျွန်မတို့ မိခင်က မော်တော်ကားမှောက်ပြီး ဆုံးရှာပါတယ်။ မိခင် မရှိသော်လဲ ကျွန်မတို့မွေးသဖခင်ထားခဲ့တဲ့ အိမ်နှစ်လုံးနဲ့ တိုက်တလုံးကရတဲ့ အိမ်လခရယ်၊ ဦးတိုးစိန်လယ်ကရတဲ့ လယ်ထောက်ခရယ်ဆိုတော့ ကျွန်မတို့ ညီအစ်မနှစ်ယောက်နဲ့ ပထွေးပါ ချောင်ချောင်လည်လည် စားသောက်နိုင်ပါတယ်။

"ဒါကြောင့် ဦးတိုးစိန်က မှော်ဘီမှာ ဆေးဆိုင်ဖွင့်တယ်ဆိုပေမယ့် မင်းတိုင်းကျေးလောက် လုပ်ပြီး ဆေးကုတဲ့အလုပ်ကို ကြိုးကြိုးစားစား သဘောမထားခဲ့ပါဘူး။ ဒီလိုနေကြယင်းနဲ့ ကျွန်မတို့ ပထွေးဟာ စိတ် နည်းနည်း ဖောက်ပြန်လာပါတယ်။ မှော်ဘီကလူတွေက ကိုယ့်မြို့သားတယောက် ပြန်ရောက်လာတယ်ဆိုပြီး ပျူပျူငှာငှာ ရှိကြပေမယ့် ဦးတိုးစိန်က လူတကာကို မုန်းလုပ်နေလေတော့ သူ့ဆေးဆိုင်ကလေးဟာ ဖောက်သည် မရှိ ဖြစ်ပြီး တဖြည်းဖြည်း ခြောက်သွားရပါတယ်။

"ကျွန်မ ပြောသံကြားဖူးရတာက ဦးတိုးစိန်တို့ အမျိုးတွေဟာ အသက်ကြီးလာယင် တဖြည်းဖြည်း စိတ်ကြမ်းပြီး ရူးချင်သလိုလို နှမ်းချင်သလိုလို ဖောက်ပြန်တတ်တယ်လို့ ပြောကြပါတယ်။ ပြောတဲ့အတိုင်းပဲ ဦးတိုးစိန်ဟာ ဟိုလူနဲ့ ရန်ဖြစ်၊ ဒီလူနဲ့ ရန်ဖြစ်၊ ရုံးရောက် ဂတ်ရောက်နဲ့ လူကြီးကလဲ ဗလကောင်းကောင်းဆိုတော့ သူ့ကို လူတိုင်းက ကြောက်ပြီး သူ့မြင်ယင် အဝေးက ကွင်းသွားကြပါတယ်။ လွန်ခဲ့တဲ့ လထဲကလဲ စကားပြော မတည့်တယ်လို့ လူတယောက်ကို ကိုင်ပေါက်လိုက်တာ ကျွန်မတို့ လက်ထဲရှိတဲ့ လက်ဝတ် လက်စားကလေးတွေ ပေါင်ပြီး လာဘ်ထိုးနိုင်လို့သာ အရှက်တကွဲ အကျိုးနည်း မဖြစ်ရပါတယ်။

"ကျွန်မတို့ဆီမှာ စပါးရိတ်တဲ့ ကုလားတွေ ကုလားပြည်က တခါတခါ ရောက်လာပြီး အစုအအုပ်နဲ့ အလုပ်ရှာတတ်ပါတယ်။ ဒီကုလားတွေနဲ့တော့ ဦးတိုးစိန်က သင့်မြတ်ပြီး သူ့ဝင်းထဲ ခေါ်ထား၊ ဆီပေး၊ ဆန်ပေး၊ သူတို့နဲ့ အခရာတဝင် စကားပြော၊ ဘယ်လိုလူကြီးလဲ မပြောတတ်ပါဘူးရှင်။ ဒီပြင်ကလူ ဂုဏ်ရည်တူ အချင်းချင်းကိုတော့ တယောက်မှ အဖက်လုပ်ပြီး စကားမပြောဘူးရှင့်၊ သိပ်ဆန်းဘာပဲ။ ဟိုဟာလောကများ ကုလားတွေနဲ့ လိုက်သွားတယ်ဆိုပြီး ဆယ့်လေးငါးရက်လောက် မပေါ်လာဘူးရှင့်။ ဘယ်ဆီသွားတယ် မပြောတတ်ပါဘူး။

"နို့ပြီးတော့ သူ့ဝါသနာတခုက တိရစ္ဆာန် အဆူးအဆန်း မွေးချင်တတ်တယ်ရှင့်။ မျောက်တွေလဲ ဝယ်တာပဲ။ ဝက်ဝံတွေလဲ မွေးချင်တာပဲ၊ လူနဲ့တော့ မပေါင်းချင်ဘူး။ တိရစ္ဆာန်တွေနဲ့ ပေါင်းနေရယင် သူ့မှာ ပျော်နေတော့တာပဲရှင့်။

"ဒီလောက် ပြောပြယင် ကျွန်မနဲ့ ကျွန်မညီမလေး ခင်ချစ်ဆွေတို့ဟာ သူနဲ့နေရတာ မပျော်ပိုက်ဖူးဆိုတာ ဦးစံရှား ရိပ်မိလောက်ပါပြီ။ ခိုင်းစရာ တပည့်တပန်း ထားလို့လဲ မဖြစ်ဘူးရှင့်။ သူနဲ့ မတည့်ဘူး။ အလုပ်ရှိသမျှ ကျွန်မတို့ ညီအစ်မ ကျုံးပြီး လုပ်ရတာပဲ၊ ဒီလိုမှ သူက သဘောကျတယ်။ နောက်ဆုံးကျတော့ ကျွန်မ ညီမလေးဟာ စိတ်ညစ်ရှာလို့ တင်ပါရဲ့ သေရှာပါရော့ရှင့်"

"ဩော် ခင်ချစ်ဆွေဆိုတာ သေပလား"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မှတ်မိပါတယ်။ နှစ်နှစ်ရှိသွားပါပြီ။ ညီမလေးသေရပုံ အကြောင်းကိုလဲ ကျွန်မ ပြောချင်ပါသေးတယ်။ ကျွန်မတို့ ညီအစ်မဟာ ဦးတိုးစိန်နဲ့နေရတုန်း ရှယ်တူတန်းတူချင်းနဲ့ ပေါင်းသင်းခွင့်လဲ မရဘူးရှင့်။ ဘယ်မှလဲ မသွားရ၊ ဘယ်သူလာတာမှလဲ သူက မကြိုက်ဘူး။ ဒါပေမယ့် ကျွန်မတို့ အမေရဲ့ ညီမအသေးက အင်းစိန်မှာ ရှိပါတယ်။ အဲ သူ့ဆီတော့ ကျွန်မတို့ညီအစ်မ သွားခွင့်ရပါတယ်။

"လွန်ခဲ့တဲ့ နှစ်နှစ်လောက်က အဒေါ့်အိမ်ကို ကျွန်မတို့ညီအစ်မ သွားလည်ကြတုန်း ညီမလေးက အင်းစိန် အခြေပိုင် ရှိ ကျောင်းသူတယောက်နဲ့ ချစ်ကြိုက်ပြီး လက်ထပ်ဖို့ စီမံကြပါတယ်။ ပထွေး ဦးတိုးစိန်က လက်ထပ်ဖို့ အကြောင်းကြားတော့ ဘယ်လိုမှတော့ မကန့်ကွက်ဘူးရှင့်။ သို့သော် လက်ထပ်ဖို့ ချိန်းထားတဲ့ ရက်မတိုင်မီ ရက်သတ္တပတ်လောက်မှာ ကျွန်မညီမလေးဟာ အလန့်တကြားဖြစ်ပြီး အသက်ဆုံးရှုံးသွားရှာပါတယ်"

ဦးစံရှားသည် မှိန်းလျက် နားထောင်နေရာမှ မျက်လုံးများကို ဖွင့်ကြည့်လျက် "ဖြစ်ပျက်ပုံ အသေအချာ ပြောစမ်း"

"ကျွန်မ တို့ နေကြတာက ဦးတိုးစိန်တို့ ဘိုးစဉ်ဘောင်ဆက် နေလာခဲ့တဲ့ တိုက်အိုကြီး ဖြစ်ပါတယ်။ ဒီတိုက်ကြီးမှာ အခြားအခန်းများအပြင် အိပ်ခန်း သုံးခန်း ရှိပါတယ်။ ငယ်ငယ်တုန်းကတော့ ကျွန်မတို့ ညီအစ်မ အတူတူ အိပ်ကြတာ၊ တနေ့တော့ ခင်ချစ်ဆွေက ကျွန်မကို စိတ်ကောက်ပြီး သီးခြားခွဲအိပ်တာ၊ နောက် စိတ်ကောက်ပြေတော့လဲ ကျွန်မနဲ့အတူ ပေါင်းမအိပ်ပဲ သူ့ဟာသူ အခန်းသက်သက် အိပ်ပါတယ်။

"ဒါကြောင့် အိပ်ခန်း သုံးခန်းအနက် ပထမအခန်းမှာ ဦးတိုးစိန်၊ ဒုတိယအခန်းမှာ ခင်ချစ်ဆွေ၊ တတိယအခန်းမှာ ကျွန်မ အိပ်ပါတယ်။ ဟိုညကတော့ ဦးတိုးစိန်ဟာ သူ့အခန်းထဲသူ စောစောစီးစီး ဝင်သွားသော်လဲ ဆေးပြင်းလိပ်ငွေ့ တထောင်းထောင်းနဲ့ အနံ့ရလေတော့ ဦးတိုးစိန် မအိပ်သေးဘူးလို့ ခင်ချစ်ဆွေ သိရပါတယ်။ အဲဒီညက ညီမလေးဟာ ကျွန်မအခန်းထဲလာပြီး သူတို့လက်ထပ်မယ့် အခမ်းအနား အစီအစဉ်အကြောင်းတွေကို ထိုင်ပြောနေလိုက်တာ ၁၁ နာရီလောက်မှ ပြန်သွားပါတယ်။

"ပြန်ခါနီးမှာ အခန်းဝကရပ်ပြီး 'မေးစမ်းပါရစေ မမ'တဲ့။ 'ညတိုင်း သန်းခေါင်ကျော်လောက်မှာ လေချွန်သံလိုလို မမ မကြားဘူးလား'တဲ့၊ ဒီတော့ ကျွန်မက 'မကြားပေါင်အေ၊ ဘာကြောင့်လဲ' လို့ မေးတော့ ညီမက 'လွန်ခဲ့တဲ့ သုံးလေးညအတွင်းမှာ အရှေ့တက်ခါနီးကျယင် တိုးတိုးကလေး လေချွန်သံလိုလို ကျွန်မကြားမိတယ်'တဲ့။ 'ကျွန်မက အအိပ်ဆတ်လေတော့ ဒီအသံကြားတိုင်း နိုးတယ်'တဲ့ 'ဘယ်က လာတဲ့ အသံရယ်လို့တော့ မဆိုနိုင်ဘူး'တဲ့။ 'မမလဲ ကြားမိသလား'လို့ မေးပါတယ်။

"ဒီတော့ ကျွန်မက 'မကြားရပေါင် ညီမရယ်၊ ဝင်းထောင့်ထဲနေတဲ့ စပါးရိတ်တဲ့ကုလားတွေလား မဆိုနိုင်တာပဲ'လို့ ပြောလိုက်တယ်။ ညီမလေးက 'အဲ့ပါရဲ့ မမရယ်၊ ကျွန်မက ညတိုင်း ကြားတာတောင် မမက တခါမှ မကြားဘူးဆိုတာ အံ့ဩပါရဲ့'တဲ့။ ကျွန်မက 'ငါက ညည်းလို အအိပ်မဆတ်လို့ နေမှာပါရဲ့အေ' လို့ ပြောလိုက်တယ်။ ဒီတော့ ညီမလေးက 'သိပ်တော့ အကြောင်းမထူးပါဘူးလေ'တဲ့၊ ပြောပြော ဆိုဆိုနဲ့ ပြန်သွားပြီး သူ့အခန်းတံခါးမှာ မင်းတုပ်ချသံကို ကြားလိုက်ရပါတယ်"

"ညီအစ်မ နှစ်ယောက်လုံးဟာ ညတိုင်း မင်းတုပ်ချပြီး အိပ်ကြတယ်လား"

"ညတိုင်း ချပါတယ်"

"ဘာကြောင့်လဲဗျာ"

"ဦးတိုးစိန်က ဝံပုလွေ မွေးလို မွေး၊ မျောက်ဖင်နီကြီး မွေးလို မွေးနဲ့။ ကျွန်မတို့က တံခါးပိတ် အိပ်ရပါတယ်"

တတိယအကြိမ်

www.burmeseclassic.com



"ကိုင်း ဆက်ပြောပါအုံးဗျာ"

"အဲဒီညက ကျွန်မ ကောင်းကောင်း အိပ်မပျော်ဘူးရှင့်။ ဘာကြောင့်လဲ မဆိုနိုင်ဘူး။ စိတ်ထဲမှာ လေးတေး နင့်သလိုကြီး ဖြစ်နေတယ်။ ဒီညက လေကလဲ တဝုန်းဝုန်းတိုက်၊ မိုးကလဲ တဖျောက်ဖျောက်နဲ့ သိပ်ပြီး ငြိမ်ငြိမ်ဆောင်းတဲ့ ညပါပဲ။ အဲဒီလို မိုးတွေရွာ လေတွေတိုက်နေတဲ့အထဲက ညီမလေးက လန့်ပြီး ငယ်သံပါအောင် အော်လိုက်တဲ့အသံကြားလေတော့ ကျွန်မ အခန်းတံခါးဖွင့်ပြီး အပြင်ထွက်ရာမှာ စောစောက ညီမလေးပြောတဲ့အတိုင်း ရှိကနဲ လေချွန်သံကို ကြားလိုက်ရပြီး သံချောင်းကြီးတခု လဲသွားသလို ဒေါင်ကနဲ အသံကြားလိုက်ရတယ်ရှင့်။

"ဒါနဲ့ ကျွန်မက ညီမလေးအခန်း ပြေးသွားရာမှာ သူ့အခန်းတံခါးဟာ တဖြည်းဖြည်း ပွင့်လာလေတော့ ကျွန်မက ဘာကောင်ကြီးများ ထွက်လာလေမလဲလို့ ကြောက်ကြောက်နဲ့ ငေးကြည့်နေမိတယ်ရှင့်။ အိပ်ခန်းသုံးခန်းရဲ့ အပြင်ဆောင်ကူးကြားထဲမှာ တိုင်ကပ်မီးအိမ်ကလေးတခု ညတိုင်းထွန်းပြီး အိပ်ကြပါတယ်။ အဲဒီမီးရောင်မှာ ကျွန်မ ငေးကြည့်နေတုန်း ညီမလေးက မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ သူ့အခန်းထဲကထွက်လာပြီး ဒယီးဒယိုင်နဲ့ တောင်စမ်း မြောက်စမ်း ဖြစ်နေပါတယ်ရှင်။

"ဒီတော့ ကျွန်မက သူ့ဆီပြေးပြီး အဘင်းဖက်လိုက်ရာမှာ ညီမလေးဟာ ဒူးတွေကွေးညွတ်သွားပြီး ကြမ်းပေါ်ကို သုံးလဲသွားပါတယ်။ ကြမ်းပေါ်ရောက်တော့လဲ ခြေတွေလက်တွေ ကောက်ကွေးလို့ တကိုယ်လုံး တွန့်လိမ်ပြီး လူးလူး အလဲလဲဖြစ်နေပါသယ်။ ပထမတော့ ကျွန်မကို သူ မမှတ်မိဘူးလို့ အောက်မေ့ပါတယ်။ ဒါနဲ့ ကျွန်မက သူ့ကိုပွေ့ပြီး ပါးချင်းအပ်ထားရာမှာ ညီမလေးက 'အောင်မလေး မမရေ့၊ အစပြောက်တွေနဲ့ ကြိုးကြီးမခုရေ့'လို့ အော်ပြောတဲ့ပြီး ဦးတိုးစိန် အခန်းဆီကို လက်ညှိုးတထိုးထိုးနဲ့ လည်ချောင်းထဲက တခိခိနဲ့ အသံထို့ တက်သွားရှာတယ်။

"ဒီတော့မှ ကျွန်မက ဦးတိုးစိန်ကို "ဖေဖေရဲ့၊ လာပါဦး ဖေဖေရဲ့"လို့ ဟစ်ခေါ်လိုက်တော့ ဦးတိုးစိန်က ပျာယီးပျာယာ ထွက်လာတုန်းမှာပဲ ညီမလေးဟာ အကြောတွေဆွဲပြီး တက်သွားရှာတယ်။ ကျွန်မက တတ်အားသမျှ ခြေမကို ချိုး၊ ဝမ်းဗိုက်ကို နှိပ်၊ မျက်နှာကို ရေနဲ့ဖောက်၊ ဘယ်လိုလုပ်ပေမယ့် မရတော့ဘူးရှင့်။ ဒီလိုနဲ့ အသက်ပျောက်သွားရှာပါလေရော"

"တဆိတ် မေးပါရစေ။ လေချွန်သံဆိုတာနဲ့ သံချောင်းကြီး ကျသလိုအသံဆိုတာ တကယ် သေချာရဲ့လား။ ကျိမ်းကိုင်ပြီး ပြောနိုင်လောက်သလား"

"ညီမလေး သေတုန်းက စစ်ဆေးတဲ့ တရားသူကြီး ဟာတလဲ ဒီလိုပဲ မေးပါတယ်။ ကျွန်မတော့ သေချာတယ်ထင်တာပဲ။ နို့ပေမယ့် မိုးကြီး လေကြီး ကျနေတဲ့အထဲမှာတော့ ကျွန်မ အထင်မှားမယ်ဆိုလဲ မှားနိုင်တာပဲ"

"ညီမလေးကိုယ်မှာ ဘာတွေ တွေ့သလဲ"

"သူ့ညာဘက်လက်ထဲမှာ ခြစ်ပြီးမီးခြစ်ဆံတချောင်းနဲ့ ဗယ်ဘက်လက်ထဲမှာ မီးခြစ်ဗူးတွေ့ပါတယ်"

"ဒါဖြင့် ဟိုညက သူလန့်သွားတဲ့နောက် မီးခြစ် ခြစ်ကြည့်တာ သေချာတာပေါ့။ ဒီအချက်ဟာ အရေးကြီးတယ်။ ဒါထက် ဟိုတုန်းက စစ်ဆေးတဲ့အရာရှိများက ဘယ်လို မှတ်ချက်ချသွားသလဲ"

"ကျွန်မတို့ပထွေး ဦးတိုးစိန်ဟာက ဒေါသကြီးတယ်လို့ နာမည်ကြီးနေလေတော့ စစ်ဆေးတဲ့ အရာရှိများက သေသေချာချာ လျှောက်စစ်ကြပါတယ်။ နို့ပေမယ့် ညီမလေးသေရပုံအကြောင်းကို စိတ်ကျေနပ်လောက်အောင် စုံစမ်းလို့ မတွေ့ကြပါဘူး။ အခန်းတံခါးကို အတွင်းက မင်းတုပ်ချပြီး ဖြစ်တဲ့အကြောင်းကို ကျွန်မက အစစ်ခံပါတယ်။ သံတိုင်ပြတင်းပေါက်ဟာလဲ သေသေချာချာပိတ်ပြီး ဖြစ်ပါတယ်။ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



များက အုတ်ထရံရော ကြမ်းရော သေသေချာချာ ကြည့်ကြပါတယ်၊ ဘယ်နေရာမှာမှ အဆက်အသွယ် ရှာမတွေ့ပါဘူး။ ဒါ့ကြောင့် ဒီအချိန်မှာ အခန်းထဲမှာ ညီမလေးတယောက်တည်းရှိတယ်ဆိုတာ သေချာပါတယ်။ သူ့ကိုယ်မှာ ဒဏ်ရာဒဏ်ချက်များလဲ တခုမှ မတွေ့ပါဘူး"

"အဆိပ်များတော့ မိန်းကလေးရဲ့"

"သူ့အလောင်းကို ဆရာဝန်များ စစ်ဆေးကြည့်တော့ အဆိပ် အစအန မတွေ့ရပါဘူး"

"ဒါဖြင့် ခင်ချစ်ဆွေဟာ ဘယ်နည်းနဲ့သေတယ်လို့ မိန်းကလေး ထင်ပါသလဲ"

"ကျွန်မ အထင်တော့ ကြောက်လွန်း အားကြီးပြီး လန့်သေတယ် ထင်တာပါပဲ။ ဘာကို လန့်တယ်ဆိုတာတော့ ကျွန်မ မတွေးတတ်ပါ"

"ဟိုညတုန်းက ဝင်းထဲမှာ ဓောက်ရိတ်တဲ့ ကုလားတွေ ရှိသလား"

"တချို့ ရှိပါတယ်။ ဘယ်အခါမှ တယ်မပြတ်ပါဘူး"

"အပြောက်တွေနဲ့ ကြိုးဆိုတာ ဘယ်လို ထင်သလဲ"

"ဒါတော့ ကျွန်မ လုံးလုံးမတွေးတတ်ပါ"

"ကိုင်း ကိုင်း၊ ဆက်ပြောစမ်းပါအုံး"

"ညီမလေး ဆုံးပြီးတဲ့နောက် ကျွန်မတယောက်တည်း နှစ်နှစ်လုံးလုံး နေခဲ့တာ အင်မတန် ငြိမ်ငွေ့ပါတယ်။ လွန်ခဲ့တဲ့ လတုန်းကတော့ ဟိုတုန်းက ကျောင်းနေတုန်း သူငယ်ချင်းကောင်း ကျောင်းဆရာတယောက်နဲ့ ချစ်ကြိုက်ကြလေတော့ လက်ထပ်ကြဖို့ စီမံကြပါတယ်။ သူကတော့ မဆိုးဖို့၊ ကျွန်မက အပျိုကြီးပါ၊ လက်ထပ်ဖို့ကိုလဲ ရွှေလထဲမှာ ရက်ချိန်းသတ်ထားပါတယ်။ ဦးတိုးစိန်ကလဲ တစုံတရာမှ မကန့်ကွက်ပါ။ လွန်ခဲ့တဲ့ နှစ်ရက်လောက်တုန်းက ကျွန်မအခန်းမှာ အုတ်ကြွပ်တွေ မိုးယိုလတော့ ပြင်မိုးနေတဲ့ အခိုက်မှာ ကျွန်မက ညီမလေးအခန်းထဲကို ပြောင်းအိပ်ရပါတယ်။

"သူ့အခန်းထဲအိပ်ရတာ ကျွန်မစိတ်ထဲမှာ ခပ်လန့်လန့်ရှိပါတယ်၊ အိပ်လို့ ကောင်းကောင်းမပျော်ပါဘူး။ မနေ့ညတုန်းကတော့ အိပ်မပျော်နိုင်ပဲ ညီမလေးအကြောင်း စဉ်းစားနေတုန်းမှာ သူကြားရဖူးတယ်ဆိုတဲ့ တိုးတိုးကလေး လေချွန်သံကို ကျွန်မကြားရပါတယ်။ ဒါနဲ့ ဖြုန်းခနဲ အိပ်ရာကထ၊ မီးအိမ်ထွန်း၊ အခန်းထဲ လျှောက်ကြည့်၊ ဒါပေမယ့် ဘာမှ မတွေ့ရပါဘူး၊ ကျွန်မ စိတ်ထဲကတော့ သိပ်ကြောက်တာပဲ။ ဒါနဲ့ အိပ်ရာထဲပြန်မအိပ်တော့ပဲ လင်းအောင်စောင့်နေပြီး လင်းလင်းချင်း ပြည်ရထားကြီးနဲ့ လိုက်လာပြီး ဒီကိုလာခဲ့ပါတယ်"

"လာတာကောင်းတယ်၊ သိပ်ကောင်းတယ်။ ဒါပေမယ့် မေးပါရစေအုံး၊ ကျုပ်ကို အလုံးစုံ ပြောပြပြီးပလား"

"သိသလောက် အားလုံးပြောပြီးပါပြီ"

"မဟုတ်ဘူး ခင်ချစ်မေ၊ ကျုပ်သေးတယ်။ ပထွေး ဦးတိုးစိန်ကို ကာကွယ်ပေးနေတယ် ထင်တယ်"

"ဘာကြောင့်လဲရှင်"

ဦးစံရှားသည် ထိုင်ရာမှ ရုတ်တရက် ထ၍ ခင်ချစ်မေ၏ လက်ယာဘက် အင်္ကျီလက်ကို ပင့်လိုက်ရာ မိန်းကလေး၏ လက်ကောက်ဝတ်တွင် ကြည့်လင်ဖြူစင်သောအသားပေါ်၌ လက်ဖြင့် ပြင်းထန်စွာဖျစ်ညှစ်ထားသကဲ့သို့ လက်လေးချောင်းရာနှင့် လက်မရာတို့သည် ထင်ရှားစွာ ပေါ်ထွက်လာလေ၏။

"တော်တော် အနိုင်ကျင့်ထားတယ် ထင်တယ်"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ ပထွေးက ခွန်အားဗလ သိပ်ကောင်းနေတော့ သူ့အားကို သူမသိပဲ ကျွန်မလက်ကို ဖျစ်လိုက်လို့ ဒီအနာကြီး ထင်နေရခြင်း ဖြစ်ပါတယ်"

ဦးစံရှားသည် လက်နှစ်ဘက်ပေါ်၌ မေးထောက်ကာ အတန်ကြာအောင် စဉ်းစား စိတ်ကူးနေပြီးနောက်—

"ဒီကိစ္စက ဘိမ်တိမ်ကလေး မဟုတ်ဘူး။ တော်တော်နက်တယ်။ ရှေ့ကို ကျုပ် ဘယ်လို လုပ်ရမယ် ဆိုတာ မဆုံးဖြတ်သေးမီ သိစရာကလေးတွေကို သိရဖို့ အရေးကြီးသေးတယ်။ အချိန်ကာလဲ သိပ်မရှိဘူး။ ကိုင်း ဒါဖြင့် မွှော်ဘီကို ကျုပ်တို့လာယင် ဦးတိုးစိန် မသိစေပဲ ဒီအိပ်ခန်းတွေကို ကျုပ် စစ်ဆေး ကြည့်ရအောင် စီမံနိုင်ပါ့မလား"

"လွယ်နိုင်ပါတယ်ရှင်။ ဦးတိုးစိန်က တိုက်ကြီးကို ဒီကနေ့ သွားစရာ ကိစ္စတခုရှိတယ်လို့ မနေ့က သူပြောပါတယ်။ ဒါကြောင့် ဦးစံရှားတို့ ဒီနေ့ရောက်အောင်လာယင် အိမ်မှာဦးတိုးစိန်ရှိမယ်မဟုတ်ပါဘူး"

"ဟုတ်လား။ ကိုင်း ကိုသိန်းမောင်၊ ဘယ့်နှယ်လဲဗျို၊ လိုက်မလား"

"ခင်ဗျား သွားယင် လိုက်ပေါ့ဗျာ"

"ကိုင်း ဒါဖြင့် ကျုပ်တို့နှစ်ယောက် လာမယ်။ မိန်းကလေး ဘယ်တော့ ပြန်မလဲ"

"ကျွန်မက သိမ်ကြီးဈေးထဲမှာ ဝယ်စရာကလေး တခုနှစ်ခုဝယ်ပြီး ဘတ်စကားနဲ့ ပြန်ပါ့မယ်ရှင်"

"ကိုင်း ဒါဖြင့် ကျုပ်တို့လဲ နာရီပြန်တချက်လောက် ရောက်အောင် လာခဲ့မယ်။ ဒါဖြင့် မနက်စာ ဒီမှာပဲ စားသွားပါလား မိန်းကလေး"

"မစားပါရစေနဲ့ရှင်။ သူငယ်ချင်းတယောက် ဧဉ့်အိုးတန်းထဲမှာနေလို့ သူ့အိမ်မှာပဲ စားပါတော့မယ်။ ကိုင်း ဒါဖြင့် နာရီပြန်တချက်လောက် ကျွန်မ မျှော်နေမယ်နော်"

"စိတ်ချပါ၊ လာခဲ့ပါ့မယ်"

ခင်ချစ်မေ ဆင်းသွားပြီးသည့်နောက်—

"ဘယ့်နှယ် ကိုသိန်းမောင်၊ ဒီအမှု ခင်ဗျား ဘယ်နှယ် ထင်သလဲ"

"အဲဒါတော့ အတိနက်နဲ့နဲ့ စိတ်ကူးပြီး စီမံထားတဲ့ အလုပ်လို့ ကျွန်တော် ထင်တာပဲ"

"နက်တာတော့ နက်ပါ့ဗျာ၊ လွန်ရော။ ဒီလောက်နက်တာ ကျုပ်တို့ တော်တော် ကြုံရခဲတယ်"

"မိန်းကလေးပြောတဲ့အတိုင်း ကြမ်းရော အုတ်ထရံရော ပြတင်းပေါက်ရော တံခါးရော စိတ်ချရတယ် လို့ ဆိုယင် ခင်ခင်စံဆွေ လန့်တယ်ဆိုတုန်းက အခန်းထဲမှာ သူတယောက်တည်း ရှိတယ်ဆိုတာ မှန်ပါလိမ့်မယ်"

"လေချွန်သံတို့၊ အပြောက်တွေနဲ့ ကြိုးတို့ ဆိုတာတွေက ဘယ့်နှယ်လဲဗျာ"

"ဒါတော့ ကျွန်တော် မစဉ်းစားတတ်ဘူးဗျာ"

"ညဘက်ကိုင်း လေချွန်သံရယ်၊ ဦးတိုးစိန်က တမင် လက်သင့်ခံထားတဲ့ ကုလားတွေရယ်၊ မယားပါ သမီး လင်ပေးသွားယင် ငွေဘယောင်း လက်ဖွဲ့ဖို့ ဆက်သွားတာရယ် တခုနဲ့တခု အဆက်အသွယ် ရှိလိမ့်မယ်လို့ ကျုပ်တို့ ယူဆရလိမ့်မယ်။ ဒေါင်ကနဲ ကြားလိုက်ရတယ်ဆိုတဲ့ အသံဟာကလဲ အချက်ပေးတဲ့ အသံလေလား၊ ပြတင်းပေါက်က သံတိုင်ကို မင်းတုပ်နဲ့ ခိုက်မိတဲ့ အသံလေလား မပြောတတ်သေးဘူး။

"အစပြောက်တွေနဲ့ ကြိုးဆိုတာကဖြင့် သိပ်ဂွကျတဲ့ အလုံးပဲဗျား ကြောက်အား လန့်အားနဲ့ သေ့ရှူး သေ့တမ်း ပြောသွားတော့ မပီမသနဲ့ အလွဲလွဲအမှားမှား ပြောလေသလား၊ သူ့အစ်မတာပဲ အကြားမှားလေ သလား ဖြစ်ချင်ရာ ဖြစ်နိုင်တာပဲကိုး။ အပြောက်တွေနဲ့ ကြိုးဆိုတာ အပေါက်တွေနဲ့ကိုးလို့ ပြောတာဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လဲ ဖြစ်နိုင်တာပဲ။ အပေါက်တွေနဲ့ဆိုယင် သူ့အခန်းမှာ အပေါက် မရှိဘူးရယ်လို့ အောက်မေ့ နေရာမှာ အပေါက်တပေါက်က တခုခုဝင်လာတာမြင်လို့ သူ့အစ်မကို တိုင်ကြားသွားတာ ဖြစ်ချင်လဲ ဖြစ်နိုင်တာပဲ''

''နေပါအုံးဗျာ၊ ကောက်ရိုတ်တဲ့ ကုလားကူလီတွေကို သူ့ဝင်းထဲမှာ လက်သင့် ခံထားတာကကော ဘာသဘောလဲ စစ်ရအောင်''

''ဒါက ကျုပ် မစဉ်းစားတတ်သေးဘူးဗျ။ အလို ဘုရားရေ၊ ဒါက ဘယ့်နှယ်ဟာလဲ''

ဦးစံရှားက ဤကဲ့သို့ လွှတ်ကနဲ အော်လိုက်ခြင်း၏ အကြောင်းရင်းမှာ ခြောက်ပေထက်မနည်း အရပ်မြင့်၍ အရပ်နှင့်လိုက်အောင် တုတ်ခိုင် တောင့်တင်းလှသော လူကြီးတယောက်သည် ဟန်တိန် တုတ်ကြီးကို ကိုင်ကာ အခန်းထဲသို့ ဝင်လာသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်ပေ၏။

ထိုသူသည် စစ်ဖိနပ်ကြမ်းကြီးကိုစီးလျက် ခာကီဘောင်းဘီတိုကို ဝတ်ကာ ဗလေဇာကုတ် အကြမ်းစားနှင့် တောင်းဘို့င်ဦးထုပ်မျိုးကို ဆောင်းထားသည့်ပြင် မျက်ခုံးတုတ်တုတ်၊ နှုတ်ခမ်းမွေး ကောင်းကောင်း၊ မျက်လုံးပြူးပြူးနှင့် အလွန် တင်းမာ ခက်ထန်သော မျက်နှာထားလည်း ရှိပေရကား လူ ပြတ်သော လမ်းကြားတခု၌ တယောက်ချင်း ရင်ဆိုင်တွေ့ခဲ့လျှင် ကျောချမ်းထဲမှ စိမ့်၍ မသွားသော ပုဂ္ဂိုလ်သည် ခပ်ရှားရှား ရှိပေလိမ့်မည်။ ထိုသူသည် အံသွားကြိတ်ကာ ဟန်တိန်တုတ်ကို ယမ်းလျက် အခန်းတွင်းသို့ ရှုတ်အနဲ ဝင်လာ၍—

''ခင်ဗျားတို့ နှစ်ယောက်ထဲက ဦးစံရှားဆိုတာ ပြောစမ်း''

''ကျွန်တော်ပါ ခင်ဗျာ။ ခင်ဗျားကကော ဘယ်သူပါလိမ့်''

''တိုးစိန်တဲ့။ မှော်ဘီက ဒေါက်တာ တိုးစိန်လေ''

''ဩော် ဟုတ်လား၊ ထိုင်ပါအုံးလေ ဒေါက်တာ''

''မထိုင်ဘူး၊ မထိုင်ဘူး။ ကျုပ် မထိုင်နိုင်ဘူး။ ကျုပ်သမီး ဒီက ဆင်းသွားတာ မြင်လိုက်တယ်။ ဘာတွေများ ပြောသွားသလဲ ပြောကြစမ်း''

''ဒီနှစ် ဆောင်းဟာ ခါတိုင်းနှစ်ထက် အေးတယ်''

(ငေါက်လျက်) ''ဘာတွေ ပြောသွားသလဲ ပြောစမ်းပါ''

(ဂရုမစိုက်ပဲ) ''ဒီနှစ်ဆောင်း အေးပေမယ့် ရေခဲစက်များမှာ ရေခဲတွေ ရောင်းကောင်း....''

''အောင်မယ် ခင်ဗျားက ကျုပ်ကို ယီးတီးယားတား လုပ်တာလား''ဟု ပြောကာ ဟန်တိန်တုတ်ကို ဝင့်လျက် ရှေ့သို့ တလှမ်း တိုးပြီးနောက်—

''ခင်ဗျားကို ကျုပ်သိတယ်။ ဟိုဝင်ရှုပ် ဒီဝင်ရှုပ် လူရှုပ်ကြီး စံရှားဆိုတာ ခင်ဗျားပဲ။ ကျုပ်သိပါတယ်''

ဦးစံရှားလည်း အပြုံးမပျက် ရှိလေ၏။

''သူ့ကိုယ်သူ စုံထောက်လေး ဘာလေးနဲ့ လူတကာ့အထဲ ဝင်ရှုပ်နေတဲ့လူ''

ဦးစံရှားလည်း ပြုံးနေရာမှ သွားကိုဖြဲလျက် ရယ်လေ၏။

''သူ့ကိုယ်သူ စုံထောက်တဲ့။ ဘာများ စုံထောက်နိုင်လို့လဲ၊ ပြောစမ်း'

(အသံတွက်အောင် ရယ်မောလျက်) ''စကားပြောပုံကဖြင့် အဆီအသား ပါပါပေဗျာ၊ တယ်ကောင်း။ ခင်ဗျားဆင်းတော့ တံခါးပိတ်ခဲ့ဗျာ။ အေးလွန်းလို့ပါ''

''ကျုပ် မသွားသေးဘူး။ ပြောစရာရှိတာ ပြောပြီးမှ သွားမှာ။ သူများအထဲ ရှုပ်ချင် ရှုပ်၊ ကျုပ် အထဲတော့ ဝင်မရှုပ်နဲ့နော်၊ ပြောလိုက်ပါပေ့။ ခင်ချစ်မေ ဒီတိုက်ပေါ်က ဆင်းသွားတာ ကျုပ် မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျုပ်ကို ယီးတီးယားတားအကောင် မှတ်လို့လား။ ကြည့်စမ်း''ဟု ဆိုကာ ပြတင်းပေါက်သို့ ရုတ်တရက် သွား၍ ငါးမူးလုံးရှိသော သံတိုင်နှစ်လုံးကို လက်နှစ်ဘက်ဖြင့်ကိုင်၍ ရုတ်တရက် ဖျစ်ညှစ်လိုက်ရာ သံတိုင်နှစ်ခုတို့သည် တခုနှင့်တခု ထိလုမတတ် ရှိအောင် ကွေးညွတ်သွားလေ၏။ ထို့နောက်—

''ကိုင်း မြင်ရဲ့လား။ ဒါကျုပ်လက်ထဲရောက်ယင် ဘယ်လိုဖြစ်မယ်ဆိုတာ၊ ဒါသာ ကြည့်တော့''ဟု ပြောပြောဆိုဆိုနှင့်ပင် ချာကနဲ လှည့်၍ တိုက်ပေါ်မှ ဆင်းသွားလေ၏။

ထိုအခါ ဦးစံရှားက—

''ဟယ်ပြီး ချစ်စရာ ခင်စရာ ပြောဘတ်တဲ့ လူပဲဗျို့'' ဟု ရယ်မောကာ ပြောပြီးနောက်—

''ကျုပ်က သူ့လိုတော့ အလုံးအဖန်မကြီးဘူးပေါ့ဗျာ။ ဒါပေမယ့် သူဖြစ်သလောက်တော့ ကျုပ်လဲ ဖြစ်ပါသေးတယ်လို့ ပြန် မပြလိုက်ရလားဗျာ''ဟု ဆိုကာ ယခင်ပြတင်းပေါက်သို့ သွား၍ ကွေးညွတ်နေသော သံတိုင်နှစ်ခုကို လက်နှစ်ဘက်ဖြင့် ကိုင်ကာ ဆတ်ကနဲ အားသွန်ထုတ်၍ ဆွဲဆန့်လိုက်ရာအား သံတိုင်နှစ်ခုတို့သည် ရှိရင်း အခြေအနေအတိုင်း ဖြောင့်တန်းစွာ ရှိနေကြလေ၏။

''ကိုင်း ကိုသိန်းမောင်၊ သူက ကျုပ်ကို မခံချင်အောင် ပြောသွားလေလေ၊ ဒီအမှုကို မပေါ် ပေါ်အောင် စုံထောက်ဖို့ စိတ်အားထက်သန်လေလေ ဖြစ်နေပြီကောဗျ။ ကိုင်း မနက်စာကလေး ခပ်သုတ်သုတ်စားပြီး ဆေးရုံကြီးမှာ ကျုပ်သိချင်တဲ့ အချက်ကလေး တခု နှစ်ခု စုံစမ်းပြီး မှော်ဘီလိုက်ကြဖို့ ရှိတာပဲ''

× × ×

ဦးစံရှားသည် ဆေးရုံမှ ပြန်လာသောအခါ၌ ၁၁ နာရီခွဲလုပြီ ဖြစ်ရာ သူ၏လက်ထဲတွင် ဂဏန်းများဖြင့် ရေးခြစ် မှတ်သားထားသည့် စာရွက်တခု ပါလာလေ၏။

''ဆေးရုံလဲ ရောက်ခဲ့တယ်။ ပစ္စည်းထိန်းရုံးလဲ ကျုပ်ရောက်ခဲ့တယ်ဗျို့။ ဆေးရုံက လူတွေကဖြင့် ဦးတိုးစိန် အကြောင်းကို တယောက်မှ အကောင်းမပြောကြဘူး။ ဗလအားကိုးနဲ့ လူမြင်သမျှကို နိုင်လိုမင်းထက်ပြုချင်တဲ့ ဝါသနာဆိုး ရှိဆိုပဲ။ ပစ္စည်းထိန်းရုံးရောက်ခဲ့တော့ ကွယ်လွန်သူ ဇော်လုံကတော်ကြီး ဒေါ်စိန်ရင်ရဲ့ အိမ်နှစ်လုံးနဲ့ တိုက်တလုံးဟာ ဟိုခေတ် တန်ဖိုးအရ လေးသောင်း ဆိုသော်လဲ ခုခေတ် တန်ဖိုးနဲ့ဆိုယင် နှစ်သောင်းငါးထောင်လောက်ပဲ တန်တော့မယ်တဲ့။ ဒီတော့ကာ မိန်းကလေး နှစ်ယောက် လက်သပ်လို့ တယောက် တသောင်းစီ ခွဲလိုက်ရတယ်ဆိုယင် သူ့မှာ ဘာကျန်တော့သလဲ။ ငါးထောင်တန်လောက် ကျန်တော့မယ်။

''ဒါကြောင့် ဦးတိုးစိန်ဟာ သူ့သမီးနှစ်ယောက် အိမ်ထောင်ပြုမှာကို စိုးရိမ်နေတယ်ဆိုတဲ့ အချက်ကို ကျုပ်သိခဲ့ရတယ်။ သူ့စိတ်သဘောထားနဲ့ဆိုတော့ ငွေနှစ်သောင်း မပေးရအောင် ဘာမဆို လုပ်ဝံ့မယ့် လူတယောက်နဲ့တူတယ်။ ကိုင်း ပြောနေကြရော့၊ အချိန်သိပ်မရှိဘူးဗျို့။ တက္ကစီခေါ်ပြီး သွားကြမှ တော်မယ်''

ကျွန်တော်တို့သည် မော်တော်ကားဖြင့် ပြည်လမ်းကြီးတလျှောက် မောင်းနှင်လာခဲ့ကြ၍ နာရီပြန် တချက် ထိုးခါနီးအချိန်တွင် မှော်ဘီသို့ ဝင်လာခဲ့ကြရာ ဒေါက်တာ တိုးစိန်၏ နေအိမ်မှာ မြို့အစွန်ဖျားး၌ ရှိသော ဝင်းကြီးအတွင်း ဟောင်းမြင်း ဆွေးမြည့်ဟန် လက္ခဏာရှိသည့် တိုက်အိုကြီးတလုံး ဖြစ်ပေ၏။

ကျွန်တော်တို့သည် မော်တော်ကားပေါ်မှ တိုက်အိုကြီးဘက်သို့ မျှော်ကြည့်လိုက်သောအခါ ခင်ချစ်မေသည် ကျွန်တော်တို့ကို စောင့်မျှော်နေသည့်လက္ခဏာဖြင့် တိုက်ကြီးနှင့် မနီးမဝေးတွင် စကြံ့လျှောက်လျက်ရှိရာ ကျွန်တော်တို့၏ ကားကို မြင်သည်နှင့်တပြိုင်နက် ကျွန်တော်တို့ဘက်သို့ လျှောက်လာလေ၏။

---



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးစံရှားသည် ကားကို ရပ်စေ၍ ကားသမားအား ကားခပေးချေပြီးလျှင် ကျွန်ုပ်တော်တို့သည် ခင်ချစ်ခမရှိရာသို့ လမ်းလျှောက်သွားကြလေ၏။

ခင်ချစ်ခမသည် ရွှင်ပျသော မျက်နှာထားနှင့် ကျွန်ုပ်တော်တို့ကို ဆီးကြို၍—

"ဝမ်းသာလိုက်တာရှင်။ ဦးစံရှား ရောက်လာတာ မြင်လိုက်ရတော့ ကျွန်မရင်ထဲမှာ ဝန်ထုပ်ကြီး တခု ကျသွားသလို ပေါ့သွားတော့တာပဲ။ အားလုံး နေရာကျပြီ ထင်ရှင်။ ကျွန်မ ပြောခဲ့တဲ့ အတိုင်း ဦးတိုးစိန်လဲ တိုက်ကြီးကို သွားတယ်။ မိုးချုပ်မှ ပြန်လာမယ်တဲ့"

"တိုက်ကြီးမဟုတ်ဘူးဗျ၊ ရန်ကုန်လိုက်လာလို့ ကျုပ်တို့နဲ့ တွေ့ခဲ့ပြီးပြီ"

"အို၊ ဘုရား ဘုရား။ ကျွန်မနောက်ကို လိုက်တာတဲ့လား"

"ဒါနဲ့ တူတာပဲ"

"သိပ်ပါးတဲ့ လူကြီးရှင့်၊ သူမသိအောင် ဘာတခုမှ လုပ်လို့မရဘူး။ သိပ်ခက်တာပဲ၊ ပြန်လာယင် ဘာများ ပြောအုံးမယ် မဆိုနိုင်ဘူး"

"ကိစ္စ-ရှိပါဘူးလေ၊ သူပါးတယ်ဆိုပေမယ့် သူ့ထက် ပါးတဲ့လူလဲ ရှိပါသေးတယ်။ ဒီကနေ့ည အဖို့တော့ သူ့ကို အတွေ့မခံပဲ ကိုယ့်အခန်းထဲကိုယ် မင်းတုပ်ချပြီး အိပ်ပေတော့။ သူက ကြမ်းလာလို့ရှိယင် မိန်းကလေးကို အင်းစိန်က အဒေါ် အိမ်ကို ကျုပ်တို့ လိုက်ပို့မယ်။ ကိုင်း အချိန်ရသလောက် အလုပ်လုပ်ရအောင် အိပ်ခန်းတွေ ကျုပ်တို့ လိုက်ပြစမ်း"

ဦးတိုးစိန်၏နေအိမ်မှာ အလွန်ဟောင်းမြင်းလှသော တဆင့်တိုက်အိုကြီးတလုံး ဖြစ်လေရာ အခါ ကောင်းစဉ်က ဥယျာဉ်ပန်းမန်များ ရှိဖူးသော နေရာများတွင် မြက်ပင် ပေါင်းပင်များနှင့် ငှက်ပျောပင် အနည်းငယ်မျှသာ ရှိကြလေကုန်၏။

အိပ်ခန်းများရှိသော ဘက်၌မူကား သံတိုင် ပြတင်းပေါက်များ စီတန်းလျက်ရှိရာ ဦးစံရှားသည် အတွင်းသို့မဝင်မီ အပြင်မှ စကြံလျှောက်ကာ ပြတင်းပေါက်များ၏ အခြေအနေကို သေချာစွာ ကြည့်ရှုလျက် ရှိလေ၏။

"ဒီအခန်းက မိန်းကလေး အိပ်နေကျအခန်း၊ အလယ်က ညီမလေးအခန်း၊ ဟိုအစွန်က ဦးတိုးစိန်ရဲ့ အိပ်ခန်း၊ ဟုတ်ကဲ့ မဟုတ်လား"

"ဟုတ်ပါတယ်ရှင်၊ အခုတော့ ကျွန်မက အလယ်ခန်းမှာ အိပ်ပါတယ်"

"ပြုပြင်ဆင်နေတဲ့အခိုက်မှာ ဆိုပါတော့။ ဒါထက် အမိုးက ယိုတယ် ဆိုပေမယ့် မိုးတွင်းမဟုတ်လို့ ပြုပြင်ဆင်ဖို့ အရေးမကြီးသေးပါဘူး ထင်ပါရဲ့"

"သိပ်အရေးမကြီးပါဘူးရှင်။ ကျွန်မကို အလယ်ခန်းရွှေ့အိပ်စေရအောင် ယိုမယ်ဖွဲ့တာနဲ့တူပါတယ်"

"ဩော် ဟုတ်သား၊ ဒီဟာ တော်တော်အရေးကြီးတယ်။ ကိုင်း ကိုင်း၊ လာစမ်းပါအုံးမိန်းကလေး။ အခန်းထဲဝင်ပြီး အိပ်ခန်းတံခါးကို ပိတ်။ မင်းတုပ်ကို ချကြည့်စမ်းပါအုံး"

ခင်ချစ်ခမသည် ခိုင်းစေသည့်အတိုင်း ပြုလုပ်ရာတွင် ဦးစံရှားသည် သံတိုင်ပြတင်းပေါက်ကို အပြင်မှ ဖွင့်ရန် အနည်းငယ် ကြိုးစားသော်လည်း အထမမြောက်ပဲ ရှိလေ၏။

ထို့နောက် ဦးစံရှားသည် ပြတင်းတံခါး လက်ယှက်များ၏ မှန်ဘီလူးဖြင့်ကြည့်ရာ အလွန်ခိုင်မာလှ၍ အုတ်သားအတွင်းသို့ သွင်းမြှုပ် ဆောက်လုပ်ထားသည်ကို တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



(မေးကိုသပ်ကာ စဉ်းစားဟန်လက္ခဏာနှင့်) "ကျုပ်တွေးလုံးတခုတော့ လှဲသွားပြီဗျို့။ အတွင်းမှာ မင်းတုပ်ချထားယင် ပြတင်းတံခါး တရုတ်ဓာတ်ကို ဖွင့်နိုင်စရာ နည်းလမ်းမရှိဘူး။ ကိုင်း ကိုင်း အထဲဝင် ကြည့်ကြအုံးစို့လေ"

ကျွန်တော်တို့သည် တိုက်ထဲသို့ဝင်ကြ၍ အိပ်ခန်းသုံးခန်းနှင့် ဆက်သွယ်လျက်ရှိသော ဆောင်ကူး လမ်းကြားသို့ ရောက်ကြသောအခါ ဦးစံရှားသည် ခင်ချစ်မေ အိပ်နေကျဖြစ်သော တတိယ အိပ်ခန်းကို အလျှင်းပင် ကြည့်ရှုရန် အလိုမရှိပဲ ကွယ်လွန်သူ ခင်ချစ်ဆွေနှင့် ကျန်ရစ်သူ ခင်ချစ်မေတို့ အိပ်ကြသော ဒုတိယအခန်းသို့ တခါတည်း ဝင်သွားလေ၏။

ထိုအခန်းတွင်း၌ တခုသောထောင့်တွင် မှန်တင်စားပွဲတခုရှိ၍ အခြားထောင့်တခုတွင် ခုတင်တလုံး ရှိလေရာ ယင်းတို့အပြင် ကြိမ်ကုလားထိုင်အိုတခုနှင့် မတ်တတ်ကုလားထိုင်တလေး တလုံးမှတပါး အခြား အိမ်ထောင်မှု မရှိသေရာ ဦးစံရှားသည် ကြိမ်ကုလားထိုင်ပေါ်သို့ ထိုင်ပြီးနောက် အခန်း၏နံရံ၊ အမိုးနှင့် ကြမ်းပြင်တို့ကို တလှည့်စီ ကြည့်ရှုလျက် ရှိလေ၏။

ခုတင် ခေါင်းရင်းအနီး၌ တွဲရရွဲကျလျက်ရှိသော ကြိုးစတခုကို လက်ညှိုးညွှန်လျက် "ဒီကြိုးစက ဘာအတွက်လဲ"

"အရေးအကြောင်းရှိယင် ထမင်းချက်တဲ့လူကြီး ဦးထွန်းကို ခေါ်ဖို့ စီမံထားတာပါ။ ဒီကြိုးစကို ဆွဲလိုက်ယင် သူ့အိပ်ရာနားက ခေါင်းလောင်းကလေးတခု မြည်သွားပါတယ်"

"အင်း တယ်နေရာကျပါကလား၊ အနောက်နိုင်ငံများမှာ ဒီလိုဟာမျိုး ရှိတယ်လို့ ကြားဖူးသော်လဲ ကျုပ်တို့ မြန်မာအိမ်မှာ ဒီလိုဟာမျိုး တပ်ထားတာ မမြင်ဖူးပါဘူး။ ဘယ်တုန်းက တပ်ထားသလဲ"

"ညီမလေးလက်ထက်က ဒီဟာ မရှိပါဘူး။ ကျွန်မ ပြောင်းအိပ်တော့မှ စိတ်ထဲက ရွံ့တွန့်တွန့်ရှိလို့ ဦးတိုးစိန် အကြံပေးတဲ့အတိုင်း ဒီကိရိယာကို တပ်ထားပါတယ်"

"ဪ နေရာကျပေသားပဲ"

ထို့နောက် ဦးစံရှားသည် ကြမ်းခင်းထားသော ပျဉ်ပြားများကို မသင်္ကာသည့် လက္ခဏာနှင့် ကြမ်း ပြင်ပေါ်၌ လေးဘက်တွားကာ ခင်းထားသော ပျဉ်ပြားများကို မှန်ဘီလူးဖြင့် တချပ်စီ သေချာစွာ ကြည့် လေ၏။

ထို့နောက် အိပ်ခန်းများကို တခန်းစီ ကန့်ထားသော ပျဉ်ပြားများကိုလည်း ထိုနည်းအတူ သေ ချာစွာ ကြည့်ရှု၍ အိပ်ရာကိုလည်း ထို့နည်းအတူ ကြည့်ရှုလေ၏။ နောက်ဆုံး၌ ဦးစံရှားသည် ခေါင်း လောင်းနှင့် ဆက်သွယ်ထားသည် ဆိုသော ကြိုးစကို ရုတ်တရက် လှမ်းကိုင်၍ ဆွဲကြည့်ပြီးလျှင်—

"ဘယ့်နှယ်လဲ၊ ဘာသံမှလဲ မကြားပါလား"

"ဟုတ်သားပဲ၊ ကျွန်မတောင် တခါမှ ဆွဲစမ်းမကြည့်မိဘူး"

"ထမင်းချက်ဟဲ့ လူကြီး ဦးထွန်းကော ဘယ်မလဲ"

"ဦးစံရှားတို့ လာတဲ့အခါမှာ လွတ်လွတ်ကျွတ်ကျွတ် စစ်ဆေးနိုင်အောင်လို့ ဦးထွန်းကို ကိစ္စတခုနဲ့ ကျွန်မက အပြင်ကို ခိုင်းထားပါတယ်"

"ဪ ဟုတ်လား။ နေစမ်းပါအုံး၊ ဒါထက် ဒီကြိုးစက ဘယ်ဏခေါင်းလောင်းနဲ့မှ ဆက်မထားပဲ သက်သက်မဲ့ တန်းလန်းဆွဲသွားတာ သိပ်ထူးဆန်းပါကလား၊ ကြည့်စမ်း၊ ဟိုမှာ လေဝင်ပေါက်။ အထက် က ချိတ်ကလေးတခုနဲ့ ဆက်ထားတာ တွေ့လား"

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲရှင်၊ အရေးအကြောင်းဆိုယင် ဦးယွန်းကို ခေါ်ရအောင်ဆိုလို့ ဦးတိုးစိန် တပ်ပေးထားတာ။ ကျွန်မဖြင့် တခါမှ ဆွဲစမ်းမကြည့်မိသေးပါဘူး"

"တော်တော်ဆန်းတဲ့တိုက်ပဲ၊ လေဝင်ပေါက်ဆိုပြီး တိုက်ပြင်ဘက်ကလေး နဲ့မဆက်ပဲ အခန်းတခန်းနဲ့ တခန်း ဆက်ထားတာ သိပ်ထူးဆန်းတာပဲ၊ ကြုံကြုံစည်စည် ဆောက်လဲဆောက်တတ်တဲ့ ပန်းရံသမားတွေပဲ။ ကိုင်း ကိုင်း၊ ဦးတိုးစိန့်ရဲ့ အခန်းကို တဆိတ် ဝင်ကြည့်ကြအုံးစို့"

ဦးတိုးစိန်၏ အိပ်ခန်းမှာ ခင်ချစ်မေ၏ အိပ်ခန်းထက် အနည်းငယ် ကျယ်ဝန်း၍ မှန်တင်စားပွဲ တခုပေါ်တွင် ဆေးအတတ်နှင့် ပတ်သက်သော စာအုပ်များလည်း ရှိကြလေ၏။

အခန်းထောင့်တွင် ဗီရိုတလုံးမှတပါး အခြားသော အိမ်ထောင်မှုများ မရှိပဲ ကြိမ်ကုလားထိုင် ဟောင်း တလုံးနှင့် မတ်တတ်ကုလားထိုင်တလုံးမျှသာ ရှိကြလေ၏။

ဦးစံရွှားသည် အခန်းတလျှောက်လုံး ဖြည်းညင်းစွာ လှည့်ပတ်၍ သေချာစွာ ကြည့်ရှုပြီးနောက် ဗီရိုကို ခေါက်လျက် "ဒီထဲမှာ ဘာတွေရှိသလဲ"

"စာရွက်စာတမ်းတွေ ရှိပါတယ်"

"မြင်ဖူးလို့လား"

"ဟိုရှေးတုန်းက တခါ မြင်ဖူးပါတယ်"

"ဒီအထဲမှာ ကြောင်များ မရှိဘူးလား"

"ကြုံကြုံစည်စည်ရှင်"

"ကြုံကြုံစည်စည်မဟုတ်ဘူး၊ ဒီဟာက ဘယ့်နှာလဲ"

ဦးစံရွှားသည် ဗီရိုပေါ်၌ တင်ထားသော နွားနို့ခွက်ကလေးတခုကို ယူ၍ ပြလေ၏။

"ကြောင်တော့ မဟုတ်ပါဘူး။ ဟိုတုန်းက ဝက်ဝံတကောင် မွေးဖူးပါတယ်။ အခု မျောက်ဖင်နီ တကောင် ရှိပါတယ်"

"ဝက်ဝံတိုက်ဖို့ နွားနို့ခွက်ဆိုယင် သေးလွန်းလှတယ်။ နေစမ်းအုံး၊ ဒီတခု ကြည့်စမ်းအုံးမယ်"

ဦးစံရွှားသည် မတ်တတ်ကုလားထိုင်ရှေ့တွင် လေးဘက်ထောက်လျက် ခင်းထားသောကြမ်းပြင်ကို မှန်ဘီလူးဖြင့် သေချာစွာ ကြည့်ရှုလေ၏။

"သြော် ဒီလိုကိုး။ အလုံ၊ ဒီဟာက ဘာလဲ"ဟု ပြောလျက် ဦးတိုးစိန်၏ ခုတင်အောက်တွင် ချိတ်ထားသော ကြိုးတချောင်းကို ထောက်ယူ၍ သေချာစွာကြည့်ရှုလေရာ ကြိုးစတဘက်မှာ ကောင်းတိုင်များ အသုံးပြုတတ်သည့် ကွင်းလျှောတခု ပြုလုပ်ထားသည်ကို တွေ့မြင်ရလေ၏။

"ဒီဟာ ဘယ်လိုအဓိပ္ပာယ်ထင်သလဲ ကိုသိန်းမောင်"

"ကြိုးကတော့ ကျာပွတ်တချောင်းက ကြိုးစပဲ။ ကွင်းလျှောလုပ်ထားတဲ့ အဓိပ္ပာယ်ကတော့ ကျွန်တော် မပြောတတ်ဘူး"

"ဒီဟာ တော်တော်ဆန်းတယ်ဗျ။ နေရာတကာတိုင်း တွေ့ရတတ်တဲ့ ပစ္စည်းမျိုး မဟုတ်ဘူး။ ဆိုးချင် မိုက်ချင်တဲ့ လူတယောက် ဉာဏ်ရှိပြီဆိုမှဖြင့် သိပ်ဂွကျကုန်တာပဲ။ ကိုင်း တော်ပါပြီ ခင်ချစ်မေ၊ တိုက်ပြင်ထွက်ပြီး လမ်းလျှောက်ပါရစေအုံး"

ကျွန်တော်တို့သည် တိုက်ထဲမှ ထွက်လာကြသောအခါ ဦးစံရွှား၏ မျက်နှာသားမှာ အလွန်တရာ တင်းမာ ခက်ထန်စွာ ရှိနေသည့်အဖြစ်ကို တွေ့မြင်ကြရလေ၏။

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



ဦးစံရှားသည် တိုက်နံဘေးရှိ မြက်ခင်းပေါ်တွင် ထိုမှ ဤမှ စကြံ့လျှောက်လျက်ရှိစဉ် ကျွန်တော်နှင့် ခင်ချစ်မေတို့သည် သူ၏ မျက်နှာကို အကဲခတ်လျက် ရှိကြလေ၏။

အတန်ငယ် ကြာသောအခါ—

"ဒီမသေ ခင်ချစ်မေ၊ ကျုပ်ပြောတဲ့စကားကို သေသေချာချာ နားထောင်ပြီး ပေးခဲ့တဲ့ အကြံ အတိုင်း တသဝေမတိမ်း လိုက်နာရမယ်နော်"

"စိတ်ချပါရှင်"

"ကိစ္စက သိပ် အရေးကြီးတယ်။ တချက်ကလေး တိမ်းသွားယင် အသက်ပါ ဆုံးသွားမယ်။ နားလည်လား"

"စိတ်ချပါရှင်။ လိုက်နာပါ့မယ်"

"ပထမအလုပ်က ကျုပ်မိတ်ဆွေနဲ့ ကျုပ်နဲ့ ခင်ချစ်မေအခန်းမှာ ဒီနေ့ညစောင့်ကြည့်ကြမှ ဖြစ်မယ်"

ထိုအခါ ကျွန်တော်နှင့်ခင်ချစ်မေတို့သည် ဦးစံရှား၏မျက်နှာကို အံ့သြစွာနှင့်ငေးကြည့်နေကြလေ၏။

"ဟုတ်တယ် ခင်ချစ်မေ၊ ကျုပ်ပြောသလို လုပ်ရလိမ့်မယ်။ ဦးတိုးစိန်ပြန်လာတော့ မိန်းကလေးက ခေါင်းကိုက်တယ်ဆိုပြီး အိပ်ခန်းထဲ စောစောဝင်နေ၊ ပြတင်းပေါက် တရွက်ကပ်ကိုဖွင့်။ မီးအိမ်ကို အချက် ပေးဖို့ဘား။ ဦးတိုးစိန် သူ့အခန်းထဲ သူဝင်ပြီဆိုတော့မှ မိန်းကလေးက ကိုယ်အိပ်နေကျ အခန်းကို ရွှေ့ပြီးတော့ အိပ်။ နားလည်လား ကျုပ်ပြောတာ"

"နားလည်ပါတယ်ရှင်"

"ကိုင်း ဒါဖြင့် တော်ပြီ၊ ကျန်တာတော့ ကျုပ်တို့ ကြည့်လုပ်မယ်"

"ရှင်တို့ ဘာလုပ်ကြမှာလဲရှင်"

"ကျုပ်တို့က ဒီအခန်းထဲကစောင့်ပြီး မိန်းကလေး ကြားရတဲ့အသံဟာ ဘာသံလဲဆိုတာကို စုံစမ်း ကြည့်မယ်"

"ကျွန်မ တခု မေးပါရစေသားရှင်"

"မေးပါလေ"

"ကျွန်မညီမလေးဟာ လန့်ပြီးသေတယ်လို့ ကျွန်မထင်တာ ဟုတ်ပါရဲ့လားရှင်"

"လန့်ရုံ လန့်တာ မဟုတ်ဘူးလို့ ကျုပ်ထင်တယ်။ သို့သော် ဒီကနေ့ည သိကြရတာပေါ့။ ကိုင်း ခင်ချစ် မေ နေရစ်ပေအုံးတော့။ ကျုပ်တို့က အခန်းပြတင်းပေါက်မှာ အချက်ပေးတာကို စောင့်ပြီး ကြည့်နေကြ မယ်နော်။ ဘာမှမကြောက်နဲ့၊ ကြားလား။ ဒီကနေ့ည အလုံးစုံ သိကြရမယ်"

ဦးစံရှားနှင့် ကျွန်တော်တို့သည် ဝင်းထဲမှထွက်လာကြ၍ ခင်ချစ်မေ၏ အိပ်ခန်း ပြတင်းပေါက်ကို အဝေးမှမြင်နိုင်သော နေရာကို စုံစမ်းကြရာ မြို့တွင်းရှိအကြော်ဆိုင်တဆိုင်မှ ယင်းပြတင်းပေါက်ကို ကောင်း စွာ မြင်နိုင်ကြောင်း တွေ့ရှိရသည်နှင့် ကျွန်တော်တို့သည် ဆိုင်ရှင်ပေါက်ဖော်ကျေနပ်စိမ့်သောငှာ စားစရာ များနှင့် ဘီယာနှစ်လုံးကို ညစာအတွက် မှာထားခဲ့ကြပြီးနောက် မြို့ထဲသို့လျှောက်၍ လည်ပတ်ကြလေ၏။

မှောင်စပြုသောအချိန်တွင် ကျွန်တော်တို့သည် အကြော်ဆိုင်သို့ ပြန်လာကြ၍ ခင်ချစ်မေ၏အခန်း ပြတင်းပေါက်ကို မြင်နိုင်သည့်နေရာတွင်ထိုင်ကြလျက် စားစရာများစားသောက်ယင်း ဘီယာများကို တလုံး ပြီး တလုံး မှာယူကာ တဖြည်းဖြည်းသောက်လျက် ရှိကြလေ၏။

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



နေဝင်လုဆဲဆဲအချိန်တွင် ရန်ကုန်မှ မီးရထားတစင်းဆိုက်ရောက်လာ၍ ဦးတိုးစိန်သည် ကျွန်တော်တို့ ထိုင်လျက်ရှိသော ဆိုင်အနီးမှ သူ၏ နေအိမ်ဘက်သို့ ဟန်တိန်တုတ်ကြီးကို ကိုင်ကာ လျှောက်သွားသည်ကို မြင်လိုက်ကြရလေ၏။

နေဝင်ပြီး၍ မှောင်မိုက်စပြုသောအချိန်၌ ဦးတိုးစိန်၏ တိုက်ဆီမှ မီးခွက်များ ထွန်းထားသည်ကို ပြတင်းပေါက်များမှ မြင်ကြရလေရာ ကျွန်တော်တို့သည် ဝက်အူချောင်းနှင့်ဘီယာကို တဖြည်းဖြည်းသောက်ယင်း ခင်ချစ်မေ အချက်ပေးမည်ကို စောင့်ကြည့်နေကြလေ၏။

"ကျုပ် အခုစဉ်းစားတယ် ကိုသိန်းမောင်၊ ခင်ဗျားလိုက်လို့ တော်မှတော်ပါ့မလား မဆိုနိုင်ဘူး။ အသက်ရန်မူမှာကို နည်းနည်း စိုးရိမ်ရတယ်"

"ကျွန်တော်လိုက်ယင် အသုံးဝင်လိမ့်မယ်လို့ ထင်သလား"

"ဟာ အသုံးတော့ ဝင်ပြီလားဗျာ"

"ဒါဖြင့် လိုက်မယ်ဗျာ"

"ကျေးဇူးတင်ပါ့ဗျာ"

"ခေနစမ်းပါအုံး ဦးစံရှားရဲ့၊ ခေါင်းလောင်းနဲ့ အဆက်အသွယ်ရှိပဲ ဟန်လုပ်ပြီးတပ်ထားတဲ့ ကြိုးစက ဆန်းလှချည့်လားဗျာ"

"လေဝင်ပေါက်ထားကောဗျာ၊ မဆန်းဘူးလား"

"အခန်းတခန်းနဲ့ တခန်း အပေါက်ဖောက်ထားတာဟော့ ဆန်းတော့ ဆန်းတာပဲ။ နို့ပေမယ့် ကြွက်တကောင် ဝင်နိုင်ရုံလောက်ရှိတဲ့အပေါက်မို့ ဒီလမ်းက ဘေးအန္တရာယ် တခုခုလာနိုင်ဖို့ ခဲယဉ်းတယ် ထင်ပါ့ဗျာ"

"ကျုပ်က ကြွားပြောတာ မဟုတ်ဘူး။ အိပ်ခန်းထဲ ဝင်မကြည့်ခင်ကတည်းက ဒီအခန်းနှစ်ခု အဆက်အသွယ် ရှိတယ်ဆိုတာကို တွေးခဲ့ပြီးသား"

"ဟုတ်ကဲ့လား ဆရာကြီးရယ်"

"ဟုတ်ပါတယ်ဗျ။ ဦးတိုးစိန် ဆေးပြင်းလိပ်သောက်တဲ့ မီးခိုးကို ခင်ချစ်မေက အနံ့ရတယ်လို့ ခင်ချစ်မေ ပြောသွားတာ မကြားလိုက်ဘူးလား။ ဒီကတည်းကိုက တနည်းနည်း အဆက်အသွယ်ရှိတယ်လို့ ကျုပ် စဉ်းစားပြီးသားပဲ"

"ဟုတ်တော့လဲ ဟုတ်ပါရဲ့ဗျာ"

"ခင်ချစ်မေ အိပ်တဲ့ ခုတင်ကို ခင်ဗျား သတိပြုမိသလား"

"ထူးထူးခြားခြား ကျွန်တော် မတွေ့ပေါင်ဗျာ"

"ခုတင်ခြေထောက်လေးချောင်းဟာ ကြမ်းနဲ့ တဆက်တည်း လုပ်ထားတယ်ဗျ"

"ဒါက ဘာသဘောလဲဗျာ"

"အခိပ္ပာယ်ကတော့ ခုတင်ကို ဒီနေရာက ရွှေ့မဖြစ်အောင် လုပ်ထားတဲ့သဘောပေါ့ဗျာ။ ကျုပ် တွေးရယင် ဟိုအပေါက်ကလေးနဲ့ ဒီခုတင်နဲ့ဟာ သူ့နေရာနဲ့သူ ရှိနေအောင် ချိန်ပြီးလုပ်ထားတယ်လို့ ကျုပ် စဉ်းစားမိတယ်"

"ကြောင်ဟုတ်ပြီဗျို့၊ ထူးထူးဆန်းဆန်း ကြံကြံဖန်ဖန်လုပ်ပြီးသတ်ဖို့ မောင်းဆင်ထားတာနဲ့တူတယ်"

"အစစ်ပေါ့ဗျာ။ ဆရာဝန်ဆိုတဲ့လူမျိုးဟာ ဆိုးချင် မိုက်ချင်ပြီ ဆိုမှဖြင့် သိပ်ကြောက်စရာကောင်းတယ် ကိုသိန်းမောင်။ လက်လဲ ရဲတယ်။ အတတ်ဆန်းတွေလဲ နားလည်တယ်၊ ကိုင်း ကိုင်း၊ တော်ပါသေး



www.burmeseclassic.com

www.burmeseclassic.com



ပြီဗျာ။ ဘယ်သာလဲ တော်တော်ဝသွားပြီ။ ဆေးတဆုံ နှစ်ဆုံလောက် သောက်ပြီး စိတ်ကူး ထုတ်စမ်းပါရစေအုံး"

ည ၉ နာရီအချိန်ခန့်တွင် ဦးတိုးစိန်၏နေအိမ်မှ မီးရောင်များငြိမ်းသွား၍ မှောင်နှင့်မည်းမည်းရှိလေရာ ကျွန်တော်တို့သည် ကိုယ့်စိတ်ကူးနှင့်ကိုယ် ဆေးတံကိုယ်စီသောက်ယင်း နေအိမ်ဘက်သို့ စောင့်ကြည့်နေကြစဉ် နာရီဝက်ခန့်အကြာတွင် တိုက်ပြတင်းပေါက်ဆီမှ မီးရောင်ကလေးတခု လက်ကနဲထွက်လာသည်ကို တွေ့မြင်ကြရသဖြင့် ဦးစံရှားက—

"ဟော အချက်ပေးပြီဗျို့။ လာ ကိုသိန်းမောင်"ဟုဆိုကာ အကြော်ဆိုင်မှ ထွက်လာခဲ့ကြလေ၏။

ကျွန်တော်တို့သည် ထဖာလုံကျော်ခန့်ဝေးသော ယင်းခရီးကို လျှောက်လာကြစဉ် ပြတင်းပေါက်မှ အလင်းရောင်ကလေးသည် ကျွန်တော်တို့အား လမ်းပြလျက်ရှိ၏။

ကျွန်တော်တို့သည် သစ်သားဝင်းထရံကို ကျော်တက်၍ မြက်ပင်ပေါင်းပင်များအထဲမှ ဖြတ်သန်းလာ ပြတင်းပေါက်မှ ဝင်ကြမည် ပြုသည်တွင် သူငယ်ကလေးတယောက်သည် မှောင်ထဲမှ ရုတ်တရက် ပေါ်ထွက်လာ၍ မြက်ပေါ်၌ လူးလှိမ့်ပြီးလျှင် မှောင်ရိပ်ထဲသို့ ဝင်သွားလေ၏။

ကျွန်တော်သည် ထိုအခြင်းအရာကို မြင်သဖြင့် ထိတ်လန့်ကာ တွန့်ဆုတ်သွားလေလျှင် ကျွန်တော့်လက်ကို ကိုင်၍ တီးတိုးရယ်မောကာ—

"မျောက်ဖင်နီဆိုတာ ဒါပေါ့ဗျ"ဟု ပြောလေ၏။

ကျွန်တော်တို့သည် ပြတင်းပေါက်အနီးသို့ ချဉ်းကပ်ကြ၍ ဖိနပ်များကို ချွတ်ထားပြီးလျှင် ပြတင်းပေါက်မှ ကျော်တက်ကာ အခန်းကဲကို ရောက်ကြသောအခါ ဦးစံရှားသည် မှန်အိမ်ကို ပြတင်းပေါက်အနီးမှ စားပွဲပေါ်သို့ ရွှေ့သာ၍ ဒရုတ်ကတ်ကို ပိတ်ထားလေ၏။

ထို့နောက် ဦးစံရှားသည် အခန်းအခြေအနေကို ကြည့်ရှု၍ နေ့လယ်က အခြေအနေအတိုင်း ရှိသည်ကို တွေ့မြင်ရသောအခါ ကျွန်တော်၏ နားနားသို့ ချဉ်းကပ်လျက်—

"နည်းနည်းကလေး အသံမထွက်စေနဲ့နော်"ဟု တီးတိုးပြောလိုက်သဖြင့် ကျွန်တော်က ဦးခေါင်းညိတ်လိုက်၏။

BURMESE CLASSIC .com

ထို့နောက် ဦးစံရှားက—

"မီးခွက်ငြိမ်းမှ ဖြစ်မယ်။ မီးရောင်ကို ဟိုအပေါက်က သူမြင်လိမ့်မယ်"ဟု ပြောပြန်ရာ ကျွန်တော်က ခေါင်းညိတ်ရပြန်၏။

ထို့နောက် ဦးစံရှားက—

"အိပ်မပျော်စေနဲ့နော်၊ အိပ်ပျော်ယင် သေတတ်တယ်။ ကျုပ်က ခုတင်နံဘေးမှာ ထိုင်မယ်။ ခင်ဗျားက ဟိုကုလားထိုင်မှာ ထိုင်"ဟု ပြောသဖြင့် ကျွန်တော်သည် ခါးမှ ခြောက်လုံးပြူးကို ထုတ်၍ စားပွဲအစွန်း၌ တင်ပြီး ကုလားထိုင်ပေါ်တွင် ထိုင်ကာ စောင့်နေလေ၏။

ဦးစံရှားသည် လက်တွင် ကိုင်လာခဲ့သော ကြိမ်လုံးတလုံးကို ခုတင်အစွန်းတွင် ချထား၍ မီးခြစ်ဗူးတလုံးနှင့် ဖယောင်းတိုင်တခုကိုလည်း ကြိမ်လုံးအနီး၌ ထားပြီးလျှင် မှန်အိမ်ကို ငြိမ်းလိုက်သဖြင့် ကျွန်တော်တို့မှာ မှောင်ထဲတွင် ရှိနေကြလေ၏။

ကျွန်တော်သည် ထိုညဉ့် မှောင်မိုက်ထဲတွင် အသည်းတထိတ်ထိတ် စောင့်နေရသော အခြင်းအရာကို အသက်တရာ နေရသော်လည်း မမေ့နိုင်မည် မဟုတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် အလွန်ဆိတ်ငြိမ်လျက်ရှိသော တိုက်ခန်းအတွင်း မျက်လုံးကြောင်တောင်နှင့် စောင့်လျက်ရှိစဉ် ဦးစံရှားမှာလည်း ကျွန်တော့်အနီးတွင် ထိုနည်းအတူ မျက်စိဖွင့်ကာ နားစွင့်ကာဖြင့် စောင့်လျက် ရှိသည်ဟု သိရှိရလေ၏။

ပြတင်းပေါက်မှ တရုတ်ကာတ်များကို ပိတ်ထားသည်ဖြစ်၍ အပြင်၌ရှိသော ကြယ်ရောင်သည် အခန်းတွင်းသို့ တိုးဝင်ရန် မတတ်နိုင်ပဲ မှောင်မည်းလျက် ရှိလေ၏။

တခါကငှက်ဆိုးတကောင်သည် အုတ်တိုက်ခေါင်မိုးပေါ်၌ ဂီကနဲ ထိုးသွားလေရာ ကျွန်တော်တို့မှာ အတိတ်နိမိတ်ကောက်ရန် ဝါသနာမရှိသဖြင့် ထိုအတွက်ကြောင့် အနည်းငယ်မျှ တုန်လှုပ်ခြင်း မရှိချေ။

ကျွန်တော်သည် မှောင်ထဲတွင် မြင်နိုင်သော လက်ပတ်နာရီကို မကြာခဏကြည့်မိရာ ၁၂ နာရီထိုးရန်မှာ မကြာလှသော်လည်း နာရီပြန် တချက် နှစ်ချက်နှင့် သုံးချက်ထိုးရန်မှာ အလွန်တရာ ကြာရှည်လှသည်ဟု စိတ်ထဲ၌ အောက်မေ့မိ၏။

၃ နာရီထိုးပြီးသည်နှင့်တပြိုင်နက် အခန်းနှစ်ခန်းကို ဆက်သွယ်လျက်ရှိသော အပေါက်ငယ်ကလေးဆီမှ အလင်းရောင်ကို လက်ကနဲ မြင်လိုက်ရပြီးနောက် ချက်ချင်းပင် ကွယ်ပျောက်သွား၍ ဆီကို မီးလောင်သော ညှော်နံ့နှင့် သတ္တုကို မီးမြိုက်သည့် အနံ့သည် နှာခေါင်းဝသို့ တိုးဝင်လာလေရာ အခြားအခန်းမှ ပုလိပ်များကိုင်သည့် ကျွားမျက်လုံးမှန်အိမ်ကို ထွန်းညှိထားကြောင်း သိရှိရလေ၏။

ထို့နောက် အနည်းငယ် လှုပ်ရှားသည့် ရှဲရှဲရှပ်ရှပ် အသံများ ကြားရ၍ တဖန် တိတ်ဆိတ် သွားပြန်သော်လည်း ညှော်နံ့မှုကား တိုး၍ ပြင်းထန်လာခဲ့လေ၏။

ကျွန်တော်သည် နာရီဝက်ခန့် နားစွင့်ထောင်နေပြီးနောက် လက်ဖက်ရည်ကရားမှ ရေနွေး ပွက်ပွက်ဆူသဖြင့် ရှုတ်သီးမှ အခိုးတက်သော အသံကဲ့သို့ ဖြည်းညင်းစွာ တရှဲရှဲမြည်သော အသံကို ကြားရလေ၏။

ယင်းသို့ ကြားရသည်နှင့် တပြိုင်နက် ဦးစံရှားသည် အိပ်ရာအစွန်းမှ ခုန်ထ၍ မီးခြစ်ကို ခြစ်ပြီးလျှင် ခေါင်းရင်းဘက်၌ရှိသော ကြိုးစကို ကြိမ်လုံးဖြင့် တရွမ်းရွမ်းရိုက်လျက်—

"မြင်လား ကိုသိန်းမောင်၊ မြင်လား" ဟု မေးသော်လည်း ကျွန်တော်မူကား ဘာကိုမျှ မမြင်ရချေ။ ကျွန်တော်သည် တရှဲရှဲမြည်သော အသံကို သဲ့သဲ့မျှ ကြားရသော်လည်း မျက်လုံးထဲသို့ အလင်းရောင် ရုတ်တရက် ထိုးဝင်သည့်အတွက်ကြောင့် ဦးစံရှားသည် မည်သည့်အရာကို ကြိမ်နှင့် ရိုက်နေသည်ဟု မပြောနိုင်ချေ။

သို့ရာတွင် သူ၏ မျက်နှာမှာ အလွန်တရာ ရွံရှာစက်ဆုတ်သော အမူအရာရှိကြောင်းကိုမူကား ကျွန်တော် မြင်လိုက်ရ၏။ ဦးစံရှားသည် ကြိမ်လုံးဖြင့် တရွမ်းရွမ်းရိုက်သော အသံများ ရပ်စဲသွား၍ အပေါက်ငယ်သို့ မော့ကြည့်လျက်ရှိစဉ် အသည်းနှလုံး တုန်လှုပ်ဖွယ်ကောင်းလှသော အော်သံကြီးသည် အလွန် တိတ်ဆိတ်လျက်ရှိသော သန်းခေါင်ယံအချိန်တွင် ရုတ်တရက် ထိုးဖောက် ဖြစ်ပေါ်လာခဲ့လေ၏။

ထိုအော်သံ၌ နာကျင်ခြင်း၊ ကြောက်လန့်ခြင်း၊ စိတ်ဆိုးခြင်း တို့သည် တပေါင်း တစည်းတည်း ရောစပ်လျက်ရှိ၍ အသံမှာလည်း ကျယ်သည်ထက် ကျယ်ထွက်လာခဲ့လေ၏။

ထိုအသံကြောင့် မှော်ဘီတမြို့လုံးရှိ လူများသည် အိပ်ရာထဲမှ လန့်နိုးကြသည်ဟု နောင်အခါ၌ ကျွန်တော်တို့ သိရှိရ၏။

ကျွန်တော်နှင့် ဦးစံရှားတို့သည် အဓိပ္ပာယ်ကို ကောင်းစွာ နားမလည်ပဲ တယောက်မျက်နှာကို တယောက် ငေးကြည့်လျက်ရှိကြရာ နောက်ဆုံးတွင် အော်သံလည်း ရပ်စဲသွား၍ ယခင်အတိုင်း အလွန်အမင်း တိတ်ဆိတ်စွာ ရှိနေလေ၏။

---

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com



“သာလဲ ဦးစံရှား၊ ဘယ့်နှယ် အခိပ္ပာယ်လဲ”

“ဘယ့်နှယ် အဓိပ္ပာယ်ရှမှာလဲဗျ။ ဦးတိုးစိန် ကိစ္စချောတာပေါ့။ ကိုင်း ကိုသိန်းမောင်၊ ခင်ဗျား သေနတ် ယူခဲ့ဗျာ။ ဦးတိုးစိန်အခန်း ဝင်ကြည့်ကြရအောင်”

ဦးစံရှားသည် မှန်အိမ်ကို ထွန်း၍ ကျွန်ုပ်တော်တို့သည် ဦးတိုးစိန်၏ အခန်းဆီသို့ ထွက်လာခဲ့ကြလေရာ ဦးစံရှားက အခန်းတံခါးကို ခေါက်သော်လည်း မည်သို့မျှ အဖြေမပေးသည်နှင့် တံခါးကိုတွန်း၍ ဝင်သွားလေရာ ကျွန်ုပ်တော်လည်း သေနတ်ကို မောင်းတင်လျက် ဦးစံရှား၏နောက်မှ ဝင်လိုက်သွားလေ၏။

စားပွဲပေါ်၌ ကျားမျက်လုံး မှန်အိမ်တခု ထွန်းညှိလျက်ရှိရာ ယင်းမှ အလင်းရောင်သည် မပွင့်တပွင့် ရှိနေသော ဗီရိုတံခါးသို့ တည့်တည့်ထိုးလျက် ရှိလေ၏။

စားပွဲနံဘေးရှိ မတ်တတ်ကုလားထိုင်ပေါ်တွင် ဦးတိုးစိန်ထိုင်လျက်ရှိရာ သူ၏ ပေါင်ပေါ်၌ နေ့ခင်း အချိန်က ကျွန်ုပ်တော်တို့ တွေ့မြင်ခဲ့သော ကြိုးကွင်းလျှောသည် တင်လျက် ရှိလေ၏။

သူ၏ မျက်နှာမှာ အထက်သို့ မော့လျက်ရှိ၍ မျက်လုံးများမှာ အပေါက်ငယ်ကလေးဆီသို့ ကြောင်တောင်ဝေးလျက် ရှိလေ၏။

နဖူးအဆီ၌ကား အညိုရောင် အပြောက်တို့ဖြင့် ပြောက်ကျားလျက်ရှိသော အဝါရောင်ကြိုးတချောင်း သည် ဦးခေါင်းကို ရစ်ပတ်လျက်ရှိရာ ကျွန်ုပ်တော်တို့ ဝင်သွားကြသောအခါ၌ ဦးတိုးစိန်မှာ လှုပ်လည်း မလှုပ်၊ အသံလည်း မပြုချေ။

ဦးစံရှားက –

“အပြောက်တွေနဲ့ ကြိုးဆိုတာ ဒါပေါ့ဗျ”ဟု ပြောသဖြင့် ကျွန်ုပ်တော်သည် ထိုအရာဝတ္ထုကို သေချာစွာ ကြည့်မည်ဟု ရှေ့သို့ ခြေတလှမ်း တိုးလိုက်သည်တွင် ဦးတိုးစိန်၏ ဦးခေါင်း၌ ရစ်ပတ်လျက် ရှိသော ကြိုးသည် ရှုံ့၍နွဲ့မြည်၍ ဦးတိုးစိန်၏ ဦးခေါင်းထက်မှ ပါးပြင်းထောင်လျက်ရှိသော မြွေတကောင်၏ ဦးခေါင်း ပေါ်ထွက်လာလေရာ ဦးစံရှားက–

“ဖေ့ ဟူး၊ သတိထားနော်။ ဒီပြည်မှာတောင်မရှိဘူး။ ကုလားပြည်က ယူလာတဲ့ အဆိပ်အပြင်းဆုံး မြွေပွေးမျိုးပဲဗျ။ ထိလိုက်ယင် လက်ဖျစ်တတွက်အတွင်း အကြောတွေဆိုင်းပြီး အသက်ပျောက်နိုင်တယ်။ ကိုင်း ကိုင်း၊ အသာနေ။ ဒီအကောင်ကို သူ့နေရာမှာ သူ ပြန်ထားပြီး ခင်ချစ်မေကို တနေရာရာပို့၊ ပုလိပ်ကို အကြောင်းကြားမှ ဖြစ်မယ်”

ထို့နောက် ဦးစံရှားသည် ဦးတိုးစိန်၏ပေါင်ပေါ်မှ ဖွတ်မြီးထိုးသော ကြိုးကွင်းလျှောကိုယူ၍ မြွေ၏ လည်ပင်း၌ စွပ်ပြီးလျှင် ဦးတိုးစိန်၏ ဦးခေါင်းမှဆွဲ၍ ဗီရိုထဲသို့ ပစ်သွင်းကာ တံခါးကို ပိတ်ထား လိုက်လေ၏။

ကျွန်ုပ်တော်သည် ခင်ချစ်မေကိုခေါ်၍ ရှင်းလင်းပြောပြခြင်းများ၊ ဆိုင်ရာပုလိပ်တို့အား အကြောင်း ကြားခြင်းများ၊ မိန်းကလေးကို အင်းစိန်ရှိ အဒေါ်ထံသို့ပို့ခြင်းများကို အကျယ်တဝင့်ဖော်ပြရန် မလိုတော့ပဲ ရန်ကုန်သို့ မီးရထားနှင့်အပြန် လမ်းခရီး၌ ဦးစံရှား ရှင်းလင်းပြောပြပုံများကိုသာလျှင် ဖော်ပြရပေတော့ မည်။

“ကိုအောင်းလို့ဗျာ ပထမတုန်းကတော့ ကောက်ရိတ်တဲ့ ကူလီကုလားတွေ ဒီဝင်းထဲမှာ ခဏခဏ တည်းတယ်ဆိုလို့ လမ်းလွဲကို လိုက်မယ်လုပ်မိသေးတယ်။ အခန်းအခြေအနေကို သေသေချာချာ ကြည့်ရ တော့မှ ခင်ချစ်ဆွေကြုံရတဲ့ ဘေးအန္တရာယ်ဟာ ပြတင်းပေါက်က မလာနိုင်၊ တံခါးကလဲ မလာနိုင်ဘူးလို့ သိရပြီး ဟိုအပေါက်ကလေးနဲ့ ကြိုးတန်းလန်းကို ကျူးပ်သွားပြီး စဉ်းစားမိတယ်။ ကြိုးကို ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



တပ်ထားတာရယ်၊ ခုတင်ကို ကြမ်းမှာမရွေ့နိုင်အောင် အသေရိုက်ထားတာရယ် သွားတွေတော့ ဒီကြိုးဟာ တခြားအတွက် မဟုတ်ဘူး။ ဟိုအပေါက်ကလေးကထွက်လာပြီး ခုတင်ဆီကိုလာဖို့ လမ်းခင်းပေးထားတာ ပဲလို့ ကျုပ် စဉ်းစားမိတော့မှ မြွေဆိုတဲ့အကြောင်းကို ချက်ချင်းပဲ ကျုပ် သတိရတယ်။

"ဒီအထဲမှာ ဦးတိုးစိန်ဟာ မျောက်တို့၊ ဝက်ဝံတို့ဆိုတဲ့ တိရစ္ဆာန်တွေ မွေးဖို့ ဝါသနာပါကြောင်း တွေ့ရတဲ့အခါမှာ သာပြီးစိတ်ချသွားတယ်။ ဓာတုဗေဒနည်းနဲ့ ဖမ်းသပ်လို့ မတွေ့နိုင်တဲ့ အဆိပ်တမျိုးမျိုးကို အသုံးပြုဖို့ စိတ်ကူးဟာ သူကိုယ်တိုင် ဆရာဝန်မို့ သတိရတာပဲ။ အစွယ်ရာကလေးနှစ်ချောင်းကို တွေ့အောင် ရှာနိုင်တဲ့ ပုလိပ်အရာရှိဟာ ခပ်ရှားရှားရှိတဲ့အပြင် အိန္ဒိယပြည်က ဟိမဝန္တာ မြွေပွေးဆိုတာကလဲ ကျုပ်တို့ ဆီက မြွေဆိုးများလို လူသေကောင်မှာ အဆိပ်တွေ မည်းနေအောင် မထက်ဘူးဗျ။ ဒီမြွေကို လွှတ်လိုက်ယင် ကြိုးက လျှောပြီး သွားဖို့၊ ကိုက်စရာရှိတာ ကိုက်ပြီး ပြန်လာဖို့ကို ဦးတိုးစိန်က နွားနို့တိုက်ပြီး သင်ပေး ထားဟန်တူတယ်။

"သူလွှတ်လိုက်တဲ့ မြွေဟာ ကြိုးအတိုင်း လျှောက်သွားပြီး ကိုက်တာ မကိုက်တာတော့ ကံတခုပဗျာ။ မကိုက်ပဲ ပြန်လာရတဲ့အခါမှာ လေချွန်သံလိုလို ခင်ချစ်ဆွေကြားရတယ် ဆိုတာပေါ့။ ဒီအကြောင်းတွေကို ဦးတိုးစိန် အခန်းထဲ မဝင်ခင်ကတည်းက ကျုပ်စဉ်းစားမိတယ်။ သူ့ ကုလားထိုင်ကို ကျုပ် ကြည့်တော့လဲ ဦးတိုးစိန် ခြေရာတွေကို ကျုပ်တွေ့ရတယ်။ အစိပ္ပာယ်က ဘာလဲဆိုတော့ ကုလားထိုင်ပေါ်က ရပ်ပြီး အပေါက်ကလေးဆီကို သူလှမ်းကြည့်တာပေါ့။

"နို့ပြီးတော့ ဗီရိုရယ်၊ နွားနို့ခွက်ရယ်၊ ကြိုးကွင်းလျှောရယ်၊ ကျုပ် တွေ့ရပြန်တော့ ကျုပ် တွေးလုံးဟာ သာပြီး သေချာသွားပြန်တာပေါ့။ သံချောင်းကြီး လဲသလိုလို အသံကြားတယ်ဆိုတာကတော့ ဗီရိုပိတ်လိုက်ရာမှာ သော့ခလောက်နဲ့ ထိတပေါက်နဲ့ ခိုက်မိတဲ့အသံနဲ့ တူပါရဲ့။ ကျုပ် စိတ်ထဲမှာ ဒီအမှုဟာ မြွေပဲ ဖြစ်ရမယ်လို့ ဆုံးဖြတ်ပြီးတဲ့နောက် ဟုတ် မဟုတ် စုံစမ်းပုံကတော့ ခင်ဗျားမြင်တဲ့အတိုင်းပဲ။ ညတုန်းက ရှိကနဲ အသံကြားကြားချင်း လာပြီဟဲ့လို့ဆိုပြီး ကျုပ်က မီးခြစ် ခြစ်ပြီး ကြိမ်လုံးနဲ့ ရိုက်တော့ တာပဲ"

"ရိုက်လွှတ်လိုက်တော့ အပေါက်ကလေးထဲက ပြန်ထွက်ပြေးရောပေါ့"

"ပြန်ထွက်ပြေးရုံ မကဘူးဗျ၊ ကျုပ် ရိုက်လိုက်တဲ့ တုတ်ချက်တွေက တချက်နှစ်ချက်ထိလေတော့ မြွေက မာန်ထွက်ပြီး သူ့သခင် သူ ပြန်ကိုက်တော့တာပေါ့"

"နေပါအုံးဗျ။ ကျွန်တော်တို့ဆီက မြွေတွေက ကြိုးတန်းလျှောက်နိုင်ပါ့မလား"

"အဲဒါလဲ ဟုတ်တယ်၊ ကမ္ဘာ့မြွေဆိုးတွေအကြောင်း ကျုပ်ဖတ်ဖူးတဲ့အထဲမှာ ဟိမဝန္တာ မြွေပွေး ဟာ ကြိုးတန်းလျှောက်နိုင်တယ်လို့ တွေ့ရဖူးလေတော့ ကြိုးသွယ်ထားရာ တွေ့ရကတည်းက ကုလား ပြည်ကမြွေ ဖြစ်ရမယ်လို့ ကျုပ် တွက်ပြီးသားပဲ။ ကျုပ် ရိုက်လွှတ်လိုက်တာ ဦးတိုးစိန်တော့ သေရှာ တာပဲ။ သို့သော် ဒီအတွက်တော့ ကျုပ်မှာ ပါဏာတိပါတကံ ထိုက်မယ်မထင်ပါဘူးဗျာ"



www.burmeseclassic.com